www.burmeseclassic.com



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အစွဲပုံတူ ရုပ်ပြနှင့် ကာတွန်းအ...




ဗိုလ်ချုပ်အောင်ဆန်းအစွဲပုံတူရုပ်ပြ
တန်ဖိုး – ၅၀၀၀ ကျပ်




ဗိုလ်ချုပ်ဦးအောင်...
တန်ဖိုး – ၂၀၀၀ ကျပ်




ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်
တန်ဖိုး – ၅၀၀၀ ကျပ်



တန်ဖိုး – ၈၀၀၀ ကျပ်



တန်ဖိုး – ...



တန်ဖိုး – ၁၀၀၀ ကျပ်




တန်ဖိုး – ၁၀၀၀ ကျပ်



တန်ဖိုး – ...





Quality Publishing House
အမှတ် ၅၀၀/၅၁၂ (၂–ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း – ၃၈၃၆၆၄၊ ၃၈၆၀၃၃။



http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသော စာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


ဒဂုန်ရွှေမျှား — ဓာတ်ပုံဆရာ — ၆

…ပျိုးနှစ် — လက်ခံမှု — ၃၀

မန္တလာသား — [illegible] — ၄၁

ဆွေမြင့် — ထက်ကြပ်မကွာ — ၆၀

တောင်မျှုးကြီး သိန်းဝင်း — ထောက်လှမ်းရေးအရာရှိတစ်ဦး၏ ဖွင့်ဟဝန်ခံချက် — ၇၀

မောင်ညီမြိုင်း (သန်လျင်) — ရေနက်ပိုး — ၈၂

ရွှေရှိန်အောင် — ကြောင်တောင်တောင်ကြောင် — ၁၀၇

ကျော်ဇေးရွှေ — ကိုးမီးအောင်တာင် နှင့် အစဆောင်မဲ့ ဘဝတုံး — ၁၁၈

သန္တာမြဘောင်း — မိတ်စေ့သွန်းရာ — ၁၃၇

ဂါဗိုးနွန်းကို — နီးလျက်မကပ်ခဲ့ရတဲ့ အိပ်မက်ဆိုးများရဲ့သူ — ၁၄၈

ဘာသက်ခွေ — တောင်သိသရော ဘဝတွေး — ၁၈၁

နေဝင်းနီ — အလွယ်အတော — ၁၉၂

နန္ဒသု — ညစ်သူ နှင့် ချစ်သူ — ၂၀၈


[illegible] 5

JANUARY

132, 2016

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




အယ်ဒီတာချုပ်
ကိုမြင့်ထွန်း (Quality)
တာဝန်ခံအယ်ဒီတာ
ဆောင်မြို့မြင့်မောင် (ဗုဒ ၃၁၁၁၆၉၉၉)
အုပ်ချုပ်ရေးအယ်ဒီတာ
မောင်မာရွှေ
အယ်ဒီတာအဖွဲ့
ဘုန်းကံပင်အောက်
ပုံအဖွဲ့
ကိုဦးညီနိုး၊ ထွန်းထွန်းလှုပ်၊ မင်းထွဋ်၊
နေရစ်လတ်၊ ဝေလင်း၊ သန့်အောက်စင်၊
ထွန်းထွန်း၊ မြို့မင်းဦး၊ ညီနွယ်၊ မြမြရည်၊
ထင်ထင်အေး၊ မြတ်နှင်းနွယ်၊ ကြည်စင်သန့်၊
တင်မာဇင်၊ သီမြူ၊ ဇီဇီ။

ပုံနှိပ်သူ
ဖြိုးဝေလျှံပုံနှိပ်တိုက်
ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
စာအုပ်ချုပ်
တင်မေထွန်း
အုပ်ရေ–၅၀၀
တန်ဖိုး–၁၅၀၀
စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း
အမှတ်–၅၀၈/၅၁၂ (၂၁)လွှာ
ပထမထပ်၊ ကုန်သည်လမ်းနှင့်
ဆိပ်ကမ်းသာလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၃၈၃၆၆၄၊ ၃၈၆၇၃၄။

ထုတ်ဝေသူ
ဦးမြင့်ထွန်း (မြ–၀၀၅၆၂)
Quality Publishing House
အမှတ်–၅၀၈/၅၁၂ (၂၁)လွှာ ပထမထပ်၊ ကုန်သည်လမ်းနှင့်
ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့
မျက်နှာဖုံးဒီဇိုင်း
မင်းထွဋ်
အတွင်းသရုပ်ဖော်
ကံကောင်း၊ အောင်စံမြင့်၊ အောင်နိုင်လတ်၊ ကျော်စိုးညီနိုး၊
သောင်းနေကြည်၊ တောင်ငူ စိုးမြင့်လေး၊ လှသစ်အောင်(အင်းလျား)၊
မြတ်မင်းသန့်၊ ရန်နိုင်ဦး၊ ချစ်သူ၊ ဝေမွန်လင်း၊ ပေါ်ကာ၊ ဗိုင်းပေါ်။
ကွန်ပျူတာနှင့် ပလင်
Quality


BURMESE CLASSIC

# အယ်ဒီတာ့စကား

နှစ်သစ်တွင် သည်းထိတ်ရင်ဖိုစာဖတ်ပရိသတ်အပေါင်း ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ပါသည်။ သည်းထိတ်ရင်ဖိုမဂ္ဂဇင်းကားအမှတ် (၁၃၂)သို့ ရောက်ရှိခဲ့ပေပြီ။ နှစ်အားဖြင့်မူ (၁၁)နှစ်ကာလ။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်းသည်နေ့စဉ်လှုပ်ရှားရုန်းကန်နေကြသည့်သက်ရှိလောက၏ အသက်ရှင်သန်မှု၊ အချစ်အမုန်း၊ ကြင်နာသူနှင့် ရက်စက်ခြင်း၊ ဥပေက္ခာတရားနှင့် မေတ္တာတရားတို့ ယှဉ်တွဲပြန်းတီးနေခြင်းကို ဆင်ခြင်တုံတရားဖြစ်အောင် သံဝေဂတရားများ၊ ကရုဏာတရားများဖြင့်ယှဉ်ကာ ရေးဖွဲ့ထားသည့်ဝတ္ထုများကို ဖော်ပြနေခြင်းဖြစ်သည်။ သည်းထိတ်ရင်ဖိုမဂ္ဂဇင်းတွင် အမျိုးသားစာပေဆုရှင်များ၊ စာပေဗိမာန်ဆုရှင်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့စည်းများမှ ချီးမြှင့်သည့် ဆုရစာရေးဆရာများ အင်အားအပြည့် ပါဝင်ရေးသားနေကြသောမဂ္ဂဇင်း ဖြစ်သည်။ လူငယ်စာရေးဆရာကလေးများကလည်း ဝါရင့်ကလောင်ရှင်ကြီးများပမာ ရေးသားဖွဲ့ဆိုနိုင်သည်ကို တွေ့ရှိလာရပေသည်။ ရန့်မွှေးကြိုင်လှပသည့် ပန်းရုံတောကြီးထဲမှ မည်သည့်ပန်းကို အလှဆုံး၊ အမွှေးဆုံးဟု ရွေးချယ်ခွင့်မသာဘဲ "ရွေးရခက်ကြီး"ဖြစ်နေသည်အထိ လက်ရာများ တိုးတက် လာကြသဖြင့် အလှည့်ကျ ရွေးချယ်ဖော်ပြနေရပေရာ ကလောင်ကောင်း၊ ကလောင်သစ်ဟူ၍ ခွဲခြားခြင်း မရှိသည်ကိုလည်း လေ့လာဖတ်ရှု သိနိုင်ပေသည်။

ထိုသို့လုံ့လထုတ်ကြိုးစားနေပေရာ အားနည်းချက်၊ ချို့ယွင်းချက်များလည်းရှိနေပေသေးရာ စာဖတ်ပရိသတ်အပေါင်းက နားလည်ခွင့်လွှတ်ပေးပါရန်နှင့် နှစ်သစ်ကာလတွင် မိမိတို့၏ အလိုဆန္ဒများ တစ်လုံးတစ်ဝတည်း ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

လေးစားစွာဖြင့်
အယ်ဒီတာအဖွဲ့
သည်းထိတ်ရင်ဖိုမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်သည်** ၁၂၈၇ - ခုနှစ်၊ တန်ခူး ထုတ်
ဒဂုန်စပါယ်ရှယ်မဂ္ဂဇင်းတွင်မြသိန်းတန် ဟူသောအမည်ဖြင့်
ဝတ္ထုတစ်ပုဒ်ကို ရေးသားခဲ့ဖူးသည်ဖြစ်ရာ ထိုဝတ္ထုမှာ မြန်မာပြည်ရှိ
ထောင်ကြီးတစ်ထောင်တွင် ထောင်မင်းသားဖြစ်ခဲ့ဖူးသူ
ဦးဘိုးတော်ဆိုသူသည် နှစ်ပေါင်းများစွာ အစိုးရတို့၏
ငင်းဖြစ်မင်းအောက်ကို ခံနေရသည့်အတွင်း
တွေ့ကြုံမှတ်သားခဲ့သော အကြောင်းအရာများထဲမှ
ထုတ်နုတ်ချက်များဖြစ်သဖြင့် ထိုဝတ္ထုကို ဆက်လက်ရေးသားရန်
ကြံစည်ခဲ့သော်လည်း အခွင့်အခါ မသင့်သဖြင့်
ရပ်ဆိုင်းထားခဲ့ရပေသည်ဖြစ်ကြောင်း။ အောက်တွင်
ရေးသားဖော်ပြအံ့သော အကြောင်းအရာ
အထွေထွေတို့များသည်လည်း ဦးဘိုးတော်၏
မှတ်တမ်းမှ ထုတ်နုတ်ယူငင်ရသည်ဖြစ်ရာ
၁၂၈၇ - ခုနှစ်၊ တန်ခူးလထုတ်
ဒဂုန်စပါယ်ရှယ် မဂ္ဂဇင်းကို
မဖတ်ရသူတို့အတွက် ဦးဘိုးတော်
ဆိုသူမှာ မည်သူမည်ဝါဖြစ်ကြောင်းကို
အကျဉ်းချုပ်အားဖြင့် ဖော်ပြပေအံ့။



ချစ်သူ အသတ်ခံရသည့်ပြင်
မိမိကိုယ်ပါ လူသတ်တရားခံဖြစ်အောင်
ယုတ်မာစွာ ကြံစည်သူကို ပြန်လည်အမှုဖော်ထုတ်
လက်တုံ့ပြန်ရာမှ ..



# ဓါတ်ပုံဆရာ ဒဏ္ဍာရီများ



www.burmeseclassic.com

www.burmeseclassic.com

ဦးဘိုးထော်မှာ ဇာတိအားဖြင့် ရွှေဘိုနယ် မန်ကျည်းတုံရွာသားဖြစ်၍ မြန်မာစာပေကျမ်းဂန်များကို အတော်အတန် လေ့လာသင်ကြားခဲ့ဖူးလေသည်။ ၎င်း၏အဘနှင့် အစ်ကိုတို့မှာ ၁၂၄၇-ခုနှစ်တွင် အရှင် သီပေါဘုရင်မင်းမြတ်အား အင်္ဂလိပ်အစိုးရမင်းတို့က သက်ရသိမ်းပိုက်စဉ် တိုင်းပြည် မငြိမ်မသက်ရှိသည့်အတွင်း သူပုန်မှုဖြင့် အသက်ဆုံးရှုံးခြင်းကို ခံခဲ့ပြီးနောက် ဦးဘိုးထော်မှာ မိမိ၏ဖခင်နှင့် အစ်ကိုတို့အတွက် အင်္ဂလိပ်အစိုးရတို့အပေါ်တွင် များစွာစိတ်နာခဲ့သည့်အလျောက် ရိုးသားဖြောင့်မတ်စွာ ရှာဖွေစားသောက်ခြင်းကို မပြုမူ၍ တိုက်ခိုက်လုယက်ခြင်းဖြင့်သာလျှင် အသက်မွေးမြူ နေထိုင်ခဲ့လေ၏။ တောပုန်းဓားပြအဖြစ်ဖြင့် (၃) နှစ်၊ တစ်ကျွန်းတွင် (၂၅)နှစ်၊ မြင်းခြံထောင်တွင်(၇)နှစ်၊အင်းစိန်ထောင်တွင် (၂)နှစ်၊ ရန်ကုန်ထောင်တွင် (၁)နှစ်မျှကျခံခဲ့ရသည်ဖြစ်ရာ ဦးဘိုးထော်မှာ ထောင်သက်ရှည်ပြီးလျှင် ထောင်ရည်သည်ဖြစ်သောကြောင့်တစ်ကြောင်း၊ လူမိုက်တို့မည်သည် မိမိထက် ပို၍မိုက်သူကို တွေ့ရသောအခါ အရှုံးပေးတတ်ကြသဖြင့် ဦးဘိုးထော်မှာ မိုက်သောသူတို့တွင် အမိုက်ဆုံး၊ သတ္တိကောင်းသောသူထဲတွင် သတ္တိအကောင်းဆုံး ဖြစ်ရကား နောက်ဆုံး၌ ထောင်သားတို့တွင် ဘုရင်ဖြစ်သော ထောင်မင်းသားအဖြစ်ကို ရရှိခဲ့လေသည်။

ဦးဘိုးထော်မှာ ယင်းကဲ့သို့ ထောင်မင်းသားအဖြစ်ဖြင့် နေ့စဉ် အလုပ်ကြမ်းကို အလျှင်းမလုပ်ရဘဲ ထောင်သားများအပေါ်တွင် စီမံခန့်ခွဲရခြင်း၊ ထောင်မှူးအား ကူညီရခြင်း၊ ထောင်စာရင်းများကို ကြည့်ရှုကိုင်တွယ်ရခြင်းစသော အလုပ်တို့ကိုသာ ပြုလုပ်ဆောင်ရွက်ရသဖြင့် အားလပ်ခွင့်ကိုလည်း အတော်အတန် ရရှိသည့် အလျောက် ထူးဆန်းသော အကြံအစည်တစ်ခုသည် ဖြစ်ပေါ်၍ လာခဲ့ရာ အောက်ပါအတိုင်း ဖြစ်လေသည်။

ဦးဘိုးထော်မှာ ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့ပြီးသည့်အတိုင်း ငယ်စဉ်ကပင် မြန်မာစာပေကျမ်းဂန်များနှင့် တကွ ဗဟုသုတအစရှိသော အတွေ့အမြင်များကို များစွာဝါသနာပါသည့်အလျောက် လူဆိုးလူမိုက်၊ တောပုန်းဓားပြတို့၏ အပြုအမူ၊ ခိုးပုံ၊ ဝှက်ပုံ၊ တိုက်ခိုက်ပုံတို့ကို တစ်စတစ်စ မေးမြန်းပြီးလျှင် ရေးသားမှတ်ယူခဲ့ရာ ဤကဲ့သို့ မှတ်သားခြင်းမှာ မည်သူတစ်ဦးတစ်ယောက်၏အတွက်မျှ ရည်ရွယ်ချက်ရှိ၍ မဟုတ်ဘဲ မိမိ၏ဝါသနာ အလိုဆန္ဒအတိုင်း ပြုလုပ်ခြင်းမျှသာ ဖြစ်လေသည်။

လူတို့မည်သည် မိမိတို့ ပြုလုပ်ခဲ့သော မကောင်းမှုများကိုလည်းကောင်း၊ တစ်သက်ပတ်လုံးမိမိတို့ လျှို့ဝှက်၍လာသောအရာများကိုလည်းကောင်း၊ တစ်သက်ပတ်လုံးမသုံးမစားရက်ဘဲ စုဆောင်းထားခဲ့သောပစ္စည်းတို့ကိုမြှုပ်နှံကွယ်ဝှက်၍ထားရာအရပ်ကိုလည်းကောင်း သေမည့်ဆဲဆဲ၌ အမှန်အကန်ကို အလုံးစုံပွင့်ဟ၍ပြောဆိုတတ်ခဲ့ကြသည်ဖြစ်ရာ ဦးဘိုးထော်မှာ ကြီးအပြစ်ဒဏ်ကိုခံ၍ သွားရရှာသူများထံမှ မှန်ကန်သော အဖြစ်အပျက်များကို များစွာ ရရှိခဲ့လေသည်။ ဥပမာဆိုသော် အစိုးရကိုစိတ်နာသဖြင့် "ဘူးကွယ်" နေသော သူများပင်လျှင် ဦးဘိုးထော်က တိတ်တဆိတ် စုံစမ်းမေးမြန်းသောအခါ၌မူ ဟုတ်တိုင်းမှန်ရာကို ဖွင့်ဟပြောဆိုတတ်ကြလေသည်။ သို့ဖြစ်၍ အောက်တွင် ရေးသားလတ္တံ့သောဝတ္ထုမှာ ဦးဘိုးထော်၏မှတ်တမ်းတွင် ပါရှိသဖြင့် ၎င်းထံမှတစ်ဆင့် ကြားသိရသည့်အတိုင်း ရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါကြောင်း။

ကျွန်ုပ်သည် ရန်ကုန်ထောင်၌ အကျဉ်းခံလျက်ရှိစဉ် တစ်နေ့သ၌ ထောင်မှူးကြီး၏ အလုပ်တိုက်တွင် အကျဉ်းထောင်အတွင်းကြိမ်ဒဏ်အပြစ်ပေးခံရသောသူများ၏စာရင်းကိုကြည့်ရှု စစ်ဆေးလျက်ရှိရာ ထောင်မှူးကလေး တစ်ယောက်သည် ဝင်လာ၍ မောင်စိန်မှန်ဆိုသူ အကျဉ်းသမားလူမမာတစ်ယောက်သည်ကျွန်ုပ်နှင့်တွေ့လိုကြောင်း ပြောသည်နှင့် ကျွန်ုပ်လည်း ထောင်မှူးကြီးထံ အခွင့်တောင်းပြီးလျှင် ၎င်းအား တွေ့ဆုံရန် လိုက်ပါသွားခဲ့လေ၏။

မောင်စိန်မှန်၏ အခန်းသို့ရောက်လျှင် မောင်စိန်မှန်မှာ သစ်သားကုတင် တစ်ခုပေါ်တွင် များစွာ ရောဂါဆိုးလျက်

www.burmeseclassic.com

နီးလာရာ ၎င်း၏ အသားတို့မှာလည်း နနွင်းတဲ့သို့ ဝါပြီးလျှင် မျက်လုံးတို့မှာလည်း အတွင်းသို့ များစွာချိုင့်ဝင်လျက်ရှိသည်ကို တွေ့ရလေ၏။ ၎င်း၏ ရုပ်လက္ခဏာကို ကြည့်ရှုခြင်းဖြင့် မောင်စိန်မှန်မှာ ဤလူ့ပြည်တွင် တာရှည်စွာနေရတော့မည်မဟုတ်ဘဲ မကြာမီပင် အသက်၏စည်းစိမ်ကို စွန့်ခွာ၍ သွားရတော့မည်အကြောင်းကို သိရလေ၏။ များစွာ ချောင်းဆိုးလျက်ရှိနေပြီးနောက် ဆေးတစ်ခွက်ကို သောက်ပြီးလျှင် လွန်စွာမောပန်းလှသည့်လက္ခဏာဖြင့် -

"ဦးဘိုးထော် မှတ်တယ်ဗျ"

"ဟုတ်ပါတယ်ဗျ။ ခင်ဗျားက တွေ့ချင်တယ်ဆိုလို့ လာခဲ့တယ်"

"ကျေးဇူးတင်ပါတယ်ဗျာ။ ဒီလိုဂရုစိုက်ပြီး ချက်ချင်းလိုက်လာတယ်ဆိုတာ၊ ဒါနဲ့ - ဦးဘိုးထော် - ကျုပ်တော့ လူ့ပြည်မှာကြာကြာမနေရတော့ဘူးဗျ။ ဒီချောင်းဆိုးသွေးပါရောဂါနဲ့ပဲ သွားရတော့မှာပဲ"

"နေပါဦး - ခင်ဗျား - ဆေးရုံကို တက်နေရသေးတယ် မဟုတ်လား"

"ဟုတ်တယ် - ထောင်ဆေးရုံမှာ အရက် (၂၀)ကျော်လောက် နေခဲ့ရတယ်"

"ဒါဖြင့် - ဘာပြုလို့ ပြန်လာရသလဲဗျ"

"ကျုပ်ကို ကျုပ်သေမှာသိလို့၊ မသေခင် ခင်ဗျားနဲ့တွေ့ပြီး ကျုပ် အဖြစ်အပျက်တွေကိုဝန်ခံချင်လို့ - ကိုင်း - နားလည်ပြီလား"

"ကြော် - ဒီလိုကိုးဗျ"

"ထောင်ထဲကလူတွေ အဖြစ်အပျက်တွေကို ခင်ဗျား စုဆောင်းပြီးနေတယ်လို့ ကျုပ်ကြားတယ်"

"ဟုတ်တယ်"

"ဘယ်လိုသဘောနဲ့ - ဒီလို စုဆောင်းတာလဲဗျ"

"ဝါသနာပါလို့လုပ်တာပါ - ကိုစိန်မှန်ရယ်။ ဘယ်အတွက် ဘယ်လိုမှ ရည်ရွယ်ချက် မရှိပါဘူး။ ထောင်ထဲမှာဆိုတော့ ခင်ဗျားသိတဲ့အတိုင်း တော်တော်ကလေးလူစုံတယ်ဗျ။အထက်နယ်ကလူလည်းရှိတယ်၊အောက်မြို့ကျေးရွာကလူများလည်းရှိတယ်။ ဆန်းဆန်းပြားပြား အဖြစ်အပျက်တွေကို တွေ့ကြုံခဲ့တဲ့လူများလည်း ရှိတယ်။ သည်တော့ - သူတို့ကိုတစ်စတစ်စထောက်လှမ်းမေးမြန်းမယ်ဆိုရင် ကျုပ်လိုချင်တဲ့ အချက်တွေရပြီး ကျုပ်မှာ ဗဟုသုတ အင်မတန် တိုးတယ်ဗျ"

"ဦးဘိုးထော် - ခင်ဗျား - အင်မတန်ဉာဏ်သွားတဲ့ လူတစ်ယောက်ပဲဗျာ။ ဒီအကြောင်းတွေကြားတာနဲ့ကျုပ်လည်း ပဲမသေခင်ဖွင့်ပြီးပြောခဲ့ချင်တာကလေးတစ်ခု ရှိလေတော့ ခင်ဗျားကို အခေါ်လွှတ်ရတာပဲဗျို့။ ကိုင်း - ကိုင်း ကျုပ်အဖြစ်အပျက်ကလေး တဆိတ် နားထောင်စမ်းဗျာ။ ဒီဟာတွေ ခင်ဗျားကို ပြန်ပြောပြီးသွားခဲ့ရလို့ရှိရင် ကျုပ်အသက်ဖြောင့်ဖြောင့်ထွက်ကောင်းပါရဲ့နော်"

ဟုပြောပြီးနောက် မောင်စိန်မှန်သည် ၎င်း၏အိပ်ရာ ခေါင်းအုံးများအောက်တွင် ကျစ်လျစ်သိပ်သည်းစွာ ...ဘ်၍ထားသောစာရွက်ငယ်နှစ်ရွက်ကို ထုတ်၍ ပြလေရာ ၎င်းစာရွက်အနက်တစ်ခုသော စာရွက်မှာမြေပုံနှင့်သဏ္ဌာန်တူ၍၎င်း၏အစွန်၌လည်းအဝေးအကွာခရီးကို အင်္ဂလိပ်ဖိုင်များဖြင့် စကေးလုပ်၍ အသေအချာ ပြထားသည့်မြင် တစ်ခုသောနေရာတွင်မင်နီဖြင့်ကြက်ခြေခတ်၍ထားသောနေရာတစ်ခုလည်း ပါရှိသေးသည်။အခြားစာရွက်တစ်ရွက်ကား မိန်းမတစ်ယောက်သည် ပန်းများကို ဝေဝေဆာဆာပန်ဆင်လျက် သစ်ပင်ကြီးတစ်ခုမှ ကျလျက်ရှိသော နွယ်ကြိုးများကို ဒန်းစီးလျက်ရှိစဉ် ရိုက်ကူးထားသော ဓာတ်ပုံတစ်ခုဖြစ်၍ နှစ်ပေါင်းအတော်ကြာ သိမ်းထားသည့်လက္ခဏာဖြင့်လွန်စွာပင်ဟောင်းနွမ်းလျက်ရှိသော်လည်း မျက်နှာပုံပန်းမှာ ထင်ရှားလျက်ရှိရကား ၎င်း၏ ကိုယ်အင်္ဂါရုပ်ကို ကြည့်ရှုခြင်းဖြင့် အတော်အတန် ချောမောလှပသော သူငယ်မကလေးတစ်ယောက်ဖြစ်ကြောင်းကို သိရှိရလေသည်။

"ဦးဘိုးထော် - ကျုပ်မရှိတဲ့နောက်ကို ကျုပ်အတွက် ကုသိုလ်ကောင်းမှု





www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုကို ပြုရမယ်ဆိုရင် ပြုနိုင်ပါ့မလား"

"ကျုပ်လည်း ခင်ဗျားလိုပဲ ထောင်နန်းစံနေရတဲ့လူတစ်ယောက်၊ ဘယ်မှာကုသိုလ်ကောင်းမှုကို သတိရနိုင်ပါ့မလဲ-ကိုစိန်မှန်"

"ဒါကိုပြောတာ မဟုတ်ပါဘူးဗျ။ ထောင်ကလွတ်တဲ့အခါကို ပြောတာပါ။ ကုသိုလ်ကောင်းမှု လုပ်ရမယ်ဆိုတာလည်း တခြားသူပစ္စည်းနဲ့ လုပ်ရမှာမဟုတ်ပါဘူး။ ကျုပ်ပစ္စည်းနဲ့ပါ"

"သည်လိုဆိုရင် - လုပ်နိုင်ချေရဲ့ဗျာ"

"ကိုင်း - ဦးဘိုးထော် - ကျုပ်ဖွင့်ပြီးပြောတော့မယ်နော်။ ကျုပ်မှာ ပစ္စည်းများ မြှုပ်နှံပြီးထားခဲ့တဲ့ နေရာတစ်ခုရှိတယ်ဗျ။ ဒီနေရာဟာ ခင်ဗျားလက်ထဲက မြေပုံပါပဲ။ ဒီတော့ - ကျုပ်သေပြီးတဲ့နောက် ခင်ဗျားထောင်က လွတ်တဲ့အခါမှာကျုပ်မြေပုံမှာပါတဲ့အတိုင်းဉစ္စာပစ္စည်းများကို တူးဖော်ပြီး တစ်ဝက်ကိုခင်ဗျားယူ၊ ကျန်တဲ့တစ်ဝက်ကိုလှူဒါန်းပြီး ကျုပ်အတွက် အမျှအတန်းဝေမကောင်းဘူးလား။ ဘယ့်နယ်လဲ ဦးဘိုးထော်၊ သဘောကျပြီမဟုတ်လား"

"ကောင်းပါပြီဗျာ၊ ကျုပ်အတွက်မရချင်နေပါစေ၊ ခင်ဗျားပြောတဲ့အတိုင်း ကျုပ် ဆောင်ရွက်ပါ့မယ်"

"ဒီလိုလည်း မဟုတ်ဘူးဗျ၊ ခင်ဗျားဒုက္ခခံရတဲ့အတွက်ခင်ဗျားတစ်ဝက်ဆိုင်တယ်လို့ ကျုပ် ယူဆတယ်၊ ကျုပ်မှာခင်ဗျားအပြင် ပေးစရာ သားသမီးလည်းမရှိဘူးဗျ၊ မယားလည်း မရှိဘူးဗျ၊ ဆွေမျိုးဉာတိဆိုလို့လည်း မရှိဘူး၊ သည်တော့ - မြေကြီးသြဇာအဖြစ်ခံမယ့်အတူတူတစ်ဝက်ကိုကုသိုလ်ကောင်းမှုလုပ်တစ်ဝက်ကိုကိုယ်နဲ့ခင်မင်တဲ့လူကိုပေးတယ်နေရာကြတယ်ဗျို့၊ ကိုင်းဗျာသဘောတူရဲ့မဟုတ်လား"

"ဒါဖြင့်လည်း ကောင်းပါပြီဗျာ၊ နေပါဦး - သည်ဓာတ်ပုံအကြောင်းကကောဗျာ"

"ကျုပ်ပြောတော့ သူ့အကြောင်းသည်း ပါပါလိမ့်မယ်ဗျာ၊ အရင်မလိုပါနဲ့ဦး"

ဟု ပြောပြီးနောက် မောင်စိန်မှန်သည် ပြင်းစွာချောင်းဆိုးပြီးလျှင် သွေးတစ်ပွက်နှစ်ပွက်မျှ အန်ပြီးနောက် အောက်ပါအကြောင်းအရာများကိုပြောပြသည်ဖြစ်ပါကြောင်း။

။

မောင်စိန်မှန်နှင့် ဦးဘိုးထော်တို့သည် ရန်ကုန်ထောင်ကြီးတွင် တစ်ယောက်နှင့်တစ်ယောက် အသိအကျွမ်းမဖြစ်မီ နှစ်ပေါင်း(၂၀)ကျော်ခန့်လောက်တွင်အလွန်ပူအိုက်သောတစ်ခုသော တန်ခူးလညနေ နေဝင်ရီတရောအချိန်လောက်၌ ပြည်မြို့၏တောင်ဖျား၊ သခုမင်းကြီးတောင်ဟုခေါ်သောတောင်ခြေအနီး တစ်ခုသော ဝင်းခြံကြီး၏ခြံစည်းရိုးအနီး၌ အသက် (၂၀)ခန့်ရှိယောက်ျားပျိုတစ်ယောက်နှင့် အသက်(၁၄)နှစ်ခန့်ရှိမိန်းမပျိုလေးတစ်ယောက်တို့သည် ချစ်ခင်ရင်းနှီးစွာ သမီးရည်းစားတို့ဘာဝ စကားနော ပြောဆိုလျက်ရှိကြကုန်၏။

ထိုအရပ်သည်ကား အစိုးရအရာရှိကြီးများ၊ ပင်စင်အငြိမ်းစားအရာရှိတို့နေထိုင်ရာရပ်ကွက်ဖြစ်သည့်ပြင် ဝင်းခြံတို့မှာလည်း လွန်စွာပင် ကျယ်ဝန်းလှသည်နှင့် တစ်အိမ်နှင့်တစ်အိမ်မှာ အတော်ပင် ကွာဝေးလျက်ရှိသည့်ပြင် ဝင်းခြံတို့မှာလည်းလွန်စွာပင်ကျယ်ဝန်းလှသည်နှင့် တစ်အိမ်နှင့်တစ်အိမ်မှာ အတော်ပင်ကွာဝေးလျက် ရှိသည့်ပြင် ခြံအတွင်းတို့၌လည်းထူထပ်သော သစ်ပင်အုပ်များတို့သည် ကောင်းကင်ထိးဝန်းမိုးကာသကဲ့သို့ရှိရကား ချစ်ခင်သော သမီးရည်းစားတို့မှာ လွတ်လပ်စွာ စကားပြောဆိုခွင့်ကို ရရှိလေ၏။

ယောက်ျားကလေးမှာ အသက် (၂၀)ခန့်မျှသာ ရှိသော်လည်း အလွှာကျိုင်းသန်မာဟန်လက္ခဏာရှိ အသားမှာ ခပ်ညိုညိုရှိလျက် မည်းနက်သောဆံပင်တို့မှာဝိုင်းစက်၍ပုံပန်းသော ဦးခေါင်းကို တန်ဆာဆင်၍ ထ

www.burmeseclassic.com

ဘီသကဲ့သို့ ရှိလေရာ တောက်ပကြည်
သင်သောမျက်လုံးတို့မှာ ထိုသူ၏သတ္တိ
ကို ပြဘိ သကဲ့ သို့ ဖျတ် လတ် စွာ
ဘောက်ပလျက်ရှိရာကား လူတို့၏ရဲစွမ်း
သတ္တိနှင့် ၎င်းတို့၏ စိတ်သဘောကို
များအားဖြင့် ဆံပင်နှင့်မျက်လုံးတို့၌
ခင်ရှားစွာ တွေ့မြင်နိုင်လေသည်။ နီ၍
ကြောင်သောမျက်လုံး၊ စွေ၍စောင်း
သော မျက်လုံးတို့မှာ မရိုးမဖြောင့်သော
တ်နှင့်ကောက်ကျစ်ခြင်းကိုပြ၍ကြည်
ဝင်ပိုင်းစက်၍ တဖျတ်ဖျတ် တောက်
ပျက်ရှိသောမျက်လုံးတို့မှာ ရဲစွမ်းသတ္တိ
င့် ရိုးဖြောင့်ခြင်းကို ပြလေသည်။

မိန်းကလေးမှာ ပင်စင်အငြိမ်းစား
န်ဆောက်မင်းတစ်ဦး၏ တစ်ဦးတည်း
သာသမီးဖြစ်လေရာ ၎င်းတို့နှစ်ဦးမှာ
တ်တဆိတ် ကြိုက်ချစ်လျက်ရှိရကား
ငယ်မကလေး၏မိဘများမှာ ထိုသူ
ပ်နှင့် သဘောမကျဘဲ မိမိတို့၏ တစ်
ဘက်တည်းသောသမီးအား မိမိတို့
သောနှစ်ခြိုက်ရာ ယောက်ျားကို ရွေး
ပ်၍ နေရာချထားမည် ကြံစည်စိတ်
ကူးလျက်ရှိသည့်အတွင်း ထိုသူငယ်နှင့်
ကလေးချင်းဘာဝ တိတ်တဆိတ် ချစ်
ကြိုက်နေခြင်းဖြစ်လေသည်။

ထိုသူငယ်ကား မောင်စိန်မှန်ပင်
ဖြစ်၍ မောင်စိန်မှန်မှာ အထက်မြို့ကျေး
ရွာမှ ပြည်မြို့သို့ လာရောက်ကာ ပညာ
သင်ကြားနေသူတစ်ယောက်ဖြစ်ရာ
အင်္ဂလိပ်ကျောင်းတွင် သင်ကြားရသော
ဘာသာအမျိုးမျိုးထက် ဓာတ်ပုံရိုက်ကူး
ခြင်းအတတ်ကို ဝါသနာထုံ ခဲ့ သည့်
အလျောက် ၎င်းအတတ်ကို များစွာလေ့
ကျက်ဆည်းပူးလျက် ရှိခဲ့လေ၏။ လူတို့
မည်သည် မိမိတို့ ကြိုက်နှစ်သက်ရာ
ဝါသနာထုံရာ ပညာရပ်များကို လိုက်လံ
ရှာဖွေစုဆောင်းသောအခါ အခြားပညာ
များထက် ထူးကဲသာလွန်လေ့ရှိရကား
မောင်စိန်မှန်မှာ ကျောင်းသားဘဝနှင့်ပင်
ဓာတ်ပုံရိုက်ကူးခြင်း အတတ်ပညာကို
အတော်အတန် တတ်မြောက်ခဲ့လေ၏။
သို့ဖြစ်၍ မောင်စိန်မှန်သည် အင်္ဂလိပ်စာ
ကိုလည်း တတ်မြောက်သူဖြစ်ရကား
အနောက်နိုင်ငံမှ ဓာတ်ပုံ သေတ္တာ

ငယ်လေးမှာ နာရီစက်ဖြင့် ပြုလုပ်၍ထား
သဖြင့် ထိုနာရီစက်သံပတ်ကို သော့ပေး
ထားသောအခါ မိမိအလိုရှိသောအချိန်
မိမိအလိုရှိသည့်အတိုင်း ချိန်တွယ်
ထားရာအရပ်၌ရှိသောအရာဝတ္ထုများကို
လက်ဖြင့် မပြုပြင်ရဘဲ အလို
အလျောက် ပုံရိုက်ပြီးလျှင် ပိတ်၍သွား
လေ၏၊ မောင်စိန်မှန်မှာ ထိုဓာတ်ပုံ
သေတ္တာငယ်ကို ရ၍ ပြီးခါစဖြစ်သည့်
အတိုင်း စမ်းသပ်ရိုက်ယူရန် ကြိုးစား
လျက်ရှိလေ၏။

ချစ်သူ (၂)ဦးတို့သည် ဆိတ်ငြိမ်
သော သစ်ပင်အုပ်ငယ်တစ်ခုအောက်
တွင် ချစ်တင်းစကား ပြောကြားကြပြီး
နောက် ယောက်ျားမျိုက -

"ဘယ့်နယ်လဲ - ခင်၊ မောင်ပြော
တာသဘောကျပြီမဟုတ်လား။ အချိန်
တော့ဖြင့် မှန်ပါစေနော်"



မခင်စိန်၏ အလောင်းမှာ သစ်ပင်ခြေရင်း၌ ခါးတစ်ပိုင်း
ထောင်လျက်ရှိလေရာ ရင်ဝတွင် စိုက်လျက်ရှိသော ဓားမြှောင်မှာ အသည်းကို
ထုတ်ချင်းခတ်ဖောက်၍ သွားဘိသကဲ့သို့ (၆)လက်မခန့်ရှိ အသွားသည်
လက်ကိုင်သို့ရောက်အောင် နစ်မြုပ်ဝင်လျက် ရှိလေ၏။ ဖြူစင်ချောမွေ့သော
ပါးတွန့်အင်္ကျီကလေးမှာ သွေးဖြင့် ဆေးဆိုး၍ထားဘိသကဲ့သို့ ခြင်းခြင်းနီလျက်
ရှိလေရာ မြုပ်ဝင်လျက်ရှိသော ဓားမြှောင်၏ လက်ကိုင်ကို လက်နှစ်ဖက်ဖြင့်
ဆုပ်ကိုင်ကာ သေဆုံးနေသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

"စိတ်သာ ချပါ - မောင်ရယ်၊ မောင်မှာတဲ့အတိုင်းတုံးကို (၃)ခါခေါက်လိုက်ရင် - ခင် - အိမ်ပေါ်က ဆင်းခဲ့မယ် မောင်ရဲ့"

ထိုအချိန်၌ နေမင်းသည် ဧရာဝတီမြစ်၏ အနောက်ခံဘက်ရှိ တောင်စွယ်တွင် လုံးလုံးကွယ်၍ သွားပြီဖြစ်၍ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ရှု၍အားမရနိုင်သော သမီးရည်းစား (၂) ယောက်အားခွဲခွာရန်အထိမ်းအမှတ်ကို ပြုလေ၏၊ မိန်းမပျိုသည် မိမိ၏ရှေ့၌ဖြစ်လတ္တံ့သောကံကြမ္မာကို မသိရှာဘဲ ယောကျ်ားပျိုအား လက်ပြကာ သစ်ပင်အုပ်တွင် ပျောက်ကွယ်၍ သွားလေ၏။

မောင်စိန်မှန်၌ ထိုအခါ အကြံတစ်ခုသည် ဖြစ်ပေါ်၍လာခဲ့လေရာ ထိုအကြံသည်ကား အခြားမဟုတ်၊ များမကြာမီကမှာထားရရှိခဲ့သော ဓာတ်ပုံသေတ္တာငယ်ကို ချုံတစ်ခုတွင် ဝှက်ထားပြီးလျှင် မိမိတို့နက်ဖြန် နံနက်စောစော ချိန်းဆိုတွေ့ဆုံရမည့်အချိန်နှင့် ကိုက်ပြီးလျှင် သံပတ်ကိုသော့ပေးလျက် တွေ့ဆုံစကားပြောဆိုရမည့်နေရာကိုသေချာကျနစွာချိန်တွယ်ပြီးလျှင် ဓာတ်ပုံသေတ္တာကိုထည့်၍ထားခဲ့ပြီးနောက် "တစ်ခါဖြင့် နေရာကျတာပဲ မခင်စိန်တစ်ယောက်ကဖြင့် ဓာတ်ပုံကိုမြင်ရရင် သိပ်ပြီး အံ့ဩသွားမှာပဲ" ဟု တစ်ယောက်တည်းရေရွတ်ပြောဆိုကာ ဓာတ်ပုံသေတ္တာကို နေရာတကျ စီစဉ်၍ ထားခဲ့ပြီးသော် လျင်မြန်စွာ ထွက်ခဲ့လေ၏။

မောင်စိန်မှန်ထွက်၍မသွားမီအစိုးရအမှုထမ်း ပုလိပ်သားနှင့် ပုံသဏ္ဌာန်တူသောသူတစ်ယောက်သည်မောင်စိန်မှန်နှင့်မခင်စိန်စကားပြောနေသော သစ်ပင်အုပ်ကလေး၏ နောက်ချုံငယ်တစ်ခုမှ -

"ဒီတစ်ခါမှ မကော်ရင် ဘယ်တော့မျှ မကော်ဘူးဟေ့၊ အခွင့်ကြုံတဲ့အခါ ယောကျ်ားဆိုတာစွန့်လိုက်မှပဲ၊ စိန်ကရတီ (၁၀၀)ကျော်တဲ့၊ ငွေက (၂၀၀၀)တဲ့၊ ရွှေဖိုးတို့တော့ ဒီတစ်ချက်မှမကော်ရင် ဘယ်တော့မျှ ဒီတစ်သက်မှာ ချမ်းသာမှာမဟုတ်ဘူး" ဟုဝမ်းသာအားရရှိသည့်ဟန်ဖြင့်မိမိတစ်ကိုယ်တည်းပြောဆိုကာ ခြေသံမကြားအောင် တောဘက်သို့ ထွက်သွားလေ၏။ ထိုသူ ပြောဆိုသွားသောစကားများကို မောင်စိန်မှန်ကကြားလိုက်ရပါမူ ရှေ့တွင် ရေးသားအံ့သော ဘေးဥပဒ်ကြီးသည် ဖြစ်ပျက်နိုင်မည်မဟုတ်ချေ။

❦

မောင်စိန်မှန်သည် ထိုညဉ့်၌ကောင်းမွန်စွာ မအိပ်နိုင်ဘဲ အလွန်ရှည်လျားသည်ဟု ထင်မှတ်ရသော ညဉ့်အချိန်ကို အပြစ်တင်ကာ ရှိနေခဲ့လေ၏။ နက်ဖြန် နံနက်စောစောတွင် မခင်စိန်အား ခိုးယူ၍ပြည်မှ နံနက် (၇)နာရီထွက် မင်းဘူးသင်္ဘောကလေးဖြင့် သွားရမည့်ခရီးကိုစိတ်ကူးလျက်ရှိလေရာ အတော်ပင် ညဉ့်နက်၍ နံနက် သုံးနာရီ ထိုးပြီးသည့်တိုင်အောင် တစ်ရေးမျှအိပ်မပျော်နိုင်ဘဲ ရှိရကား လူတို့မည်သည် မျှော်လင့်စောင့်ဆိုင်းရန် တစ်စုံတစ်ခုရှိသောအခါ ထိုအချိန်သို့မရောက်မချင်း အချိန်သည် နှေးလွန်းလှသည် ဟူ၍လည်းကောင်း၊ ချမ်းသာသုခနှင့် တွေ့ကြုံခံစားရသောအခါ မည်မျှပင် ကာလရှည်ကြာသော်လည်းထိုအချိန်သည်မြန်လွန်းလှသည်ဟူ၍လည်းကောင်း ထင်တတ်ကြစမြဲဖြစ်ရကား မောင်စိန်မှန်မှာ ထိုညဉ့်မှာပင် ခါတိုင်းညများထက် ပိုမိုရှည်လျားလှသည်ဟု မှတ်ထင်ခဲ့လေ၏၊ ဤကဲ့သို့ မအိပ်စက်နိုင်ဘဲစောင့်ဆိုင်းလျက်ရှိခဲ့ရာ နံနက် (၅)နာရီအချိန်သို့ ရောက်လတ် ခါသော် မှေးခနဲ အိပ်ပျော်သွားပြီးနောက် မျက်စိများကို ဖွင့်၍ ကြည့်လိုက်ရာ မိုး စင်စင်လင်းနေကြောင်းတွေ့ရသည်နှင့် လက်ဆွဲသားရေအိတ်ကိုဆွဲကာ မြင်း ရထားတစ်စီးဖြင့် ဆင်စုရပ်ကွက်သို့ ထွက်ခဲ့လေ၏။

နွေရာသီဖြစ်ရကား လူများသည် ပူအိုက်လွန်း၍ညဉ့်ဦးယံ၌ကောင်းမွန်စွာ အိပ်စက်ကြကုန်လျက် မောင်စိန်မှ သည် မခင်စိန်နေသောအိမ်၏ ဝင်း ဘေးသို့ ရောက်သောအခါ အိမ်နီးန ချင်းများမှာ အိပ်ရာမှ မထကြသေး လူသွားလူလာတို့မှာပြတ်တောက်လျှ ပင် ရှိနေသေးလေ၏၊ သစ်ပင်အုပ်ဖေ သို့ရောက်သည်နှင့်တစ်ပြိုင်နက် မော စိန်မှန်မှာသေနတ်ထိ၍သကဲ့သို့ဖြစ်

www.burmeseclassic.com

သွားလေ၏၊ အဘယ့်ကြောင့်နည်းဟူမူ ခေင်စိန်၏ အလောင်းမှာ သစ်တုံးပေါ် တွင် ခါးတစ်ပိုင်း တင်လျက်ရှိလေရာ ခုံ၌တွင် စိုက်လျက်ရှိသောဓားမြှောင် အသည်းကိုထုတ်ချင်းခတ်ဖောက်၍ သွားဘိသကဲ့သို့ (၆)လက်မခန့်ရှိ သွားသည် လက်ကိုင်သို့ရောက် အောင်နစ်မြုပ်ဝင်လျက်ရှိလေ၏၊ဖြူစင် ရှာမွေ့သော ပိုးတွန့်အကျီကလေးမှာ သွေးဖြင့် လျှော်၍ထားဘိသကဲ့သို့ ခြင်း င်းနီလျက်ရှိလေရာ မြုပ်ဝင်လျက်ရှိ သော ဓားမြှောင်၏ လက်ကိုင်ကို လက် စ်ခက်ဖြင့် ဆုပ်ကိုင်ကာ သေဆုံးနေ သည်ကိုတွေ့ရလေ၏။

မောင်စိန်မှန်သည် အရှုပမာ ဆက်တည်ရာမရဘဲ အလောင်းကို ပြ၍ဖက်ကာ "လုပ်ရက်လေခြင်း-စိန် သ်၊ ခြော် - ငါ့ကိုယ်က မိုက်ပါတယ် ါ၊ ဒီမျက်စိကလည်းဒီကနေ့မှဖွင့်မရ အောင်ဖြစ်ပြီး နံနက်စောစောမှပဲ အိပ် ာ်ပြီးသွားရသေးသတဲ့"

မောင်စိန်မှာသည် သတိတရား တ်ကင်း၍ သွားဘိသကဲ့သို့ မိမိ မည် ကဲ့သို့ ပြုလုပ်နေသည်ကိုမျှ မသိရှာဘဲ မိမိ၏ ဆံပင်ဖျားကို ဆွဲခြင်း၊ အသားများ ကိုလက်သည်းဖြင့်ကုတ်ဖဲ့ခြင်း၊ လေကို အကြိမ်ကြိမ် အတန်တန် လက်သီးဖြင့် ထိုးခြင်း၊ မိမိ၏ကိုယ်ကို မြေပေါ်သို့ ပစ် လှဲ၍ လူးလိမ့်ခြင်းကို ပြုရှာလေ၏၊ ၎င်း နောက်အတန်ငယ်သတိရ၍လာပြီးလျှင် "ဟယ် - သေပြီအတူတူတော့ မထူးပါ ဘူး၊ နို့ပေမဲ့ - ငါ့ရည်းစားကို သတ်တဲ့သူ ကိုတော့ ကမ္ဘာမဆုံးမချင်း ရှာရသေး တာပေါ့" ဟု ဖုတ်များကို ခါ၍ ထကာ အလောင်းအနီး၌ ကြည့်ရှုရှာဖွေသော အခါ အလွန်တုံးသောဖိနပ်ဖြင့် နင်း သွားဟန်ရှိသော ခြေရာကြီးတစ်ခုကို လည်းကောင်း၊ ခဲစာလုံးဖြင့်အစိုးရပုလိပ် အမှုထမ်းများ၏အကျီတွင် တပ်ဆင် လေ့ရှိသော ဘီပီအမှတ်အသားပါရှိ သော စာလုံးတပ်ခဲတံဆိပ်ကလေးတစ် ခုသည် ခြေဖြင့်နင်းမိ၍လိမ်ကောက်နေ သည်ကိုလည်းကောင်း တွေ့မြင်ရလေ ၏၊ ထိုခဏ၌ မစင်စိန်တို့နေသော အိမ် ကြီးပေါ်မှဆူညံသောအသံများကိုလည်း ကောင်း၊ ရေဝတီမြစ်ဘက်မှ သဘော်



တစ်စင်း၏ ဥဩသံလည်းကောင်း၊ ောင်ခါးပန်းဆီမှ ကြက်တွန်သံကို ည်းကောင်း တစ်ပြိုင်နက် (၁၀) က်ခန့်မျှသော ယောက်ျား၊ မိန်းမ ည် မိမိ၏ကိုယ်ကိုဝိုင်းဝန်းကာဖမ်း ချုပ်နှောင်လျက် "ဒီအကောင်ပဲဟ၊ အကောင် မသတ်ရင် ဘယ်သူမျှ တ်ဘူး၊ ဖမ်းလဟာ - ခွေးမသား" သောအသံများကိုလည်းကြားရလေ ၏ မောင်စိန်မှန်မှာ အကျိုးအကြောင်း မှ ပြောရန် အချိန်မရှာဘဲ ဌာနသို့ပို့ ခံရလေရာလမ်းတစ်လျှောက်လုံး များသည်ဖမ်း၍လာသောရာဇဝတ် င်ကို သနားသည့်လက္ခဏာဖြင့် န်းမများသည်လည်းစုတ်သပ်ကာ ယ်မြင်ဖူးပါတယ်အေ၊ရုပ်ကလေး နားကမားနဲ့ သူသတ်မယ်မဟုတ် ဘုရားသိကြားမလို့ လွတ်ပါစေ ဟု အံ့ဩသော မျက်နှာထားဖြင့် ကာကျန်ရစ်ခဲ့ကြလေ၏။

ဤနေရာသို့ရောက်လျှင် အကျဉ်း သမားမောင်စိန်မှန်သည်ပြင်းစွာချောင်း ဆိုးပြီးနောက် -

"မောလိုက်တာ - ဦးဘိုးထော်ရယ်၊ တစ်ဆိတ်ကလေးဗျား၊ မရှိမသေ - ကျုပ် ရင်ကိုလက်ကလေးနဲ့တဆိတ်တို့စမ်းပါ ဗျာ"

"ခပ်ဖြည်းဖြည်းပြောမှပေါ့ဗျ"

"ဒါနဲ့ - ကျုပ်ကို လူသတ်မှုနဲ့ဖမ်း၊ အစိုးရရှေ့နေကလည်း ဝန်ထောက်ကြီး တစ်ယောက်၏ သမီးအမှုဆိုတော့ အင် မတန်ပဲ ကြိုးစားပြီး ဓားမြှောင်ကိုလည်း ကျုပ်အနားမှာ တွေ့တယ်၊ ကျုပ်မျက်နှာ မှာလည်း ကုတ်ဖဲ့ရာတွေ့တယ်၊ သွေးစ သွေးနလည်းကုတ်အကျီမှာတွေ့တယ်၊ သူတို့ချင်း အချိန်းအချက်ပေးပြီးလို့သာ ဒီသူငယ်မကလေးဟာ နံနက်စ စော စောဒီအချိန်အခါမှာရောက်လာရတယ်၊ ရောက်လာတော့ လက်ဝတ်လက်စား တွေကိုယူ၊ တော်ရာမှာ ဝှက်ထားပြီး ဒီသူငယ်မကလေးကို သတ်ပစ်ဟန် လက္ခဏာ ရှိတဲ့အကြောင်း လျှောက်လဲ တာကိုးဗျ၊ သည်တော့ - စခွဲရင်တရား



www.burmeseclassic.com

ပြီးတော့မှ တစ်စတစ်စ အသုံးသွင်းပြီး တစ်နေ့တော့ ကျုပ်ကိုယ်ကိုယ်ကျုပ် သေတဲ့မခင်စိန်နဲ့ တူအောင်ဆင်၊ သူသေတဲ့အခါမှာဝတ်တဲ့ စူလတီလုံချည်၊ အပြာနုရောင်ကလေးဝတ်၊ ပိုးအင်္ကျီအဖြူကလေးကို သွေးနဲ့တူအောင် ပန်းဆီတွေဆိုး၊ ဆံပင်ပုံကိုတပ်ပြီး၊ သနပ်ခါးကလေးဖုံဖုံလိမ်း၊ ရင်ဝမှာ မားမြှောင်ကြီး တန်း ... ကြိုးနဲ့ညှပ်ပြီး တိုက်နောက်ဘေးက မန်ကျည်း ... ကပြီး ကိုယ်ယောင်ပြတာပေါ့ဗျာ။



သူကြီးလည်း အတော်ကြာ စဉ်းစားပြီး ကျုပ်ကိုမောင်မင်းသက်သေပြဦးမလား မေးတာကို - ဦးဘိုးထော်ရဲ့

"ဪ - ကျုပ် - တစ်ခုမေးစရာ ကျန်နေရစ်တယ်။ ဟိုနေ့နံနက်က ချုံကြားထဲမှာ ခင်ဗျား ဝှက်ပြီးထားခဲ့တယ် ဆိုတဲ့ဓာတ်ပုံသေတ္တာကလေးအကြောင်း ကကောဗျာ"

"ပြောပါ့မယ်ဗျာ။ ဒီဓာတ်ပုံသေတ္တာ ကလေး ကယ်ပေလို့ ကျုပ်အသက် ချမ်းသာရာရပေတာပေါ့ - ဦးဘိုးထော်ရဲ့ နို့မဟုတ်ရင် - ကြိုးကျပြီး အခုလောက် ရှိရင် အရိုးတောင် ဆွေးပြီ မဟုတ်လား ဗျ"

"တယ်ကံကောင်းတဲ့ လူပေဗျာ ပြောစမ်းပါဦး"

"သည်တော့ - ကျုပ်ဟာ ဓာတ် ဘက်မှာ အလွန်ဝါသနာပါသည် အလျောက် ဓာတ်ပုံရိုက်ခြင်းတွင် ကျွမ်းကျင်ကြောင်း၊ လူသတ်မှု မဖြစ်ပွား

စ်နေ့က အလိုအလျောက်ဓာတ်ပုံရိုက် နိုင်သော စရီးဆောင်ဓာတ်ပုံသေတ္တာ ကလေးတစ်ခုကိုယခုလူသတ်မှုဖြစ်ပွား သောနေရာ၏ နောက် (၁၀)ပေခန့် အကွာ၊ ချုံကွယ်တွင် ဝှက်၍ ထားခဲ့ ကြောင်း ဓာတ်ပုံသေတ္တာ၏အကြောင်း ကို ယခုစစ်ဆေးမည့်နေ့မှသာလျှင် အမှတ်ရ၍ ပြောဆိုခြင်းဖြစ်ရာ အခြား သက်သေ မပေးနိုင်သော်လည်း ဓာတ်ပုံ သေတ္တာကို သက်သေအဖြစ်ဖြင့် ခေါ်လို ကြောင်း၊ ဤကဲ့သို့ ဓာတ်ပုံသေတ္တာ ကလေး ဝှက်ထားသည်ကို မိမိမှတစ်ပါး ည်သူတစ်ဦးတစ်ယောက်မျှမသိသော ကြောင့် ယခုပင်လျှင် သွားရောက်ရှာ ဖွေက တွေ့လိမ့်မည်ဖြစ်ကြောင်း။ သေရ င် သေရခြားသော်လည်း မသေမီ ထို ဓာတ်ပုံသေတ္တာတွင်ပါရှိသောဓာတ်ပုံကို ကြည့်ပြီးမှ သေရလျှင် စိတ်ကျေနပ် ကြောင်း၊ မခင်စိန်အား သတ်၍ ပစ္စည်း များကို ယူသည်ဟု ယူဆခြင်းမှာလည်း ကယ်၍ ပစ္စည်းလက်ဝတ်လက်စား များကိုယူခဲ့ပါလျှင်သွားရောက်ဝှက်ကွယ် ထားရန် အချိန်မရှိကြောင်း၊ ၎င်းအပြင်

စဉ်းစားရန် တစ်ချက်မှာလည်း မခင်စိန် သည် မိမိအား အလွန်စုံမက်ချစ်ခင်၍ မိမိကလည်း အသက်တစ်မျှ ချစ်ခင် စုံမက်ခဲ့ကြောင်း၊ ချစ်ခင်လျက်ရှိသော မိမိ၏ ရည်းစားအား သတ်သည်ဟုဆို ခြင်းမှာ ကမ္ဘာလောကကြီး၏ နိယာမ အစဉ်အလာတရား မဟုတ်ကြောင်း၊ ယောက်ျားများသည်လည်း ပစ္စည်းဥစ္စာ ထက် ချစ်ခင်ခြင်းမေတ္တာကို စုံမက်မြတ် နိုးသူများဖြစ်ကြောင်း၊ ယောက်ျားများ၏ စိတ်ဓာတ်သည် မေတ္တာတည်းဟူသော အချစ်ပန်းကို လက်လှမ်း၍ လှုကြသော အခါ မည်သည့်အရာကိုမျှ မကြောက် ရာဇဝတ်ပြစ်မှုကို ပမာမထားဘဲ ထင်မိ ထင်ရာပြုလုပ်တတ်သည် မှန်သော် လည်း မိမိတို့၏အချစ်ပန်းကိုမူ သတ် ရန်ကို မဆိုထားဘိ လက်ဖျားနှင့်မျှ နာ ကျင်အောင် မပြုတတ်ကြောင်း၊ မိမိလာ ရောက်၍အလောင်းကိုတွေ့သောအချိန် မှာ ရှိန်းချက်၍ထားသောအချိန်ထက် အတန်ငယ်မျှနောက်ကျ၍ရောက်သွား ကြောင်းများကို ကျုပ်လည်း ... စီကာ ပတ်ကုံးတစ်ခုမကျန် လျှောက်လဲထုချေ

www.burmeseclassic.com

တာကိုးဗျ။ ရှေ့နေတွေ ဘာတွေ ဘယ်ငှားပြီးနေနိုင်မလဲဗျာ။ အရေးကြုံတော့ သက်လုံကောင်းရမယ်ဆို မဟုတ်လား ဦးဘိုးထော်၊ မတတ်နိုင်ဘူးဗျို့၊ ကိုယ့်အတွက်အရေးတော့ ကြံရတော့တာပဲ"

"ကိုင်းဗျာ - ဓာတ်ပုံ အကြောင်း ပြောစမ်းပါဦး - ကြားချင်လှပါပြီ"

"သည်တော့ - တရားသူကြီးနဲ့ တကွအစိုးရရှေ့နေကြီးရယ်၊ ဝတ်လုံ(၆)ယောက်ရယ်၊ အခြားဂျူရီလူကြီး (၃) ယောက်ရယ်တစ်ခါတည်းအခင်းဖြစ်ပွားတဲ့နေရာသွားပြီး ကျုပ် ဓာတ်ပုံသေတ္တာကို ရှာဖွေတာပဲဗျို့"

"တွေ့ရဲ့လား"

"တွေ့ပေါ့ဗျာ၊ ပြီးတော့ - ဓာတ်ပုံသေတ္တာထဲမှာတွေ့ရှိတဲ့ကျွဲကော်ပြားကို ဆေးရည်စိမ်ပြီးကြည့်တော့ မခင်စိန်က တုံးပေါ်မှာလဲလို့၊ လူတစ်ယောက်ကဓားမြှောင်ကိုတအားမြှောက်ပြီးထိုးမယ်လို့ဟန်ယူနေတဲ့ပုံတစ်ခါတည်းပေါ်ပြီးလာတာကို - ဦးဘိုးထော်ရဲ့၊ "သူတော်ကောင်း နတ်ကောင်းမ,တယ်"ဆို မဟုတ်လားဗျ။ ဒါနဲ့ - ကျုပ်ကို ဒီအမှုမှာ တရားသေ လွှတ်လိုက်တာပေါ့ဗျာ၊ တရားသူကြီးလည်းအင်မတန်ဆန်းပြားတဲ့ သက်သေခံချက်များနဲ့ သူ့ထင်မြင်ချက်များကို ကျုပ်ကို စီရင်ချက်ချတဲ့အခါမှာ အကျယ်တဝင့် ရေးတာကိုး ဦးဘိုးထော်ရဲ့"

"သတ်တဲ့လူကကောဗျာ"

"ကျုပ်ထင်တဲ့အတိုင်းပေါ့ဗျာ၊ ပုလိပ်သားတစ်ယောက်ဖြစ်နေတာပေါ့ဗျာ၊ ဆိုးတာတစ်ခုက မျက်နှာနေရာဟာ သစ်ပင်အုပ်က အရိပ်ကလေးကွယ်ပြီး ကောင်းကောင်းမထင်ရှားဘူးဗျို့၊ နို့ပေမဲ့ သူ့ဝတ်ပုံစားပုံကြည့်ရတာရယ်၊ ဖိနပ်ကြီးတွေ့ရတာရယ်၊ အစိုးရအကျီပေါ်မှာ တပ်လေ့ရှိတဲ့ဘီပီဆိုတဲ့တံဆိပ်ကလေးတွေ့ရတာရယ် အားလုံးစုပေါင်းပြီး ကြည့်လိုက်ရင် ထင်ရှားတာပဲ မဟုတ်လားဗျ"

"ဟုတ်တော့ ဟုတ်ပါရဲ့ဗျာ၊ လူကိုတပ်အပ်မသိရတာက ခက်တယ်"

"သည်တော့လည်း တစ်မျိုးကြံရတာပေါ့ဗျာ၊ ကျုပ်လည်းပဲ အမှုက လွတ်သွားသွားချင်း၊ ဆံတော်ရပ်ဌာနာသွားပြီး လူသတ်မှု မဖြစ်ပွားမီ ညနေ က ဆင်စုရပ်ကွက်မင်းကြီးတောင်အနီးမှာ ဘယ်သူ ပတ္တရောင်ကျတယ်ဆိုတာ စုံစမ်းရတာပေါ့ဗျာ။ ဌာနအုပ်ကလည်းကျုပ်မိတ်ဆွေတစ်ယောက်ရဲ့သူငယ်ချင်းဖြစ်လေတော့ စုံစမ်းရတာ မခဲယဉ်းလှပါဘူး။ သည်တော့မှ သိရတာကို - ဦးဘိုးထော်ရဲ့၊ ဒီအကောင်ဟာ လွန်ခဲ့တဲ့ (၃)ရက်လောက်ကပဲ အလုပ်က ထွက်သွားဆိုပဲဗျ"

"အကောင်က အထက်သား၊ လူပုံလှပန်းနဲ့တကွ ထောက်လှမ်းသိရှိခဲ့ရတယ်၊ ပြီးတော့ - သူပြန်ပြီးအပ်တဲ့အကျီမှာ လက်ဝဲဘက်ပခုံးက တံဆိပ်တစ်ခုပြုတ်ပြီးနေတာ သိရတာကိုးဗျ။ လက်စားချေချင်တဲ့စိတ်က ကျုပ်မှာ အမြဲစိုးပြီးနေတော့ နိုက်နိုက်ချွတ်ချွတ် ရှာဖွေတာပဲဗျို့"

"တော်လည်းတော်တဲ့လူပဲဗျာ"

"ပြီးတော့ - ဦးဘိုးထော်ရေ့ - သူ့ဓာတ်ပုံကို တစ်ခါရအောင်ရှာ၊ သည်ကတည်းကစပြီး ကျုပ်လည်းပဲ ကျောင်းကထွက်၊ သွားချင်ရာသွား၊ ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာ ပေါက်ပြီး ဒီအကောင်ကို ရှာဖွေခဲ့တာကိုးဗျ"

"အင်း - ပြောစမ်းပါဦးဗျာ"

"ဒီလိုနဲ့ - ကျုပ်လည်းပဲ တစ်မြို့က တစ်မြို့ တစ်ရွာက တစ်ရွာ ပြောင်းပြီး ဒီအကောင်ကို ရှာခဲ့၊ နောက်ဆုံးကျတော့မှ မိတ္ထီလာနယ်မှာ ဆပ်အင်စပိတ်တော်အဖြစ်နဲ့ တွေ့ရတာကိုးဗျ"

"နေပါဦး - ခင်ဗျား၊ အမှုအတွက်နဲ့ ပတ်သက်ပြီး ဒီအကောင်ကို အစိုးရက ကော - မလိုက်ဘူးလား"

"ဘယ်လိုက်လိမ့်မလဲဗျာ၊ ဒီအကောင် - သတ်တယ်ဆိုတာ ကျုပ်တစ်ယောက်သာသိတာပဲဗျ။ ဒီအကောင်ကို ထင်တယ်ဆိုတဲ့အကြောင်း သူတို့လည်းကျုပ်ကပြောမပြဘူး။ သူတို့လည်း မသိဘူး။ ကျုပ်တစ်ယောက်တည်း ကျိတ်ပြီး ကြံတဲ့အကြံအစည်ပေါ့ဗျာ"

"ဒီအကောင်နာမည်က ရွှေဖိုးတဲ့ဗျ၊ မြို့အစွန်မှာ တိုက်အိုကလေးတစ်လုံး ငှားပြီးနေတာကို - ဦးဘိုးထော်ရဲ့၊ သည်တော့ - ကျုပ်လည်းပဲ - ဝါ - သူ့အိမ်ကို ဘယ်နည်းနဲ့ဝင်ခွင့်ရပါ့မလဲလို့ကြံလိုက်ရတာဗျာ၊ နောက်တော့မှ - သူ့လက်



www.burmeseclassic.com

www.burmeseclassic.com

အောက်က ပုလိပ်သားတွေဘာတွေနဲ့ မယောင်မလည်ပေါင်း၊ တစ်နေ့တော့ သူ့အိမ်က ထမင်းချက်တဲ့ အကောင်ကလေးတစ်ယောက် ထွက်သွားလို့ ထမင်းချက်တဲ့လူတစ်ယောက် အလိုရှိတဲ့အကြောင်း သိရတာနဲ့ ကျုပ်ကိုယ်ကျုပ် အညာသားယောင်ဆောင်ပြီး ထမင်းချက်အလုပ်ကို ရတာကိုးဗျ။ ဟိုရောက်ရောက်ချင်း တစ်ခါတည်းနှံလိုက်မယ်ကြံလိုက်ပါသေးရဲ့၊ နို့ပေမဲ့ - ဒီလိုအရမ်းလုပ်လိုက်မယ်ဆိုရင် ကျုပ်အပေါ်မှာလည်း ရာဇဝတ်ပြစ်မှု မကင်းဘူး။ သူလည်းပဲ ဘယ်အတွက် သူ့ကိုလုပ်တယ်ဆိုတာမသိဘူး။ ဒီတော့ - လက်စားချေရကျိုးလည်း မနပ်ဘူး မဟုတ်ဘူးလား ဦးဘိုးတော်"

"ဟုတ်ပါပေရဲ့ဗျာ"

"ကျုပ်အကြံက ဒီအကောင်ကြီးမသေခင် သူ အမှန်တကယ်ဆိုတာ ကျုပ်ကိုယ်တိုင်ဒို့အမှန်ကိုသိရအောင်လည်း စမ်းချင်သေးတာကိုးဗျ"

"မမှားသော်ရှိ မှားသော်ရှိ ဆိုသလို ဘယ်အရာမျိုးမဆို စူးစမ်းဆင်ခြင်ပြီးမှ လုပ်ရမယ်ဆို မဟုတ်လားဗျ။ လူတစ်ယောက်ဟာ မလုပ်ရဘဲနဲ့ တမင်သက်သက် ခံရမယ်ဆိုရင် တရားရာရောက်ပါဦးမလားဗျာ"

"သည်လိုဆိုရင် ဘယ်မှာတရားမလဲဗျာ"

"မှန်ပေတယ် - မှန်ပေတယ်။ ကျုပ်က ဆိုးတယ်၊ မိုက်တယ်ဆိုပေမယ့် အကြောင်းမဲ့သက်သက်ဆိုရင် လူတစ်ယောက်ကို လက်ဖျားနဲ့မျှ မထိဘူးဗျ။ အဲဒါနဲ့ - ပြောရဦးမယ်၊ သူ့အိမ်ကိုရောက်လို့ တစ်လလောက်ရှိတော့ သူကလည်း ကျုပ်ကို အတော်ခင်မင်ပုံ ရတယ်ဗျ၊ ကျုပ်ကလည်း သူ့အကြိုက်ကို လိုက်ပြော၊ ထမင်းဟင်းချက်ပြုတ်တဲ့နေရာ၊ ဝတ်ကြီးဝတ်ငယ်ပြုတဲ့နေရာမှာတစ်ခုမျှ မလစ်လပ်ရအောင်ဆောင်ရွက်လုပ်ကိုင်တာကိုး - ဦးဘိုးတော်ရဲ့၊ ပြီးတော့မှ တစ်စတစ်စအယုံသွင်းပြီးတစ်နေ့တော့ ကျုပ်ကိုယ်ကိုယ်ကျုပ် သေတဲ့မခင်စိန်နဲ့တူအောင်ဆင်၊ သူသေတဲ့ အခါမှာဝတ်တဲ့ ရှူလတီလုံချည်၊ အပြာနုရောင်ကလေးဝတ်၊ ပိုးအင်္ကျီအဖြူကလေးကို

သွားနဲ့တူအောင် ပန်းဆီတွေဆိုး၊ ဆံပင်ကိုတပ်ပြီး၊ သနပ်ခါးကလေးဖုံဖုံလိမ်း၊ ...ဝမှာ ဓားမြှောင်ကြီးတန်းလန်းဖြစ်အောင်ကြိုးနဲ့ညှပ်ပြီးတိုက်နောက်ဘေး...မန်ကျည်းပင်ကလေးပေါ် တက်ပြီး ...ယ်ယောင်ပြတာပေါ့ဗျာ"

"တတ်လည်း တတ်နိုင်တဲ့လူပါပဲဗျာ"

"မောင်ရွှေဖိုးက လူပျိုကြီးကိုဗျ၊ ...မှာ တောက်တိုမည်ရ နိုင်းစေဖို့ ...ကောင်ကလေးတစ်ယောက်ရယ်၊ ...ျုပ်ရယ်၊ သူရယ်၊ ဒီသုံးယောက်ပဲ ရှိ...ယ်၊ ဒီကနေ့ဟာ အိမ်မှာ ကောင်...လေးလည်း မရှိဘူး၊ ကျုပ်လည်းပဲ ...စောစောကတည်းက ညာဏ်ဆင်ပြီး ...ကြည့်သွားဦးမယ်လို့ သူ့ဆီမှာ ခွင့်...တောင်းပြီး ထွက်ခဲ့တာကိုးဗျ။ ဒီညဟာ ...ဆန်း (၈)ရက်နေ့ညဗျ၊ ကျုပ် သေ...သေချာချာ မှတ်မိတယ်၊ လကလေးက ...ည်း သာလိုက်တာ ထိန်လို့ ...။ ဒီလို ...ကိုခြောက်တော့ သူလည်းပဲ ကျုပ်ကို ...ကယ်မကောင်းဆိုးဝါးထင် ပြီး၊ "ဒီ...ကောင်မက သည်လောက်ကြာ

အောင်လာပြီး ခြောက်ရသေးသလား... ဟင်း နင်က (၂)ခါပြန် သေချင်သေး... သပေါ့လေဆိုပြီး သူ့ခါးထဲကခြောက်လုံး... ပြူးသေနတ်နဲ့ ဆွဲပြီး ပစ်တာကိုး - ဦးဘိုးတော်ရဲ့"

"ခင်ဗျားကို မထိဘူးလား"

"ဘယ်ကထိရမလဲဗျ၊ သူ့သေနတ်က ယမ်းတောင့်တွေ ကျုပ်က စောစောကတည်းက ခိုးပြီး ထုတ်ထားတာပဲ"

"တယ်လည်း ညာဏ်များတဲ့လူဗျာ"

"နောက်တစ်နေ့ညကျတော့ ကျုပ်လည်းပဲ ပြင်ဆင်စရာရှိတာကို ပြင်ဆင်ပြီး သူ့အရိပ်အကဲကို ကြည့်နေတာကိုးဗျ၊ သူက ကျုပ်ကို နောက်ဖေးက မန်ကျည်းပင်ကလေးမှာ သရဲရှိတဲ့ အကြောင်းကိုပြောတော့ ကျုပ်က -

"မဟုတ်တာ - ဆရာ၊ ဒါမျိုးတွေကို ကျွန်တော် နည်းနည်းမျှ မကြောက်ပါဘူး" လို့ ပြောပြီး သူလည်းပဲ ဒီညမှာ ကောင်းကောင်း မအိပ်နိုင်ပါဘူး၊ ကျုပ်လည်းပဲ စောင့်နေခဲ့ - နှစ်နာရီလောက် ကျော်လောက်ရှိတော့ သူ့အိပ်တဲ့အခန်းကပြတင်းပေါက်ကို အပြင်ကဖွင့်ပြီးဝင်





www.burmeseclassic.com

www.burmeseclassic.com

သူ့ခုတင်နားရောက်တော့ ကျုပ်လည်းပဲ သတ်ရမှာကို ဝမ်းသာလွန်းလို့ မီးရောင်ကလေး ခပ်မှိန်မှိန်မှာ သူ့မျက်နှာကိုစိုက်ပြီး ကြည့်နေမိတာ။ ကျုပ်စိတ်ထင်ဖြင့် ဆယ်မိနစ်လောက် ကြာလိမ့်မယ် ထင်တယ် - ဦးဘိုးထော်ရဲ့၊ ပြီးတော့မှ - ပြတင်းပေါက်တံခါးတွေ လုံအောင်ပိတ်၊ မှန်အိမ်က မီးစာထုတ်ပြီး သူ့ပခုံးကိုပုတ်နှိုးတာကိုးဗျ။ သည်တော့မှ သူလည်း အိပ်မှုန်စုံမွှားနဲ့ အိပ်ရာကထပြီး "ဟေ့ ဘိုးသာလား - အလန့်တကြားကွယ် ဘာလဲ"

"ဟေ့ အကောင် - ငါ့မျက်နှာ သေသေချာချာကြည့်စမ်း။ ဘယ်သူလဲလို့"

"ဟေ့ကောင် - ဘိုးသာ - မင်း ရူးသလား"

"အို - မင်းရူးသလား ငါရူးသလား ဆိုတာသိရပါလိမ့်မယ်။ ဒီကနေ့ညတော့ မင်းသေဖို့သာပြင်ပေတော့။ သတ်ရလိမ့်မယ်၊ ငါ့ကို မင်း အဟုတ်မသိဘူးလား"

(သေနတ်ကိုစမ်းလျက်) "အဟုတ်ပြောတာလား။ မင်းနာမည် ဘိုးသာပဲ။ ဘိုးသာပေါ့"

"သေနတ်တွေ ဘာတွေ စမ်းမနေနဲ့ သေနတ်က ဟောဒီမှာ။ ဘိုးသာဆိုတာက ငါ့နာမည်ရင်း မဟုတ်ဘူး။ နာမည်ရင်းက မောင်စိန်မှန်တဲ့။ နားလည်ရဲ့လားဟေ့။ ဘယ့်နှယ်ကွယ် - ငါ့ရည်းစားလည်း သတ်သေးတယ်၊ ငါ့ကိုလည်း ကြိုးပေးအောင်လုပ်ခဲ့သေးတယ်။ လက်ဝတ်လက်စားတွေလည်း ယူပြီးသွားသေးတယ်၊ ဒီတစ်သက် - ဘယ်မှာမေ့နိုင်ပါ့မလဲ - ရွှေဖိုးရယ်"

"သည်တော့မှ - ဒီအကောင်က အဲ့ရင်က အဖြစ်အပျက်တွေ ပြန်သတိရပြီး တောင်းပန်တာကိုး - ဦးဘိုးထော်ရဲ့။ ကျုပ်လည်းပဲ အိတ်ထဲက အဆိပ်ပုလင်းရယ်၊ ဓားမြှောင်ရယ်၊ ခြောက်လုံးပြူး သေနတ်ရယ် ပြပြီး "ဟေ့ - ရွှေဖိုး မင်း မလှုပ်နဲ့နော်၊ နေရာက နည်းနည်းကလေးမျှ ရွှေ့မယ်မကြံနဲ့။ မင်းဦးနှောက်တွေကို ထုတ်လိုက်မယ် - နားလည်လား။ ကိုင်း - ကိုင်း - အချိန်လည်း မရှိဘူး။ ဒီ (၃) ခုထဲက ကြိုက်တာရွေးပေတော့၊ အဆိပ်နဲ့ပဲ သေချင်သလား၊ ဓားမြှောင်နဲ့ပဲ သေချင်သလား၊ သေနတ်နဲ့ပဲ သေချင်သလား" လို့မေးတော့၊ သူလည်း ... တောင်းပန်လို့ မရမှန်းသိတဲ့အတွက် ... ကျုပ်ကိုကိုင်မယ့် ကြံတာကိုးဗျ။ ဘာရ ... လဲဗျာ ကျုပ်က ဦးပြီးသားပေါ့။ သူထ ... တဲ့အခါမှာ ရင်ဝမှာ ဓားမြှောင်နဲ့ မထိ ... ထိကလေးဆွပြီး ပြန်အထိုင်ခိုင်း၊ အခု ... ပြောတဲ့ သုံးမျိုးကို အရွေးခိုင်းတာပေါ့ ... လေ၊ သူလည်းပဲ ရပုံမပေါ်လေတော့ ... အဆိပ်နဲ့ပဲ သေပါတော့မယ်လို့ပြောတာ ... - ဦးဘိုးထော်ရဲ့။

သည်တော့မှ - ကျုပ်လည်းပဲ သူ့ ... ရှည်းရှိသမျှကို တောင်းတော့၊ လား ... ား မခင်စိန်ဝတ်သွားတဲ့ စိန်ထည်၊ ရွှေ ... ည်တွေဟာ တချို့တစ်ဝက် တွေ့ရ ... သေးတာကိုးဗျ။ အားလုံးပြီးတော့မှ သူ့ ... ည်မျိုကိုဓားမြှောင်နဲ့ ထောက်ထားပြီး ... အဆိပ်ရည်ကိုကုန်အောင် အသောက် ... ခိုင်း ကုလားထိုင်ပေါ်ကစောင့်ပြီး ကြည့် ... နေခဲ့ (၅)မိနစ်လောက်သာ ကြာတယ်။ ... ကတဲ - ဦးဘိုးထော်ရယ် ဒီအကောင် ... မျက်နှာကြီးဟာ နဂိုက ဆိုးဆိုးအပေါ်မှာ ... ခဲ့သွားလိုက်တာဗျာ။ ကျုပ်ဖြင့် ကျုပ် ... တစ်သက်မှာ မမေ့နိုင်ပါဘူးဗျာ။ အခု ပြောရင်း ဆိုရင်းတောင် မြင်ယောင်ပါ သေးရဲ့။ သည်တော့မှ ကျုပ်လည်းပဲ ထင်ယောင်ထင်မှားဖြစ်အောင်အလောင်းကို သေသေချာချာပြင်၊ သေနတ်ကိုလည်း နေရာတကျပြန်ထား၊ ရင်ဝမှာဓားမြှောင် စိုက်ပြီး ထားခဲ့တာကိုးဗျ"

"ဩော် - အရင်တစ်လောက ကြားလိုက်မိတယ်ဗျို့"

"အစစ်ပေါ့ဗျာ။ ဒီဟာ - ကျုပ်လက်ချက်ပေါ့"

ဤနေရာသို့ ရောက်ပြန်လျှင် အကျဉ်းသမား မောင်စိန်မှန်မှာ မရပ်မနား ချောင်းဆိုး၍လာပြီးသော် သွေးအနည်းငယ်အန်ပြီးနောက် "ဦးဘိုးထော်ရေ - ကျုပ်လည်းပဲ စကားပြောနေတာမောလှပြီ။ ဒါပါပဲဗျာ - ဒီအကောင်ကို သတ်ပြီး ကျုပ်လည်းပဲ အခြေမပျက် သူ့အိမ်မှာဆက်ပြီး ဆယ်ရက်နေခဲ့သေးတယ်၊ ကျုပ်အပေါ်မှာ တစ်စွန်းတစ်စမျှ ပုလိပ်က မထင်ခဲ့ပေဘူးဗျာ၊ လုပ်တဲ့ကိုင်တဲ့နေရာမှာလည်း ကျုပ်က စေ့စေ့စပ်စပ်လုပ်ခဲ့တာကိုးဗျ။ ထင်စရာလည်း အကြောင်းမရှိပေဘူး၊ အားလုံးကိစ္စ

www.burmeseclassic.com

ချောတော့မှ ကျုပ်လည်းပဲ ထွက်ခဲ့၊ တစ်ခါ ရန်ကုန်ရောက်လာပြီး ကိုင်းတန်းမှာ လူတစ်ယောက်ကို ဓားနဲ့ထိုးတဲ့အမှုနဲ့ သည်ထောင်ကို ရောက် ခဲ့ တာကို - ဦးဘိုးထော်ရဲ့ ကိုင်း - ပြောရင်းဆို ရင်း မောလှပါပြီဗျာ၊ နာရီပိုင်းလောက်သာ ကျန်ပါတော့တယ်၊ သည်တော့ ကျုပ် ယခုပြောခဲ့တဲ့ အတိုင်း ဒီပစ္စည်းစုကို ခင်ဗျားကိုယ်တိုင် တူးဖော်ပြီး တစ်ဝက်ကို ကုသိုလ်ကောင်းမှုပြု၊ မခင်စိန်နဲ့ ကျုပ်အတွက် အမျှအတန်းဝေ၊ ကျန်တဲ့ တစ်ဝက်ကိုတော့ ခင်ဗျားသဘော အတိုင်းပဲဗျာ"

"ကောင်းပါပြီ - ကိုစိန်မှန်၊ စိတ်သာချပါ၊ ခင်ဗျားပြောတဲ့ အတိုင်း တာဝန်မပျက်ဘဲ ... ကျုပ်ဆောင်ရွက် ပါ့မယ်ဗျာ"

>> ဒဂုန်ရွှေမျှား

ရာသီပြောင်းကာလ ကလေးများ
သက်စောင့်ဆေးများ

| | | |
|---|---|---|
| ချွဲထလျှင် | - | ကြိတ်မှန်ရွက်၊ ခွေးသေးပန်းရွက်၊ ရှိန်းစိုရောကာ ငယ်ထိပ်မှ လိမ်းပေးပါ။ |
| ဆီးချုပ်သော် | - | မီးဖုတ်ထားသော ကြက်သွန်နီကိုခွဲကာ ဆီးအိမ်မှာ ပူပူနွေးနွေးကပ်ပေးပါ။ |
| တက်လျှင် | - | ဆင်ငိုမြက်ပြုတ်ရေကို တိုက်ပါ။ |
| နို့မျက်သော် | - | သူငယ်စာငှက်ပျော၊ ဖီးကြမ်းငှက်ပျောကို မီးဖုတ်၊ အသားကို ကျွေး။ |
| နှာပိတ်သော် | - | ကြိတ်မှန်ရွက်၊ ခွေးသေးပန်းရွက်ကြိတ်၊ ရှိန်းစို နည်းနည်းထည့်၊ ငယ်ထိပ်မှ နှာခေါင်းထိဆွဲပေးပါ။ |




ပြည်တွင်းပြည်ပ

ဂမ္ဘီရဖြစ်ရပ်ဆန်းဝတ္ထုတိုများ

အေးမောင်မောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

# လက်မရှိ

## ကြေးနှ



**ကျွန်တော်** တာဝန်ကျနေခဲ့တဲ့ သိမ်ခရိုင်ထဲကနေ အထက်အမိန့်အရ သာတကို ပြောင်းရွှေ့အမှုထမ်းရမယ် ့ဆိုတဲ့အခါ ကျွန်တော့်မှာ ဝမ်းနည်း မ်းသာ စိတ်လှုပ်ရှားမိတာမျိုး မရှိပါဘူး။ ယ်နေရာ ဘယ်ဒေသကိုပဲ ရွှေ့ရွှေ့ ျွန်တော် တာဝန်က မပြောင်းပါဘူး။ ြာက်ဝင်ရိုးစွန်းကိုပဲသွားသွား၊ တောင် င်ရိုးစွန်းကိုပဲပြောင်းပြောင်း ကျွန်တော့် ာဝန်ကတော့ "လူသတ်ဖို့"တစ်ခု ည်းပါပဲ။ သို့သော် ကျွန်တော်တို့တပ်ဖွဲ့ း ဝေါဟာရအနေနဲ့ကတော့ (တော် န်ရေးရဲ့ဆူးပြောင့်ခလုတ်တွေကိုဖယ် ှားခြင်း) လို့သာ သုံးစွဲပါတယ်။ လူသတ် ယ်ဆိုတာ သူ့စိုးစားပြလောကမှာသုံး ဲ့ အောက်တန်းစားဝေါဟာရပါ။ ကျွန် ော်တို့က ယုံကြည်ချက်တစ်ရပ်အတွက် ိုက်ပွဲဝင်နေတဲ့ တော်လှန်ရေးသမား ွေလေ။ တစ်ချိန်တည်းမှာပဲ အစိုးရက ော့ ကျွန်တော်တို့ကို (သူပုန်) သို့မဟုတ် သောင်းကျန်းသူ) လို့ပဲ ခပ်နိမ့်နိမ့် ခေါ် ်သုံးစွဲပါတယ်။ ရှိစေတော့။

အထက်က ညွှန်ကြားချက်အရ ျွန်တော်ဟာ ဟသ်္သာတခရိုင်ထဲက ရှေ့မြောက်ဖျားပိုင်းမှာရှိတဲ့ ကုတ္တိုစုရွာ ြီးကို သွားရတယ်။ သာမန်အရပ်သား

> သောင်းကျန်းသူ
> လက်ဖြောင့်တပ်သားတစ်ယောက်
> ဘဝမှာ လူတစ်ယောက်
> သတ်ဖြတ်ရန် တာဝန်ပေးခံရပြီး
> သတ်လူဆဲဆဲတွင် ...

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ခရီးသွားသလိုစိတ်ပေါ့ပေါ့ပါးပါးနဲ့တော့ မဟုတ်ဘူးပေါ့၊ ရုပ်ဖျက်ပြီး လယ်ကူလီအဝတ်အစားနဲ့ ခပ်ကုပ်ကုပ်ကလေး သွားရတာပါ။ လက်နက်ဆိုလို့လည်း အပ်တို ကလေးတစ်ချောင်းတောင် ကိုယ်ပေါ်မှာမထားရဲဘူး။ ခေတ်ပျက်ချိန်မဟုတ်လား။ မြို့ရွာအုပ်ချုပ်ရေးက ဝါးအစည်းပြေသလို ပြေနေတာ၊ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုတဲ့စကားအတိုင်းနေရာတိုင်းမှာ လက်နက်ကိုင်တောကြောင်တွေ ရှိနေကြတာ၊ လူတစ်ယောက်ရဲ့ - တန်ဖိုး၊ ဘဝတန်ဖိုးတွေဟာ ကြက်ငှက်တစ်ကောင်လောက်ပဲ တန်ချင်ရင် တန်နေတဲ့အချိန်၊

* * *

ကုတ္တိုစုရွာကိုရောက်တော့ ကျွန်တော်တို့တပ်ဖွဲ့ယာယီစခန်းချထားတဲ့ ရွာဦးဘုန်းတော်ကြီးကျောင်းပရဝုဏ်ထဲကိုဝင်သွားလိုက်တယ်ဆိုရင်ပဲကြိုတင်ပေးပို့ထားတဲ့သတင်းအရ ကိုယ့်လူမှန်းသိပြီး ဝမ်းသာအားရကြိုဆိုကြပါတယ်၊ စခန်းချထားတယ်ဆိုပေမယ့် အင်အားမများပါဘူး၊ တစ်ဒါဇင်လောက်ပဲ ရှိတာပါ။ ခေါင်းဆောင်ကတော့ "ရဲဘော်မုတ်ဆိတ်"ဆိုတဲ့ အသက်(၅၀)လောက် မုတ်ဆိတ်ပွပွ၊ ကျွဲကော်ကိုင်းမျက်မှန်တပ်ထားတဲ့ အသားညိုညိုလူကြီးပါ။

"မင်းရဲ့ပုံပန်းသဏ္ဍာန်နဲ့ မင်းရဲ့အလုပ်အကိုင်ကိုတော့ငါဆက်စပ်ကြည့်လို့မရနိုင်ဘူး"လို့ ရဲဘော်မုတ်ဆိတ်က တရင်းတနှီးလေသံနဲ့ ခပ်ပြုံးပြုံးပြောတယ်။ ဟုတ်ပါတယ်၊ ကျွန်တော့်ကို သိကြတာက "ရဲဘော်ဂုဏ္ဍာန်"ဆိုတဲ့နာမည်နဲ့၊ ကျွန်တော့် အလုပ်အကိုင်က "လူသတ်သမား"၊ ကျွန်တော့်ပုံစံကျတော့ လေတိုးရင် လွင့်သွားနိုင်တဲ့ ဖြူဖြူသေးသေး လူဖလံကလေး၊ ကျွန်တော့်ကိုယ်လုံးကိုယ်ဖန်က အရိုးပေါ်အရေတင်၊ ငါးဖောင်ရိုးခြောက်၊ လက်ချောင်းကလေးတွေဆိုရင်အသေးစားဖယောင်းတိုင်ကလေးတွေလို သေးသေးသွယ်သွယ်ဖြူဖပ်ဖြူရော်နဲ့၊ လူ(၈)ယောက်ကို သွေးအေးအေးနဲ့ သတ်ခဲ့ဖူးတဲ့လက်မရှိတစ်ယောက်ရယ်လို့ ဘယ်သူယုံနိုင်မှာလဲ၊

အဖြစ်မှန်ကတော့ ပေဟာဒီမြစ်ဝ ...နယ်ပေါ်ဒေသတစ်ကြောကကျွန်တော့် ...တပ်ဖွဲ့ဝင်တွေထဲမှာ ကျွန်တော်က ...သေနတ်ပစ်လက်အဖြောင့်ဆုံးပြီးတော့ ...သေနတ်သမားတွေထဲမှာကျွန်တော်က ...အသက်အငယ်ဆုံး၊ အခုမှ (၂၁)နှစ်ပဲ ...ရှိသေးတာ၊ ကျွန်တော့်ထက် ဝါရင့်တဲ့ ...ရဲဘော်ကြီးတွေတောင် ကျွန်တော့် ...လောက်သေနတ်သုံးပြီးသွေးအေးအေး ...နဲ့ လူမသတ်ဖူးကြပါဘူး၊ သူတို့ထဲမှာ ...သတ္တိရှိတာနဲ့ထုတ်တဲ့ရဲဘော် ပါချင်ပါမယ်၊ ...မှန်တာကြောင့် လူ(၈)ယောက် ...လောက်မနည်း သေချင် သေဖူးမယ်၊ ...ပေမဲ့ - ကျွန်တော့်လိုလူတစ်ယောက် ...ချင်း တစ်ယောက်ချင်းကို သွေးအေး ...အေးနဲ့ချောင်းမြောင်းပစ်ခတ်သတ်ဖြတ် ...ခဲ့တဲ့သူတော့ မရှိဘူး၊ ကျွန်တော်က ...ရပါလက်ဖြောင့်သမား "စနိုက်ပါ" ...ဆိုတာလား။

ကုတ္တိုစုရွာကို ကျွန်တော်ရောက် ...နေ့ ညဦးပိုင်းကျတော့ ခေါင်းဆောင် ...ဖြစ်တဲ့ရဲဘော်မုတ်ဆိတ်ကကျွန်တော်နဲ့ ...တစ်ယောက်တည်းတွေ့ပြီးအစီအစဉ်ဆွဲ ...တယ်၊

"တော်လှန်ရေးသစ္စာဖောက်တစ်ယောက်ကို ရဲဘော်ဂုဏ္ဍာန် စီရင်ရလိမ့်မယ်၊ မင်းကကျည်ဆန်မဖြုန်းတတ်ဘူးဆိုတော့ ငါ သဘောကျတယ်၊ (သုံးရှူးသုံး)ရိုင်ဖယ်နဲ့ ချက်ကောင်းကိုပစ်ရင် တစ်ချက်ပါပဲကွာ၊ နှစ်ချက်မပစ်ရပါဘူး။"

ရဲဘော်မုတ်ဆိတ်ကရုပ်ရည်ကြမ်းတမ်းပေမယ့်လေသံအေးအေးနဲ့အပြောအဆိုသိမ်မွေ့ပါတယ်၊ သူကခေတ်ပညာတတ်တစ်ယောက်လို့လည်း သိရပါတယ်၊ နို့ပေတဲ့ - ရဲဘော်မုတ်ဆိတ်ဟာ လူတစ်ယောက်ကိုသတ်ဖို့ကိစ္စကျတော့ ဘာမှအရေးမကြီးတဲ့ ထမင်းစားရေသောက်အလုပ်လို ပေါ့ပေါ့ပါးပါးပဲ ပြောနေပါတယ်၊ ဒါမျိုးကို ကျွန်တော်လည်း ကြိုက်တယ်၊ တိုက်ပွဲဝင် ရဲဘော်တစ်ယောက်ဟာ သွေးအေးလေလေ ဆင်နွဲရတဲ့တိုက်ပွဲမှာ အောင်ပွဲဆင်နိုင်လေလေလို့ ကျွန်တော် ထင်တယ်၊

"ဒီကောင်က အရင်တုန်းက ငါတို့အတွက် ဆက်သားတာဝန်ထမ်းဆောင်ဖူးတယ်၊ နောက်တော့ - ရန်သူဘက်က လာဘ်ပေးပြီး ဆွဲဆောင်လိုက်လို့ဘက်



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းသွားတယ်။ ကိုယ့်သေမိန့် ကိုယ်ချတဲ့အကောင်"

အဲသလို ပြောရင်း ရဲဘော်မုတ်ဆိတ်က ပြုံးလိုက်ပါသေးတယ်။ သူ့ပုံစံက သွေးအေးလွန်း၊ ဣန္ဒြေရလွန်းလှပါတယ်၊

"သူက အခု ဘယ်မှာရှိသလဲ ခင်ဗျ။ ဒီကောင်မျိုး မြန်မြန်ရှင်းလိုက်ကြတာ ကောင်းတယ်" လို့ ကျွန်တော်ကလည်း ခေါင်းဆောင်အကြိုက် ဟန်ပါပါပြောလိုက်တယ်၊ ခေါင်းဆောင်ကြိုက်ရင် ဘာဝန်ကို အောင်အောင်မြင်မြင် ပြီးဆုံးအောင် ဆောင်ရွက်ပြီးတဲ့အခါ ရာထူးတက်မယ်။ ဘောက်ဆူးဆုငွေရမယ်ဆိုတာ ကျွန်တော် သိထားတာကိုး။

"သူ့နာမည်က သံချောင်းတဲ့၊ ဒီရွာသားပဲ၊ ဒီရွာမှာ သူ့ဆွေမျိုးတွေကော သူ့မိန်းမကောရှိတယ်။ လောလောဆယ် သံချောင်းက ဟိုဘက်ရွာက ရန်သူတပ်ထဲမှာ ပုန်းနေတာ"

ဟိုဘက်ရွာဆိုတာက ကျွန်တော်တို့ လက်ရှိစခန်းချထားတဲ့ ကုတ္တိုဖုရွာရဲ့ အရှေ့ဘက်တစ်မိုင်လောက်အကွာမှာ ရှိတဲ့ "ချောင်းကော" ဆိုတဲ့ ကရင်တိုင်းရင်းသားကျေးရွာပါ။ အဲဒီရွာမှာ ကျွန်တော်တို့ရန်သူလက်နက်ကိုင်အုပ်စုတစ်စု လက်နက်အင်အားအပြည့်အစုံနဲ့ နေရာယူ ထားတယ်။ လောလောဆယ်တော့ ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့ချင်း ထိပ်တိုက်ရင်ဆိုင်ကြဖို့ အစီအစဉ် မရှိသေးဘူး။

ရဲဘော်မုတ်ဆိတ်က ဆက်ပြောပြတယ်။

"သံချောင်းက သူ့မိန်းမကို သံယောဇဉ်သိပ်ကြီးပုံရတယ်။ သံယောဇဉ်ကြီးဆို သူတို့ ညားကြတာ လပဲ ရှိသေးတာကိုး။ ဒါကြောင့် - ညဘက်အလစ်အလစ်မှာ ရွာထဲ ခိုးဝင်ပြီး သူ့မိန်းမကို လာတွေ့တယ်။ မနက်မိုးမလင်းခင် မှောင်ရိပ်ခိုပြီး ရွာထဲကပြန်ထွက်သွားတယ်။ မင်းက သူ ရွာထဲက ထွက်၊ ရွာပြင်ရောက်တာနဲ့ တစ်ချက်တည်း အပြတ်တွယ်ပစ်လိုက်ရမှာ ..."

"ဟုတ်ကဲ့ - သစ္စာဖောက် လောက်ကောင်အတွက် ကျွန်တော် ကျည်တစ်တောင့်ပဲ သုံးမှာပါ" လို့ ကျွန်တော်က စိတ်အားထက်သန်စွာနဲ့ အာမခံလိုက်ပါတယ်၊

ပြီးတော့ - ရဲဘော်မုတ်ဆိတ်နဲ့ ကျွန်တော် အသေးစိတ်အစီအစဉ်ဆွဲကြတယ်။ ကျွန်တော်က တပ်ဖွဲ့မှာ ရှိသမျှ (.၃၀၃) ရိုင်ဖယ် (၅)လက်ထဲက စိတ်ကြိုက်တစ်လက်ကို ရွေးလိုက်တယ်။ နောက်နေ့ကျတော့ ရဲဘော်မုတ်ဆိတ် ကိုယ်တိုင် ကျွန်တော့်ကို ရွာပြင်ခေါ်သွားပြီး သစ္စာဖောက်သံချောင်းရဲ့ ဝင်လမ်း၊ ထွက်လမ်းတွေကို ပြတယ်။ ကျွန်တော် နေရာယူ ပုန်းအောင်းနေရမယ့် မြရာချုံတန်းကလေးကိုလည်း မသိမသာ မော့ပြတယ်။

"မင်း ပောဟိုချုံတန်းထဲမှာ ဝပ်နေခဲ့ရင် သံချောင်း မင်းကို ဘယ်နည်းနဲ့မှ မတွေ့နိုင်ဘူး။ ဒီကောင်က ရောင်နီပျို့စ ဝေလီဝေလင်းအချိန်မှာ ပြန်တက်တာဆိုတော့ သူ့ကို မင်း မမြင်နိုင်စရာ ဘာမှမရှိဘူး၊ သူ ဖြတ်သွားမယ့်မြေလမ်းကမင်းပစ်ရမယ့်နေရာကနေ ကိုက်အစိတ်လောက်ပဲဝေးမှာ။ မင်း စိမ်ပြေနပြေချိန်ပြီးပစ်လို့ရတယ်"

* * *

ကျွန်တော့်စိတ်ဝိညာဉ်ထဲမှာဘာ... စီးနေသလား မဆိုနိုင်ဘူး၊ လူသတ်... မယ်ဆိုရင်ကျွန်တော် အလိုလိုအာ... စိတ်အားတက်ကြွနေတယ်၊ တပ်ဖွဲ့ထဲက ကျွန်တော့်နာမည်ကလည်း "ဂုမ္ဘာန်" မဟုတ်လား။ နာမည်ရင်းကတော့ မောင်... ယဉ်အေးတဲ့၊ ပညတ်သွားရင် ခ... သတ်မပါတဲ့အမည်ပေါ့၊ ကျွန်တော်က လူပုံကသာ ဂန်ဒူးလို နွဲ့နှောင်းပျော့... နေတာ၊ စိတ်က ဘီလူးစိတ်၊ ကျွန်တော် ချောင်းမြောင်းလုပ်ကြံခဲ့ရတဲ့ ရန်သူ(၈) ယောက်အတွက်ကျွန်တော့်မှာဝမ်းနည်း... စိတ်ဆိုလို့ တစ်စက်ကလေးတောင် မ... ဘူး။

သံချောင်းရဲ့ မိန်းမနေတဲ့အိမ်ကို ကျွန်တော်တို့ ရဲဘော်တစ်ယောက်က အမြဲတမ်း စောင့်ကြည့်အကဲခတ်နေ... တာ၊ သူပြောပြတာကတော့ သံချောင်း လာမယ့်ညဆို သူ့မိန်းမက အစောကြီး မီးခွက်မှုတ်ပြီး အမှောင်ချထားတတ်... သတဲ့၊ အဲဒီအိမ်ကလေးမှာ သူ့မိန်းမက မအေအိုမုဆိုးမကြီးနဲ့နှစ်ယောက်တည်း... နေတာ၊ သံချောင်းကို သူ့အိမ်ထဲမှာ ဝင်... ဖမ်း၊ ပြီးတော့မှ တစ်နေ့ရာမှာ သုတ်...

www.burmeseclassic.com

သင်သစ်ရင်တောမရနိုင်ဘူးလားလို့မေး မောင်ရှိတယ်၊ ဒီမေးခွန်းကို ရဲဘော်မှတ် ဆတ်ကြီးက သူ့အကျင့်အတိုင်း လေ အေးကလေးနဲ့ ရှင်းပြတယ်။

"ငါတို့က ဒီကုတ္တိုစုရွာမှာ စခန်းချ ပြီး ကုတ္တိုစုရွာက ကျွေးတဲ့ထမင်းကို စား နေကြတာမဟုတ်လား၊ ကုတ္တိုစုရွာမှာ နေပြီး ကုတ္တိုစုရွာသားကို သတ်လိုက် တယ်ဆိုရင် အရိပ်နေနေ အခက်ချိုးချိုး လို့အထင်ခံရမယ်။ ရွာသူရွာသားရဲ့လေး စားမှုမရတော့ဘဲ အကြည်ညိုတန်သွား မယ်၊ ငါတို့ကို မုန်းတောင် မုန်းသွားနိုင် တယ်၊ အေးလေ - အခုလည်း ငါတို့ကို မုန်းတဲ့သူတွေ ရွာထဲမှာ တစ်ပုံကြီးပါ၊ သေနတ်ကို ကြောက်ကြလို့သာ ကြည် ညိုချင်ယောင်ဆောင်နေကြရတာ၊ ဘယ်လိုပဲဖြစ်ဖြစ်၊ ငါတို့ တော်လှန်ရေး အောင်ပွဲဆင်ဖို့အဓိက၊ တော်လှန်ရေးရဲ့ ဆူးပြောင့်ခလုတ်၊ သံချောင်းလိုသစ္စာ ဖောက်ကိုဖယ်ရှားပစ်ဖို့က ငါတို့ရဲ့တော် လှန်ရေးတာဝန် မင်း နားလည်ပြီနော် ရဲဘော်ဂုမ္ဘာန်"

ကျွန်တော့်အတွက်တော့ တော် လှန်ရေးအောင်မြင်တာ၊ မအောင်မြင် တာက သာမညကိစ္စပဲ၊ အဓိကကိစ္စက ကျွန်တော့်စိတ်အာသာပြေအောင် လူ များများသတ်ရဖို့ပဲ၊ ကျွန်တော်က လူ သတ်ဖို့လူဖြစ်လာတဲ့ကောင်၊ ကျွန်တော့် အဖေဟာ စားပြသတ်လို့သေခဲ့ရတယ်၊ အဖေ့ရဲ့အဖေ၊ ကျွန်တော့်အဘိုးဟာ ဆရာစံရဲ့ ဂဠုန်သူပုန်ထရာမှာပါခဲ့လို့ အင်္ဂလိပ်စစ်တပ်က သတ်ပစ်တာ ခံခဲ့ရ တယ်၊ ကျွန်တော့်အလှည့်မှာတော့ အသတ်မခံနိုင်တော့ဘူး၊ ကျွန်တော်က ပဲ သူများတကာတွေကို သွေးအေးအေး နဲ့ သတ်တော့မယ်၊ ကျွန်တော် အသတ် ခံရမယ့်အလှည့် ရောက်လာဦးမှာပဲ၊ ကိစ္စမရှိဘူး၊ ကျွန်တော်က (၈)ယောက် တောင်သတ်ပြီးခဲ့ပြီ၊ ကျွန်တော်အသတ် ခံရတာတောင် ကျွန်တော်က (၇) ယောက်ပြတ်နေဦးမှာ၊ ဟုတ်တယ် နော်၊

နောက်သုံးရက်ကြာတော့ ကျွန် တော်စောင့်နေတဲ့ညကိုရောက်လာခဲ့ပြီ၊ နွေနှောင်းကာလ၊ လမိုက်ရက်တစ်ည ပေါ့၊ သံချောင်းရွာထဲဝင်လာတာနဲ့ကင်း ပုန်းဝပ်နေတဲ့ရဲဘော်တစ်ယောက်က ခေါင်းဆောင်ကို လာပြောတယ်၊ ခေါင်း ဆောင်က ရဲဘော်မှတ်ဆိတ်မဟုတ် တော့ဘူး၊ ရဲဘော်မှတ်ဆိတ်ကိုအထက်က တာဝန်ပေးလို့ ပင်လယ်ပိုင်း၊ ဖျာပုံဘက်ကို ဆင်းသွားရတယ်၊ ရဲဘော်မှတ်ဆိတ်နေရာကို မအူပင်ဘက်က ရောက်လာတဲ့ ရဲဘော်မိုးကြိုးက တာဝန်ယူတယ်၊ ရဲဘော်မိုးကြိုးဆိုတဲ့ပုဂ္ဂိုလ်က အသက်(၆၀)လောက်ရှိပြီး အသားဖြူဖြူ ဝလကောင်းကောင်းနဲ့ ဉပမိရုပ်ကောင်းတယ်၊ စကားလည်းနည်းတယ်။ ဒီလိုလူမျိုးက ရုပ်ရည်ကြမ်းတဲ့ ရဲဘော်မှတ်ဆိတ်လိုလူမျိုးထက် ရက်စက်စရာရှိရင် ပိုရက်စက်မယ်ဆိုတာ ကျွန်တော် ရိပ်မိတယ်၊

★ ★

ကျွန်တော့်မှာ အထူးအရေးကြီးတဲ့ တာဝန်ရှိတယ်ဆိုတာ ရဲဘော်မှတ်ဆိတ်က ရဲဘော်မိုးကြိုးကို မှာထားခဲ့တယ်၊ ရဲဘော်မှတ်ဆိတ်ကိုယ်စား ရဲဘော် မိုးကြိုးက ကျွန်တော့်ကို စီမံကိုင်တွယ်ရမှာပေါ့၊ ဘယ်သူကပဲ စီမံပါစေ၊ ကျွန်



ငါတို့တပ်ထဲမှာ ရဲဘော်ဂုမ္ဘာန်ဟာ ကျည်ဆံနဲ့အဝေးဆုံးပဲ။ ဒါပေမဲ့-ရန်သူကို အသတ်နိုင်ဆုံးကွလို့ ရဲဘော်မှတ်ဆိတ် တစ်ခါက ပြောဖူးတယ်။ ဒါ ကျွန်တော့်ကို ချီးကျူးတဲ့စကားပါ။ ဒီစကားမျိုးကြားရတာ သိပ်ပြီးအရသာရှိလှတယ်။ မကြာခင် ရဲဘော်မှတ်ဆိတ်ကိုယ်စား ရဲဘော်မိုးကြိုးက ကျွန်တော့်ကို ချီးကျူးဂုဏ်ပြုစကား ပြောဦးမလားမသိဘူး။ ဒါတွေက အရေးမပါလှပါဘူးလေ။

www.burmeseclassic.com

တော်ကတော့ ကိုယ့်အလုပ်ကိုယ် အောင်မြင်အောင် လုပ်ရမှာပဲ။ ကျွန်တော့်တစ်ကိုယ်လုံးမှာ လူသတ်ချင်တဲ့ စိတ်ဆန္ဒတွေက ပျံ့နှံ့ဖုံးလွှမ်းနေကြပြီ။

ည(၈)နာရီလောက်မှာ ကျွန်တော့် ရိုင်ဖယ်သေနတ်ကိုကိုင်ပြီး ရှာပြင် ထွက်လာခဲ့တယ်။ ရိုင်ဖယ်ကျည်အိမ်ထဲမှာ ကျည်ဆန်(၅)တောင့်ပါတယ်။ အဲဒီ(၅) တောင့်ထဲက တစ်တောင့်ပဲ သုံးရမှာပါ။ လူတစ်ယောက်ကို ရိုင်ဖယ်နဲ့ပစ်သတ်ဖို့ ကျွန်တော် ဘယ်တော့မှ ကျည်ဆန်(၂) တောင့် မသုံးဘူး၊ နှစ်ချက်မပစ်ဘူး။

"ငါတို့တပ်ထဲမှာ ရဲဘော်ဂုဏ်နှာန်ဟာ ကျည်ဆန် အခြေ့တာဆုံးပဲ၊ ဒါပေမဲ့ ရန်သူကိုအသတ်နိုင်ဆုံးကွ" လို့ ရဲဘော်မှတ်ဆိတ် တစ်ခါက ပြောဖူးတယ်၊ ဒါ ကျွန်တော့်ကို ချီးကျူးတဲ့ စကားပါ၊ ဒီစကားမျိုးကြားရတာ သိပ်ပြီးအရသာ ရှိလှတယ်။ မကြာခင် ရဲဘော်မှတ်ဆိတ် ကိုယ်စားရဲဘော်မိုးကြိုးက ကျွန်တော့်ကို ချီးကျူးဂုဏ်ပြုစကားပြောဦးမလားမသိ ဘူး၊ ဒါတွေက အရေးမပါလှပါဘူးလေ၊ အရေးအကြီးဆုံးက ဒီညကုန်ဆုံးတဲ့ အချိန်မှာ သစ္စာဖောက်သံချောင်းဆိုတဲ့ အကောင်ကျွန်တော့်လက်ချက်နဲ့ လယ်ကွင်းထဲမှာ အသက်ပျောက်နေဖို့ပဲ။

အစီအစဉ်အတိုင်း နှင်းရွှဲစိုစွတ်နေတဲ့ မြရာချုံတန်းမှာ ကျွန်တော် နေရာယူလိုက်တယ်။ သေနတ်ကို အသင့်မောင်း တင်ထားတယ်။ ဒီသေနတ်က စိတ်မချရမရှိဘူး။ ကျွန်တော်တို့ရဲ့တပ်ဖွဲ့ထဲက ရိုင်ဖယ်တွေထဲမှာ အကောင်းဆုံး သေနတ်ပဲ၊ ကျည်ဆန်တွေကိုလည်း အသေအချာ စစ်ဆေးပြီးမှ ကျည်အိတ်ထဲ ထည့်ခဲ့တာ၊ ကျည်အ,နဲ့တူတာ တစ်တောင့်မှမပါဘူး။

"သံချောင်းရေ - မသေခင်ရိုက်ွာယူ ဆိုတဲ့စကားကိုဒီတစ်ညတော့ မင်းမိန်းမနဲ့ အလုပ်လုပ်ပြီး နှစ်ပါးသွားဦးပေါ့ကွာ" လို့ ကျွန်တော် ပြောင်လှောင်စိတ်နဲ့ ရင်ထဲမှာ ကျိတ်ပြီးပြောနေမိတယ်။ တကယ်တော့ - သံချောင်းကို နာမည် သာကြားဖူးပြီး လူကိုတစ်ခါမှ ကျွန်တော် မမြင်ဖူးပါဘူး။ ကိုယ်မမြင်ဘူး၊ မသိဘူး၊ ရန်ငြိုးရန်စမရှိတဲ့ လူတစ်ယောက်ကို ချောင်းသတ်ရတာဟာ စိတ်စနောင့် ...င်းဖြစ်စရာ တစ်ချက်ကလေးမှ မရှိပါ ...ဘူး၊ ဒါက တာဝန်၊ တော်လှန်ရေးရဲ့ ...တာဝန်။ပြီးတော့ - ကျွန်တော့်ကိုယ်ကျွန် ...တော်စိတ်အာဟာရဖြည့်တင်းပေးတာ။

* * *

လင်းကြက်တွန်သံတွေနဲ့အတူ ...ကျွန်တော့်မြင်ကွင်းထဲကို မှုန်ရီရီမြူတွေ ...ကြားမှာ လူရိပ်တစ်ခု ဝင်လာနေပါပြီ။ ...ဘော်မှတ်ဆိတ်ပြောပြခဲ့သလိုဒီအချိန် ...နေရာမှာ ခပ်သုတ်သုတ်လျှောက်လာ ...နေသူဟာ သစ္စာဖောက်သံချောင်းက ...လွဲလို့ ဘယ်သူမှ မဖြစ်နိုင်ပါဘူး၊ သူက ...ကျွန်တော်နဲ့ ကိုက်တစ်ရာလောက်တော့ ...ဝေးသေးတယ်။ဖြည်းဖြည်းချင်းနီးတော့ ...လာပြီ၊ ကျွန်တော်က ဝမ်းလျားမှောက် ...ထားတဲ့ ရိုင်ဖယ်ပြောင်းထိပ်ကိုသံချောင်း ...လျှောက်လာရာအတိုင်း စိမ်ပြေနပြေလိုက် ...ချိန်နေတယ်၊ လက်ညှိုးက ပစ်လေတော် ...မောင်းမှာ ထိတယ်ဆိုရုံကလေးပဲ ထိထား ...တယ်။ လက်ညှိုးကို ကွေးလိုက်ရင်တော့ ...ဆုံးပြီ။

"မင်း နောက်စေ့ကို ထိလိုက်တာ ဟာ ငါ့ခြောက်လုံးပြူးပြောင်းဝပဲ ဂုဏ်နှာန်၊ မင်းလက်ထဲက ရိုင်ဖယ်ကို အသာ ကလေး ဘေးကို ချထားလိုက်"

ရဲဘော်မိုးကြိုးရဲ့အသံက တိုးတိုး ကလေးပေမယ့် ကျွန်တော့်နားထဲမှာ တော့ မိုးခြိမ်းလိုက်သလိုပဲ။

"သံချောင်းကို ဘေးမသီ ရန်မခ‌ဘဲ သွားခွင့်ပေးလိုက်။ ဒါ - ငါ့အမိန့်ပဲ ဂုဏ်နှာန်" လို့ ရဲဘော်မိုးကြိုးက အေးစက်စက် အက်ကွဲကွဲအသံနဲ့ ထပ်အမိန့်ပေးတယ်။

ကျွန်တော်လည်း စိတ်ခွန်အား ရှိသမျှ လျှော့ချလိုက်ပြီး လက်ထဲက ရိုင်ဖယ်ကို မြေပြင်ပေါ် အသာချထား လိုက်တယ်။ သံချောင်းဟာ မြူထဲမှာ သုတ်သီးသုတ်ပျာနဲ့ အပြေးတစ်ပိုင်း လျှောက်သွားနေတယ်။ ကျွန်တော့် နောက်စေ့ကိုဖိထားတဲ့သေနတ်ပြောင်း က နေရာမရွှေ့သေးဘူး။

"သံချောင်းမိန်းမ အေးရီဟာ ငါ့သမီးပဲ၊ ဒါပေမဲ့ - ငါနဲ့ သူ့အမေပဲသိတဲ့ တရားမဝင်သမီး၊ ကိုယ်ဝန်ရှိမှာ ငါ လက်နက်ကိုင်အဖွဲ့ထဲ ရောက်သွားလို့

www.burmeseclassic.com

အေးရှိအမေက လင်ကောင်ဖော်လို့ရအောင်ခပ်နုံနုံခပ်အအ တော့တစ်ကောင်ကို ယူလိုက်တာ။ တော့လည်း အေးရှိကလေးဘဝမှာ ပိုးထိပြီးဆုံးရှာတယ်။ ငါ့ကိုလည်း တိုက်ပွဲကျခဲ့ပြီလို့ တစ်လောကလုံးက မှတ်ထားကြတာပေါ့

ကွာ၊ ငါ့သမီးကလေးကိုတော့ မုဆိုးမအဖြစ်မခံနိုင်ဘူး။ မင်းနားလည်လောက်ပါရဲ့ကွာ"

"ဟုတ်ကဲ့-ကျွန်တော်နားလည်နိုင်ပါတယ်"

>> ကြူးနှစ်

## ရာသီပြောင်းကာလ ကလေးများ သက်စောင့်ဆေးများ

**ကျောပူခေါင်းပူ** - ကြိတ်မှန်ရွက်၊ ချွေးသေးပန်းတွင် ရှိန်းမိုအနည်းငယ်ထည့်ပြီး အရည်ကို ငယ်ထိပ်မှနေ၍ ပါးပါးလိမ်းပါ။

**ကြက်ညှာချောင်းဆိုး** - ဟင်းနုနွယ်နှင့် ထန်းနို့ပြာ၊ ထန်းလျက်နှင့်ကြိတ်၍ ဆီးစေ့စန့် ကျွေးပါ။

ကြက်သွန်ဖြူကို ထုထောင်းကာ နမ်းဆီနှင့်နယ်ပြီး ရင်ဘတ်နှင့် ကျောကို လိမ်းကျံပေးပါ။ ခြေဖဝါးကို အဖတ်များနှင့် ပတ်တီးစည်းပါ။ မိုးလင်းမှ ခွာပါ။

ကြက်သွန်ဖြူကို အရည်ညှစ်၊ အနည်းငယ် သကြားရောပြီး လက်ဖက်ရည်ဇွန်း တစ်ဇွန်းနှင့် တိုက်ပေးပါ။

ချောင်းဆိုး(လိမ်းဆေး) မြင်းခွာရွက်မှုန့်ကို မီးနှင့်ခွေး၍ နမ်းဆီနှင့် ရင်ဘတ်ပေါ်လိမ်းပါ။



# ကုတ္တိယမုဆိုး

www.burmeseclassic.com

www.burmeseclassic.com

တောလိုက်မုဆိုး
အလုပ်မှာ ကြမ်းတမ်းလှရကား
ယောကျ်ားများနှင့်သာ
ပတ်သက်သည်ဟု ထင်မြင်
ယူဆထားတတ်သော်လည်း ..

**သူ့အသက်ကို** သတ်၊ သူ
အစွယ်ကိုဖြတ်ရန် သောနတ္တရမုဆိုး
စေလွှတ်လိုက်သောအရင်ဘဝကကြ
သူ့သက်ထား၊ မြောက်နန်းမိဖုရား၊ ဆု
သုဘဒ္ဒါအား ဘုရားအလောင်း ဆန္
ဆင်မင်းက "မုဆိုးတစ်ပိုင်း၊ မိန်းမရှိင်"
ဟု ကရုဏာဒေါသောနဲ့ ခိုင်းနှိုင်းပြေ
ကြားပုံကို ဖတ်ခဲ့ရဖူးသည်။

အနောက်နိုင်ငံရုပ်ရှင်ကားတချို့
ဘာသာပြန်စာအုပ်တချို့တွင်လည်
ယောကျ်ားများနှင့် တန်းတူလိုက်
တောပစ်ကြသောမိန်းမများအကြော
ကို ကြည့်ဖူး၊ ဖတ်ဖူးခဲ့သည်။ စိတ်တွ
မည်သို့မျှ ထူးခြားဆန်းပြားလှသည်
မထင်။

သို့သော် ယခုမူ ကျွန်တော်
အပေါင်းအသင်းရောင်းရင်းဆည်တော
ကြီးမုဆိုးကိုအောင်သန်း၏ "မိန်းမမု
တွေကြီးစိုးနေပြီ - ဆရာမင်းရေ့ကျုပ်
ခင်ဗျားတို့ ယောကျ်ားမုဆိုးတွေ တေ
လိုက်တဲ့မုဆိုးအလုပ်ကိုစွန့်လွှတ်ရတေ
မလိုဖြစ်နေပြီ။ ကျုပ်တော့ - ဒါကြော
တောမုဆိုးအဖြစ်ကို အရေရှာပြီး
မုဆိုးအလုပ်ကိုပဲ လုပ်နေတော့ထ
လေ" ဟူသောစကားကို မယုံ။

"မဟုတ်သေးပါဘူး - ကိုအောင်သန်းရာ။ မိန်းမမုဆိုး
ဘာ ကျုပ်တို့ မြန်မာနိုင်ငံမှာရှိဖို့ မလွယ်ပါဘူး။
ဘက်ကြမ်းတမ်း ပင်ပန်းဆင်းရဲတဲ့ကိစ္စကို ခင်ဗျားတို့
ဝါသနာကြောင့် လုပ်နိုင်တာမို့လား။ ယောကျ်ားတိုင်း
ဘင် ဝါသနာမပါရင် မလုပ်နိုင်တဲ့အလုပ်ကို အားနွဲ့တဲ့၊
အားငယ်တဲ့၊ အကြောက်တရားကြီးမားတဲ့ နုနုရွရွ၊
သားတွေလုပ်တယ်ဆိုတော့ ပုံပြင်ဆန်မနေဘူးလား။
- နိုင်ငံခြားတွေမှာတော့ မိန်းမတွေဟာ ခေတ်နဲ့ ရင်
တန်းလိုက်နေတော့ အနည်းအကျဉ်းရှိမလား မပြော
ဘူး။ ကျုပ်တို့နိုင်ငံမှာတော့ ယဉ်ကျေးမှုစရိုက်ထုံးစံ၊
ဘာတရားနဲ့ကလည်းဆန့်ကျင်၊ မကောင်းမှုအကုသိုလ်
ပ်လို့လည်း သတ်မှတ်ထားတဲ့ သူ့အသက်သတ်တဲ့
လုပ်ကို မိန်းမသားတွေလုပ်တယ်ဆိုတာ ကျုပ်အဖို့
ခင်ဗျားပြောလို့သာ ကြားရတာပါ။ ယုံကို မယုံဘူးဗျာ"

"အင်းပါလေ - လူဆိုတဲ့သဘောကလည်း ပြောမယုံ
မှသိဆိုသလို ကိုယ်တွေ့ ကြုံမှ ယုံတတ်ကြတာက
ဆရာမင်းလည်း အခု ကျုပ်စကားကို မယုံပေမဲ့ လက်
ကြုံတော့ ယုံသွားမှာပါဗျာ။

ဲပါလေ - ဒါတွေ ခဏထားလိုက်ပါ၊ အခု ကျုပ်တဲကို
လာတုန်း အေးအေးဆေးဆေးနားပါဦး။ တောမုဆိုး
ရှာထားလို့ ချေသား၊ ဆတ်သား မကျွေးနိုင်ပေမဲ့
လုပ်လို့ ရထားတဲ့ ကျုပ်လက်ရာ ဒီငါးကြော်၊ ပုစွန်
ကြော်နဲ့ ကောက်ညှင်းပေါင်းလေးတော့ အားရပါးရ
ကြစမ်းပါဦးဗျာ"

ကိုအောင်သန်းက သူ့မိန်းမ၊ လတ်လတ်ဆတ်ဆတ်
နေသော ငါးကြော်၊ ပုစွန်ကြော်များနှင့် ကောက်ညှင်း

www.burmeseclassic.com

www.burmeseclassic.com

ပေါင်းပန်းကန်ကို ချရင်း ညည်ဝတ်ပြု
လိုက်သည်။

"မစားမှာတော့ မပူနဲ့။ ဒီလိုလတ်
လတ်ဆတ်ဆတ် ဆည်တော်ကြီးငါး၊
ပုစွန်မစားရတာအတော်ကြာသွားပြီဗျ။
နောက်ပြီး ကျုပ်အဖွဲ့တွေကလည်း အား
နာတတ်တဲ့ သူတွေမဟုတ်တဲ့ အပြင်
ကောက်ညှင်းကြိုက်တဲ့ လူတွေ
ကိုအောင်သန်းရ"

"ဒါဖြင့် - အတော်ပေါ့။ ဒါနလေး
မြောက်သွားအောင် စားလိုက်ကြစမ်း
ပါဦး"

"ကိုင်း - ဗိုလ်လူတို့ - အစွမ်းပြလိုက်
ကြဦးစို့"

၁၉၈၆ - ခုနှစ်ရဲ့ နွေဦးသမယ၊
တပေါင်းလထဲကဖြစ်သည်။ ပျဉ်းမနားမှ
သူငယ်ချင်းမုဆိုးဖြစ်သူ "ကိုတူး" ၏
တောင်းဆိုစကား "သားကောင်ကြီးကြီး
နှင့် နီးနီးပစ်ရမယ့်နေရာ လိုက်ပို့စမ်းပါ
ဗျာ" ဟူသော တောင်းပန်ချက်ကြောင့်
ဒီနေရာ၊ ဒီဌာနသို့ ရွေး၍ လာခဲ့ရခြင်းဖြစ်
သည်။

နေရာက "ဝွေးချောင်း" နှင့် "ပွဲကုန်း"
ကြားမှ "ချောင်းတာရှည်" မုဆိုး
ကိုအောင်သန်း၏တဲစခန်း။

ကိုအောင်သန်းမှာ ဆည်တော်ကြီး
ဝွေးချောင်း၊ သစ်ထုတ်ရေးခေတ်ကောင်း
စဉ်က "ဝွေးချောင်း"၊ "ပွဲကုန်း"၊ "နံ့အလ်"
တစ်ကြောတွင်ကျင်လည်နေသောကျွ
တော့်လက်စွဲတော်မုဆိုး၊ အခုတော့
မုဆိုးအရေခွာပြီး တံငါလုပ်ငန်းနှင့်ထ
လုပ်ငန်းသာ လုပ်နေသည်ဟုဆိုသည်။

ဆည်တော်ကြီး "ဝွေးချောင်း"
"ပွဲကုန်း"၊ "နံ့အလ်" ဆိုလျှင် တစ်ချိန်
မုဆိုးမှန်သမျှမသိဘူး၊ မရောက်
ဘူးသူမရှိ၊ မရောက်ဘူးဟုဆိုပါက ထိုသူ
အဖို့ မုဆိုးမမည်၊ တစ်ခေတ်နောက်
သည်ဟု ဆိုရပေမည်။

ဆည်တော်ကြီး၊ ဝွေးချောင်း၊ ပွဲကုန်း
နံ့အလ်စခန်းများမှာ ယခုတာတမံ
လှောင်ကန်၊ စီမံကိန်းမလုပ်ခင်က သ
ထုတ်လုပ်ရေး အကြီးအကျယ်လုပ်
သော ပင်မအထိုင်ချနေရာများပင် ဖြ
လေသည်။ အစိုးရသစ်ထုတ်လုပ်ရေ
လုပ်ငန်းအကြီး အကျယ်လုပ်သော
ရာဖြစ်သဖြင့်လည်းလမ်းပန်းဆက်သွ
ရေးက အဆင်ပြေလှသည်။

မန္တလေးမှ ဆည်တော်ကြီးအထိ
ကတ္တရာလမ်းမကြီးဖြစ်ပြီး မိုင်အနေနှင့်
(၄၆)မိုင်မျှသာ ဝေးကွာသည်။ ဆည်
တော်ကြီးအခြေမှ ဝွေးချောင်း၊ ပွဲကုန်း၊
နံ့အလ်အစရှိသော သစ်ထုတ်လုပ်ရေး
အခြေချစခန်းမှာသို့ တောလမ်းမြေလမ်း
ဖြင့် (၁၆)မိုင်၊ မိုင်(၂၀)မျှသာ ဝေးသော်
လည်း စိမ့်ကြီး၊ မြိုင်ကြီး၊ ရိပ်ကြီးတော
တောင်၊ လျှိုမြောင်၊ ချောက်ကမ်းပါးနှင့်
ချောင်းရိုး၊ မြောင်းရိုး၊ မြစ်ကလေးရိုးတို့က
အသွယ်သွယ် စီးဆင်းဖြတ်သန်းနေကြ
သဖြင့် ဆင်၊ ပြောင်၊ နွားနောက်၊ ဆတ်၊
တ်၊ ကျားလို အမဲကြီးသတ္တဝါများ ပေါ
ါးကျက်စားရာ သားရဲကမ္ဘာလေး
တစ်ခုပမာ ဖြစ်နေပါတော့သည်။

တောတွင်းကုန်းသတ္တဝါအမဲ
ကောင်များသာ ပေါများပျော်ပါးကြသည်
တော့၊ ချောင်းရိုး၊ မြောင်းရိုး၊ မိုးကုတ်
က်မှ စီးဆင်းလာသော မြစ်ကလေးရိုး
တစ်လျှောက်တွင်လည်း ရေသတ္တဝါ၊
ားကြီး၊ ငါးကြီးများက မြင်မကောင်း
ောက်အောင်ပင်ပေါများလှပေသည်။
အထူးသဖြင့် "နတ်မြစ်" လို မြစ်ဆုံဝဲနေ
များတွင် မိုင်းခွဲပါက ငါးကြီး၊ ငါးကောင်
း အရိုက်ရာနှင့်ချီ၍ ရကြလေသည်။

ငါးသေးငါးမွှားများမှာမူ ကောက်ယူမနိုင်
မြစ်အတွင်း လဲမှိုများ ဖြန့်ခင်းထားသလို
ပင်။

ထိုအချိန်က ကျွန်တော်အပါအဝင်
မန္တလေးမုဆိုးအဖွဲ့တိုင်း ဆည်တော်ကြီး
ဝွေးချောင်း၊ ပွဲကုန်း၊ နံ့အဲလ်သို့ ကိုယ်ပိုင်
ဂျစ်ကားလေးများနှင့်တစ်မျိုး၊ သစ်ထုတ်
လုပ်ရေးဟီးနိုးကားစီးကြီးများနှင့်တစ်
ဖုံ၊ ဆင်နဲ့တစ်ခါ၊ ခြေကျင်တစ်လှည့်
အလျဉ်းသင့်သလို လည်တတ်ကြရာ
လည်တဲ့အဖွဲ့တိုင်းပင် ချေ၊ ဆတ်၊ ဝက်၊
ကျား၊ ကျားသစ်၊ ပြောင်၊ နွားနောက်
တကောင်ကောင်တော့ ရတတ်ကြစမြဲ။
အထူးသဖြင့်ကားနှင့်လည်ကြသူများမှာ
ချေနှင့် ဆတ်အများဆုံး ရတတ်ကြ
သည်။

ဆင်နှင့် လည်ကြသောအဖွဲ့တို့မှာ
ဆတ်၊ ပြောင်၊ နွားနောက်များအထိ ရကြ
သည်။ ဆင်နှင့် တောလည်ရခြင်းမှာ
အကြိုအကြား၊ တောင်ကုန်း၊ လျှိုမြောင်
မကျန် ဝင်နိုင်၊ ထွက်နိုင်၊ တက်နိုင်၊ ဆင်း
နိုင်သည့်အပြင် တိရစ္ဆာန်ရှင်းမှို့ အကပ်
လည်း ခံသည်။ အပေါ်စီးမှ အနီးကပ်
လည်း ပစ်ရသဖြင့် အခွင့်အရေးသာလှ
သည်။ သို့သော် ဆင်၏အထာ၊ ဆင်၏





www.burmeseclassic.com

www.burmeseclassic.com



အရင်အခြေအနေမျိုးဆိုရင်တော့
ဘာပြောစရာလိုလဲ–ဆရာမင်းရာ။
အခုတော့–ချောင်းရိုးရှိသလောက်
မြစ်ကလေးရိုးတစ်လျှောက် ရွှေကျင်၊
မျောတိုက်လုပ်သူတွေက နေရာတကာ
အနှံ့ ဒုန်ဒေး၊ အားတဲ့နားတဲ့ရက်တော့
တူမီးတွေနဲ့ တောထွက်၊ ကြက်ငှက်
မရှောင် ပစ်ကြတော့ မဲနယ်ကျစ်၊
မအူကျစ်၊ လမ်းလယ်ကျစ်၊ ဒန်တင်
ချောင်း၊ စပါးကြီးချောင်း၊ ချောင်းငယ်၊
သဲပြင်သာချောင်း၊ ကျွန်းတောပြန့်
အစရှိတဲ့ အမဲပျော်တဲ့နေရာ။

ကိုယ်ခန္ဓာ၊ အသားလှုပ်ရှားပုံကို သတိမထားသောမုဆိုးများ အဖို့အနီးကပ်ပင်ပစ်ရသော်လည်း တလွဲတချော်ဖြစ်ကုန်သဖြင့် နာမည်ပျက် သိက္ခာကျရသည်များကလည်း ရှိပေသည်။

မည်သို့ပင်ဆိုစေ၊ မန္တလေးက နီးနီးနားနားနှင့် ကြီးကြီးမားမား အမဲကြီးများပစ်ရသောတောမှာ ဓွေးချောင်း၊ ပွဲကုန်း၊ နှံးအလ် အစရှိသည့် ဆည်တော်ကြီးတောသာ ဖြစ်တော့သည်။

ဆည်တော်မှစ၍ ဓွေးချောင်းအထိ ရေဝပ်ဧရိယာပြုလုပ်လိုက်သောအခါလှေ၊ သမ္ဗန်မှတစ်ပါးအခြား ယာဉ်နှင့် ခရီးသွားရန် မဖြစ်တော့သဖြင့် ဒီလမ်း ဒီစခန်းများကို မန္တလေးက မုဆိုးများ မသွားမရောက်ကြသည်မှာ ရေလှောင်တာတာမံစီမံကိန်းပြီးကတည်းကပင်ဖြစ်ချေသည်။

ဒါကြောင့်လည်း မုဆိုးအရောက်အပေါက်နည်းသွားသော ဒီတောဒီတောင်ထွင်သာ သားကောင်များမှာ ပေါချင်တိုင်း ပေါနေလိမ့်မည်ဟု ထင်အတွေးနဲ့ ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။

သို့သော် ကိုအောင်သန်းစကားက အတွေးအထင်ကို ဆန့်ကျင်နေသည်။ သူတောင် မုဆိုးအရေရွှာပြီး တံငါလုပ်နေသည်ဟုဆိုသည်။ နောက်ပြီး "မိန်းမ မုဆိုးတွေကြီးစိုးနေသည်ဟုလည်းပြောပြန်သည်။ ဒီစကားကိုတော့ ကျွန်တော်တမယုံ၊ သူ ရေမုဆိုးလုပ်နေသဖြင့်ကုန်းမုဆိုးအလုပ်နှင့် မအပ်စပ်။ မလုပ်ချင်၍ သက်သက်လန်ကြုတ်လုပ် ပြောနေသည်ဟုပင် ထင်သည်။ ဒါကြောင့်လည်း -

"ဒီမှာ ကိုအောင်သန်း - ခင်ဗျား ရေမုဆိုးတံငါလုပ်နေလို့ကုန်းမုဆိုးလုပ်ရမှာမအပ်စပ်ဘူးထင်လို့ တမင်လုပ်ကြံ ရှောင်လွှဲပြောနေတာမို့လား၊ ခင်ဗျားဆီ အားကိုးတကြီးလာခဲ့တာ၊ ခင်ဗျားရှောင်ဖယ် ရှောင်ဖယ်တော့လုပ်မယ်မကြံနဲ့၊ မရဘူးနော် - သိလား"

ကျွန်တော်က ကောက်ညှင်းပေါင်းနှင့် ပုစွန်ဆိတ်ကြော်ကို အားရပါးရစားရင်း ရင်းနှီးသူပီပီ ပိုင်ပိုင်ကြီးပြောလိုက်ခြင်းဖြစ်ပါသည်။

"ဆရာမင်းထင်သလို မလိုက်ချင်လို့ ရှောင်ဖယ်ရှောင်ဖယ်လုပ်တာမဟုတ်ရပါဘူးဗျာ။ ဒီကအခြေအနေ အဖြစ်အပျက်ကိုသာ ပြောပြတာပါ၊ ကျုပ်ဆီ အားကိုးပြီး ရောက်လာမှတော့ ဘာပဲဖြစ်ဖြစ် ကျုပ်ဝတ္တရားတော့ မလစ်ဟင်းစေရပါဘူး။ ကျေပြွန်ပါစေ့မယ် စိတ်ချ"

"ဒီလိုလုပ်စမ်းပါ - ကိုအောင်သန်းရာ၊ ဒါမှ - ကျုပ်တို့ သေဖော်သေဖက် ရောင်းရင်းပေါင်း၊ မုဆိုးကောင်းတွေ ပီသတော့မပေါ့။ ကျုပ်က ဒီမရောက်တာကြာပြီဆိုတော့ ခင်ဗျားကို အားကိုးတကြီးနဲ့ ဒီကအပေါင်းအသင်း "ကိုတုး" နဲ့ "ကျော်မိုး" ကိုဆတ်၊ ပြောင်၊ နွားနောက် တကောင်ကောင် သေချာပေါက်ပစ်ရပါစေမယ်လို့ အာမခံရဲရဲနဲ့ ခေါ်လာခဲ့တာဗျ"

"အရင်အခြေအနေမျိုးဆိုရင်တော့ ဘာပြောစရာလိုလဲ - ဆရာမင်းရာ၊ အခုတော့ - ချောင်းရိုးရှိသလောက် မြစ်ကလေးရိုးတစ်လျှောက် ရွှေကျင်၊ မျောတိုက်လုပ်သူတွေက နေရာတကာအနှံ့ ဒုန်ဒေး၊ အားတဲ့နားတဲ့ရက်တော့ တူမီးတွေနဲ့တောထွက်ကြက်ငှက်မရှောင်ပစ်ကြတော့ မဲနယ်ကျစ်၊ မအူကျစ်၊ လမ်းလယ်ကျစ်၊ ဒန်တင်ချောင်း၊ စပါးကြီးချောင်း၊ ချောင်းငယ်၊ သဲပြင်သာချောင်း၊ ကျွန်းတောပြန့် အစရှိတဲ့ အမဲပျော်တဲ့





www.burmeseclassic.com

www.burmeseclassic.com

နေရာ၊ ကြက်စားတဲ့နေရာတိုင်းမှာတူမိးသံတဒိုင်းဒိုင်းက ကြားနေရတာဗျ။ အဆိုးဆုံးကတော့ကျုပ်ပြောခဲ့တဲ့ မိန်းမမှုဆိုးတွေပဲ သူတို့က အောက်ခြေသိမ်းကြက်ငှက်ကစပြီး ချေ၊ ဝက်၊ ဆတ်ထိရအောင်ပစ်နိုင်ကြတယ်။ အင်းပါလေ၊ သူ တို့ အရောက် အပေါက် နည်းတဲ့ "ညောင်အိုင်ကွင်း" လောက်ထိ သွားလည်နိုင်ရင်တော့ဆရာမင်းတို့မှန်းထားတဲ့ နွားနောက်၊ ပြောင်လောက်တော့ပစ်ရကောင်းပါသေးရဲ့"

"ကဲပါ - အဲဒီတော့ - ဘယ်လိုအစီအစဉ်လုပ်ချင်လဲပြော၊ ရောက်လာမှတော့ ပြောင်၊ နွားနောက် မပစ်ရတောင် ဆတ်လောက်တော့ ပစ်ကို ပစ်ရမှဖြစ်မှာ"

"ဒီလိုလုပ်ရအောင် - ကျုပ်စခန်းက ညောင်အိုင်အထိ သွားလည်ဖို့ဆိုတာက ခရီးကွာလွန်းလှတယ်။ ပွဲကုန်း၊ နံ့အလ်လောက်မှာ စခန်းချမယ်။ အဲဒီမှာလည်း ဆင်ကျောင်းနေတဲ့ "မြမောင်" ဆင်ဝိုင်းရှိတယ်ကြားတယ်။ မြမောင်ကိုဆရာမင်းသိတယ်မို့လား"

"အရင်တူမိးကြီးတကားကားနဲ့ ဆင်ဦးစီးမြမောင်အပုလေးလား။ သူ့ဆိုရင်တော့သိပြီလား။ တို့ - သူ့ဆင်နဲ့ လည်နေကျပဲ"

"ဟုတ်တယ် - ဟုတ်တယ် - အဲဒီ မြမောင်အပုလေးပဲ၊ ဒါပေမဲ့ - အခုသူက ဆင်ခေါင်းဖြစ်နေပြီလေ"

"ဟ - ဆင်ခေါင်းဖြစ်သွားတော့ ပိုကောင်းတာပေါ့၊ သူ့ဆိုရင် ငါ ပိုင်ပါတယ်၊ ရင်းနှီးပြီးသားပဲ၊ မုဆိုးဝါသနာလည်းပါတော့ အကူအညီတောင်းရင်သေချာပေါက် ရပါတယ်"

ဆင်ရနိုင်သည်ဆို၍ ဆင်နဲ့လည်ချင်သော "ကိုတူး" နှင့် "ကျော်မိုး" တို့ အပျော်ကြီး ပျော်သွားကြသည်။

"အစ်ကို - ဆင်ရအောင်တော့ပြောဗျာ၊ သူတို့ကြိုက်တဲ့ဆေး(ဘိန်း) ကျွန်တော်တို့ ဝယ်ပေးလိုက်မယ်"

"အေးပါ - မြမောင်ဆင်ဝိုင်းရှိလို့ကတော့ ပိုင်ပါတယ်၊ ပြေလည်အောင် အစ်ကိုစည်းရုံးရင်ရပါတယ် - ပူမနေကြနဲ့"

ကျွန်တော့်စကားကြောင့် နှစ်ယောက်စလုံး အပြုံးပန်းကိုယ်စီ ပွင့်သွားကြတော့သည်။

မြမောင်၏ဆင်ဝိုင်းရှိရာ ပွဲကုန်း၊ ဆင်ကျောင်းစခန်းရှိရာသို့ကျွန်တော်တို့ အဖွဲ့ ခပ်စောစောပင် ထွက်ခဲ့ကြသည်။ ကိုအောင်သန်းနှင့် ကျော်မိုးက ရှေ့ဆုံးမှ



-ဒ် ရိုင်ဖယ်လွယ်လျက် နံနက်ခင်း -ကောင်ရှာရင်း သွားနေကြသလို -တဲ့မှ ကျွန်တော်နှင့် ကိုတူးတို့က -ပြုံးထမ်းလျက် ခပ်ရွှာရွှာလေး -ခဲ့ကြသည်၊ ကျွန်တော်တို့နောက် -ပ်လျက် ကို အောင် သန်း သား -ကျော်ဆွေဦးနှင့် တင်မောင်ဝင်းတို့က -ထရီအိုးများနှင့် အိပ်ရာလိပ်များကို -ထိုးလျက် လိုက်ပို့ကြသည်။

"တို့မင်း - ဟိုရောက်ရင်ဟင်းစားရ -င် လမ်းမှာတွေ့တဲ့ ကြက်ကလေး၊ -လေးတော့ ပစ်ဦးနော်"

-ဟင်းစားငတ်မှာစိုးသော ကိုတူးက -တော့်ကို သတိပေးနှိုးဆော်လိုက် -ဖြစ်သည်။

"စိတ်ချပါ - ကိုတူးရာ၊ ကြက်၊ ငှက် -စားပစ်ဖို့နစ်လုံးပြူးမှာ စရိတ်ခဲတွေ -ည်ထားပြီးသားပါ။ ကျုပ်တို့ကြက်ငှက် -ခင် ရှေ့ပြေးအဖွဲ့က ချေပစ်ချင်ပစ် -ဦ"

"ဟုတ်တယ် - လေးလေးမင်းရဲ့ -"အနံ့တင်" လမ်းခွဲ နားက ကျစ်မှာ -င်း ကျုပ်တို့ မနက်စောစော ထင်း -သွားရင် ချေတွေ ဝင်စားနေတာ။ -ကောတွေ့ကြရတယ်။ အခုလည်း -ဘူးလို့ မပြောနိုင်ဘူး"

ကျော်ဆွေဦးက ကျွန်တော့်စကားကို ဝင်ထောက်ခံပေးလိုက်သည်။

"ဟာ - အစ်ကိုဦးကလည်း သားကောင်တွေလည်း ဦးကျော်မိုး ပျာယာခတ်နေတာနဲ့ ပစ်ရမှာမဟုတ်ပါဘူးဗျာ၊ အမှန်ဆိုရင် လေးလေးမင်းနဲ့ အဖေက ရှေ့က သွားသင့်တာ"

ကျွန်တော်တို့တစ်တွေပြောဆိုလို့မှ စကားမဆုံးသော ရှေ့ပြေးအဖွဲ့ကို အောင်သန်းတို့ဆီမှ သေနတ်သံတစ်ချက် "ဒိုင်း" ခနဲ ကြားလိုက်ရသည်။

"ဟော - ပြောရင်းဆိုရင်း ပစ်သံတော့ ကြားရပြီ၊ ဒါ ကျစ်ဆီက ပစ်သံဗျ"

ကျော်ဆွေဦးက အားရဝမ်းသာနှင့် ပြောလိုက်သည်။

"အေး - သေနတ်သံကတော့တိုပြီး ပြတ်တယ်ကွ၊ သားကောင်ကိုမှန်တဲ့ အသံမျိုးပဲ"

"ကိုတူး" က သေနတ်သံနှင့်ပတ်သက်၍ သူ့အထင် ဝေဖန်ပြောဆိုလိုက်သည်။

"ဟာ - ကိုတူးကလည်းသေနတ်သံ ပြတ်ပြီးတိုတာက ကျစ်ကမ်းပါးမြေကြီး မှန်တာရော မဖြစ်နိုင်ဘူးလား"

တင်မောင်ဝင်းက ကိုတူးဆိုစကားကို စောဒကတက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း - အခြေအနေမှန်ကို သိရအောင် မြန်မြန်လေးသွားကြဖော့"

ကျွန်တော်က စကားဖြတ်၍ ရှေ့က သွက်သွက်လှမ်းလိုက်သဖြင့် ကျန်လူတွေလည်း နောက်မှ ထက်ကြပ်ပါလာသည်။ ကျစ်နေရာရောက်သောအခါ အံ့ဩဖွယ်ကောင်းသော သွားရသည်။

မြင်ရသည်က ကျစ်တွင်းမှ အချိန် (၂၅)လောက် ရှိမည့် ဆတ်ပေါက်ကလေးတစ်ကောင်ကို ကျော်မိုးနှင့် ကိုအောင်သန်းတို့နှစ်ယောက်လမ်းဆီသို့ ဆွဲထုတ်လာကြခြင်းဖြစ်သည်။

ကျွန်တော်တို့အနား ရောက်သွားသောအခါကျော်မိုးကသူဆတ်ပစ်ရပုံကို အာပေါင်အာရင်းသန်သန်နှင့် ပြောပြနေသည်။

"မြင်တယ်မို့လား - အစ်ကို၊ အစ်ကို့လူလက် တစ်ချက်ဆို တစ်ချက်၊ တစ်ကောင်ဆို တစ်ကောင်၊ ဒိုင်းဆို ဘိုင်းခနဲပဲ"

"အေး - အကောင်ရတော့ တော်သေးတာပေါ့ကွာ၊ နောက်က မင်းတူ တင်မောင်ဝင်းကသေနတ်သံကြားတာနဲ့ ကျစ်ကမ်းပါးမှန်တာပါလို့ ပြောနေတာ"

"ဟေ - ဟုတ်လား၊ တင်မောင်ဝင်း မင်းက ငါ့ကို အထင်သေးတယ်ပေါ့

ဟုတ်လား၊ အေး - ငါ့ကိုအထင်သေးတဲ့
အကောင်တော့ဒဏ်ခတ်ရမယ်၊ ငါရတဲ့
ဆတ် မင်းထမ်းပြီး စခန်းပြန် အခြော
လှန်းထားပေတော့"

ကျော်မိုးပြောတဲ့အတိုင်းပင် ကျော
ဆွေဦးနှင့် တင်မောင်ဝင်းတို့ညီအစ်ကို
နှစ်ယောက် ဆတ်ထမ်း၍ ပြန်သွားကြ
သဖြင့် သူတို့ထားခဲ့သော ဘက်ထရီအို
တွေနဲ့အိပ်ရာလိပ်၊ ကျောပိုးအိတ်တွေ
ကျွန်တော်တို့အားလုံး မျှဝေထမ်းကြပြီး
ရှေ့ခရီး ဆက်ခဲ့ကြရတော့သည်။

ဆတ်ပစ်ခဲ့ရသော ကျစ်နှင့်မိုင်ဝက်
ခန့် ဆက်လာလိုက်သောအခါ မျက်နှ
ချင်းဆိုင်မှ တူမီးထမ်း၍လာနေသော လူ
နှစ်ယောက်ကိုတွေ့၍ကြည့်လိုက်သော
အခါ အသိဆင်ဦးစီး ခင်မောင်ဆွေဖြ
နေသဖြင့် ကျွန်တော်က -

"ဟော့ - ခင်မောင်ဆွေမို့လား၊ ဧ
စောစီးစီး တူမီးကြီးထမ်းပြီး ဘယ်သွာ
ကြမလို့လဲ - ဟ"

"ဟာ - ဆရာမင်းတို့၊ ဦးအောင်
သန်းတို့ပါလား၊ တောပစ်လာကြတာ
လား၊ ကျုပ်တို့က ဆင်ကောက်ရင်
တောသွားမလို့ပါဗျာ၊ ဝက်ပစ်ချင်လို
ခဲ့ကြပါလား"

"မင်းဝက်က ဘယ်မှာလဲ၊ သေချာ
လို့လား"

"သေချာသလောက်ပဲ - ဒန့်တင်ချောင်းဖျားမှာ ဆင်ကောက်သွားတိုင်း အမြဲတွေ့နေတာ၊ ဒါကြောင့် - တူမီးပါ ယူလာခဲ့တာ"

"တို့တော့ မလိုက်တော့ပါဘူးကွာ၊ သေချာရင်ရိုင်ဖယ်ယူသွား၊ ငါတို့မင်းတို့ ဆင်စခန်းသွားတည်းမှာပဲ မြမောင်ရော ရှိလား"

"ရှိတယ် - ရှိတယ် - သွားကြ၊ သွားကြ၊ ကျုပ်တို့ရိုင်ဖယ်ပါ ယူသွားမယ်၊ ကျည် (၅)တောင့်လောက် ပေးလိုက်ပေါ့"

ကျော်မိုးဆီမှ ရိုင်ဖယ်ကိုယူကာ ကျည်(၅)တောင့်နှင့် ခင်မောင်ဆွေတို့လက် အပ်လိုက်ပြီး ရှေ့ခရီးဆက်ခဲ့ကြပြန်သည်။

"အင်း - အခုမှ ဝန်ပေ့ါပြီးပခုံးသက်သာပြီး သွားတော့တယ်"

"သေနတ်ပေးလိုက်လို့ဝန်ပေ့ါသွားရင် ကျုပ်ဆီက ဘက်ထရီးအိုး ကူလွယ်ပေးပေတော့ - ရော့"

"ကိုတူး"က သူလွယ်လာခဲ့ရသော ဘက်ထရီးအိုးကို ကျော်မိုးသို့ လွှဲပေးလိုက်တော့သည်။

"ပြောမိတာ မှားပါပြီ - ကိုတူးရာ"

ဤသို့ဖြင့် ပြောရင်းဆိုရင်း၊ သွားရင်းနားရင်းနှင့်ပွဲကုန်းစခန်းကိုရောက်ခဲ့

ကြသည်။ မြမောင်ရှိရာတဲသို့ မေးမြ
တန်းသွားလိုက်ကြသည်၊ ဆင်ခေါင်
မြမောင်မှာ ကျွန်တော်တို့နှင့် အရင်ဆ
ဦးစီးဘဝက လည်ဖော်လည်ဘက်ဖြ
သဖြင့် ဆင်အကူအညီရဖို့ သိပ်မပြေ
လိုက်ရ၊ အကြောင်းသိ၊ မိတ်ဟောင်းဆွေ
ဟောင်းတွေဆိုတော့ လိုလိုချင်ချ
ခင်ခင်မင်မင်နှင့်ပင် အကူအညီပေး
သဘောတူသည်။

ပို၍အဆင်ပြေသည်မှာ ကိုတူးန
ကျော်မိုးတို့က ဆင်ဦးစီးများအကြိ
ဆေး(ဘိန်း)ဝယ်ပေးပါ၊ သူတို့ကိုယ်တို
ရောနှော၍ မီးဖိုဘေးကွေးကာ အလု
ကျ "တော်ပါဘူး" များနှင့် "ဂလု - ဂလု
ရောရှုပြလိုက်ပြီး အသံညောင်ညော
နာသံလေးနှင့် ပြောဆိုပြလိုက်ရာ အ
လုံးပွဲကျသွားကာ ပိုမိုရင်းနှီးသွားခြ
တော့သည်။

ကျွန်တော့်အပေါင်းအသင်းရော
ရင်းများကား စည်းရုံးရေးဘက်တွ
လိုက်လျောညီထွေ ဤမျှတော်ကြ
များပါပေ။

ဆင်ဦးစီးများမှာလည်း သူ
အကြိုက် လိုက်လျောသဖြင့် သဘော
တွေ့မနောခွေ့ကာ "ဆရာတို့ဘာဖြစ်
သလဲ၊ ဖြစ်ချင်တာပြော၊ ဖြစ်အောင်လု
ပေးဖို့က ကျုပ်တို့တာဝန်"ဟု စိတ်
လက်ရပြောလာကြသည်။

www.burmeseclassic.com

"ကျုပ်တို့ လုပ်ချင်၊ ဖြစ်ချင်တာက
ဘာ့ ဆင်နဲ့ တောပစ်လည်ချင်တာပဲ။
င်များတို့ အတွက် ဝန်မလေးဘူး။
ခက်အခဲမရှိဘူးဆိုရင်ပေါ့"

"အောင်မယ်လေး - ဒါလေးများ
ဆေးစား - အဲ - အဲ - ဟုတ်ပေါင်"

"ဝါဆေးတော့ မလုပ်လိုက်ပါနဲ့
ဆရာတို့ရာ၊ အတော်ကြာ - ဆင်နဲ့
ဘာလည်ရမယ့်အစီအစဉ်တွေ ပျက်
န်ပဲ့မယ်၊ စားမယ့်စား၊ ဘိန်းရှေးပဲ
ပါ - ဟား - ဟား - ဟား"

ကျွန်တော်က ဘေးကနေ အသော
ဘားလေး ဝင်ဖောက် ပြောလိုက်
ည်။

"ဟာ - ဆရာကလည်း ပျော်တတ်၊
ပြောတတ်သားပဲ။ ဆရာတို့လုပ်ချင်တာ
ဘက်က အခက်အခဲမရှိပါဘူး။ ဒီည
သချာပေါက် ဆင်နဲ့တောလည်ရစေပ့ါ
သ်၊ ကိုင်း - ပြောနေကြာတယ်၊ မပြော
င် မကြာဘူး၊ အခု - ဒီကိစ္စကလေးပြီး
ာနဲ့ ဆင်သွားကောက်လိုက်တော့
သ်၊ စိတ်သာချနေတော့"

"ဒါဆိုရင် - ကျေးဇူးကမ္ဘာပဲပေါ့
ဘ်ဒါတို့ရာ"

သူတို့ဆေးရှုပိုင်း လက်စသိမ်းနေ
ဉ်တုန်းမှာပင် စခန်းတွင်းသို့ ခင်မောင်
ဆွေနှင့်အဖွဲ့ ဆင်နှစ်ကောင်နှင့် ပြန်
ရောက်လာကြသည်။ ခင်မောင်ဆွေ၏
ဆင်ပေါ်တွင်သွေးသံရဲရဲနှင့်အရှိန်(၄၀)
လောက် ဝက်ထီးပိုးကြီးတစ်ကောင်
လည်း ပါလာသဖြင့် ဆင်ဝိုင်းတစ်ရလုံး
အုန်းအုန်းကျက်ကျက် ဝက်ဖျက်ဖို့ ပြင်
ဆင်ကြရပြန်သည်။

စားရက်ကြုံတော့လည်းအဆင်က
ချောလို့ မောလို့ပါလား။

ယခုရောက်နေသော ပွဲကုန်းစခန်း
က တောလည်ရန် အချက်အချာဝဟိုကျ
သည်။ အရှေ့ဘက် "မြစ်ကလေးရိုး"၊
အနောက်ဘက် "ဒန့်တင်တောင်"၊
တောင်ဘက်၊ ကိုအောင်သန်းတို့"ချောင်း
တာရှည်"စခန်း၊ မြောက်ဘက် "ညောင်
အိုင်ကွင်း"အထိ အကုန် လက်လှမ်းမီ
သည်။

မှောင်လာသည်နှင့် ကျွန်တော်တို့
မှုဆိုးအဖွဲ့များက သေနတ်၊ ဘက်ထရီမီး
အစရှိသည့်အသုံးအဆောင်များ လိုလေ
သေးမရှိ ပြင်ဆင်နေကြသလို ဆင်အဖွဲ့
သားများကလည်း ဆင်များကိုရေချိုးခြင်း၊
"က"တင်ရန် ဆင်ကျောကုန်းထက်တွင်
ဘန့်ဘွေးခေါက်တင်ခြင်း၊ ရင်သိုင်းကြိုး၊
ညှိုင်းကြိုးများကို အသေအချာ တုပ်
နှောင်ခြင်း စသည့် ကိစ္စအဝဝကို အား
တက်သရော ပြုလုပ်နေကြသည်။

ဆင်နှစ်ကောင်၊ နှစ်ဖွဲ့လည်ကြမည်
ဖြစ်ရာ တစ်ဖွဲ့တွင် ကိုတူးကျော်မိုးနှင့်
ဆင်ခေါင်းမြမောင်ကို တွဲပေးပြီး သား
ကောင်ကြီးများ သေချာပေါက် တွေ့နိုင်
သည်၊ "ညောင်အိုင်ကွင်း"ဘက်သို့
လွှတ်လိုက်ပြီးကျွန်တော်ကိုအောင်သန်း
နှင့် ဆင်ဦးစီး ခင်မောင်ဆွေတို့ကတော့
ညနေက ဝက်ပစ်ခဲ့ကြသော "ဒန့်
တင်"တောင်တန်းဘက် ထွက်ခဲ့ကြ
သည်။

လမိုက်ညဖြစ်သောကြောင့်
ကောင်းကင်ကြီးတစ်ခုလုံးမှာ ကြယ်
ပွင့် မှိတ်တုတ် မှိတ်တုတ်များမှလွဲ၍
မည်းမည်းနေသည်။ (၆)မိုး၊ ဘက်ထရီ
မှောင်နှင့်မည်းမည်းတွင် သဲသဲကွဲ
ကွဲ ထင်ထင်ရှားရှား လင်းလာသည်၊ ဆင်
ကုန်းတက် အပေါ်စီးမှ မီးရှာရသဖြင့် ပို၍
ပေါက်သည်။ သို့သော် ဒန့်တင်
တောင်သာ ရောက်သွားသည်၊ မြေဝပ်
သတ်လုံး၊ ကြောင်ဝံပိုက်မျက်လုံးများ
မှလွဲ၍ ဘာဆိုဘာမှမတွေ့။

ဒန့်တင်ချောင်းရိုးတစ်နေရာတွင်
ခဏ ခေတ္တရပ်နားပြီး ဆေးလိပ်
သောက်ရင်း တစ်ခါက ဒီချောင်းရိုးတွင်
ပြောင်ပစ်ခဲ့ကြပုံကိုစမြုံ့ပြန်ပြောရသည်
က အရသာတစ်မျိုးပင်။

ညနက်လာသည်နှင့် "နေ့မှုလို့
ညချမ်း၊ တပေါင်းလသရမ်း" ဆိုသည့်
စာဆိုနှဲ့အညီ ချမ်းစိမ့်လာသည်၊ တစ်
ချက်တစ်ချက်လေကလေးသုတ်လိုက်
လျှင်လည်း တောမီးနံ့ကလေးက သင်း
ပျံ့လာတတ်သည်။

"အိုးဝေ - အိုးဝေ" ဒန့်တင်တောင်
ထိပ်ဆီက ဒေါင်းတစ်ကောင်၏တရေးနိုး
တွန်ကျူးသံက ပေါ်ထွက်လာသလို
"ဉဩ - ဉဩ"ဟူသော နွေဦးတေးသံ
ရှင်လေး၏ သာယာကြည်လင်သော
လွမ်းမောဖွယ်ရာ တေးသံသာက တိတ်
ဆိတ်သောညယံကို ထိုးဖောက်ပေါ်
ထွက်လာပြန်သည်။

"ကိုင်း - ပြန်လှည့်ကြစို့ - ကိုအောင်
သန်း"

ဆင်ကို ပြန်လှည့်၍ အရင်က သစ်
ထုတ်လုပ်ရေးကားလမ်းဟောင်းအတိုင်း
ပြန်ခဲ့ကြသည်၊ အပြန်တွင်လည်း ချေ
တစ်ကောင်မှလွဲ၍ ဘာကောင်ဆို ဘာ
ကောင်မှ မတွေ့ကြရ၊ တွေ့သောချေကို
တော့ မလွှတ်တမ်း ပစ်ခတ်ယူခဲ့နိုင်ကြ
သဖြင့် ဟင်းစားတော့ လုံးဝပျောက်ခဲ့
ပေ။


www.burmeseclassic.com

www.burmeseclassic.com

စခန်းကျန်ခဲ့သောဆင်သမားများအဖွဲ့က ကျွန်တော်တို့ရလာသောချေကို ရောက်ရောက်ချင်းဖျက်၍ဝမ်းတွင်းသားကလီစာထုတ်ပြီး ချေချေးခါးဟင်းချက်ပြုတ်နေကြသည်၊ ကျွန်တော်နှင့် ကိုအောင်သန်းတို့မှာ အေးလာသဖြင့် အိပ်ရာတွင် ဝင်၍လှဲလိုက်ကြရာ မကြာခင် အိပ်ပျော်သွားကြပါတော့သည်။

"အကောင်တွေ တွေ့လျက်နဲ့ မပစ်ရတာ နာတယ်ဗျာ။ ပစ်ရလို့ကတော့ တစ်ချက်ဆို တစ်ကောင်သာမှတ်လိုက်"

ကျော်မိုးအသံကျယ်ကျယ်ကြီးကြီးက ကျွန်တော့်ကို လန့်နိုးသွားစေတော့သည်။

ကိုတူးနှင့်ကျော်မိုးတို့အဖွဲ့မှာ ကျားတစ်ကောင်၊ ဆတ်နှစ်ကောင်နှင့် ချေတစ်ကောင် တွေ့ရသော်လည်း နစ်လုံးပြူးနှင့်ပစ်ရန် အလှမ်းကွာနေသဖြင့် မပစ်ရ။ သားကောင်များမှာ ဆင်နှင့်ပင် အကပ်မခံဟု ဆိုကြသည်။

"ဒါဖြင့် - ဒီည - မင်းတို့အဖွဲ့ရိုင်ဖယ်ယူသွားကြ။ ရိုင်ဖယ်ဆိုတော့ ခပ်လှမ်းလှမ်းလည်း ပစ်လို့ရတယ်။ အစ်ကိုတို့အဖွဲ့က နစ်လုံးပြူးပဲ ယူသွားကြမယ်"

ကျွန်တော်က မျက်နှာသုတ်ရင်း ပြောလိုက်သည်။

"ကိုမင်းတို့အဖွဲ့ဗျာ ဘာကောင်တွေပစ်ကြတာလဲ၊ သေနတ်သံကတော့ တဒိုင်းဒိုင်းပဲ။ အဲဒီကသေနတ်သံတွေကြားရလေ၊ ကျွန်တော်တို့အဖွဲ့က မရိုးမရွဖြစ်လေပဲ"

"တို့အဖွဲ့လည်း ချေတစ်ကောင်ကလွဲပြီး ဘာကောင်မှမတွေ့လို့ ဘာမှမပစ်ရပါဘူး - ကိုတူးရာ"

"ဟင် - ဒါဖြင့် - သေနတ်သံ တဒိုင်းဒိုင်းတွေက ဘယ်အဖွဲ့တွေက ပစ်နေကြတာလဲ၊ မနက်လင်းပိုင်းလောက်ကတောင် နစ်ချက်ကြားလိုက်ရသေးတယ်"

"တုမိုးသမားတွေ ဖြစ်မှာပေါ့ကွာ၊ ဒါကြောင့် - ဒီအကောင်တွေ ဒီလောက်ပါးပြီး အကပ်မခံတာဖြစ်မှာကွ"

"ဒီအတိုင်းဆိုရင် အကောင်ကြီးပစ်ရဖို့ လွယ်ပုံမလား - ကိုမင်း"

အကောင်ကြီးပစ်ချင်သော ကိုတူးက မပစ်ရမှာ စိုးရိမ်စိတ်နဲ့ ကျွန်တော့်ကို မေးလိုက်ခြင်းဖြစ်သည်။

"ကဲပါ - စိတ်ဓာတ်ကျမနေကြပါနဲ့၊ ဒီညမပစ်ရ နောက်ညတွေ ပစ်ရမှာပေါ့"

ကိုအောင်သန်းက ကိုတူးနှင့် ကျော်မိုးတို့ကို စိတ်ဓာတ်မကျရန် အားပေးစကား ပြောကြားရင်း နံနက်စာစားရန်ပြင်ဆင်နေပါတော့သည်။ တောထဲ

သား၊ ချေချေးခါး၊ ကင်ပွန်းချဉ်ဟင်း၊ ချတ်သီးထောင်းနှင့် စားကောင်းလိုက်သည်ဖြစ်ခြင်း။

🦌 🦌🦌

တစ်နေ့လွန်မြောက်၊ တစ်ညသို့ ရောက်ခဲ့ပြန်ပေပြီ။ ဒီညတော့ - နစ်ဖွဲ့လုံး "ညောင်အိုင်ကွင်း" ဘက်သို့သွားရန် စီစဉ်ထားသည်။ တစ်ဖွဲ့က စောစောထွက်ပြီး ကျန်တစ်ဖွဲ့က ည(၁၂)နာရီလောက်မှထွက်ရန်ဖြစ်သည်။

ကိုတူးနှင့်ကျော်မိုးတို့အဖွဲ့ကိုဦးစားပေး ရိုင်ဖယ်နှင့် စောစောလေးထွက်ရန် ပြင်ဆင်ခိုင်းလိုက်သည်၊ ည(၈)နာရီထိုးသည်နှင့် ကိုတူးတို့အဖွဲ့စခန်းမှ စထွက်သွားကြသည်။

ကိုအောင်သန်းနှင့် ကျွန်တော်တို့ ဆေးရှူနေသော ဆင်ဦးစီးထံသွား၍ (၁၂) နာရီလောက် သွားကြမည်ဖြစ်ကြောင်း၊ ဆင်နှင့် "က" တန်ဆာပလာများကို အရန်သင့် စနစ်တကျ စိတ်ချရအောင် ပြုလုပ်ထားရန် မှာပြီး အိပ်ရာထဲဝင်၍အသီးသီးမှိန်းနေလိုက်ကြပါတော့သည်၊ တရေးနိုး၍နာရီကြည့်လိုက်သောအခါ (၁၂)နာရီခွဲနေပြီဖြစ်သဖြင့် ကပျာကယာထပြီး ကိုအောင်သန်းကိုနိုးလိုက်

ရသည်၊ ကိုအောင်သန်းနိုးသည်နှင့်တစ်ပြိုင်တည်း သေနတ်ယမ်းတောင့်နှင့် ဘက်ထရီးမီးတို့ကိုယူလျက် ဆင်ဦးစီးရှိရာသို့ သွားနိုးရပြန်သည်၊

ဆင်ဦးစီးမှာ အိပ်ကောင်းသောအချိန်မို့လား၊ ဆေးတန်ခိုးကြောင့်လားတော့ မပြောတတ်၊ အတော်နိုးယူရသည်၊ သူ့အပြောအရတော့ သူအိပ်သည်မှာ နာရီဝက်တောင်မရှိသေးဟု ဆိုသည်၊ အိပ်မှုန်စုံမွှားနှင့် ဆင်ကို ပြင်နေသဖြင့် အချိန်က ပိုကြာသွားသည်၊

နာရီပြန်တစ်ချက်ထိုးမှ စခန်းက စထွက်နိုင်ခဲ့သည်၊ ကိုအောင်သန်းက မီးရှာပြီး ကျွန်တော်က နစ်လုံးပြူးသေနတ်ကို အရန်သင့်အနေအထား ကိုင်ထားသည်၊ မီးထိုး ကြာကြာမခံသော သားကောင်များကို တွေ့တွေ့ချင်း လှမ်းတစ်ပြက် အမြန်ပစ်နိုင်ရန် ဖြစ်သည်၊

စခန်းမှထွက်လာ၍ တစ်မိုင်မျှ သောအခါ ချေတစ်ကောင် တွေ့ရသည် သို့သော် ဆင်ဦးစီးမှာ မျက်စိမှိတ်ပြီးမှိန်လိုက်လာ၍ ဆင်ကို မရပ်နိုင်သဖြင့် မပ လိုက်ရပေ၊ "သဲပြင်သာ" ချောင်းမရောက်မီ "ကျွန်းတောပြန့်" ချောင် သောအခါ လက်ယာဘက်ကျွန်းခင်အစပ်တွင် ဆတ်တစ်ကောင်၏မျက်လုံ

www.burmeseclassic.com

www.burmeseclassic.com

အစုံကို တွေ့ရသဖြင့် ဆင်ကိုလှည့်ရန် မီးနှင့်အချက်ပေးနေသော်လည်းဆင်က မလှည့်ဘဲ လမ်းအတိုင်း ဆက်သွားနေသဖြင့် ဆင်ဦးစီးကိုကြည့်လိုက်ရာ ကိုယ်တော်ချောမှာ အိပ်ပျော်နေသည်ကို တွေ့ရသည်။

ကိုအောင်သန်းက ဆတ်မပစ်လိုက်ရသဖြင့် ဒေါသဖြစ်စွာနှင့် ဆင်ဦးစီးကို လှုပ်နှိုးလိုက်သည်။ ဆင်ဦးစီးမှာ နတ်သမီးလေးတွေတစ်ဖက် လေးငါးရာနှင့် ပျော်ပါးနေရာမှ လန့်နိုးသွားဟန်ရှိသည်။ ညောင်နာနာအသံနှင့် သူဆေးများသွား၍ ဆင် ဆက်မစီးနိုင်တော့ကြောင်း ဆိုလာသည်။

"မင်းတို့ဟာတော်တော်အသုံးမကျတဲ့ကောင်တွေပဲ။ ဆေးမလုပ်ရတော့လည်းမလုပ်ရသေးလို့၊ လုပ်ရပြန်တော့လည်း လွန်လို့၊ ဘာများလွန်းလောက်စရာရှိသေးလဲ" ဟု ကိုအောင်သန်းက ဒေါနှင့်မောနှင့် ပြောဆိုနေသည်။

ကျွန်တော်ကတော့ဆင်ဦးစီး၊ ဘိန်းသမားတွေအကြောင်း အစကတည်းက ကောင်းကောင်းတွေ့ဖူးထား၊ ကြုံဖူးထားသဖြင့် ဘာမှဝင်မပြောဘဲ စိတ်ကိုလျှော့ချပစ်လိုက်သည်။

"ကဲ - ကိုအောင်သန်းရေ - ပြောမနေနဲ့တော့။ သူ့ဆင်မစီးနိုင်မှတော့ ဖာတ်လမ်းက ဆုံးခန်းတိုင်သွားပြီ။ ဒီတော့ ရှေ့သဲပြင်သာစခန်းအထိ မောင်းနိုင်းပြီး အဲဒီမှာပဲ ဟိုအဖွဲ့အပြန်ကို စောင့်ကြရုံရှိတော့တာပေါ့"

သဲပြင်သာစခန်းတွင် ဆင်ပေါ်မှ ဆင်း၍ သစ်ပင်ရင်းတွင် မီးဖိုကာ ကိုတူးနှင့် ကျော်မိုးတို့ အပြန်ကိုစောင့်ရင်း အနားယူ မီးလှုံနေလိုက်ကြရတော့သည်။ ကိုတူးတို့သွားရာ ညောင်အိုင်ကွင်းဘက်ဆီမှ သေနတ်သံ (၂) ချက်ကြားရသလို သဲပြင်သာ အနောက်ဘက်မြိုင် ချေတောစပ်ဆီကလည်း တူမီးသံ (၂) ချက် ကြားလိုက်ရပြန်သည်။

သူများတွေဆီမှ သေနတ်သံများ ကြားရပြန်တော့ စိတ်က မရိုးမရွဖြစ်မိသည်။ သို့သော် မည်သို့မျှမတတ်နိုင်၊ ဘိန်းသမားတွေ ယုံစားမိကြမှတော့ ဒီလောက် ကသိကအောက်တော့ ဖြစ်ရမှာပေါ့လေ။

"အောက် - အီ - အီး - အွတ်"

"အောက် - အီ - အီး - အွတ်"

အရုဏ်ကျင်း၍လင်းကြက်တွေပင် တွန်ကျူးကြပေပြီ၊ ဆင်ဦးစီးမှာမီးဖိုဘေးတွင် ပုဆိုးခြုံလျက် ခပ်ကွေးကွေး အိပ်မောကျနေဆဲပင်။ ကျွန်တော်တို့နှစ်ယောက်မှာသာ မီးလှုံရင်း တစ်ချိန်က ပစ်ခဲ့၊ ခတ်ခဲ့ကြပုံတွေကိုနောက်ကြောင်းပြန်၊ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေကြတော့သည်။

"တစ် - တစ် - တစ်တီတူး - တစ်တီတူး"

သဲပြင်သာချောင်းလယ်ဆီမှ တစ်တီတူးငှက်တစ်ကောင်၏ အလန့်တကြားအော်မြည်သံက ပေါ်လာသည်။ နံနက်ခင်းအိပ်တန်းပြန်သားကောင်တစ်ကောင် ကောင်များ ဖြစ်လေမလားဟူသော မျှော်လင့်ချက်အတွေးကိုယ်စီဖြင့် မျက်စိများကိုဖွင့်၊ နားကိုစွင့်ပြီး သတိနှင့် သေနတ်ကိုင်ကာ ကြည့်နေမိကြသည်။

ကျောက်ခဲနင်းသည့် ခြေသံက တဖြည်းဖြည်း နီးသထက် နီးလာသဖြင့် နှစ်လုံးပြူးသေနတ်ကိုမောင်းတင်လျက် အရန်သင့်ပစ်နိုင်ရန် ပြင်ထားလိုက်သည်။

"ဟော - ဟော - ဟိုမှာတွေ့ပြီ၊ ဆရာမင်း - ကျုပ်ပြောခဲ့တဲ့ကုလ္လိယမုဆိုးတွေဆိုတာလေ သူတို့တစ်တွေပဲပေါ့"

ကိုအောင်သန်းမှာမှုန်ဝါးဝါးအရုဏ်ဦး ရောင်နီကြားက မြင်ရသော ခပ်ရွယ်ရွယ် လူသားနှစ်ယောက်ကို ညွှန်ပြရင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။

လူရွယ်နှစ်ယောက်မှာ ခပ်တုတ်တုတ် ဆံပင်ကုပ်ဝဲတွေနဲ့ဖြစ်သည်။ တစ်ဦးက ကွန်မန်ဒိုပြောက်ကျားစစ်ဘောင်းဘီ၊ စစ်အင်္ကျီကို ဝတ်ထားပြီး ကျန်တစ်ဦးမှာ ခေတ်ပေါ်ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီနှင့်ဖြစ်သည်။ နှစ်ယောက်စလုံး တူမီးသေနတ် ကိုယ်စီလွယ်ထားသည့်အပြင် ဝါးထမ်းပိုးတစ်ချောင်းနှင့် "ချေ တစ်ကောင်" "ဒေါင်းတစ်ဖ" ကို ဦးပဲ့ ထမ်းလာခဲ့ကြခြင်းဖြစ်သည်။

အသွင်သဏ္ဌာန်နှင့် လှုပ်ရှားပုံတွေကို အကဲခတ်ရင်း ကျွန်တော်က "ဘယ် က မိန်းမတွေဟုတ်လို့လဲ။ ဘိုကေတွေ လောင်းပင် (LONG PAN) ဘောင်းဘီ ရှည်တွေနဲ့ယောကျာ်းတွေပါ" ကိုအောင် သန်းရာလို့ ပြောလိုက်မိသည်။ (ထို အချိန်က မိန်းကလေးတွေ အခုလို ဘောင်းဘီမဝတ်ကြသေး။)

ကိုအောင်သန်းက ကျွန်တော့်ကို တော့ ဘာမှစကားတက်မပြောတော့ လူရွယ်များဆီသို့သာ လက်ခုပ်တီးပြီး -

"ဟေ့ - ဟေ့ - ဒီလာကြပါဦးကွ၊ ငါတို့ဆရာက ခဏလောက် တွေ့ချင်လို့ တဲ့"

ကိုအောင်သန်းခေါ်သံကိုကြားသွား သော လူငယ်နှစ်ယောက်မှာ ရပ်တန့် လိုက်ကြပြီး ကျွန်တော်တို့ဆီ အကဲခတ် လှမ်းကြည့်လိုက်သည်။ ပြီးမှ - ပြန်လှည့်





www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ကြသည်။ အနားရောက်မှ အံ့ဩခြင်းမက အံ့ဩလိုက်ရသည်။ မိန်းမဆိုမှ တကယ့်မိန်းမ စစ်စစ်တွေဖြစ်နေသည်။

"ကဲ - ကဲ - အထမ်းကို ချ၊ ခဏ လောက် နားကြပါဦးလေ"

ကျွန်တော်ကသူတို့ကိုလှမ်းလှမ်း စကားစလိုက်သည်။

"ဒီသားကောင်တွေ မင်းတို့ကိုယ်တိုင် ပစ်လာကြတာလား"

"အေး - ငါတို့ညီအမနှစ်ယောက် ကိုယ်တိုင် ပစ်ခဲ့ကြတာပဲ။ ငါက ချေပစ်ခဲ့ပြီး ဒေါင်းကိုတော့ ငါ့ညီမ ပစ်ခဲ့တာလေ"

အသံကခပ်ဝဲဝဲ၊ ပြောဆိုပုံကခပ်ရဲရဲမို့ ကျွန်တော်က -

"မင်းတို့ဘာလူမျိုးလဲ။ ကချင်လား၊ ကရင်လား။ ဗုဒ္ဓဘာသာတွေပဲလား"

"အာ - ငါတို့က ချင်းလူမျိုးတွေပါ။ ခရစ်ယာန်ဘာသာဝင်လေ - သခင်ယေရှုကို ကိုးကွယ်ပါတယ်"

"အော် - အော် - ဒါနဲ့ မင်းတို့မှာ ယောကျ်ားတွေ မရှိကြဘူးလား။ မင်းတို့ ယောကျ်ားတွေကရော ဘာလုပ်ကြလဲ။ မုဆိုးအလုပ်ပဲ လုပ်သလား"

"ငါတို့မှာ ယောကျ်ားဆိုလို့အဖေနဲ့ အစ်ကိုတစ်ယောက်သာရှိတယ်။ သူတို့က ရွှေကျင်၊ မျောတိုက်လုပ်ကြတယ်။ မုဆိုးက ငါတို့ပဲ လုပ်ကြတာပါ"

"နေတော့ရော ဘယ်စခန်းမှာနေကြလဲ။ တောရော နေ့တိုင်းလည်ကြသလား။ ဒီ့ပြင်ဘာလုပ်ငန်းလုပ်ကြသေးလဲ"

"ငါတို့က "စပါးကြီး" ချောင်းဝစခန်းမှာ နေကြတယ်။ ရွှေကျင်လုပ်သားတွေအတွက် ဈေးရောင်းတယ်။ ရွှေလည်ကျင်တယ်၊ သားရေ၊ ငါးရေကောင်းတော့နှစ်ရက်ခြားသုံးရက်တစ်ခါလောက်တော့ထွက်လည်တယ်။ ရလာတဲ့ အကောင်ကို ဈေးကောင်းကောင်းနဲ့ ရောင်းတယ်။ ငါတို့စခန်းမှာ ဘာသားပဲဖြစ်ဖြစ် (၁၀၀/ -) ဈေးပဲ" (အဲဒီ့အချိန်က အမဲသား၊ ဝက်သားမှာ ၆၀၊ ၇၀ လောက်သာ ရှိသည်။)

ကျွန်တော့်လက်ထဲမှ နှစ်လုံးပြူး သေနတ်နှင့် ဆင်ကိုအကဲခတ်ရင်း -

"နင်တို့က သစ်တောဌာနကလား။ နင်တို့ရောတောပစ်၊ တောလည်လာတာ ပဲလား"

ကျွန်တော်က သူတို့အမေးကို မယုတ်မလွန်၊ ဝတ်နည်းလွတ်၊ ခေါင်းသာညိတ်ပြီး ပြလိုက်သည်။

"ဟော - ဟိုမှာဆင်နဲ့တစ်ဖွဲ့ရောက်လာပြန်ပြီ။ နင်တို့အဖွဲ့တွေပဲလား။ ဆတ်

...ဘာတယ်နဲ့တူတယ်။ ဆတ်သားရောင်း ...ယ်ဆိုရင် ငါတို့ ကူညီရောင်းပေးမယ် ...ာ - အားမနာပါနဲ့"

သူတို့ပြောမှ လှည့်ကြည့်မိသည်။ ...တူးနှင့် ကျော်မိုးတို့အဖွဲ့ ဆတ်ပေါက် ...စ်ကောင် ဆင်ပေါ်တင်ပြီး ပြန်လာကြ ...ခြင်းဖြစ်သည်။

"ကိုင်း - ငါတို့သွားတော့မယ် - ခွင့် ...နော၊ ဘုရားသခင်ရဲ့ ကျေးဇူးတော် ...ကြောင့် သိကျွမ်းကြရတဲ့ နင်တို့အဖွဲ့ကို ...တို့ရဲ့ရဲစခန်းအလည်လာဖို့ ငါတို့ ဖိတ် ...ပါတယ်။ နင်တို့ သောက်တတ်ရင်၊ ...တတ်ရင် ငါတို့ဆိုင်မှာ ရွှေလီမွှော်၊ ...ားခေါက်က စပြီး တရုတ်ဂျင်၊ ဘီယာ ...နဲ့ အာမီရမ်အထိ အစုံရှိတယ်။ ငါတို့ ...ခံပါတယ်၊ လာဖြစ်အောင် လာခဲ့ ...ပါ - နော၊ မိတ်ဖြစ်၊ ဆွေဖြစ်ပေါ့"

သူတို့စခန်းကိုလာလည်ဖို့ဖိတ်ခေါ် ...ဆက်ရင်း ပြောပြောဆိုဆို သား ...ကောင်တွေထမ်းပြီး ကျောပေးထွက်ခွာ ...ကြသော ဂုဏ္ဍိယမုဆိုးကြီးများကို

ကြည့်ရင်း ကျွန်တော်၏ အတွင်းစိတ် သဏ္ဌာန်တွင် ယုတ္တိမတန်ဟု အမျိုးမျိုး ဝေဖန်တွေးတော ပြောဆိုမိခဲ့သည်ကို လည်းကောင်း၊ ကိုအောင်သန်း၏ "ပြော မယုံ၊ ကြုံဖူးတော့ သိလိမ့်မယ်" ဆိုသော စကားတို့သည် ပုံပြင်မဆန်၊ အဟုတ် မှန်ကန်ကြောင်းကိုလည်းကောင်း ယခု တော့ မျက်ဝါးထင်ထင် သိမြင်လိုက်ရ ပေပြီ။

ဒီအဖြစ်ဒီသနစ်သည်ခေတ်နဲ့အညီ ရင်ပေါင်တန်း တိုးတက်လာသည်လို့ပဲ ဆိုရလေမလား။ ဒါမှမဟုတ် စီးပွားရေး လူမှုရေးကျဆင်း နိမ့်ကျလာခြင်း၏ ရွေ ပြေးနိမိတ်လားဟု စိတ်မှာတွေးပြီး ဝေ ဝါးစဉ်းစားနေမိတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်တို့၏ မြန်မာနိုင်ငံတွင် မကြုံစဖူး ထူးကဲသော "ဂုဏ္ဍိယမုဆိုး" များ စတင်ပေါ်ပေါက် လာနေပြီဖြစ်ကြောင်းကား ကျွန်ုပ် မျက် မြင်ကိုယ်တွေ့ပင် ဖြစ်ပါတော့သည် တကား။

>> မန္တလာသ...

www.burmeseclassic.com

www.burmeseclassic.com

# ထက်ကြယ်မကျ

ဆွေမြင့်



**ကျွန်ပ်ကို**သင်တို့က ဘာ့ကြောင့်
ဦးနောက်ပျက်နေတယ်လို့ မဟုတ်တမ်း
ရမ်း သိက္ခာချနေကြပါသလဲ။ ကျွန်ပ်
မကြာခဏ စိတ်လှုပ်ရှားပြီး ရင်တုန်
တုန် ဖြစ်တတ်တာမျိုး ရှိပါတယ်။
မဲ့ - အဲဒီဖြစ်ရပ်ကြောင့် အာရုံကြော
ထိုင်းမှိုင်းမသွားပါဘူး။ သတိမေ့
ခြင်းလည်း မရှိပါဘူး။

သေချာနားထောင်ကြည့်၊ သင်တို့
တိုင် ဆန်းစစ်ဝေဖန်သုံးသပ်ကြည့်၊
လွန်ခဲ့တဲ့ဖြစ်ရပ်ကို အစအဆုံးပြော
မယ်။ အဲဒီတော့မှ ကျုပ်က ဦးနှောက်
ရဲ့သာမက သာမန်လူတွေထက်
င်မှုပိုပြီး ထက်မြက်နေပါလားဆိုပြီး
တို့ နားလည်သဘောပေါက်သွားရ
မယ်။ သေချာနားထောင်ကြည့်။

လွန်ခဲ့တဲ့ ရက်သတ္တပတ်အနည်း
တုန်းက ကျွန်ပ် ဦးနှောက်ထဲမှာ
တွေးတစ်ခုဝင်လာတယ်။ ထူးခြားတာ
ခြားအတွေးအခေါ်၊ စိတ်ကူးစိတ်
တွေလို ခဏပန်းနဲ့ ပြန်ထွက်ပျောက်
သွားဘူး။
ားလည်း ဒီစိတ်ကူး၊
ခင်ခါနီးလည်း ဒီအတွေး၊
နေ့ရောညပါ မတွေးပဲ မနေနိုင်တော့
အချိန်တိုင်းလိုလို အမျှင်မပြတ်

ရှုသတ်မိပြီး
ရာဇဝတ်ကြောင့်
ကိုယ့်စိတ်က ကိုယ့်ကို
ပြန်ခြောက်လှန့်ရာမှ ..

www.burmeseclassic.com

www.burmeseclassic.com

တွေးတောကြံစည် စိတ်ကူးနေမိတယ်၊ တကယ်တော့ - အဲဒီပုဂ္ဂိုလ်ကြီးနဲ့ ကျုပ် ဘာပြဿနာမှ မရှိခဲ့ပါဘူး။

သူကလည်းကျွန်ုပ်အပေါ်မကောင်း မရှိခဲ့ဘူး၊

ကျွန် ုပ်ကလည်း သူ့အပေါ်မှာ စေတနာမပျက်ခဲ့ပါဘူး၊ အဲဒီပုဂ္ဂိုလ်ကြီးရဲ့ ရွှေ၊ ငွေ စတဲ့ဥစ္စာရတနာတွေ ရှိခဲ့ရင် လည်း ကျွန်ုပ်အနေနဲ့ လုံးဝလိုချင်မက် မောစိတ် မဖြစ်ပေါ်ခဲ့ဖူးပါဘူး။

ဒါပေမဲ့ - ဖစ်ဖစ်မြစ်မြစ်၊ နှစ်နှစ်ကာ ကာ စဉ်းစားကြည့်တဲ့အခါမှာ အဲဒီပုဂ္ဂိုလ် ကြီးရဲ့အကြည့်(ဒါ့ထက်ပိုပြီးတိတိကျကျ ပြောရရင်)သူ့မျက်လုံးတစ်ဖက်နဲ့ပတ် သက်ပြီးကျွန်ုပ်ရင်ဘတ်ထဲနှလုံးသားထဲ မှာနက်နက်ရှိုင်းရှိုင်းအမြစ်တွယ်ခဲ့ရတာ ဖြစ်ပါလိမ့်မယ်၊ သူ့ဘယ်ဘက်မျက်လုံး က သာမန်လူတွေနဲ့ မတူဘူး၊

ပြာလွင်တဲ့မိုးကောင်းကင်ကို တိမ် ဖြူဖြူလွှလွှနဲ့ လွှမ်းခြုံထားသလို ဖြစ်နေ တယ်၊ ဒါ့ထက်ပိုပြီး ရှင်းအောင်ပြောရရင် လင်းတတစ်ကောင်ရဲ့မျက်လုံးနဲ့ တူနေ တယ်၊

အဲဒီမျက်လုံးရဲ့အကြည့်ဟာကျွန်ုပ် ရဲ့မျက်နှာပေါ်ကိုကွက်ခနဲ ရောက်လာပြီ ဆိုရင် ရုတ်တရက် ချက်ချင်းကျွန်ုပ်ရင်ဗို တသိမ့်သိမ့်နဲ့ အကြီးအကျယ် စိတ်လှုပ် ရှားချောက်ချားလာမိတယ်၊

အကြောင်းကအဓိပ္ပာယ်မရှိဘူးလို့ ပြောရင်လဲ ရတယ်၊ ဒါမှမဟုတ် အဲဒီ အကြည့် တစ်ချက်ဟာ အသက် အန္တရာယ်ကို ဖြစ်စေနိုင်တယ်၊ တစ် နည်းအားဖြင့် သူ့အကြည့်ကို ခံလိုက်ရ တာနဲ့တစ်ပြိုင်နက်ကျွန်ုပ်အတွက်နှလုံး သွေးပျက်ခမန်း ခံစားလိုက်ရတာ အမှန် ပါ။

အဲဒီခံစားမှုတွေက နှောင်ကြိုးတစ် ရစ်ပြီးတစ်ရစ် ချည်နှောင်ရစ်ပတ်ခြင်း ခံရတဲ့အခါတင်းသိပ်မွန်းကြပ်လာသလို မျိုး အသက်ရှူ ရပ်မတတ်ဖြစ်လာမိ တယ်၊အဲဒီလိုခံစားရပြီးဆိုတာနဲ့နောက် နောက်ဒီလိုအဖြစ်မျိုးမခံစားရအောင်လို့ သူ့ကို ဇီဝိန်ချွေရရင် ဆိုတဲ့အတွေး ဝင် လာတော့တာပါပဲ။

သာမန်အားဖြင့်အဲဒီအဘိုးကြီးတစ် ယောက်ရဲ့အကြည့်ကို မခံမရပ်နိုင်လွန်း လို့ သတ်ချင်စိတ် ဖြစ်ပေါ်လာရတယ်ဆို တာ ကျွန်ုပ် ရူးနေလို့သာ ဖြစ်ရမယ်လို့ သင်တို့က ပြစ်တင်ဝေဖန်ကြလိမ့်မယ်၊

ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကျွန်ုပ်က ကျွန်ုပ်ရဲ့အတွေးအခေါ်၊အကြံအစည်ကို ဦးစားပေးလိုက်တယ်၊ ဘယ်သူ့ထင်မြင်



ချက်တွေကိုမှ အလေးအနက် ထားတော့ဘူး။

ဒါကြောင့် - အဲဒီ အဘိုးကြီးကို လွှန်ဘဝရောက်အောင်မပို့ခင် ရက် ပတ်လောက် ကြိုတင်ပြီး ကျွန်ုပ်ပြင်ဆင်ခဲ့တယ်၊ သူ့ကို ကျွန်ုပ်က အတိုင်းထက်ပိုပြီးကြင်နာယုယစွာ ဆက်ဆံလိုက်တယ်။

ညဉ့်နက်မိုးချုပ်ပြီဆိုရင်ကျွန်ုပ်အိမ် မှာမအိပ်တော့ဘူး၊တခြားတစ်နေရာရာကို အကြောင်းမရှိ အကြောင်းရှာပြီး ထွက် နေလေ့ရှိတယ်၊ပြန်လာတဲ့အခါကျတော့ လည်း သန်းခေါင်ယံကို လွန်မြောက်လို့ နာရီပြန်တစ်ချက်ဖြစ်စေ၊ နှစ်ချက်တီး ဖြစ်စေ တိတ်တခိုးပြန်ရောက်လာတယ်၊

သူ့အခန်းတံခါးကန့်လန့်ကို အသံ မကြားအောင် ဖွင့်ပြီးဝင်လိုက်တယ်၊ မီး အလင်းရောင်လျှော့ထားတဲ့မှိန်ပျပျခြန် မီးအိမ်လေးကို သူ့အခန်းထဲရောက် အောင်ထည့်ပြီးနေရာချထားလိုက်တယ်၊



ကျွန်ုပ် ကျူးလွန်လိုက်တဲ့ပြစ်မှုနဲ့ ပတ်သက်တဲ့ သဲလွန်စတွေကို တစ်လက်မချင်း ရှာဖွေပြီး ဖျောက်ဖျက်လိုက်ရတယ်။ နောက်ဆုံး ကြမ်းခင်းပျဉ်ချပ်သုံးလေးချက်ကို ခွာလို့ အဘိုးကြီးရဲ့ သက်မဲ့ခန္ဓာကိုယ်ကို ကြမ်းအောက်ထဲ နေသားတကျ ချလိုက်တယ်။ ပြီးတော့-ကျကျနန ပျဉ်ချပ်တွေ ခြေရာလက်ရာမပျက် ပြန်ဖုံးလိုက်တယ်။ ကဲ-ကျွန်ုပ် ဘယ်လောက် ပိရိလိုက်ပါသလဲ။



www.burmeseclassic.com

www.burmeseclassic.com

ဖန်မီးအိမ်က ထွက်တဲ့အလင်းရောင်ကို ကွက်ကွက်လေး ပေါ်အောင် ပတ္တူရှက်ချင်စထူထူကို အပေါက် (ကျပ်ပြားအရွယ်)ဖောက်ပြီး ကာထားလိုက်တယ်။

အဲဒီ အလင်းရောင်ကွက်ကွက်လေးဟာ အဘိုးကြီးရဲ့လင်းတမျက်လုံးနဲ့တူတဲ့ ပြာမွဲမွဲမျက်လုံးပေါ်ကို တည့်တည့်မတ်မတ်ကျအောင် ချိန်ကိုက်နေရာချထားလိုက်တယ်။

ဒါပေမဲ့ - ရက်သတ္တတစ်ပတ်လုံး အဘိုးကြီးရဲ့မျက်လုံးဟာ လုံးဝမဖွင့်တဲ့အတွက် ပိတ်ထားတဲ့ မျက်ခွံပေါ်ကို မီးရောင်ကွက်ကွက်လေး ကျနေလေ့ရှိတယ်။

ရက်သတ္တတစ်ပတ်လုံးလုံးညအချိန်လွန်မြောက်လို့ နောက်တစ်နေ့နံနက်မိုးသောက် အလင်းရောက်ချိန်တိုင်းမှာ ကျွန်ုပ်က သူ့အခန်းထဲကို ရင်းရင်းနှီးနှီးဝင်သွားတယ်။

"အဘ - ကျန်းမာရဲ့လား၊ စားလို့ကောင်းလား၊ အိပ်လို့ပျော်ရဲ့လား" လို့ ကျွန်ုပ်ကပဋိသန္ထာရစကားနဲ့ အားရပါးရနှုတ်ဆက်ကြည့်တယ်။ သူကလည်း အလိုက်အထိုက်ပြန်ဖြေတယ်။ပြဿနာမရှိဘူး၊ တကယ်လို့သာ ညစဉ်ညတိုင်း ကျွန်ုပ်ချောင်းကြည့်တာကိုသူလုံးဝမရိပ်မိတာသေချာတယ်။ တကယ်လို့သာရိပ်မိခဲ့ရင် ကျွန်ုပ်ကိုနင်ပဲငဆ ပြောတော့မှာပေါ့။

ဒီလိုနဲ့ ရက်သတ္တတစ်ပတ်ကို လွန်မြောက်ပြီး -

(၈) ရက်မြောက် ညကျတော့ ခါတိုင်းလိုပဲညဉ့်နက်သန်းခေါင်ကျော်မှာ ကျွန်ုပ်က အဘိုးကြီးရဲ့ အခန်းတံခါးကို သတိကြီးစွာနဲ့ညင်ညင်သာသာလေးဖွင့်လိုက်တယ်။

အခန်းထဲကိုကျွန်ုပ်ရောက်သွားချိန်မှာဖန်မီးအိမ်ကိုကွယ်ထားတဲ့ပတ္တူရှက်ဖျင်စပြုတ်ကျသွားပါလေရော။

• ❁ •

"ဟဲ့တ် - ဘယ်သူလဲကွ"

အဘိုးကြီးက လဲလျောင်းနေရာက ဆတ်ခနဲ ငုတ်တုတ်ထိုင်ပြီးမေးခွန်းထုတ်တယ်။ ကျွန်ုပ်ကဗီရိုအကွယ်မှာဝင်ခိုနေပြီးအသက်ရှူသံမကြားရအောင်အသာလေးမျှင်းပြီး ငြိမ်နေမိတယ်။

သူဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် ငြိမ်သက်စွာ နားစွင့်နေပြီးမှ ညည်းတွားသံတစ်ချက်ပြု ပြန်လည်လဲလျောင်းလိုက်တယ်။ ဒါပေမဲ့ - ကျွန်ုပ်ကဗီရိုအရွယ်တနေ ဦးခေါင်းပြူပြီး ကြည့်လိုက်ချိန်မှာ သူ့မျက်လုံးပြန်မပိတ်ဘူး။ မျက်လုံးအစုံဟာ ဖွင့်လျက်သား၊ မျက်နှာကြက်ကို တည့်တည့်မတ်မတ် မျက်တောင်မခတ်ကြည့်နေတယ်။ ရှင်းအောင်ပြောရရင် မျက်လုံးဖွင့်လျက်သား အိပ်နေတဲ့ သဘောမျိုးပါပဲ။

အဲဒီအချိန်မှာ ဖန်မီးအိမ်ကထွက်တဲ့အလင်းရောင်ဟာ လင်းတမျက်လုံးနဲ့တူတဲ့ ပြာမွဲမွဲမျက်လုံးပေါ်ကို တည့်တည့်မတ်မတ် ကျရောက်နေတယ်။ အဲဒီမျက်လုံးကြီးကို မြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် ကျွန်ုပ်တစ်ကိုယ်လုံးမှာ ရှိရှိသမျှသွေးကြောတွေထဲက သွေးတွေဟာ ဆူဝေလာတယ်။

ကြောက်စိတ်နဲ့ ပေါင်းစပ်ဖြစ်ပေါ်လာတဲ့ဒေါသစိတ်ဟာ နဖူးဆံစပ်ကနေ ခြေဖျားအထိ ပျံ့နှံ့သွားတယ်။ အဘိုးကြီးရဲ့နှလုံးခုန်သံဟာ ရုတ်တရက်မြန်ဆန်ပြီး ကျယ်လောင်လာတယ်။

သူ့ရဲ့ဆဋ္ဌအာရုံမှာ အန္တရာယ်နိမိတ်ပြနိုးဆော်လိုက်တဲ့အတွက် နှလုံးသွေးခုန်ခမန်းကြောက်စိတ်တွေဖြစ်ပေါ်လာသယ်ထင်တာပဲ။ ကျွန်ုပ်အနေနဲ့ မြင်းပြတဲ့ ဆန္ဒကို အကောင်အထည်ဖော်နိုင်ဖို့

အချိန်များများစားစား မကျန်တော့ဘူ
တကယ်လို့များ အဘိုးကြီးက အထိ
တလန့်နဲ့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြ
အသံကုန်ပစ်လိုက်ရင်တော့ ကျွန်
အတွက် လမ်းပေါက်ပိတ်သွားတော
မယ်။

ဒါကြောင့် - ကျွန်ုပ်ရဲ့ အကြံအစ
ကို အမြန်ဆုံး အကောင်အထည်ဖေ
လိုက်ရတော့တာပါပဲ။ ကျွန်ုပ် ကြိုတ
စိုးရိမ်မိတဲ့အတိုင်းပဲ အဘိုးကြီးဟာ
ကြွေခါနီး နောက်ဆုံးအချိန်မှာ တုန်လှ
ချောက်ချားစွာနဲ့အသည်းအသန်အ
တကြား အသံကုန် အော်ဟစ်ခဲ့ပါ
တယ်။

ကျွန်ုပ် ကျူးလွန်လိုက်တဲ့ပြစ်မှ
ပတ်သက်တဲ့သဲလွန်စတွေကိုတစ်လ
ချင်းရှာဖွေပြီး ဖျောက်ဖျက်လိုက်ရတ
နောက်ဆုံး ကြမ်းခင်းပျဉ်ချပ်သုံးခ
ချက်ကို ခွာလို့ အဘိုးကြီးရဲ့ သက်မဲ့
ကိုယ်ကိုကြမ်းအောက်ထဲနေသားတ
ချလိုက်တယ်။ ပြီးတော့ - ကျကျနန
ချပ်တွေ ခြေရာလက်ရာမပျက် ပြန်
လိုက်တယ်။ ကဲ - ကျွန်ုပ် ဘယ်လော
ပိရိလိုက်ပါသလဲ။

အိမ်ခန်းထဲမှာရှိတဲ့ ဆိုင်ကပ်န
ကနံနက်လေးနာရီထိုးသံ ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ အရက်တက်ဖို့ နောက်ထပ်တစ်နာရီသာသာလောက် စောင့်ရဦးမယ်၊ အိမ်အပြင်ဘက်မှာမှောင်မည်းနေလိုက်တာ သန်းခေါင်ယံတမျှပါပဲ။

• ❁ •

တံခါးခေါက်သံကြောင့် ကျွန်ုပ်သည် မိမိစိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်စေရန် အသက်မှန်မှန် ရှူလိုက်ရသည်၊

"ဘယ်သူလဲ - ဘာကိစ္စလဲ"

ကျွန်ုပ်ကတံခါးမဖွင့်သေးပဲမေးခွန်းထုတ်လိုက်သည်။

"ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေပါ။ စစ်ဆေးစရာ ရှိလို့ပါ"

အခန်းအပြင်ဘက်မှ သာယာချော့ရွှာ ပြောသံကြားလိုက်ရသည်။ ကျွန်ုပ်က အခန်းတံခါးဖွင့်လိုက်သောအခါ ယူနီဖောင်းဝတ်ရဲနှစ်ဦးနှင့် ရပ်ကွက်လူကြီးတစ်ဦးတို့ကို တွေ့ရသည်။ ရဲအရာရှိက -

"ည - သန်းခေါင်ကျော်အချိန်မှာ ဒီအိမ်ထဲမှာ အော်သံကြီးတစ်သံ ကြားရတယ်လို့ အိမ်နီးနားချင်းတစ်ဦးက ဖုန်းဆက် အကြောင်းကြားပါတယ်။ ဒါကြောင့် - အခုလို လာစစ်တာပါ။ ဘာများဖြစ်လို့ပါလဲ"

ဟု ရှိုသာစွာ ပြောသည်။

ကျွန်ုပ်က ပြန်လည်ပြုံးပြလိုက်သည်။

"ကြွပါ - ကြွပါ - ကျွန်ုပ်အိပ်ပျော်နေ ချိန်မှာ အလွန်တရာ ထိတ်လန့်ရောက် ရှားစရာ အိပ်မက်ဆိုးတွေမက်လို့ လန့်အော်လိုက်မိတာပါ"

ကျွန်ုပ်ကသူတို့ကိုဖိတ်ခေါ်ရင်းရှင်းပြသည်။

"ဒီအိမ်က အဘိုးကြီးရော ဘယ်မှာလဲ"

ရပ်ကွက်လူကြီးက မေးသည်။

"သူ လွန်ခဲ့တဲ့နှစ်ရက်လောက်က တောပြန်သွားတယ်"

ကျွန်ုပ်ကကန္တေ့ရရဖြေလိုက်သော အခါ ရဲအရာရှိက ကျွန်ုပ်၏စကားကို အတည်ပြုနိုင်ရန် အခန်းတွင်း၌ ရှာဖွေခွင့်တောင်းသည်၊ ကျွန်ုပ်က ခွင့်ပြုသည်၊

"ရှာပါ - ရှာပါ ခင်ဗျား။ ကြိုက်သလို ရှာနိုင်ပါတယ်"

ကျွန်ုပ်က သူတို့ လွတ်လွတ်လပ်လပ်ရှာကြည့်နိုင်ရန် ဘေးဖယ်ပေးလိုက်သည်။ ရဲအရာရှိနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသည် အဘိုးကြီးအိပ်ခန်းတွင်းသို့ ဝင်ရောက်၍ နှံ့နှံ့စပ်စပ် ကြည့်ရှုကြသည်၊

ကျွန်ုပ်သည်ခေတ္တခဏသာ ကန္တေ့ဆယ်နိုင်သည်၊ မိနစ်အနည်းငယ်မျှကြာသောအခါ သူတို့ကို မြန်မြန်ပြန်စေချင်စိတ် ဖြစ်ပေါ်လာမိသည်၊

ရဲအရာရှိနှင့်ရပ်ကွက်လူကြီးတို့က တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန် ကြည့်ကြသည်၊ "ဘယ်လိုလဲ" "ဘယ့်နယ်လဲ" ဟူသောအမူအရာမျိုး စကားမပြောပဲနှင့်အဓိပ္ပာယ်ပါပါအချင်းချင်း မေးခွန်းထုတ်နေကြသည်။ အသွင်သဏ္ဍာန်မျိုးဖြစ်နေလေသည်။ ကျွန်ုပ်နှင့်သူတို့သုံးယောက် ကုလားထိုင်ကိုယ်စီဖြင့် ထိုင်နေကြသည်၊

ထိုအခိုက်အတန့်တွင် ကျွန်ုပ်၏ဦးခေါင်းထဲတွင် အုံသလိုလို မူးဝေသလိုလို ရှုတ်တရက်ခံစားမှုတစ်ရပ် ဖြစ်ပေါ်လာသည်၊ ကျွန်ုပ်၏နားထဲတွင်လည်း တဝီဝီမြည်သံများနှင့်အတူ မသဲမကွဲ စကားပြောသံများ စီစီညံလာသည်၊

ရဲအရာရှိ၊ ရဲတပ်သားနှင့် ရပ်ကွက်လူကြီး စသည့်သုံးယောက်တို့သည် သူတို့အချင်းချင်း တီးတိုးတီးတိုး သဖန်းပိုးထုပ်နေကြသည်၊ ကျွန်ုပ်က စိတ်မရှည်တော့သဖြင့် ထိုင်ရာမှ ထလိုက်သည်၊

အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်း... သလားနေလိုက်သည်၊

သူတို့သုံးယောက်စလုံးက ကျွန်ုပ်... ကို အကဲခတ်နေကြသည်၊

ကျွန်ုပ်သည် စောစောက ကျွန်ုပ်... ထိုင်ခဲ့သောကုလားထိုင်ကို ဆွဲယူ... ကြမ်းပြင်ကို ဆောင့်ချသည်၊ တစ်ကြိမ်... နှစ်ကြိမ်၊ သုံးကြိမ်မက အကြိမ်ကြိမ်... အဖန်ဖန်၊ ကုလားထိုင်ခြေထောက်များ... ဖြင့်အခင်းကြမ်းပြင်ကိုထပ်ကာတလဲလဲ... ဆောင့်နေသည်ကို မမြင်ဟန် ပြ... သည်၊ မကြားဟန် ပြုကြသည်၊

ကြမ်းပြင်အောက်မှ နှလုံးခုန်သ... ထွက်လာသည်ဟု ကျွန်ုပ်ထင်မြင်ယူ... မိသည်။ ထိုအသံကို အစပထမတွင်တိ... တိုးကြားနေရာမှ တစ်စတစ်စ ကျ... လောင်လာသည်၊ နောက်ဆုံးတွင် န... မခံသာအောင် ဆူညံလာသည်၊

ထိုအသံကို သူတို့မကြားပဲ မ... နိုင်၊

မုချ ကြားကိုကြားကြရမည်၊ သို့... တွင် သူတို့မြုံ့စေ့စေ့ပြုံးရာမှ ဟက်ဟ... ပက်ပက် ရယ်မောလိုက်ကြသည်၊

ထို ရယ်မောခြင်းသည် ပင်... ကျွန်ုပ်အား သရော်နေခြင်းဖြစ်ကြော... ကျွန်ုပ်တိတိပပနားလည်မိသည်၊ ကျွ...

www.burmeseclassic.com

မည်သည့်နည်းနှင့်မျှ မစံစားနိုင်တော့ ကြာရှည် စိတ်ကို ထိန်းသိမ်းခြင်းငှာ မစွမ်းသာတော့၊

"သင်တို့ - ဘာကြောင့်ရယ်နေကြတာလဲ၊ ဘာများသဘောကျစရာတွေ နေလို့လဲ - ပြောပါဦး"

ကျွန်ုပ်က ပွင့်ပွင့်လင်းလင်း မေးလိုက်သည်၊

သူတို့က မထီမဲ့မြင်သဘောမျိုးဖြင့် ကျွန်ုပ်၏အမေးကို ဥပေက္ခာပြုနေကြသည်၊ ထိုအခိုက်အတန့်တွင် ကျွန်ုပ် ကြားနေရသော (အဘိုးအိုကိုထည့်သွင်းဖုံးအုပ်ထားရာကြမ်းပြင်အောက်မှ နှလုံးခုန်သံကပိုမိုကျယ်လောင်လာပြန်သည်၊ ထိုအသံမှာ အဘိုးအို ဇီဝိန်ကြွေခါနီး နောက်ဆုံးအချိန်တွင် တုန်လှုပ်ချောက်ချားစွာနှင့် အသည်းအသန် အလန့်တကြားအသံကုန်အော်ဟစ်လိုက်သံနှင့် ထပ်တူထပ်မျှတူသည်၊

မည်သို့ပင်ဖြစ်စေ -

ထိုအသံကို ရဲအရာရှိ၊ ရဲတပ်ဖွဲ့ဝင်နှင့်ရပ်ကွက်လူကြီးစသော သုံးယောက်စလုံးမကြားရသည်မှာ ပရိယာယ်ဝေဝုစ်ဖြင့် ဟန်ဆောင်ခြင်းသာလျှင် ဖြစ်လိမ့်မည်၊ အကယ်၍ သူတို့ အမှန်တကယ် မကြားရခြင်းဖြစ်လျှင်လည်း ထိုအသံကို ကျော်လွှန်အောင် ကျွန်ုပ်က ပိုမိုကျယ်လောင်စွာအော်ဟစ်ပြောဆိုမှဖြစ်တော့မည်ဟူ၍ နားလည်သဘောပေါက်မိသည်၊

"ဟေး - သင်တို့က မကြားချင်ယောင်ဆောင်နေကြတာ ကျွန်ုပ် သိနေတယ်"

"ကျုပ်တို့က ဘာကို မကြားချင်ယောင်ဆောင်လို့လဲ"

ရဲအရာရှိက ဣန္ဒြေရရ ပြန်မေးသည်၊

"ဟောဒီကြမ်းပြင်အောက်ကထွက်နေတဲ့နှလုံးခုန်သံကို သင်တို့ မကြားကြဘူးဆိုတာဖြစ်နိုင်ပါ့မလား၊ ကျွန်ုပ်တော့ နားကွဲမတတ် ဆူညံလွန်းလို့ သည်းမခံနိုင်တော့ဘူး"

"ကြမ်းပြင်အောက်မှာဘယ်သူ့ရဲ့ နှလုံးခုန်သံတွေ ထွက်နေရမှာလဲ"

ရပ်ကွက်လူကြီးက ကျွန်ုပ်ကိုဖြတ်မေးသည်၊ ကျွန်ုပ်က မဖြေမီ ရဲအရာရှိက ကောက်ကာငင်ကာ လျှပ်တစ်ပြက်မေးခွန်းထုတ်သည်၊

"ဒါဆိုရင် မနေ့တစ်နေ့က အဘိုးကြီးတောပြန်သွားတယ်ဆိုတာတကယ် မဟုတ်ရဲ့လား၊ ဒီ - ကြမ်းခင်းအောက်မှာများ ရောက်နေသလား"

စင်စစ်အားဖြင့်သူသည်ကျွန်ုပ်အား ညှပ်ပူးညှပ်ပိတ်ဘောင်ခတ်လိုက်သော မေးခွန်းဖြစ်သည်၊ အကယ်၍ "မဟုတ်ဘူး" ဆိုလျှင်ကြမ်းခင်းကို ခွာ၍ရှာတော့မည်၊ "ဟုတ်တယ်" ဆိုလျှင်လည်း မရှာတော့ပဲ နေမည်မဟုတ်ပါချေ၊

ထို့ကြောင့် ကျွန်ုပ်သည် အသံကုန်အော်ဟစ်၍ပြောလိုက်ရသည်၊ သို့မှသာ ကျွန်ုပ် ကြားနေရသောနှလုံးခုန်သံကို ကျော်လွှန်နိုင်မည်ဖြစ်သည်၊ စင်စစ်အားဖြင့် ထိုနှလုံးခုန်သံဆိုသည်မှာ ကျွန်ုပ်၏ နားထဲ (အကြားအာရုံ)မှ ကြားရခြင်း မဟုတ်ပဲ ကျွန်ုပ်၏ နာမ်ဝိညာဉ်မှကြားရခြင်းဖြစ်ကြောင်း ကျွန်ုပ် မသိခဲ့ပါချေ၊

"ဟုတ်တယ်ဟေ့ - ဟုတ်တယ် အဘိုးကြီး တောပြန်သွားတယ်ဆိုတာ မဟုတ်ဘူး၊ ဟောဒီကြမ်းပြင်အောက်ကို ငါကိုယ်တိုင် ထည့်ထားတာ နားထောင်ကြည့်လိုက်ကြစမ်းပါဦး၊ ဟော - ကြားတယ်မဟုတ်လား၊ တဒုန်းဒုန်းနဲ့ ရင်ခုန်နေတဲ့အသံတွေလေ၊ အဲဒါ - အဘိုးကြီးရဲ့ ရင်ခုန်သံတွေပေါ့၊ ကဲ - သင်တို့မယုံရင် ကြမ်းပြင်ကို ခွာကြည့်ကြ - အခုချက်ချင်း"

ကျွန်ုပ်သည်စကားအဆုံးတွင်တစ်ကိုယ်လုံးပျော့ခွေကာ ဒူးထောက်မှောက်လျက်သား ကျသွားလေတော့သည်၊

>> **ဆွေမြင့်**

## ရာသီပြောင်းကာလ ကလေးများ သက်တောင့်ဆေးများ

**သန်ထလျှင်** - ကြိတ်မှန်ရွက်၊ ခွေးသေးပန်းရွက်၊ ရှိန်းမိ အနည်းငယ်ကြိတ်၍ အရည်ကို မိခင်နို့နှင့် ဖျော်၍တိုက်ပါ၊ သို့မဟုတ် မိခင်နို့ကို သုတ်လိမ်းပြီး ကလေးကို နို့တိုက်ပါ၊

ကျည်းသားအဆံကို တင်လဲ(သို့)သကြားစိမ်နှင့် ကျွေးသော် ဝမ်းဗိုက်တွင်းရှိ သန်ကောင်များ ကျဆင်းပါသည်၊

**အအေးမိလျှင်** - မြင်းခွာရွက်သတ္တုရည်ကို တိုက်ပေးပါ၊

www.burmeseclassic.com

www.burmeseclassic.com




# ထောင်မှူးကြီးသိန်းဝင်း

## ထောက်လှမ်းရေးအရာရှိတစ်ဦး၏

# ဖွင့်ဟဝန်ခံချက်

**ကျွန်တော်**သည် တက္ကသိုလ်ကျောင်းသားတစ်ဦးဖြစ်သည်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်က (RIT)ဟု ခေါ်ဆိုသော ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတစ်ဦးလည်းဖြစ်ပါသည်။ ကျွန်တော်၏အစ်ကို ကြီးဖြစ် သူမှာ ထောက်လှမ်းရေးမှူးချုပ်မှန်ကြီးဗိုလ်ချုပ်တင်ဦး၏လက်အောက်တွင် ထောက်လှမ်းရေးညွှန်ကြားရေးမှူးအဖြစ်တာဝန်ယူရသူဖြစ်ပြီး မင်္ဂလာဒုံလေဆိပ်ဝင်းအတွင်း၌ ရုံးထိုင်ပါသည်၊ သူ၏အဆက်အသွယ်ဖြင့် ကျွန်တော် (RIT) ကျောင်းသားတစ်ဦးဖြစ်သော်လည်း တစ်ဖက်တွင်ထောက်လှမ်းရေးသမားတစ်ဦးဖြစ်သည်။

ကျွန်တော့်အား ထိုက်သင့်သလို လစာလည်းပေးထားသည်။ မကြာခဏလည်း ကျောင်းပိတ်ရက်များတွင် ထောက်လှမ်းရေးသင်တန်းကို တက်ရောက်ရသည့်တက္ကသိုလ်ကျောင်းသားထောက်လှမ်းရေးသမားဟု ဆိုလျှင်လည်း မမှားပါ။ ကျွန်တော်က (RIT) ကျောင်းသားတစ်ဦးဖြစ်သောကြောင့် တက္ကသိုလ်ကျောင်းသားစိတ်ဓာတ်တော့ ရှိပါသည်။ သို့သော် တခြားတက္ကသိုလ်ကျောင်းသားများလို အဖွဲ့အစည်း

ရဲဘော်ဘဝ၊ အငြိမ်းစားဘဝ တို့ကို ခက်ခဲစွာ ဖြတ်ကျော်ခဲ့ပြီး နောက်ဆုံး ဘာသာရေးဘက်သို့ ငြိမ်းချမ်းစွာ ရောက်ရှိသွားသည့် လူတစ်ယောက်အကြောင်း ..

www.burmeseclassic.com

www.burmeseclassic.com

နှင့်သမဂ္ဂများတွင်တော့ပါဝင်လေ့မရှိပါ။ ကျွန်တော်ရရှိထောက်လှမ်းထားသော အကြောင်းအရာများကိုသာ ကျွန်တော့်အစ်ကိုကြီးမှတစ်ဆင့် အထက်သို့ သတင်းပေးပို့ရခြင်းဖြစ်သည်။

ကျောင်းပြီး၍ စက်မှုတက္ကသိုလ်မှ ဘွဲ့ရတော့လည်း ကျွန်တော်သင်ယူခဲ့သော စက်မှုဘာသာရပ်များနှင့်မဆိုင်ဘဲ ထောက်လှမ်းရေးတပ်၌သာ တာဝန်ထမ်းဆောင်ရသည့် ကျွန်တော့်အား ထောက်လှမ်းရေးဗိုလ်ကြီးအဆင့် တာဝန်ပေးထားပါသည်။ အစ်ကိုကြီးဖြစ်သူ ဗိုလ်မှူးကြီးနှင့် အတူတွဲ၍ တာဝန်ထမ်းဆောင်ရပြီး ထိုခေတ်က မျက်မှန်ကြီးဟု နာမည်ကြီးသော ထောက်လှမ်းရေးဗိုလ်ချုပ် ဦးတင်ဦးထံသို့ မကြာခဏ အဝင်အထွက်ရှိပါသည်။

ထို့ကြောင့်လည်း ဗိုလ်ချုပ်တင်ဦးက ကျွန်တော့်အား သဘောကျပြီး တစ်နေ့တွင် ကျွန်တော့်အစ်ကိုကြီးထံမှ သူ၏ လုံခြုံရေးအရာရှိအဖြစ် ခန့်ထားရန် တောင်းဆိုပါသည်။ လုံခြုံရေးအရာရှိ ဗိုလ်ကြီးတာဝန်ထမ်းဆောင်စဉ် ကျွန်တော့်အား ဗိုလ်ချုပ်တင်ဦးက သဘောကျသောကြောင့် သူ၏ကိုယ်ရေးအရာရှိ (PA) အဖြစ် အနီးကပ်လုံခြုံရေးထမ်းဆောင်ရန် တာဝန်ပေးပြန်ပါသည်။

ထိုစဉ်အခါက မျက်မှန်ကြီး ဦးတင်ဦးဆိုသည်မှာ ဗိုလ်ချုပ်ကြီးနေဝင်း၏ လက်ရုံး ထောက်လှမ်းရေးအရာရှိဖြစ်သည်။ မြန်မာပြည်၌သာမက အရှေ့တောင်အာရှနိုင်ငံများ၌ပင် နာမည်ကျော်ကြားသူဖြစ်သည်။

ထို့ကြောင့် ကျွန်တော်လည်း မျက်မှန်ကြီးဦးတင်ဦး၏ အရိပ်အဝါဖြင့် ပေါက်ရောက်သူတစ်ဦးလည်းဖြစ်လာပါသည်။

ထိုစဉ်အခါက မြန်မာပြည်၏ ထောက်လှမ်းရေးအဖွဲ့မှာ လွန်စွာတန်ခိုး ထွားပြီး မြန်မာနိုင်ငံရှိ လှုပ်ရှားမှုမှန်သမျှကို ထောက်လှမ်းပြီး ဦးနေဝင်းအား တင်ပြနိုင်ခဲ့သည်။ ထို့ကြောင့်လည်း ဦးနေဝင်းအား လုပ်ကြံပုန်ကန်ကြမည့် ဗိုလ်ကြီး ဝင်းသိန်းနှင့် ဗိုလ်ကြီးအုန်းကျော်မြင့်တို့ အဖွဲ့အား လုပ်ကြံရန် စီစဉ်နေကြစဉ် ကာလ၌ပင်အချိန်မီဖမ်းဆီးနိုင်ပြီးခေါင်းဆောင်ဖြစ်သူ ဗိုလ်ကြီး အုန်းကျော်မြင့်အား သေဒဏ်ပေးပြီးကြိုးပေးကွပ်မျက်နိုင်ခဲ့ပါသည်။

ထိုစဉ်က ဦးနေဝင်းမှာ မြန်မာ့ဆိုရှယ်စ်လမ်းစဉ်ပါတီကို တည်ထောင်ဖွဲ့ည်းပြီး တစ်သွေးတစ်သံ၊ တစ်မိန့်ဖြင့် မာနိုင်ငံအားအုပ်ချုပ်နေသောအချိန် ခါလည်းဖြစ်ပါသည်။ သူက ထွက်ပေါ် သည့်ရန်သူဟူသမျှကို ကျူပင်၊ ကျူ ပ်ပင်မကျန်အောင် အပြတ်ရှင်းလင်း လည်းဖြစ်ပါသည်။ တစ်နေ့တွင်တော့ က်မှန်ကြီး ဗိုလ်ချုပ် တင်ဦး၏သား ဒယား(ထိုင်း)သို့ အလည်သွားရာ င် လေယာဉ်ပျံအဆင်း၌ ယိုးဒယားမှ င်းဆောင်များ က ကော်ဇောနီခင်း၍ ဆိုသည်ဟု ကြားသိရသည်။

ထိုအချိန်ကတည်းကစ၍ မျက်မှန် ဗိုလ်ချုပ်တင်ဦးကို ဥက္ကဋ္ဌကြီး နေဝင်း၊ မျက်စိစပါးမွေးစူးလာဟန်တူ ည်။ ဗိုလ်ချုပ်တင်ဦး၏သားဖြစ်သူ ဝေဟာအနီးရှိ ...းမဆောင်တွင် ဘာညစ်စာပွဲပြီးနောက် မျက်မှန်ကြီး င်ဦးမှာလည်းဦးနေဝင်းအားတော် န်ကန်ရန် စီစဉ်သည်ဟူသောစွဲ ဖြင့် အဖမ်းခံရတော့သည်။ ထိုစဉ် မျက်မှန်ကြီးဦးတင်ဦးနှင့်အတူ ပြည် ဝန်ကြီး ဦးဘိုနီလည်း ပါရှိပြီး နှိမ်ဟိုအကျဉ်းထောင်သို့ပို့ဆောင် ပြီး စစ်ကြောရေးလုပ်သည့် အနီးကပ်ကိုယ်ရေးအရာရှိဖြစ်သူ ကျွန်တော့်ကိုလည်း ရေကြည်အိုင်စစ်ကြောရေးစခန်းသို့ခေါ်ပြီး ချုပ်နှောင်စစ်ဆေးခံရသည်။

အလုံပိတ်အခန်းအတွင်း၌ မဝရေစာကျွေး၍ ချုပ်နှောင်ထားပြီး တစ်ခွဲပြီး တစ်ဖွဲ့စစ်မေးကြခြင်းဖြစ်ပါသည်။ အမှန်မှာ ထိုကဲ့သို့ ဗိုလ်ချုပ်တင်ဦးက ကြံရွယ်ခဲ့ခြင်းမရှိပါ။ ကျွန်တော် အတွင်းလူဖြစ်သောကြောင့်အကုန်အစင်သိရှိပါသည်။ သို့သော် ထိုခေတ် ထိုအခါက ရန်သူဝိုင်းနေပြီးစိုးရိမ်စိတ် လွန်ကဲသောစိတ်ဓာတ်ရှိသည့် ဥက္ကဋ္ဌကြီး ဦးနေဝင်းက ကြိုတင်ကာကွယ်၍ဖမ်းဆီးချုပ်နှောင်ထိန်းသိမ်းခြင်းဖြစ်ပါလိမ့်မည်။

တပ်မတော်သားအချင်းချင်းဖြစ်သော်လည်း ကျွန်တော့်မှာ ဆိုးဝါးရက်စက်စွာဒဏ်ခတ်၍အစစ်အမေးခံရသည့် ပြင်ပလေနှင့် ပြင်ပနေရောင်ခြည်ကိုတောင် မတွေ့မမြင်ရသည်မှာ ကာလအတော်ကြာသည်။ ထို့နောက်တွင်တော့ ကျွန်တော့်၌ နိုင်လုံသောအပြစ်မရှိမှန်း သိကြသောကြောင့် တပ်မတော်က အနားပေးပြီး အလုပ်ဖြုတ်ပစ်လိုက်ပါသည်။ မကြာပါ မျက်မှန်ကြီးဦးတင်ဦး၏

www.burmeseclassic.com



အရင်တုန်းက
ဗိဿနိုးမြို့ဟောင်းအတွင်းမှာ
ဘယ်ဘုန်းကြီးမှ ကျောင်းဆောက်ပြီး
နေလို့မရဘူး။ ဗိဿနိုးဘုရင်မက
ဘုန်းကြီးရဟန်းတွေကိုမုန်းတော့
လက်မခံဘဲ အမျိုးမျိုးနည်းနဲ့
မောင်းထုတ်တယ်လို့ သိရတယ်။
ဒီဆရာတော်ကျတော့ ဗိဿနိုး
ဘုရင်မလည်း မောင်းမထုတ်နိုင်
တော့ဘူးထင်ပါရဲ့။

ထောက်လှမ်းရေးအဖွဲ့မှရှိတော့သည်နှင့် မြန်မာနိုင်ငံတွင် လုံခြုံရေးကိစ္စများလွန်စွာအားနည်းသွားဟန်တူပါသည်၊

ထို့ကြောင့် အာဇာနည်ကုန်းတွင် တောင်ကိုရီးယားခေါင်းဆောင် လာရောက်အလေးပြုမည့်အချိန်တွင်မြောက်ကိုရီးယားမှ အသေခံစစ်သားများက လာရောက်လုပ်ကြံခြင်းကို ကြုံရတော့သည်၊ အချိန်ကိုက်ဗုံးခွဲဖျက်ဆီးခြင်းဖြစ်သည်၊ သို့သော် ကံအားလျော်စွာ ဗုံးကွဲသည်မှာ အချိန်စောသောကြောင့် တောင်ကိုရီးယားခေါင်းဆောင်အသက်မသေဘဲ လွတ်မြောက်သွားပါသည်၊ မြောက်ကိုရီးယားမှ လာရောက်လုပ်ကြံကြသူဗိုလ်မှူးဇင်ဘိုနှင့်ဗိုလ်ကြီးကင်ဝိန်ချူးတို့အား မြန်မာ့တပ်မတော်မှ အသေခံ၍ ဖမ်းဆီးသောကြောင့် ဖမ်းဆီးရမိသည်၊

ထိုသို့မြန်မာ့တပ်မတော်မှ ဖမ်းဆီး…ဗိုလ်မှူးဇင်ဘိုက အသေခံပြီး ဗုံးခွဲခဲ့…သောကြောင့်မြန်မာ့တပ်မတော်ဘက်မှ…သည်များ အကျအဆုံးနှင့် ပြင်းထန်…သောဒဏ်ရာများ ရကြသည်၊ အသေခံ…ခွဲသူ မြောက်ကိုရီးယား ဗိုလ်မှူး…ဘိုလည်း မသေမရှင်ဖြစ်သွားသည်၊ …အား မြန်မာဆရာဝန်များက ကြပ်…ကုသပေးသောကြောင့်ခြေနှစ်ဖက်…လက်နှစ်ဖက် ဆုံးရှုံး၍ ဖြတ်လိုက်ရ…သည်၊ ဗုံးစများက ၎င်း၏ရင်ဝနှင့် ဗိုက်…တွင်းစိုက်ဝင်နေသောကြောင့်အပြင်း…ထန် အသက်လု၍ ကုသပေးခဲ့ရ…ကြောင်းလည်း သိရှိရသည်၊ ထို့နောက်…ဗိုလ်မှူးဇင်ဘိုအား ခြေပြတ်၊ လက်…ဖြင့် ကြိုးပေးပြီး ကွပ်မျက်လိုက်…သည်၊

ဗိုလ်ကြီးကင်ဝိန်ချူးကို တော့…စိန်ထောင်… ချုပ်နှောင်…ကြောင်းကြားသိရပါသည်၊ ၁၉၈၈…လူထုအုံကြွမှုအရေးအခင်းကြီးဖြစ်…လည်း ဗိုလ်ချုပ်တင်ဦးနှင့် ဦးဘိုနီ…စိန်ထောင်အတွင်း၌ရှိနေပြီးထို…ကြီးမှ အရှေ့ဘက်တွင် ရှိသည့်…ထောင်သို့ ပြောင်းရွှေ့ပေးခဲ့ရ…သိရှိရပါသည်၊

ထိုထောင်ကလေး၌လည်းမြောက်ကိုရီးယားမှ ဗိုလ်ကြီးကင်ဝိန်ချူးကို ချုပ်နှောင်ထားရာနေရာလည်းဖြစ်ပါသည်၊ ကျွန်တော့်အမြင်တွင်တော့ နောက်ပိုင်းထောက်လှမ်းရေးတပ်ဖွဲ့တွင် ဦးဆောင်ကြသူများမှာမျက်မှန်ကြီးဦးတင်ဦးကဲ့သို့ထောက်လှမ်းရေးနည်းပညာ မကြွယ်ဝသောကြောင့် တိုင်းပြည်၏ လုံခြုံရေးကို ထိပါးခံရသည်ဟု မြင်ပါသည်၊

ကျွန်တော် လွတ်မြောက်တော့မှ ကျွန်တော် တတ်သောပညာဖြင့် တွင်ခုံတစ်လုံး တည်ထောင်ပြီး ကိုယ်ပိုင်စက်မှုစက်လုပ်ငန်းကို လုပ်ဆောင်ပါသည်၊ မည်သူ့ထံမှလည်း အကူအညီမရသလို အကူအညီလည်း မတောင်းခံခဲ့ပါ၊ ကျွန်တော်၏တူတော်သူတပည့်များဖြင့်လုပ်ဆောင်ခဲ့ကြခြင်းသာ ဖြစ်ပါသည်၊ စက်မှုစက်လုပ်ငန်းလုပ်ကိုင်ခြင်း၊ လိုအပ်သောစက်ပစ္စည်းများ ဝယ်ရန်အတွက် မကွေးမြို့နှင့် တောင်တွင်းကြီးမြို့များသို့ မကြာခဏ ရောက်ရှိသည်၊

တစ်နေ့ မိုးချုပ်စ မကွေးမြို့မှ တောင်တွင်းကြီးမြို့သို့အသွား ရန်ပယ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

တံတားကို ဖြတ်ကူး၍ ကုတ္တိုဠ္ခရွာအနီးသို့အရောက်တွင် သက်န်းဝတ်ဘုန်းကြီးတစ်ပါး လျှောက်လှမ်းနေသည်ကိုမြင်ရသောကြောင့် ကျွန်တော်၏ ဟိုင်းလပ်ကားအားရပ်ပြီး ခေါင်းခန်းထဲတွင်ပါလာသည့်တပည့်ဖြစ်သူအား ဆင်း၍ ဆရာတော်အား ပင့်နိုင်းရသည်။

"ဝင်းနိုင်ရေ - ကားပေါ်ကဆင်းပြီး ဟိုလမ်းဘေးမှာ ကြွလှမ်းနေတဲ့ဆရာတော်ကို သွားပင့်ချည်ကွာ၊ ဆရာတော် သွားမယ့်ဘက်က ငါတို့လည်း ခရီးကြုံသားပဲ၊ ကုသိုလ်ရအောင်ပင့်ခေါ်သွားကြတာပေါ့"

"ဟုတ်ကဲ့ပါ - ဆရာ"

ဆရာတော်အား တပည့် ဖြစ်သူ မောင်ဝင်းနိုင်ကပင့်ခေါ်လာပြီးခေါင်းခန်းအတွင်း၌ နေရာပေးသည်၊ ကျွန်တော် ကားကို ဆက်၍မောင်းသည်၊ ကားမောင်းရင်း ကျွန်တော်က ဆရာတော်အား လျှောက်ထားရပါသည်။

"ဆရာတော် - ဘယ် ကြွမှာလဲ ဘုရား"

"အေးကွယ် - ကုတ္တိုဠ္ခရွာက ဒကာအိမ်ကနေ ဗိသနိုးနန်းတွင်းကျောင်းကို ပြန်မလို့ - ဒကာကြီးရဲ့"

"အရှင်ဘုရား - တပည့်တော် ကားကြုံနေတာပဲ၊ အဲဒီနန်းတွင်းကျောင်းအထိ လိုက်ပို့ပေးပါ့မယ်"

"မလိုပါဘူး - ဒကာရယ်၊ ဗိသနိုးမြို့ဟောင်းဝင်ပေါက်ရရင်ပဲ တော်ပါပြီ၊ အထဲမှာလည်း မြစိမ်းဆူးပင်တွေက လမ်းကိုပိတ်ဆို့ပြီးပေါက်နေလို့ဒကာတို့ကား ဝင်လို့မရနိုင်ပါဘူး"

ကုတ္တိုဠ္ခရွာနှင့်ဆရာတော်ကျောင်းဝင်ပေါက်အဝမှာ (၁၀)မိုင်ခန့်ဝေးသည်၊ လမ်းနှစ်ဖက်၌လည်း အညာဆူးချုံများက ပြည့်ကျပ်နေအောင် ပေါက်ရောက်နေသည်၊ ညရေးညတာ လမ်းလျှောက်ရန် သင့်လျော်သောနေရာ မဟုတ်ပါ၊ နန်းတွင်းကျောင်းအဝင်လမ်းရှိ နန်းရေှ့သို့ရောက်တော့ ကျွန်တော်က ကားခေါင်းကို အဝင်လမ်းဘက်သို့လှည့်ပြီး ကားကို ရပ်လိုက်ရသည်၊

ဆရာတော်ပြောသည်က မှန်ပါသည်၊ ကျောင်းအဝင်လမ်းတစ်လျှောက်လုံးမြစိမ်းနှင့်ဆူးပင်များက လမ်းဘေး၌ ပေါက်ရောက်နေပြီး အချို့နေရာများ၌ လမ်းပေါ်သို့ပင် ကိုင်း၍ကျနေသည်၊ မည်သို့မျှ ကားဝင်၍မရနိုင်ပါ၊ လမ်းမှာလည်း ဆူးချုံများ ဖုံးနေပြီး လူလျှောက်သောလမ်းကလေးသာ မထင်မရှားဖြစ်ပေါ်နေပါသည်၊ ဆရာတော်က -

"ကဲ - ဒကာ - ကားရပ်တော့၊ ဘုန်းကြီးကြွတော့မယ်"

"အရှင်ဘုရား - လမ်းပေါ်မှာလည်း ဆူးပင်တွေနဲ့ တပည့်တော်တို့ လိုက်ပို့ပါ့မယ်"

"နေ - နေတော့ - ဒကာ၊ ဒီလမ်းကလေးက ဘုန်းကြီးလျှောက်နေကျ၊ အကြောင်းသိတယ်၊ ဒကာတို့လိုက်ပို့ကြရင် အကြောင်းမသိလို့ မြစိမ်းဆူးအဆူးခံရရင် အနာက အတော်နဲ့ မပျောက်ဘူး - အဆိပ်ရှိတယ်"

ထို့ကြောင့် ကျွန်တော် ဆရာတော်ကြွလှမ်းသွားရာလမ်းအတွင်းသို့ မော်တော်ကားမီးကို ထိုးပေးထားရင် စောင့်ကြည့်နေရာ ဆရာတော်ကြွလှမ်းသွားသည်မှာ အလွန်လျင်မြန်လှသည်၊ သူစီးထားသည်က ကားတာယာဖိနပ်၊ ထိုဖိနပ်က ဆူးဖောက်မဝင်နိုင်သောကြောင့် အမြင်စီးထားဟန်တူပါသည်၊

ဆရာတော်မှာ ဆူးချုံတောအတွင်း ဒုန်ကြွသလို ကြွသွားပြီး ခဏအတွင်း မီးရောင်အောက်မှ ပျောက်ကွယ်သွားတော့သည်၊ ထိုညက ကျွန်တော်တို့ ဆရာတပည့်အဖွဲ့ တောင်တွင်းကြီးမြို့ရှိ အသိအိမ်တွင် တည်းခိုညစာစားကြရင်း ဆရာတော်ဘုရားအကြောင်းကို မေးမြန်းမိတော့ အိမ်ရှင် ကျွန်တော့်အသိက -

"ဗိုလ်ကြီး - အဲ့ ဆရာတော်က အတော်ထူးဆန်းတယ်ဗျ၊ သွားဖူးရင်လည်း တွေ့ချင်မှတွေ့ရတာ၊ သူ့ကျောင်းမှာလည်း သက်သတ်လွတ်ပဲစားတာ၊ ဆွမ်းခံကြွတာတောင် တစ်နေရာတည်း နေ့စဉ်ကြွတာမဟုတ်ဘူး၊ ဗိသနိုးမြို့ဟောင်းနဲ့ ပတ်ဝန်းကျင်ရွာတွေကို ရက်ခြားပြီးကြွတာ၊ တစ်ခါတစ်ရံ တောင်တွင်းကြီးမြို့ပေါ်တောင်ရောက်လာတတ်တယ်၊ ခရီးကအလှမ်းဝေးပေမယ့်ဆရာတော်က ရောက်လာတတ်တယ်၊ အချို့ကတော့ အဲဒီဆရာတော်ဟာ ထွက်ရပ်ပေါက်ပြီး ရှာန်ရနေတယ်လို့လည်းပြောကြတယ်၊

အရင်တုန်းက ဗိသနိုးမြို့ဟောင်းအတွင်းမှာ ဘယ်ဘုန်းကြီးမှ ကျောင်းဆောက်ပြီးနေလို့မရဘူး၊ ဗိသနိုးဘုရင်မက ဘုန်းကြီးရဟန်းတွေကိုမုန်းတော့ လက်မခံဘဲအမျိုးမျိုးနည်းနဲ့မောင်းထုတ်တယ်လို့ သိရတယ်၊ ဒီဆရာတော်ကျတော့ ဗိသနိုးဘုရင်မလည်း မောင်းမထုတ်နိုင်တော့ဘူးတဲ့ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ - အဲ ဒီ ဆရာ တော် က ဘွဲ့အမည် ဘယ်လိုခေါ်သလဲ"

"ဘုန်းကြီးဘွဲ့တော့ ရှိမှာပေါ့။ ဒါပေမဲ့ - ကျွန်တော်တို့ နီးစပ်ရာမြို့တွေ၊ ရွာတွေကတော့ အဲဒီဆရာတော်ကို ငါးသနီးမြို့ဟောင်းနန်းတွင်းဆရာတော်လို့လဲ ခေါ်ကြပါတယ်"

နောက်တစ်နေ့မနက် (၉)နာရီခန့် ကျွန်တော်တို့ကိစ္စများ ပြီးစီး၍ ပြန်ကြတော့ဆရာတော်ညက ဆင်းသွားသည့် ငါးသနီးမြို့ဟောင်း ဝင်ပေါက်ရှေ့အရပ်တွင် ကျွန်တော်ကားကိုရပ်လိုက်သည်။ ထို့နောက်အတူ ပါလာသူတပည့်များအား -

"ကဲ - ဆင်းကြစမ်းကွာ။ ကားထဲမှာ ပါလာတဲ့ မားတွေ၊ ပေါက်တူးတွေနဲ့ ဒီကျောင်းအဝင်လမ်းကို ရှင်းကြစမ်းကွာ" ဟု ပြောဆိုပြီး ကျွန်တော်ကိုယ်တိုင်ဦးဆောင်၍လမ်းတစ်ဖက်တစ်ချက်မှ ဆူးပင်များအား ခုတ်ထွင်ရှင်းလင်းကြတော့သည်။

ကန္တာရဆူးပင်များမှာ အသားမာများဖြစ်ကြသည်။ ဆူးဖြူဖြူများကလည်း တစ်ပင်လုံးအနှံ့ ပျံ့ကျဲနေသောကြောင့် အလွန်သတိထားရသည်။ ကျွန်တော်နှင့် တပည့်များက လမ်းဘေးတစ်ဖက်တစ်ချက်ရှိ ဆူးချုံများကို ရှင်းလင်းသလို၊ ကျန်တပည့်နှစ်ဦးကလည်း လမ်းပေါ်ရှိ ဆူးချုံများကို ပေါက်ပြားဖြင့် ရှင်းလင်းကြပါသည်။ လမ်းဝနှင့် ဆရာတော်ကျောင်းမှာ (၁)မိုင်ကျော်ဝေးကွာသောကြောင့် ကျွန်တော်တို့အဖွဲ့ လမ်းပေါ်ရှိ ဆူးပင်များအား အကုန်အစင်ပြောင်အောင် မရှင်းနိုင်ပါ။ လူတစ်ဦး လမ်းလျှောက်သာရုံ အကျယ် (၂)ပေခန့် လှမ်းအူကြောင်းကိုသာ ရှင်းလင်းနိုင်ပါသည်။

လမ်းဘေးရှိဆူးကိုင်းများကိုလည်း အပြောင်မရှင်းနိုင်ပါ။ လမ်းပေါ်သို့ ကိုင်းကျနေသည့် ဆူးကိုင်းများလောက်ကိုသာ ဖယ်ရှားရှင်းလင်းနိုင်ပါသည်။

ထို့ကြောင့် ကားဝင်၍ မရနိုင်သေးပါ။ ကားကိုသော့ပိတ်ပြီး လမ်းဝတွင် ရပ်ထား၍ အတွင်းသို့ ကျွန်တော်တို့အဖွဲ့ လမ်းလျှောက်ပြီး ဝင်ခဲ့ကြပါတော့သည်၊

ဆရာတော်ဘုရား၏ ပျဉ်ထောင်ကျောင်းကလေးအနီးသို့ ရောက်သောအခါအနီးရှိ ဆွမ်းချက်ဆောင်အတွင်းမှ ကပ္ပိယတစ်ဦး ထွက်လာပြီး -

"ဒကာတို့ - ဆွမ်းချက်ရုံဘက်ကို လာခဲ့ကြကွယ့်။ နေ့လယ်စာစားဖို့ထမင်းပွဲအသင့်ပြင်ထားတယ်။ ကျောင်းပေါ်မှာ ဆရာတော်ဘုရားတရားထိုင်နေတယ်။ စားသောက်ပြီးမှ ဖူးမြော်ကြပေါ့ကွယ်"

ကျွန်တော် လွန်စွာအံ့ဩမိသည်။ မနေ့က ညနေပိုင်း ခဏသာ ဖူးတွေ့ခဲ့ရသောဆရာတော်က ကျွန်တော်တို့ ယနေ့မနက်ကျောင်းအတွင်းသို့ဝင်လာမည်ဟု မည်သို့သိသည်မသိပါ။ ယခုတော့ ပင်ပင်ပန်းပန်းဖြင့် ကျွန်တော်တို့ ဆရာတပည့်အဖွဲ့ဆရာတော်ကျောင်းမှ သက်သတ်လွတ်ထမင်းဟင်းများဖြင့် မြိန်ယှက်စွာ စားကြရတော့သည်။

စားသောက်ပြီးမှ ဆရာတော်ကျောင်းပေါ်သို့တက်၍ ဖူးမြော်ရတော့သည်။

"ထမင်းဝကြရဲ့လားကွယ့်။ ဘုန်းကြီးကျောင်းက သက်သတ်လွတ်ဟင်းတွေဆိုတော့ ရန်ကုန်ကကောင်တွေစားဆာ စားနိုင်ကြရဲ့လား"

"မှန်လှပါ ဘုရား။ တပည့်တော်တို့ ..င်ပန်းလို့လားမသိ၊ ထမင်းစားလို့ အလွန်မြိန်ပါတယ် ဘုရား"

"အေး - မင်းတို့က ငါမခိုင်းဘဲ ဆူးပင်တွေကို ခုတ်တာကိုး။ အဲဒီအပင် တွေက ခဏအတွင်း ခုတ်လို့မရဘူး၊ အသားက အလွန်မာတယ်။ ဆူးတွေ... အလွန်ထက်တာ။ မားထက်ထက်ကိုယ် စီနဲ့ လူလေး၊ ငါးယောက် ရှင်းတာတောင် မှ နှစ်ရက်၊ သုံးရက်ကြာအောင် ရှင်း... လိမ့်မယ်"

"မှန်လှပါ ဘုရား။ တပည့်တော်တို့ နောက် တစ် ခါလာရင် မားကိုယ်စီနဲ့ ဆရာတော်ကျောင်းမှာ အိပ်ပြီးရှင်းလင်း... ပေးပါ့မယ်"

"အေးကွယ့် - ကောင်းတာပေါ့... ကုသိုလ်ဆိုတာ ယူတတ်ရင် ရတာပဲ... နောက်တစ်ခါလာရင် ဘုန်းကြီးကျောင်း... မှာ အိပ်ကွယ့်၊ ဘုန်းကြီးကျောင်းမှာ... အသားဟင်းမကျွေးနိုင်ပေမယ့်ဟင်းသီး... ဟင်းရွက်တွေကတော့ ပတ်ဝန်းကျင်ရွာ... က ဒကာတွေလှူထားလို့ပေါများပြည့်... ပါတယ်"

သို့နှင့် ထိုနေ့က မကွေးမြို့တွင် ကိစ္စ... ရှိသေးသောကြောင့် ဆရာတော်ဘုရား... အား ဦးချပြီး ကျွန်တော်တို့ ပြန်ထွက်ခဲ့... ကြသည်။ ကပ္ပိယကြီးအား နှုတ်ဆက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com

ရေတောင်းသောက်ရသည်။ သောက်ရေမှာ ကြည်လင်ခြင်းမရှိပါ။ မြစ်ရေလား၊ ကန်ရေလားတော့ မသိပါ။

"ကပ္ပိယကြီး - ဒီကျောင်းဝင်းအတွင်းမှာ ရေတွင်းရှိသလား။ ဒီရေက ဘာရေလဲ"

"ချောင်းရေတစ်လှည့်၊ ကန်ရေတစ်လှည့်ပေါ့ - ဒကာရယ်၊ ဒီကျောင်းဝင်းအတွင်းမှာ ရေတွင်းတူးလို့မရဘူး။ တချို့ဒကာတွေ အဝီစိတွင်းတူးတာ မအောင်မြင်ကြလို့ လက်လျှော့သွားကြရတယ်။ ချောင်းရေဖြစ်စေ၊ ကန်ရေဖြစ်စေ ဒီကျောင်းကနေ (၂)မိုင်၊ (၃)မိုင်သွားမှ ရေခပ်လို့ ရနိုင်တာ၊ ကျုပ်အတွက် ရေခပ်ရတာလည်း အတော်ပင်ပန်းတဲ့ အလုပ်တစ်ခုပဲ"

"ကျွန်တော် စဉ်းစားတိုင်ပင်ဦးမယ် ကပ္ပိယကြီး"

သို့နှင့် ကျွန်တော်တို့ မကွေးမြို့သို့ ပြန်ခဲ့ကြပါသည်။ မကွေးမြို့တွင် ညအိပ်၍ အလုပ်ကိစ္စများ တိုင်ပင်ပြီး လိုအပ်သော စက္ကူစက်ပစ္စည်းများအား ဝယ်ရသည်။ နောက်နေ့မနက်မှ ရန်ကုန်မြို့သို့ ပြန်ခဲ့ကြသည်။ လမ်းခရီးတစ်လျှောက်လုံး၌ ကျွန်တော် စဉ်းစားလာခဲ့မိသည်။

ကျွန်တော့်ဘဝတွင် ကျောင်းသားဘဝနှင့် စစ်သားဘဝ။ ယခုတော့ စီးပွားရေးသမားဘဝ၊ မိသားစုစားဝတ်နေရေးကိုသာ ဦးစားပေးပြီး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်ပါလျက် ဘာသာရေးဘက်ကို လှည့်၍ပင် မကြည့်အားခဲ့ပါ။ ယခုတော့ ဆရာတော်ဘုရားက အချိန်တန်၍ သတိပေးဟန်တူပါသည်။

ထို့ကြောင့်ကျွန်တော် အခြေကျနေပြီဖြစ်သော စက္ကူစက်လုပ်ငန်းအား ညီဖြစ်သူကို ဦးစီးစေ၍ တပည့်များအား လွှဲပေးပြီး ဘာသာရေးကိစ္စများကိုထဲထဲဝင်ဝင် ပြုလုပ်ရန်အချိန်တန်ပြီဟု ဆုံးဖြတ်မိတော့သည်။

ထို့နောက်ပိုင်းတွင် ကျွန်တော် ဆရာတော်ကျောင်းအတွက် အဝီစိရေတွင်းတူး၍လှူရာ ပေ(၃၀၀)ခန့်ဖြင့် ရေကောင်းရေသန့်ရသည်၊ ဆရာတော်က ကျွန်တော့်အား ပဋ္ဌာန်းဆက်နီးသည်ဟု ကောင်းချီးပေးပါသည်။ ထို့အပြင် ကျွန်တော့်အား ပုတီးစိပ်နည်းနှင့် တရားထိုင်နည်း၊ သုတ္တံဝါများအား ထိရောက်သော မေတ္တာပို့ပုံများကိုပင် သင်ပေးပါသည်၊

လှူတိုင်းအတွက် အရေးကြီးသည်မှာ မေတ္တာတရားဖြစ်ကြောင်းလည်း သွန်သင်ဆုံးမပါသည်။ ထို့နောက်ပိုင်းတွင် ကျွန်တော် မကြာခဏ ဆရာတော်ကျောင်း၌ ဒုလ္လဘရဟန်းဝတ်ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာတော်၏ အဆုံးအမနှင့် သင်ကြားပေးမှုများကြောင့် ကျွန်တော်လောကကြီးကိုရှုမြင်သုံးသပ်နိုင်ပြီး အနိစ္စ၊ အနတ္တ၊ ဒုက္ခတရားများကို ထဲထဲဝင်ဝင် သိမြင်လာတော့သည်၊

ထို့အပြင် တရားထိုင်၍ ထွက်လေ၊ ဝင်လေမှတ်ခြင်း၊ ဝိပဿနာတရားပွားများပုံများကိုလည်း စနစ်တကျလေ့လာသိရှိရတော့သည်။ ထို့နောက်ပိုင်းတွင် ကျွန်တော် ဆရာတော်၏အဆုံးအမအရ ဒုလ္လဘရဟန်းသာမက နောက်ပိုင်းမိသားစုကိုလည်းစိတ်ချရသောကြောင့် အပြီးအပိုင် ရဟန်းဘဝသို့ ခံယူလိုက်တော့သည်။ ဤအခါတွင်မှ ကျွန်တော့်တွင် ကျောင်းသားစိတ်ဓာတ်၊ စစ်သားစိတ်ဓာတ်၊ အိမ်ထောင်စုဖွားစိတ်ဓာတ်များမရှိတော့ပါ။ တရားထိုင်ခြင်းအလုပ်၊ ဝိပဿနာတရားကိုတည့်တည့်ရှုနိုင်ပြီဖြစ်သည်။ ယခင်အခါများက မဟုတ်မဲ့အာယာတထားသောစိတ်ဓာတ်များလည်း ချုပ်ငြိမ်းပပျောက်သွားပါသည်။ ဤဆိုသည်မှာ အပေါင်းအသင်းဖြင့်နေသောသုတ္တံဝါဖြစ်သည်၊

ထို့ကြောင့်လည်းအိမ်ထောင်သည်ဘဝရောက်၍ဝမ်းစာရှာဖွေရင်းလောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားများကို အဆုံးမသတ်နိုင်သော ကျွန်တော့်ဘဝမှာ နန်းတွင်းဆရာတော်ဘုရား၏အဆုံးအမ ဩဝါဒများကို ကြားနာရသောကြောင့် ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်လာရသည်ဟု ထင်ပါသည်။

ကျွန်တော့်လိုပင် လှူတိုင်းလှူတိုင်း လောဘ၊ ဒေါသ၊ မာန်မာနတရားများကို ချုပ်ငြိမ်းအောင် ထိန်းသိမ်းနိုင်ပါက ဖြဟ္မစိုရ်တရားများ ထွန်းကားလာပြီး တစ်ဦးပေါ်တစ်ဦး ညှာတာထောက်ထားစေတနာပွား၍ ကူညီကြရင်းဖြင့် ဗုဒ္ဓဘုရား၏အဆုံးအမအတိုင်း သန့်ရှင်းစင်ကြယ်သော လူ့သူတော်ကောင်းများ ဖြစ်လာနိုင်ကြမည်ဟု မျှော်လင့်မိပါကြောင်း။

မှတ်ချက် - ထောက်လှမ်းရေးဗိုလ်ကြီးဟောင်းတစ်ဦး၏ ဖွင့်ဟဝန်ခံချက်ဇာတ်လမ်းများ ဖြစ်ပါသည်၊

>> ထောင်မှူးကြီးသိန်းပြင်း



www.burmeseclassic.com

www.burmeseclassic.com

**လွန်ခဲ့သည့်** ဩဂုတ်လတုန်က
မြန်မာပြည်အနှံ့အပြား မိုးသည်းထန်စွာ ရွာသွန်းခဲ့တယ်။
စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံး ရေကြီးခဲ့တဲ့သတင်းတွေကို
သတင်းစာမှာ နေ့စဉ်ဖတ်ခဲ့ရတယ်ဗျာ။ ရုပ်မြင်သံကြားသတင်းမှာ
မြင်ခဲ့ရတယ်ဗျာ၊ တောင်ကုန်းတောင်တန်းတွေ ထူထပ်တဲ့ ကချင်ဒေသ၊
ချင်းဒေသတွေမှာ တောင်ကျရေတွေကြောင့် မြေပြိုမှုဖြစ်ပြီး
တောင်စောင်းတောင်ခြေမှာ အိမ်ဆောက်နေထိုင်ကြတဲ့အိမ်တွေ
မြေပိပြီး ပြိုလဲပျက်စီးခဲ့ရတယ်။

သူတစ်ထူး
ဆင်းရဲရောက်နေချိန်တွင်
ကူညီရန် မစဉ်းစားဘဲ
ဒုက္ခအပေါ် ဒုက္ခဆင့်ခဲ့
သော လူမသမာတို့၏
နောက်ဆုံးသွားရာ
လမ်းကား ..



www.burmeseclassic.com

www.burmeseclassic.com

ကလေးနဲ့ တမူးမှာ တက်လာတဲ့ရေက လူပါ မြုပ်သတဲ့ဗျာ။

ရခိုင်ပြည်နယ်မှာ ရေကြီးမှုကလည်း ဆိုးဝါးလှတယ်ဗျ။

စပါးစိုက်ဧက ငါးသောင်းငါးထောင်ကျော် ရေနစ်ပျက်စီးခဲ့ပြီး ကျွဲကောင်ရေ (၃၆၅)ကောင်၊ နွားကောင်ရေ (၇၈၂) ကောင်၊ ဆိတ်ကောင်ရေ (၁၅၀)ခန့် သေဆုံးခဲ့တယ်တဲ့။

ပျက်စီးသွားတဲ့ လှေသမ္ဗန်တွေလည်း မနည်းဘူး။

ရခိုင်ဒေသက ရေလမ်းနဲ့ သွားရတဲ့ မြစ်ချောင်းတွေ ပေါများတော့ လှေတွေ ပျက်စီးရော ဆက်သွယ်ရေး ခက်ကုန်တာပဲ။ ရခိုင်မှာရေဘေးကြောင့်လူ(၅၀)ကျော် အသက်ဆုံးခဲ့ရတယ်။

မကွေးတိုင်း၊ စေတုတ္တရာမြို့က လမ်းဆုံမြို့ပဲ ခင်ဗျ။

စေတုတ္တရာမြို့က ချင်းတောင်တန်းနဲ့ ရခိုင်ရိုးမအရှေ့ဖျားအဆုံး တောင်တန်းတွေအကြား ပုသိမ် – မုံရွာကားလမ်း အနောက်ဘက် ရှိတယ်။

ချင်းတိုင်းရင်းသားတွေ အနေများတယ်။

အိမ်ခြေတစ်ထောင်နီးပါးရှိတဲ့မြို့ စေတုတ္တရာခေါင်းရင်းက မြတ်စီးတာ။

မုန်းချောင်းတစ်လျှောက်မှာ "မုန်းတမံ"၊ "ကြီးအုံကြီး"ဆည်၊ လင်းဖင်းရေလွှဲဆည်တို့ရှိတယ်။ မိုးဆက်တိုက်ရွာတော့ မုန်းချောင်းရေကြီးပြီး မုန်းတမံ ရေပိုလွှဲက ရေလျှံကျလာတယ်။

မုန်းချောင်းဘေးက ရွာတွေရော၊ စေတုတ္တရာနဲ့ ပွင့်ဖြူမြို့ပေါ် အပါအဝင် ရွာပေါင်း ရာနဲ့ချီ ရေဘေးသင့်ခဲ့တယ်။ (လိုက်လုံစွာ ကြုံဆိုပါ၏၊ စေတုတ္တမြို့) ဆိုတဲ့ဆိုင်းဘုတ် ရေတစ်ဝက်ကျော် နစ်သွားတယ်ဆို စဉ်းစားကြည့်တော့။

ပွင့်ဖြူမှာ လူတစ်ဦးသေပြီး (၂၃)ဦး ဒဏ်ရာရခဲ့တယ်။ ရေဘေးသင့်သူ တစ်သောင်းတစ်ထောင်ကျော်ရှိခဲ့ပြီး ရထားလမ်းတွေပါ ပျက်စီးခဲ့ရတယ်။

ရောဝတီတိုင်းလည်း မိုးရေ၊ ဆည်လွှတ်ရေ ရောပြီး ရေကြီးလိုက်တာ စိုက်ပြီး လယ်ဧကပေါင်းများစွာ ပျက်စီး။

ငါးမွေးမြူရေးကန်တွေ ရေလျှံ။

လူတွေရေဘေးဒုက္ခသည်စခန်းကို ရောက်ကုန်ကြ။

ညောင်တုန်းမှာ ရေတားတွေ ဧရာဝတီမြစ်ရေကြီး၊ ရေတက်လို့ တာကျိုးမည့်အခြေအနေဖြစ်ပြီး ပြောင်းရွှေ့ရ။

ဘုန်းကြီးကျောင်းတွေမှာ ရွှေ့ပြောင်းနေရာချပေးရ။

တောင်တန်းတွေရှိရာ ရေကြီး၊ တောင်တွေပြို၊ လမ်းတွေပျက်၊ မြေပြန့်ဧရာဝတီ ရေပြင်ကြီးဖြစ်။

အချို့မြစ်ကမ်းပါး ရေတိုက်ပြီးလူရော အိမ်ရော ပါသွားကြ။ လှေတစ်စီးနဲ့ လူ(၈)ယောက်လှေမှောက်ပြီးအသက်ဆုံးခဲ့ရတယ်။ သွားလူတဲ့ကားမှောက်ပြီး အသက်ဆုံးခဲ့ရသတဲ့။

စေတနာရှင်အလှူရှင်တွေ အချိန်မီ ရောက်ရာတွေ သွားလှူကြလို့။ ရေဘေးသင့်ဒုက္ခသည်တွေစားရေးသောက်ရေး အဆင်ပြေခဲ့ရတာ။

ဒီနေရာမှာ ကျောင်းသားလူငယ်တွေရဲ့ စိတ်ဓာတ်ကို ဂုဏ်ပြုချင်တယ်ဗျာ။

အမြို့မြို့အနယ်နယ်မှာ ရေကြီးနေပြီ။

တောင်ကျရေနဲ့ ဆည်ရေလျှံကျပြီး ရွာတွေ၊ လယ်တွေ၊ အိမ်တွေ၊ လယ်တဲတွေ ရေမြုပ်လို့ ရွာကိုစွန့်၊ အိမ်ကိုစွန့်၊ အိုးအိမ်ပန်းကန်စွန့်၊ မျိုးစပါး၊ ကျွဲနွားစွန့်ပြီး ရေဘေးလွတ်ရာပြေး။

ရေဘေးဒုက္ခသည်တွေ အစာနဲ့ သောက်ရေကြီးစွာအခက်အခဲကြုံနေပြီ။

ဗွာနဆိုင်ရာကလည်း အရေးပေါ်ကယ်ဆယ်ရေး မလုပ်နိုင်သေးဘူး။

ရုပ်မြင်သံကြားတွေက ခါးမြုပ်ရေပြင်မှာ တပည့်ဒကာ၊ ရွာသူရွာသားတွေရဲ့ပစ္စည်းတွေ ပိုင်းကူသယ်ပေးနေတာ မြင်ရတော့ ရဟန်းသံဃာဆိုတာ နိုင်ငံမှာ အရေးပေါ်အခြေအနေဖြစ်လာရင် သင်္ကန်းခါးတောင်းကျိုက်ပြီးပါဝင်ကူညီဆောင်ရွက်သူပုဂ္ဂိုလ်တွေပါလားဆိုတာ မျက်ဝါးထင်ထင် မြင်ခဲ့ရတယ်။

ကြည့်စမ်း ...။ ရန်ကုန်မြို့ ဗိုလ်ချုပ်ပန်းခြံရှေ့မှာ ကျောင်းသားကျောင်းသူလူငယ်တွေ "ရေဘေးအတွက် အလှူခံပါတယ်"ဆိုတဲ့ ဗီနိုင်းလက်က တိုင်ပြီး ကြွပ်ကြွပ်အိတ်လေးတွေနဲ့ ခရီးသွားတွေထံ အလှူခံနေကြတယ်။

စက္ကူပုံးလေးတွေနဲ့ ခရီးသွားကားပေါ်မှာ အလှူခံနေကြတယ်။

"ရေဘေးဒုက္ခသည်များကိုကူညီဖို့ အလှူခံပါတယ် ခင်ဗျာ"

"တတ်အားသမျှထည့်ဝင်ကြပါရှင်၊ ကျေးဇူးတင်ပါတယ်ရှင်"

သူတို့ ဖွယ်ဖွယ်ရာရာ မပြောတတ်ဘူး။ အရိုးခံစကားလုံးလေးများနဲ့ ရေဘေးဒုက္ခသည်တွေကို ကူညီဖို့ကြိုးစားဆောင်ရွက်နေကြတာများ။





www.burmeseclassic.com

www.burmeseclassic.com

ခရီးသွားတွေက ဝမ်းသာအားရ ထည့်ဝင်လှူဒါန်းကြတယ်။

ရန်ကုန်မြို့အနံ့မှာ တက္ကသိုလ် ကျောင်းသူကျောင်းသားလေးတွေ တစ်လမ်းဝင် တစ်လမ်းထွက် မိုးရွာ၊ နေပူထဲ အလှူခံနေကြတယ်။

သူတို့မျက်နှာအသီးသီးမှာ တက်ကြွတဲ့အားအင်တွေကို ကျွန်တော်တို့ မြင်ရတယ်။

သူတို့မျက်နှာပေါ်က သန့်ရှင်းစင်ကြယ်တဲ့အပြုံးတွေကိုကြည်နူးဖွယ်မြင်နေရတယ်။

ကျွန်တော်တို့သန်လျင်မှာလည်း အရှေ့ပိုင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ရေကြောင်းတက္ကသိုလ်က ကျောင်းသူကျောင်းသားတွေ ကျောင်းဝတ်စုံတွေနဲ့ အများကြီးပါပဲဗျာ”

ရေဘေးကျရောက်တဲ့ ဒုက္ခသည်စခန်းတွေကိုကူညီဖို့အင်နဲ့အားနဲ့အလှူခံနေကြတာဗျာ။

ဘယ်ဥက္ကဋ္ဌ၊ ဘယ်လူကြီး၊ ဘယ်အရာရှိကြီးတွေမှ အလှူခံမထွက်ရဲတဲ့အချိန်။

လူငယ်လူရွယ်ကျောင်းသူကျောင်းသားတွေ သူတို့ရဲ့လူမှုရေးအသိစိတ်နဲ့ကြိုးပမ်းဆောင်ရွက်နေကြတော့လူတိုင်းနီးပါး ထည့်ဝင်လှူဒါန်းကြတယ်။

ကြည့်စမ်းပါဗျာ။ တောင်းစားနေတဲ့ကလေးလေးရယ်၊ နို့စို့အရွယ်ညီလေးကို ကျောပိုးလို့၊ လွယ်အိတ်ကလေးလည်း လွယ်ထားရဲ့၊ သူတောင်းလို့ရတဲ့ပိုက်ဆံကို အလှူခံနေတဲ့လူရဲ့ အလှူခံခွက်ထဲ ထည့်လှူနေတာ။

ကလေးရယ်၊ လူကလေးတို့ ညီအစ်ကိုကွယ်၊ ဒီဘဝမှာပဲ မင်းတို့ အနှိမ့်ခံဘဝရှိမှာပါ – သားတို့၊ နောင်ဘဝမှာတော့ မင်းတို့ သူဌေးကြီးတွေ ဖြစ်ကြပါစေ။

ကျောင်းသားကျောင်းသူတို့လက်ထဲမှာ အလှူခံငွေဖလားမပါဘူး။

ရွှေဖလားမပါဘူး၊ မောင်းထောင်ချိုင့် မပါဘူး။

စက္ကူပုံးငယ်တွေ၊ ကြွပ်ကြွပ်အိတ်လေးတွေနဲ့ အရိုးရှင်းဆုံး အလှူခံပြီး ရေဘေးသင့်ရွာတွေ၊ မြို့တွေက ရေဘေးဒုက္ခသည်ရှိရာကို ဆန်၊ ဆီ၊ ဆား၊ ရေသန့်၊ စောင်၊ အိုးခွက်၊ ပန်းကန်စသည်တို့ဝယ်ဖို့ကိုယ်တိုင်သွားရောက်လှူဒါန်းနေကြတာ။

အဲဒါ – ကျောင်းသားဗျ – ကျောင်းသား။ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေ။ သူပုန်မဟုတ်ဘူး။ ဓားပြမဟုတ်



အငယ်ကောင်ကို ကျောပိုး၊ ... ကလေး ရင်မှာပွေ့ပြီး တဝေဝေဝေ တရိုပ်ရိုပ်တက်လာ၊ ရေပြင်မှာ အသက်လုပြေးနေရတဲ့အချိန်။ ကြည့်စမ်း။ (၁၂)နှစ်အရွယ် ...ဟိတ်မလေး။ သူ့ခွေးဖြူလေးကို ...ထဲထည့်ပြီး ခေါင်းပေါ် တင်ရွက်လို့ ...ရွှေ့မှာ တရွေ့ရွေ့လာနေတာ။ ...မတ္တာ။ တဲတွေက ရေအောက်မှာ တံစက်မြိတ်မြုပ်နေပြီ။

... ခြောက်စား ဖောက်စား မဟုတ် ... အဖွဲ့သမားတွေမဟုတ်ဘူး။ ... လူမှုရေးစိတ်ဓာတ်မြင့်မားသန့်စင် ... တက္ကသိုလ်ကျောင်းသူကျောင်းသား ...

သူတို့ အလှူခံပြီး လှူဒါန်းခဲ့တဲ့ငွေ ... သန်းပေါင်းများစွာဗျာ၊

သူတို့ရေပြင်ဖွေးဖွေးမှာလှေသမ္ဗန် ... တားရေရိက္ခာတွေ တင်ပြီး မိုးထဲ ... အိမ်တိုင်ယာရောက် လိုက်ပေးအပ်ကြတာဗျာ။

ကိုင်း – ဒီခွေးစက်တွေရဲ့တန်ဖိုး။

ဒီကျောင်းသူကျောင်းသားတွေရဲ့ စေတနာလုံ့လ၊ ဘယ်တာဝန်ရှိလူကြီးတွေကသတင်းစာထဲကနေကျေးဇူးတင်ကြောင်း ထုတ်ပြောတုန်းဗျာ ဟင်။

ကျောင်းသားတွေ တော်လိုက်တာကွယ်လို့ ဘယ်သူပါးစပ်က ထုတ်ပြောသတုံး။

ကျောင်းသားတွေကို အကောင်း





www.burmeseclassic.com

www.burmeseclassic.com

မြင်ကြပါဗျာ၊ ကျောင်းသားတွေရဲ့ စေတနာကိုလေးစားကြစမ်းပါ။

သူတို့လေးတွေ ခုလိုလုပ်နေတာ သည်အချိုးကျူးခံချင်လို့ဂုဏ်ပြုခံချင်လို့ သမိုင်းမှတ်တမ်းဝင်ချင်လို့ လုပ်တာ မဟုတ်ဘူးဗျာ။

သူတို့မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့စိတ်ကောင်းစိတ်သန့်လေးတွေနဲ့ လုပ်ကိုင်ကူညီနေကြတာ။

လူဆိုတာ ကောင်းတာလုပ်နေတာ မြင်ရင် ချီးကျူးရဲရမှာပဲ။ ချီးကျူးဖို့ ဝန်လေးနေရင်တော့ ဒီပါးစပ် သိပ်အဖိုး မတန်တော့ဘူးဗျာ။

ကျောင်းသားနဲ့ ဘုရားသားတော် သံឃာဆိုတာ တိုင်းပြည်မှာ ရေဘေး၊ လေဘေး၊ မီးဘေးရန်သူများငါးပါးဘေး ကြုံနေပြီဆိုရင် ရှေ့တန်းက အလျင် စထွက်တာဗျာ။

သူတို့ကိုကျွန်တော်တို့ပြည်သူတွေ ကကျန်းမာချမ်းသာကြပါစေလို့ မေတ္တာ ပို့သကြတယ်။

ကျေးရွာ၊ မြို့ရွာ၊ ရေဘေးသင့်ပြည် သူတွေက မေတ္တာပို့သနေကြတယ်။

မှတ်ထားဗျ။

ကျောင်းသားဘယ်တော့မှနောက် မကျဘူးဗျို့။

၀၀၀

ဟော - ကြည့်စမ်း။ ဟုတ်တယ် ဗျာ၊

ရေကြီးရေလျှံ ရေမြုပ်လို့ ရရာ အထုပ်ဆွဲပြီး ရင်ခေါင်းလောက်ရေထဲ ဖြတ်ပြေးရတဲ့ဘဝ။

နွားတွေ၊ ကျွဲတွေလည်း တက်ရေ ထဲမှာခေါင်းဖော်ပြီးသေပြေးရှင်ပြေးကူး ရတဲ့အချိန်။

အငယ်ကောင်ကို ကျောပိုး၊ နို့စို့ ကလေး ရင်မှာပွေ့ပြီး တဝေါဝေါ တရိပ် ရိပ်တက်လာ၊ ရေပြင်မှာအသက်လုပြေး နေရတဲ့အချိန်။

ကြည့်စမ်း။

(၁၂)နှစ်အရွယ် ရာတီတ်မလေး

သူ့မွေးဖြူလေးကို ဇလုံထဲထည့်ပြီး ခေါင်းပေါ် တင်ရွက်လို့ ရေဖွေးဖွေးမှာ တရွေ့ရွေ့လာနေတာ။ အဲဒါ မေတ္တာ။

တဲတွေက ရေအောက်မှာ တံစက် မြိတ်မြုပ်နေပြီ၊

တိုက်အိမ်အောက်ထပ်ထဲ ရေတွေ တဝုန်းဝုန်း ဝင်လို့။ အချို့က ဝါးဖောင်နဲ့ ကူးလာကြ။ အချို့က ငှက်ပျောတုံးဖက် ပြီး ကူးလာနေကြ။ အဖွားအိုတွေကို ကျောပိုးပြီး ရင်ခေါင်းခန့်ရေထဲ ဖြတ်ကူး ကြ၊ သူတို့ကိုယ်မှာ မိုးရေတွေ စိုရွှဲ။

ရေလွှတ်ကုန်းပေါ်ကို ပြေးတက် ကြ၊ ရေစိုနေတဲ့ အထုပ်ကလေးတွေရျ။ တရိပ်ရိပ်တက်နေတဲ့ ရေပြင်နဲ့ မိုးကို ကြည့်ပြီး ငိုသူကငို၊ ရှိုက်သူကရှိုက်၊ အဖေရေ ခေါ်သံ၊ အမေရေ ခေါ်သံ၊

သားရေ - ခေါ်သံ၊ သမီးရေ - ခေါ်သံ ဗွက်ပွက်ညံလို့၊

ကျွန်တော်က ဘကြီးမုန်းကို မေး လိုက်တယ်၊

"ဘကြီးမုန်း - ဟုတ်ရဲ့လား"

"ဟုတ်တယ်တဲ့ကွာ၊ အချို့လည်း ခိတယ်လို့ပြောတယ်"

"ဖြစ်ရလေဗျာ၊ ရေဘေးဒုက္ခသည် တွေ မျက်ရည်ပေါက်ကြီးငယ်ကျပြီး သောကဝလောင်ဆူနေချိန်မှာမှ သူတို့ လုပ်ရက်လိုက်တာဗျာ၊ လူမှဟုတ်ရဲ့ လားမသိဘူး - ထွီ"

ရွာတွေမှာ အိမ်ကြီးအိမ်ကောင်း တွေရော၊ အိမ်လတ်အိမ်အသေးတွေပါ

ရေကြီးရေမြုပ်လို့လူပဲလွတ်အောင်ပြေ[illegible] ရတဲ့အချိန်၊

အိမ်တွေကို လုံးဝပြန်မကြည့်နိုင်[illegible] ဘူး၊ ဒီမှာပဲ လူမသမာတွေကညဦးဘက်[illegible] မှာ လှေနဲ့ လာခဲ့ကြပြီး အိမ်ကြီးအိမ်[illegible] ကောင်းတွေထဲဝင်ပြီး အဖိုးတန်ပစ္စည်[illegible] တွေ လာခိုးယူကြတာတဲ့ဗျာ၊

ရက်စက်လိုက်ကြတာ၊

ယုတ်မာလိုက်ကြတာ၊

ကိုယ်ချင်းမစာနာပဲ ကိုယ်ကျ[illegible] အတ္တရှေ့တန်းတင်ပြီး အရောင်သမ[illegible] စိတ် မွေးကြတာ၊ သူများမျက်ရည်[illegible] လက်နဲ့ မချုပ်ပေးပဲ သူများချွေးနည်း[illegible] ကို ဝိသမလောဘနဲ့ လုပ်စားကြတာ၊

တရားမျက်လှချေလားဗျာ - တင်[illegible]

"အခု - ရဲတပ်ဖွဲ့တွေက လှေတ[illegible] ဘုတ်တွေနဲ့ နေ့ကင်းညကင်းလှည့်[illegible] လုံခြုံရေးယူပေးနေရတယ်တဲ့ကွ"

"ဟူး - တော်ပါသေးရဲ့ဗျာ - တေ[illegible] ပါသေးရဲ့"

ကျွန်တော် ကြုံဖူး၊ ကြားဖူးတ[illegible] ဗျာ၊

တိုင်းလုံးကျော်သဘောဘ[illegible] တိုးအေးသဘောတို့၊ ပဲခူးမြစ်သုံးဆိုင်[illegible] ဒလမှာနှစ်တုန်းကလည်းလူမသမာ[illegible]

www.burmeseclassic.com

ကလေ့နဲ့လာသယ်မလိုလုပ်ပြီးလေ့နား ကပ်လာတဲ့ဒုက္ခသည်ရဲ့ဆွဲကြိုးကိုလု၊ လက်စွပ်ကို ချွတ်ယူပြီး ရေနစ်သူဒုက္ခသည်ကို ပစ်ထား၊ လေ့လော်ပြေးသွားတဲ့သတင်းကြားရဖူးတယ်။

အချို့လူ သေကောင်မိန်းမမှာ နားရွက်အလှီးခံထားရတယ်။

"ဒီလို သူများဒုက္ခရောက်တုန်း မသမာတဲ့နည်းနဲ့ ကိုယ်ကျိုးရှာတဲ့သူရှိနေတာ စုမှမဟုတ်ဘူးကွ၊ ငါတို့ အရွယ်ကောင်းတုန်းကလည်းရှိတာ မြင်ဖူး၊ ကြားဖူး၊ ကြုံဖူးတယ်"

"အဲဒီလို လုပ်စားတော့ ရောချမ်းသာလို့လားဗျာ၊ သူတို့ဘဝရော အေးချမ်းလို့လား - ဘကြီးမှန်းရဲ့"

"အေးချမ်း - မအေးချမ်း - မင်းသိအောင် ပြောပြမယ် - နားထောင်ကွ မောင်မှိုင်း"

၀O၀

ငါနဲ့ မအေးချမ်းနဲ့ အိမ်ထောင်ကျတုန်းက ငါက လယ်သမားပေါ့ကွာ၊ ငါတို့နေတဲ့အရပ်က တောင်တွေနဲ့လည်းနီးသလို ပင်လယ်နဲ့လည်း နီးတယ်ကွ။

အိမ်ကြီးအိမ်ကောင်းတွေလည်း ရှိတယ်၊ လုပ်လုပ်စားစားအိမ်တွေလည်း ရှိတယ်။

ဝန်းကျင်က ရွာတွေလည်း စီးပွားရေးမဆိုးကြဘူး။ လယ်သမား၊ ရေလုပ်သားတံငါ၊ အရောင်းအဝယ်သည် လူစုံ အလုပ်စုံ လုပ်ကိုင်စားသောက်နေထိုင်ကြတာပေါ့။

မိုးကြီးတဲ့အခါဆို ကြောက်စရာပဲပေါ့၊

မိုးက ရွာရင် နှစ်ရက်သုံးရက်ဆက်တိုက် ရွာတာကိုးကွ၊ အဲလို ရွာရင်း တောင်ကျရေတွေ တရဟောကျပြီး ချောင်းငယ်၊ ချောင်းကြီး မြစ်တွေပါ ရေကြီးပြီး ငါတို့အရပ်တွေ ရေမြုပ်ရော၊

ဒီရေတက်ချိန်နဲ့ကြုံရင် တဲခေါင်အထိ ရေရောက်ပြီး ရရာလှေရာဆွဲ၊ လှေနဲ့ ဖောင်နဲ့ ပြေးရတာပဲပေါ့။

ရေထဲပါသွားတဲ့အိမ်လည်း ရှိတာပေါ့၊ လေနဲ့ မိုးနဲ့ပြိုကျ၊ မျောပါသွားတဲ့အိမ်လည်း ရှိတာပေါ့။ မိုးက မစဲအောင်ရွာပြီဆိုကြက်ဘဲ၊ ခွေး၊ နွား၊ ကျွဲသေတွေ ရေထဲ ပေါလောမျောနေတာပဲ။

သို့သော် ဒီအဖြစ်ပျက်မျိုးက မကြာခဏကြုံရတာကွ၊ ဘင်္ဂလားပင်လယ်မှာ မုန်တိုင်းရှိတယ်ဆိုမှ ကြုံရတာပဲ။



ထူးဆန်းတာတစ်ခု ကြုံရပါရောပေါ့၊ တစ်နေ့ - ငါတို့ရွာက ကိုးကွယ်တဲ့ဘုန်းတော်ကြီး ရှင်ဓမ္မရက္ခိတရွာထဲက လူကြီးတွေကို သူ့ကျောင်းလာဖို့ ခေါ်ပါရောကွ၊

ရာသီက မိုးရာသီ ဝါဆိုလပြည့်တိုင်ခင် နှစ်ရက်အလို၊

"ဆရာတော် ပြောခိုင်းလို့လာပြောတာ - တကာကြီး"

"ဦးဇင်း - ဆရာတော်နေမကောင်းလို့လား"

"ကောင်းပါတယ် - တကာကြီး"

"ဒါဆို - ဘာအရေးပေါ်လို့တုံး၊ ဘုန်းအိုကြီး ရှင်ဝိလာသ ပျံလွန်တော်မူလို့လားဟင်"

"ဘုန်းအိုကြီး နေကောင်းပါတယ် တကာကြီး - လာခဲ့နော်"

"တင်ပါ့ဘုရား"

ဒါနဲ့ တို့ရွာက လူကြီးပိုင်းတွေ ရွာဦးကျောင်းဆရာတော်ထံ ရောက်သွားကြတယ်၊ ကျောင်းပေါ်မှာလူနှစ်ဆယ်ကျော်လောက် ရောက်နေကြသကွ၊

ငါလည်း ဆရာတော်ကြီးကို ဦးချကန်တော့ပေါ့၊

"ဒကာကြီးတို့ကို ခေါ်ရတဲ့အကြောင်းကတော့ ဘုန်းကြီးအိပ်မက်ဆန်းတစ်ခု မြင်မက်တာ သုံးရက်ရှိပြ
ကွယ်"

"ဘယ်လိုမြင်မက်ပါသလဲ ဘုရား
မိန့်တော်မူပါဘုရား"

"ဘုန်းကြီးထံကို ဝိတ်ဖြူစင်ကြယ်
ဝတ်ထားတဲ့အဘိုးအိုတစ်ဦးရောက်လာ
ကန်တော့တယ်၊ ဘုန်းကြီးက ဘယ်သူ
တုံးလို့ မေးတော့ ရုက္ခစိုးကြီးပါတဲ့၊ ဘာ
အကြောင်းရှိလို့ရုက္ခစိုးကြီးလာခဲ့တာတုံး
မေးတော့၊ လာမည့်လပြည့်ကျော်သုံး
ရက်မှာ မိုးကြီးလေကြီး ကျလိမ့်မယ်
ဘုရားတဲ့၊ အရှင်ဘုရားရဲ့တပည့်ဒကာ
တွေကိုသတိနဲ့နေဖို့မိန့်တော်မူပါဘုရား
တဲ့၊ ဟုတ်ရဲ့လားလို့ ဘုန်းကြီးက မေး
တယ်၊ မလိမ်မညာဝံ့ကြောင်းပါ ဘုရား
လို့ပြောပြီးလက်အုပ်ချီလျက်နဲ့ဘုန်းကြီး
ရှေ့က ပျောက်သွားတယ်၊ အဲဒါ သုံးရက်
တိတိ အရက်မတက်ခင် အိပ်မက်လာ
ပေးပြီးပြောတယ်၊

ဒကာတွေကိုမိန့်ပြီးပါပြီလားဘုရား
တဲ့၊ မပြောရသေးဘူးလို့ပြောတော့ ပြော
ဖြစ်အောင် ပြောပါ ဘုရားလို့ပြောပြီ
လက်အုပ်ချီလျက် ပျောက်သွားတယ်
နောက်နေ့ မိုးသောက်မှာတော့ အိပ်မက်
ပေး ရုက္ခစိုးကြီး ရောက်မလာတော့ဘူး
ထူးတော့ ထူးနေတယ် ရုက္ခစိုးကြီးက

www.burmeseclassic.com

အသက်ကြီးကြီးပဲ၊ ရုပ်ရည်ကလည်း ခန့်ညားတယ်၊ အသံကလည်း အောင်တယ်ကွယ့်၊ ဘုန်းကြီး စဉ်းစားကြည့်တယ်၊ သုံးရက်ဆက်တိုက်အိပ်မက်ပေးပြီးလာလျှောက်တာ၊ ရိုးရိုးအိပ်မက်တော့ မဖြစ်နိုင်ဘူးပေါ့လေ၊ ဒီအရပ်မှာ မိုးကြီးလေကြီးမကျတာလည်း လေးငါးနှစ်ရှိနေပြီဆိုတော့ စဉ်းစားတာပေါ့၊ ခုရာသီကလည်းဝါဆိုလကြီး၊ မိုးကောင်းတဲ့ရာသီ အိပ်မက်ပေးတာကလည်း ရက္ခစိုးသူတော်ကောင်းကြီးကွယ်၊ ဒါကြောင့် ဟုတ်လိုဟုတ်ငြားပေါ့ကွယ်၊ သတိဝီရိယနဲ့နေကြ၊ အရေးအကြောင်းရှိ ရှောင်ရ တိမ်းရလွယ်အောင်၊ စားစရာ သောက်စရာ၊ လှေတို့ဖောင်တို့ပြင်ထားသင့်ပြင်ထားကြ၊ တို့အရပ်က မိုးကြီးရင် သုံးလေးငါးရက်ရွာပြီး တောင်ကျရေ ဒီရေနဲ့ ရေကြီးတတ်အောင် – ဒကာတို့"

"မှန်ပါ ဘုရား၊ ကြိုကြိုတင်တင်တော့ စီစဉ်ထားရမှာပေါ့ ဘုရား"

"အေး – အေး – အဲဒါလေး ပြောချင်လို့ ခေါ်ရတာကွယ်၊ ပြန်လို့ရပါပြီ"

တို့များ ဆရာတော်ကြီးကို ကန်တော့ပြီး ကျောင်းပေါ်က ဆင်းလာခဲ့ကြတယ်၊

"ကိုမှန်း – ဟုတ်ပါ့မလားဗျာ ဟင်"

"ဆရာတော်ဘုရားကြီး ပြောရင်တော့ လွဲခဲတယ်လေ – ကိုရာကျော်"

ဒီမှာ ကိုအုန်းသီးက ပြောတယ်၊

"ဆရာတော်ကြီးကို သုံးရက်အိပ်မက်ပေးပြောတာတဲ့လေဗျာ၊ ပြောတဲ့သူက ရက္ခစိုးကြီးတဲ့"

"လိုရမည်ရတော့ သတိထားကြတာ ကောင်းတယ်ဗျာ"

ငါတို့ ဆရာတော်ကြီးက အသက် (၉၀) ကျော်ပြီကွ၊ သီလ၊ သမာဓိနဲ့ပြည့်တဲ့ မေတ္တာရှင်ဆရာတော်ကြီးကွ၊

ငါတို့အရပ်က မြွေဆိုးတွေ ပေါများတယ်၊ မြွေပွေးက မြွေဟောက်ထက်ကို များတာ၊

မကြာခဏ ပိုးထိခံရတယ်၊ မြို့နဲ့ လေးလှမ်းတော့ ပိုးထိရင် ဆရာတော်ကြီးကျောင်း ပြေးရတာပဲ၊ ဆရာတော်ကြီးက ပိုးထိတဲ့နေရာအထက်ကနေ ဂုဏ်တော်မန္တန်တွေ ရွတ်ပြီးလက်နဲ့ သပ်ချရင်း အဆိပ်တွေ ကျလာရော၊

တို့အရပ်မှာ မြွေကိုက်လို့သေတဲ့လူနည်းတယ်၊

ဆရာတော်ကြီး ခရီးသွားမိုက်မှာ အကိုက်ခံမှပဲ လွန်တာရှိတယ်၊ ဆရာ

...ကြီးက ပြောထားတာ ရှိတယ်ကွ၊ ...ကို မသတ်ကြနဲ့တဲ့၊ မောင်းထုတ်ကြ၊ ...ပို့ကြတဲ့၊

တို့ဒေသ မြွေပွေးဟော့ဆို လူကြီး ...ဖုံလောက်ကို တုတ်တာ၊ ကြီးတာ ... မြွေဟောက်ဆိုရင် အရှည်နှစ်လံ ...ရှိပြီး လူကြီးလက်မောင်းလောက် ...တုတ်တာ၊

တောလည်းရှိ၊ တောင်လည်းရှိ၊ ...လည်းရှိတော့ မြွေဆိုးတွေ ပေါမှ ...၊ ငန်းပုပ်နဲ့ ငန်းဝါကြီးတွေဆို မြင် ...နဲ့ လူကို ဘယ်ပြေးရမှန်းမသိဖြစ်ရ ...၊ ငါတို့ကတော့ မြွေကိုသတ်ခဲတယ် ...

သို့သော် မြွေရှာရောင်းတဲ့လူအချို့ ...တော့ မြွေဆိုးတွေဖမ်းရောင်း၊ သေရင် ...စားလုပ်တာရှိတယ်၊

ငန်းဆိုတဲ့မြွေဆိုးကြီးတွေဟာ လူ ...ရုပ်လည်ဆန့် ပါးပျဉ်းထောင်ပြီး ...လိုက်တာကွ၊

"တောကြီးမြွေဟောက် မြင်ဖူး ..."

"မမြင်ဖူးဘူးဗျာ"

"နည်းတဲ့ အကောင် လားကွ၊ ...ခန့်လည်းရှိတယ်၊ နက်ပြာစိမ်းလည်းရှိတယ်၊ အဆိပ်အရမ်းပြင်းတယ်၊ အပြီးကြီးတယ်၊ ကြခေါင်းဝါးကို မြေကြီးမှာ ရထားသလိုကြီးပြီး ရှည်တာကွ၊ ထားတော့ကွာ၊

ငါတို့ ဆရာတော်ကြီးက တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီးနဲ့လည်း ရင်းနှီးတယ်ကွ၊ တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး အရှင်ဦးဥတ္တမသာရဆိုရင် ညတရားမှတ်နေချိန်မှာ ရက္ခစိုးကြီးတွေ၊ တောင်ပိုင်နတ်ကြီးတွေ လာပြီး ကန်တော့ကြတယ်တဲ့၊ ပြီး – သီချင်တဲ့တရားစကားတွေကို မေးမြန်းလျှောက်ထားနာယူကြသတဲ့ကွ၊ ချင်းလူမျိုးတွေက ပြောပြတာ၊ ဆရာတော်ကြီးကျောင်းဟာ လင်းထိန်တဲ့ အလင်းရောင်တွေ ကျောင်းကို ဖောက်ပြီး ကောင်းကင်မှာ လင်းထိန်နေသတဲ့၊ လျှပ်စစ်မရှိတဲ့ကျောင်းမှာနော်၊ တိုင်းရင်းသားတွေက တောင်တန်းသာသနာပြုဆရာတော်ကြီးကို အရမ်းလေးစားကြည်ညိုကြပြီး ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြတယ်၊

တို့ဆရာတော် အရှင်ဓမ္မရက္ခိတလည်း အရှင်ဦးဥတ္တမသာရလိုပဲ တရားနဲ့

www.burmeseclassic.com

သွားနေတဲ့လှေရှေ့က ရေပြင်က ငါးကြီးထခုန်ရင် ဒါ လာဘ်ကောင်း၊
နိမိတ်ကောင်း မဟုတ်ဘူးလားကွလို့ပြောတဲ့ တံငါလှေသမားလည်း ရှိတာပဲ။
အချို့က ပင်လယ်ထဲမှာ ရက်ကြာရှည်နေကြတဲ့လူရှိသလို ဟိုနားဒီနား
ပိုက်တန်းချတဲ့ တံငါလှေသမားလည်း ရှိကြတာပဲ။



ပြည့်ဝ၊ မေတ္တာနဲ့ပြည့်ဝပြီး ရသမျှနဲ့ ရောင့်ရဲတင်းတိမ်တယ်။

အရှင်ဦးဥတ္တမသာရ လမ်းညွှန်တဲ့ အတိုင်းလည်း ဝိပဿနာပွားတယ်။ မေတ္တာပွားများတယ်။

မင်းမြင်ဖူးလားမသိဘူး။

တောင်တန်းသာသနာပြုဆရာ တော်ဘုရားကြီး အရှင်ဦးဥတ္တမသာရ တရားပွဲမှာ ဆရာတော်ကြီး ပရိတ်ရွတ် နေရင် ရေပုလင်း၊ ဆီပုလင်း အဖုံးဖိတ် ပြီး ဆရာတော်ကြီးရှေ့မှာထား။

ပရိတ်ရွတ်နေတုန်းမှာ ရေပုလင်း၊ ဆီပုလင်းအဖုံးတွေ ဖောင်းခနဲပွင့်ပြီး ရေရော ဆီရော ပွက်ပွက်ဆူဝေကျတာ မြန်မာတစ်ပြည်လုံး မျက်မြင်ကိုယ်တွေ့ ပဲ။

အဲဒီ့ပရိတ်ရေ၊ ပရိတ်ဆီဟာအရမ်း စွမ်းတယ်ဟေ့၊ လိုသလိုသုံးပဲ၊ ပယောဂ များဆို ပြေးရောပဲ။

ကမ္ဘာ့ပေါ်မှာ ပရိတ်ရွတ်ရင်း ရေပုလင်း၊ ဆီပုလင်း အဖုံးပွင့် ပွက်ပွက် ဆူဝေကျတာ တောင်တန်းသာသနာပြု ဆရာတော်ကြီးတစ်ပါးပဲရှိတယ်။

ကမ္ဘာကျော်ပဲ၊ ကြုံတုန်း ပြောရဦး မယ်ကွ၊ ဇန်းမော်ဆရာတော်ဘုရားကြီး ကိုရှင်ဘုရင်တစ်ပါးက ဆွမ်းပင့်ကျွေး

...တ် တရားစကား မေးမြန်းရင်း ...ာက်ထားသတဲ့။ ဟိုးတုန်းက အရှင် ...မြတ်ကြီးတွေသည် ပရိတ်ရွတ်ဆိုရင်း ...တ်ရေအိုးထဲက ပရိတ်ရေ ပွက်ပွက် ...ပါသတဲ့ ဘုရား။ ယခုမျက်မှောက်မှာ ...ကြတဲ့ သံဃာတော် အရှင်သူမြတ်များ ...ာ ပရိတ်ရွတ်ရင် ရေဆူပါသလား ...ားလို့ လျှောက်သတဲ့၊ ဒီတော့ ...မော်ဆရာတော်က ပြန်မေးတယ်၊

"ပုဂံခေတ်တုန်းက အနော်ရထာ ...ကြီး ဘုန်းဘယ်လောက်ကြီးသလဲ ...ရင် ရေပြင်ကို ကြိမ်စကြာနဲ့ရိုက်ရင် ...မင်းတောင် ဒူးတုပ်ရှိခိုးပြီး ရှေ့တော် ...တ် ပေါ်လာရတယ်တဲ့၊ ဒကာဘုရင် ... မြေပြင်ကို ကြိမ်စကြာနဲ့ရိုက်ရင် ...မွေတောင် လာမတဲ့လားလို့ ပြန်မေး ... ရှင်ဘုရင် ငြိမ်ကျသွားသတဲ့ကွ။

တို့များခေတ်မှာ တောင်တန်း ...သနာပြုဆရာတော်ဘုရားကြီးက ...ာ့ သီလရော၊ မေတ္တာရော၊ ဘုန်း ...ရော ထူးခြားမြင့်မားတဲ့ပုဂ္ဂိုလ်ထူး ...တယ်။

ဒါတို့ဆရာတော် အရှင်မွေရက်ွတ ...ကျင့်စဉ်မှန်တော့ သီလသမာဓိရှိ တော့ မယုံလို့မရဘူးကွ၊ အချို့က ငါတို့ ဆရာတော်ကြီး အကြားအမြင်ရနေ တယ်ထင်တယ်လို့တောင် ပြောဆိုနေ ကြတာ။

ဆရာတော်က "ဟဲ့ကောင် - ဘယ် သွားမလို့တုံး" မေးတယ်၊

"မြောင်းမြသွားမလို့ပါ ဘုရား"

"နက်ဖြန်မှသွား၊ ဒီနေ့မသွားနဲ့"

"ဟို - ဟို - အရေးကြီး"

"လျှာမရှည်နဲ့ - ပြန်တော့"

အဲဒါကိုတောင်တွင်းခရီးမသွားဖြစ် ဘူး၊ ဖြစ်ချင်တော့ သူစောင့်တဲ့ပုံထောင် မစောင့်ပဲ မောင်းသွားတယ်၊ အဲဒီ့ပုံထောင် ရေလယ်မှာ ရှောင်ရင်းတိမ်းရင်း မှောက် သွားတယ်၊ အချို့သေ၊ အချို့ရှင်။

တောင်တွင်းဆရာတော်ကိုဦးတုန်း ချကာ အကြိမ်အများကြီးပဲ၊ ပင်လယ်ထဲ တံငါလှေထွက်ကြတယ်၊ အချို့က ဆရာ တော်ကြီးကို ဦးတိုက်ပြီးမှ ပင်လယ် ထွက်ကြတယ်။

ဝမ်းစာရှာကြတာဆိုတော့ မတား သာဘူး၊ ပြောတော့ ပြောလိုက်တယ်၊

"နင်တို့လှေရှေ့ရေပြင်မှာငါးခုန် ရင် ရှေ့ဆက်မသွားနဲ့ - ပြန်ခဲ့တဲ့၊

www.burmeseclassic.com

"ငါးသေးလား၊ ငါးကြီးလားဘုရား"

"ငါးကြီး"

"ဘာလို့ လှေပြန်လှည့်ရမှာပါလဲ ဘုရား"

"လျှာမရှည်နဲ့ - သွားတော့"

ဆရာတော်ကြီးပြောတဲ့စကားကို ယုံကြည်သူလဲရှိသလို၊ မယုံကြည်သူ လည်း ရှိကြတာပဲ။

သွားနေတဲ့လှေရှေ့က ရေပြင်က ငါးကြီးထခုန်ရင် ဒါ လာဘ်ကောင်း၊ နိမိတ်ကောင်း မဟုတ်ဘူးလားကွလို့ ပြောတဲ့ တံငါလှေသမားလည်း ရှိတာပဲ။

အချို့က ပင်လယ်ထဲမှာ ရက်ကြာ ရှည်နေကြတဲ့လူရှိသလို ဟိုနားဒီနား ပိုက်တန်းချတဲ့ တံငါလှေသမားလည်း ရှိကြတာပဲ။

သွားနေတဲ့တံငါလှေရှေ့က ငါးကြီး တစ်ကောင်ကပွက်ပြီး ခုန်လိုက်၊ မြင်တဲ့ လှေသမားတွေ အံ့သြသွားသတဲ့။

ငါးက လူကြီးလူထွားလောက်ကို ကြီးဆိုပဲ၊ ငါးကြီး ရေထဲ ပြန်ကျတော့ ဝုန်းခနဲ အသံမြည်ပြီးတံငါလှေတွေနယ် ယိမ်းထိုးလှုပ်နေသတဲ့။

အချို့လှေပြန်လှည့်ပြီး ရွာနဲ့နီးတဲ့ ရေပြင်မှာ ပိုက်ချတော့တယ်၊ ရှေ့ဆက် မသွားကြဘူး။ ဆရာတော်ကြီးပြောတဲ့ စကား နားထောင်ကြတယ်။

ဖမ်းတံငါလှေတွေကတော့ဒါနိမိတ် ကောင်းပဲ၊ ဒီနေ့ ငါးကြီးသားကြီးများများ ရမယ်ဆိုပြီး ပင်လယ်ရေပြင် ငါးကွင်း ကောင်းမှာ ပိုက်ချကြတယ်။

ပင်လယ်ရဲ့ သဘောသဘာဝက ခန့်မှန်းလို့မရဘူးကွ၊ အခုနေသာပြီး ကောင်းကင်မှာ ကြည်လင်နေပေမယ့် တော်နေကြာ ကောင်းကင်ညို့ပြီး လေ ပြင်းတွေကျ၊ လှိုင်းတွေထန်ပြီးပင်လယ် မှောင်ကြီးကျသွားတာ။

အိမ်လုံးမကကြီးတဲ့ လှိုင်းလုံးတွေ က တံငါလှေတွေ၊ ပိုက်တွေ၊ ငါးတွေ အကုန်ဖျက်ဆီးပစ်တာရယ်။

မုန်တိုင်းငြိမ်သွားပြီးရင်လည်း ပင်လယ်က အပြစ်မလုပ်သလိုပဲ၊ လှိုင်း ကြက်ခွပ်လေးတွေနဲ့ ကောင်းကင်ပြာ လဲ့လဲ့နဲ့ သာယာကြည်နူးလိုက်တာ။

ရှေ့ဆက်သွားတဲ့လှေသမားတွေ ရတ်တရက်ညို့လာတဲ့ ကောင်းကင်ကို ကြည့်ပြီး လေပြင်းတွေ လိုက်လာတာ မြင်ရော၊ နောက်ပြန်လှည့်ကြပေမယ့် မြင်းစိုင်းသလိုလာတဲ့ လေမိုးလှိုင်းကြား မှာ ပျက်ပျက်စီးစီး ဖြစ်ခဲ့တာတွေ ကြုံ

မြင်ရ၊ ကြားဖူးတော့ အခု ဆရာတော် ပြောတဲ့ အိပ်မက်နိမိတ်ကို အလေးထား ထားရတယ်၊ အဲဒီတုန်းကတို့အရပ်က သွပ်စစ်မီးမရှိတဲ့အရပ်။

ရေဒီယိုသတင်းနဲ့ မိုးလေဝသတင်းကို နားစွင့်ပြီးအလုပ်လုပ်နေကြရတာ၊ တီဗွီ ခေတ်မဟုတ်ဘူး၊ ဓာတ်ခဲသုံးရေဒီယို တောင် ငါးရှဲသူဌေးတွေမှကိုင်တာ။

ဒီလိုနဲ့ ဆရာတော်ကြီးပြောတဲ့ သုံးရက်၊ ပထမတစ်ရက်၊ အေးအေးဆေး ဆေးပဲ၊ ပင်လယ်မှာလည်းတံငါလှေတွေ သွားလာဝင်ထွက်ပဲ။

ရွာထဲက လူတွေလည်းတောင်ခြေ က အသီးအိမ်တွေ သွားလည်ကြ၊ တော က အမဲဟင်းလျာတွေ ရလာကြ။

ငါတို့ကွင်းထဲမှာလည်းကောက်ပင် တွေရှင်သန်ပြီးစွင့်နေတာပဲ၊ ကိုယ့်လယ် က စပါးပင်တွေ အခြေအနေကြည့်ပြီး ဒီနှစ်စပါး အထွက်တိုးမယ်လို့ ခန့်မှန်း တွက်နေကြ။

နှစ်ရက်မြောက်နေ့။

နည်းနည်းထူးသလိုရှိလာတယ်၊

ပုရွက်ဆိတ်တွေ အိမ်တိုင်အမြင့် ပေါ်အစုအပြုံတက်နေတာ မြင်ရတယ်၊ နွားတွေ၊ ကျွဲတွေလည်း ဂနာမငြိမ်ဘူး၊ ငှက်တွေ အဝေးကို အုပ်စုဖွဲ့ပျံသန်းသွား တာ မြင်ရတယ်၊ ကဏန်းကျင်းတွေ လည်း ရေပြည့်လို့ကွ။

ဒါ - ကောင်းတဲ့လက္ခဏာမဟုတ် ဘူး၊ ငြိမ်း - လေက ငြိမ်ချက်သား ကောင်း နေတယ်ဟေ့။

ငါတို့လည်း လိုလိုမည်မည် အထုပ် အပိုးအသင့်လုပ်ထားရတယ်၊ ဆန်အိတ် တွေ အမြင့်မှာတင်၊ အရေးကြီးတဲ့ပစ္စည်း တွေ ထုပ်ပိုးပြီး ထုပ်တန်းမှာ ကြိုးနဲ့ဆွဲ ထား။

ရွှေတို့ရွှေစနဲ့ငွေအနည်းငယ်လည်း ထုပ်ထားပေါ့၊ အချို့ကတော့ ခပ်အေး အေးပဲ၊ အစားအသောက်မပျက်၊ သီချင်း ဆိုမပျက်၊ အအိပ်လည်း မပျက်ပဲ၊

ငါတို့ဆွေမျိုးတွေကိုတော့ ငါလည်း ကြိုအသိပေးပြီး အရေးဆို ယူသွားလို့ရ တာ အသင့်လုပ်ထား ပြောရတယ်၊

ကျွဲနွားတွေကို ငါက ဟိုးကုန်းမြင့် သစ်ပင်အုပ်တွေရှိရာကို တပည့်တွေနဲ့ ထိန်းနိုင်းထားတယ်ကွယ်၊

သုံးရက်မြောက်နေ့ရောက်ပြီကွ၊ ကောင်းကင် ကြည်လင်နေသတဲ့၊

www.burmeseclassic.com

ချိုင်းအုပ်တွေကတော့ ဟိုးတော အုပ်ရှိရာကို ပျံနေကြတယ်ပေါ့၊ လူတွေလည်း ဖားရှာ၊ ငါးရှာထွက်လျက်ပဲ၊

သို့သော် -

ရွာထဲကွင်းထဲက နွားတွေ တဘဲဘဲ အော်နေကြတယ်၊ ဝက်တွေ တအီအီနဲ့ ဟိုပြေးဒီပြေးဖြစ်လို့ပေါ့၊

ညနေ(၄)နာရီထိုးအထိ ဘာမှမဖြစ်ဘူး၊ (၄)နာရီကျော်တော့ မြို့ပေါ်က အမျိုးတစ်ယောက် လာပြောတယ်၊ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတစ်လုံး ဝင်လာမယ်တဲ့၊ မုန်တိုင်းဆိုပါလား၊

သေးသေးလား၊ ကြီးကြီးလား၊ ကြီးကြီးသေးသေး မုန်တိုင်းဆိုရင် မိုးရွာမှာပဲ၊ လေတိုက်မှာပဲ၊ ဒီရေတက်မှာပဲ၊ တံငါလှေသမားတွေ အနားယူတဲ့ညဖြစ်လိုတော်သေးရဲ့၊

ဆရာတော် ကျောင်းပြေးလျှောက်ရတယ်၊ မုန်တိုင်းတဲ့ ဘုရား၊ ဘင်္ဂလားပင်လယ်အော်ကို ရှေးရှုနေသတဲ့ ဘုရားလို့လျှောက်တော့ ဂုဏ်တော်တွေ ရွတ်ကြ၊ ဘုရားမမေ့နဲ့၊ မုန်တိုင်းပြင်းရင် လွတ်ရာပြေးကြ၊

"အရှင်ဘုရားရော မြို့ပေါ်ကို ကြွပါတော့ ဘုရား"

"ငါ ဒီကျောင်းမှာပဲနေမယ်၊ မင်းတို့ အားလုံးတစ်ရွာလုံးကိုမေတ္တာပို့နေမယ်၊ မစိုးရိမ်နဲ့"

အဲဒီလိုပြန်မိန့်တယ်၊ ငါတို့အရပ်က မုန်တိုင်းလာရင် မိုးကြီးတဲ့အရပ်ကွ၊

ဒီလိုနဲ့ ညဦးပိုင်းရောက်က လေပြင်းတွေ ကျလာတာကွ၊ သစ်ပင်တွေ ကျိုးသံ ကြားရတယ်၊ ပြီး - မိုးခြိမ်းသံတွေနဲ့အတူ လေပြင်းနဲ့ မိုးတွေရွာကွာ၊ တဝေါဝေါ တဝုန်းဝုန်းနဲ့ ဆူညံနေတာပဲ၊

ငါလည်း လက်နှိပ်မီးနဲ့ အပြင်ကို ထိုးထိုးကြည့်တယ်၊ ရေတွေ ရွာထဲကို ဝင်လာနေပြီ၊ အိမ်အောက်ကိုရေဝင်နေပြီပေါ့၊

အုန်းပင်တွေ ကျိုးကျသံကြားရတယ်၊ လူအချို့ရဲ့ခေါ်သံ၊ အော်သံ ကြားရတယ်၊ မိုးက တစ်ညလုံး မည်းပြီးရင်းမည်းပြီး ရွာတာကွ၊

မိုးလင်းခါနီးမှာ ကျွဲတွေ၊ နွားတွေ ဝက်တွေရဲ့အော်ဟစ်သံ ဆူညံနေသလို



နေသူတွေရဲ့ကြောက်လန့်တကြားအော်သံ ပြောသံတွေ ကြားရတယ်၊

"တောင်ကျရေတွေပါဝင်လာတယ်ဟေ့"

"ငါတို့အိမ် ဖိနပ်ချွတ် ရေမြုပ်နေပြီကွ"

"ငါ့ နွားတွေလည်း ကြိုးပြတ်ပြီး ပြေးကုန်ပြီဟ"

"ဟဲ့ - မောင်သင် - လှေပေါ်ကို မြန်မြန်တက်၊ ကလေးတွေ လူစုံရဲ့လား"

"စုံပြီတော်"

"ဝုန်း - ဝုန်း - ဝုန်း - ဝေါ - ဝေါ - ဝေါ"

ဟုတ်တယ်၊ တောင်ကျရေတွေ ကြောင့် စီးရေအဝင်ကြမ်းနေတာ၊ ငါတို့ အိမ်တိုင်တွေ ရေမြုပ်စပြုနေပြီ၊ ဒို့မိသားစုတွေကို လှေပေါ်တင်ပြီး ရေလွတ်နိုင်တဲ့ကုန်းကို ဦးတည်လှော်လာခဲ့လိုက်တယ်၊

မိုးလင်းနေပြီ၊ သို့သော်မိုးက တဝေါဝေါရွာ၊ လေက တဝုန်းဝုန်းတိုက် သဲသဲကွဲကွဲ မမြင်ရ၊

ရေပြင်မှာ လှေတွေ၊ ဝါးဖောင်တွေ၊ ဘဲမျောတုံးတွေ ဖက်စီးပြီး ရေဘေးရှောင်တဲ့လူတွေကို ဝိုးတဝါးမြင်ရတယ်၊

ကံကောင်းတယ်ကွာ၊

ငါတို့ ရေလွတ်တဲ့ ကိုချစ်တီးကုန်းကို ရောက်ခဲ့ကြတယ်၊ ရွာကလူတွေလည်း စိုစိုရွှဲရွှဲရောက်နေကြလို့၊

ကလေးတွေက ငို၊ ကျွဲနွားတွေကလည်း ကုန်းပေါ် တက်လာကြ၊ မိုးကလုံးဝမရပ်ဘူး၊ လေကလည်း ပိုပြင်းလာတယ်၊ ငါတို့နာမည်ခေါ်သံ၊ ဒီပြင်လူနာမည်ခေါ်သံတွေ ကြားရပြီး လူအချို့ပြေးလာတာ မြင်ရတယ်ကွ၊

မြို့ပေါ်က ရေကြီးသံ ကြားလို့ လာကူညီတဲ့အမျိုးတွေ၊ မိတ်ဆွေတွေ၊ စာနာသူတွေ၊ ငါတို့ဆွေမျိုး အသိအိမ်တွေမှ နေကြရတယ်၊

အချို့က မြို့ဘုန်းကြီးကျောင်းတွေမှာ ခိုကြ၊ မြို့ပေါ်လည်း ရေက ဒူးမြုပ်နေပြီ၊ နောက်နှစ်ရက်ဆက်တိုက် မိုးကြီးရွာတာ၊ ငါတို့ရွာက အိမ်ကြီးအိမ်ကောင်းတွေ ရေမြုပ်ကုန်ပြီ၊

တဲအိမ်တွေရဲ့ ခေါင်းပေါ် ရေထိနေပြီ၊ ကျွဲသေ၊ နွားသေ၊ ဝက်သေတွေ ရေစီးနဲ့ မျောပါနေတာကို မြင်ရတယ်၊ ငါတို့ရွာ



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ပတ်ဝန်းကျင်ရွာတွေဟာ မုန်တိုင်းမိုး၊ တောင်ကျမိုး၊ ဒီရေနဲ့ရောပြီး ရေမြုပ်ကုန်တယ်၊

အားလုံး အသက်ဘေးကလွဲပြီး ဘာမှမယူနိုင်ဘူး၊ ရေစီးထဲမှာ မြွေတွေ မျောပါလာတယ်ကွာ၊

ငါတို့ဆရာတော်ကြီးကိုစိုးရိမ်ပူပန်သွားပြီး မိုးထဲလေထဲမှာ လှေနဲ့ ရေမြုပ်ရာထဲကို လာခဲ့လိုက်ကြတယ်၊ ကျောင်းအောက်တိုင်မြင့်တွေ ရေမြုပ်နေပြီပေါ့၊

ရေပြင်မှာ ကြက်ဘဲအသေတွေ၊ သစ်တုံးတွေ၊ ဝါးတွေ၊ တောင်းပလုံးတွေ ပေါလောပေါ်လို့ကွ၊

ငါတို့လှေသုံးစီး ကျောင်းတိုင်မှာ ဦးတိုက်ပြီး ကျောင်းပေါ် တက်လိုက်ကြတယ်၊ ကျောင်းက လူတစ်ရပ်ကျော်ကျော် အောက်ခြေမြင့်တာကွ၊

အခု - ရေကကြမ်းခင်းကိုရောက်ဖို့ တစ်ထွာခန့်ပဲ လိုတော့တယ်၊ ငါတို့ ကျောင်းပေါ်ကို စုန်တက်လိုက်ကြတယ်၊

"ဆရာတော်ဘုရား - ဆရာတော်ကြီးဘုရား"

"ဦးဇင်းတို့ ဘုရား - ဆရာတော်ဘုရား"

"ဟင်"

ငါတို့တွေလိုက်တာက ဘုန်းကြီးရဲ့ ဘုရားခန်းရှေ့မှာ ဆရာတော်ကြီးနဲ့ ဦးဇင်းကြီးငါးပါးငြိမ်သက်စွာ တရားမှတ်ရှုနေကြတယ်၊

ဘုန်းကြီးကျောင်းသားတွေလည်း တစ်ယောက်မှမရှိမတွေ့၊ သံဃာတော်ခြောက်ပါးစလုံး ထွက်သက်ဝင်သက်ကို မှတ်ပြီး ငြိမ်နေကြလို့၊ ငါတို့အော်သံနဲ့ ခြေသံကို ကြားမနေ တူရဲ့၊

"ဒကာမှန်း"

ဘုရား"

"ပြန်ကြတော့"

"ရေ - ရေတွေ - တက် - တက်"

"မပူနဲ့၊ ရေမတက်တော့ဘူး - ပြန်တော့"

"ဟို - ဟို း - ဆွမ်း - ဆွမ်းကိစ္စအတွက်"

"မလိုဘူး - ပြန်တော့"

ဆရာတော်အသံတိတ်သွားတယ်၊ လုံးဝလှည့်မကြည့်ဘူး၊ တရားပြန်မှတ်နေတယ်၊ ဒါနဲ့ - ငါတို့ ဦးချကန်တော့ပြီး လှေတွေနဲ့ ပြန်ခဲ့ကြတယ်၊

ဘယ်လိုပဲဖြစ်ဖြစ် ဆွမ်းကို မရ အောင်လာပို့ရမှာပဲ၊ ဘာတဲ့၊ ရေမတက်တော့ဘူးတဲ့၊ ဒါမင်္ဂလာစကားပဲကွ၊ အဲဒီ ိတ်စကားကို ကြားရတော့ ဝမ်းသာ က်တာကွာ၊

ငါတို့ဆရာတော် ကြိုပြောခဲ့ပါရော ၊

သုံးရက်ပြည့်ရင် မိုးကြီးလေကြီး ရလိမ့်မယ်၊ အဝေးကို ရှောင်တိမ်းဖို့ ပြောထားကြတဲ့၊ ရက်ခွဲစိုးကြီးအိပ်မက်ပေး တာတဲ့၊ ခု - မှန်နေပြီကွာ၊ တိုက်ဆိုင်မှုက အံ့ဩစရာကောင်းလိုက်တာ၊ ရေမတက် တော့ဘူးတဲ့ဗျာ၊

၁၀

မိုးကြီးလေကြီး ငြိမ်သက်စပြုလာ ပြီပေါ့၊ သို့သော် ရေက လုံးဝမကျသေး ဘူး သာမန်မိုးတွေတော့ ရွာနေတုန်းပဲ၊

ဒါကြောင့် ဟိုးတောင်ပေါ်က ကျတဲ့ ရေ ပြင်းထန်နေတာ၊ လေကတော့ အတန်အသင့်တိုက်နေတုန်းပဲ၊

ဒီမှာ အိမ်ကြီးအိမ်ကောင်းကျန်ခဲ့တဲ့ ပိုက်ဆံရှိသူတွေက လှေငှားပြီး သူတို့ အိမ်တွေကို သွားကြည့်ရော၊

အိမ်ပေါ်မှာ ကျန်ရစ်ခဲ့တဲ့ အဝတ်အစားတွေ၊ အဖိုးတန်ပစ္စည်းတွေ မရှိတော့ဘူး၊ သူတို့အိမ်ကိုစွန့်ခွာလာတုန်းက တံခါးသော့ခတ်ခဲ့တာ၊

အခု - တံခါးတွေ ရိုက်ချိုးဖွင့်ဝင်သွားကြတာတဲ့၊ ရေမြုပ်ရေဝင်နေတဲ့ အိမ်ကြီးအိမ်ကောင်းတွေ အဖောက်ခံရတယ်၊ အိုးခွက်ပန်းကန်ပါမကျန် မသမာသူက ခိုးယူသွားခဲ့တယ်၊

ဘယ်သူတွေ လာခိုးယူဖောက်ယူကြတာတုံး၊ ဘယ်ရွာသားသူခိုးတွေလဲ၊

စဉ်းစားလို့မရဘူး၊ ရေပြင်ရေဝိုင်းဖြစ်ပြီး မိုးတွေ သည်းထန်မှောင်မည်းနေတုန်း၊ အိမ်ရှင်တွေမရှိတုန်းအရှောင်လာဖောက်ထွင်းခိုးယူကြတာကွ၊

လုပ်ရက်လိုက်ကြတာ၊

ရေမမြုပ်သေးတဲ့ လယ်သမားအိမ်က ပစ္စည်းတွေလည်း ခိုးသွားတယ်၊ သူတစ်ပါးပူဆွေးသောကရောက်နေချိန်မှာမှ ကိုယ်ကျိုးအတ္တစိတ်နဲ့ ကိုယ်ချင်းမစာ ခိုးယူတဲ့လူတွေ၊ လူစင်စစ်မှ ဟုတ်ကြရဲ့လားကွာ၊

"ရေနစ်တဲ့ရွာထဲက အိမ်ကြီးအိမ်ကောင်းတွေကို မသမာသူတွေ ဖောက်ဝင်ပြီး ရသမျှခိုးယူသွားကြပြီပေါ့"


www.burmeseclassic.com

www.burmeseclassic.com

"ဟော့တော့ - ငါတို့အိမ်ရော"

"အကုန်ယူသွားကြပြီဗျ"

"အမလေးတော့"

"ဘယ်လိုလုပ်ကြမတုံး - ကိုမှန်း"

"ငါ့အိမ်က ထုပ်တန်းမှာ ချည်ဆွဲထားတဲ့ အိုးခွက်ပန်းကန် ထုပ်ရော၊ အမြင့် ပေါ်တင်ထားတဲ့ ဆန်အိတ်ရော သူခိုးလက်ထဲ ပါသွားပြီ"

သားမယားတွေ ရှိုက်လို့ငိုကြတယ်၊ ရင်ထုငိုကြတယ်၊ ခုတောင် သူများကျွေးလို့ မနက်စာ၊ ညစာ စားနေရတာ၊ ရှိစုမဲ့စုကျန်ရစ်တာလေး ခိုးသွားပြီဆိုတော့ ဆဲရေးတိုင်းထွာသူက ဆဲရေးတိုင်းထွာ၊ ကျိန်ဆဲသူက ကျိန်ဆဲ၊ မေတ္တာပို့သူက ပို့၊ ရေဘေးထဲက အပူမီးပဲကွာ၊ ရေနက်ထဲမှာလောင်တဲ့အပူမီးပဲ၊

"ဒီတိုင်း လက်ပိုက်ကြည့်နေရင် ကျန်တဲ့အိမ်တွေပါ ရှိခဲ့၊ ကျန်ခဲ့တာ ကုန်မယ်ဗျ၊ ကျုပ်တို့လှေနဲ့လိုက်ရှာကြတယ်ဗျာ"

"ကောင်းတယ်၊ မိရင်တော့လားကွာ"

ငါတို့ မိုးသည်းမိုးဖွဲအကြားမှာ လှေသုံးစင်းနဲ့ တုတ်ဝါးလက်နက်တွေယူပြီး ရေပြင်ဖွေးဖွေးဖြစ်နေတဲ့ ရွာထဲကို လှော်ခတ်လာခဲ့ကြတယ်၊

ရွာထဲမှာ ပိုက်ဆံရှိတဲ့သစ်သားအိမ်ကြီးအိမ်ကောင်းတွေ အနည်းနဲ့အများ ရှိတာကွ၊

အချို့က ရွှေတွေ၊ ငွေတွေကိုရေကြီးလို့ ပြေးရတော့ သင့်သလိုဖွက်ခဲ့ကြတာကိုး၊ အချောင်သမားသူခိုးတွေက ဒါကို သိထားကြတော့၊ နေ့ခင်းပိုင်းရော ညဘက်ပါ လာဖောက်ဝင်ယူကြတာ၊

အရှေ့ထဲ မိုးက ဝေါခနဲ ရွာချလိုက်သေးသကွာ၊ ဒီလိုနဲ့ ငါတို့ မသင်္ကာတဲ့ အိမ်ကြီးအိမ်က လက်တွေ့ရှိရာကိုလှော်ခတ်လာခဲ့လိုက်တုန်းမှာပဲ၊

"အား - အား - မလေးဗျ"

"အမလေး - အမလေး"

"ဟေ့ - အော်သံကြားတယ်ဟေ့"

"ရှေ့လှေကပဲဗျ၊ အဲဒါဘယ်သူ့လှေတုံးဟ"

"ဟေ့ - ရှေ့ကလှေ ရပ်လိုက်စမ်း၊ ရပ်နေဦး"

နာကျင်စွာအော်သံပေါ်လာတဲ့လှေက မရပ်ပဲ လှော်ပြေးပါရောဟေ့၊

"လိုက်ကြစို့ဟေ့"

ရှေ့ကလှေက ရေပြင်မှာ လူးလိုမ့်သွားနေတယ်၊

"အမလေး - အ - မ - လေး"

"ဟေ့ကောင် - ရပ်စမ်း - ရပ်လေကွာ"

ငါတို့လှေသုံးစီး သင်းလှေကိုခေါင်းမြုပ်နေတဲ့ အိမ်နားမှာ မိလိုက်တယ်၊ ကြည့်လိုက်တော့ လှေထဲမှာ လူတစ်ဦး နောက်လုံးပြူးပြီး အကြောဆွဲနေတာ မြင်ရတယ်၊

"အားအား - ကယ် - ကယ် - ကြပါ"

လှေထဲမှာလည်းအိုးခွက်ပန်းကန်နဲ့ ဆန်အိတ်အချို့ကို မြင်ရတယ်၊

"မင်းတို့ သူခိုးတွေမဟုတ်လား ဒင်း - ဟေ့ကောင်"

"ဟုတ် - ဟုတ် - ပါတယ်ဗျာ"

"ငါရိုးမသားတွေ - သေစမ်းကွာ"

ငါတို့လူခေါင်းက ဒေါသဖြစ်ပြီး သင်းကိုဓားနဲ့ လှမ်းခုတ်လိုက်တာ၊ ငါ အဆွဲမြန်လို့ပေါ့ကွာ၊ ဒါတောင် - သူခိုးနားရွက် တစ်ဖက်ပြတ်ပြီး ငိုယိုတောင်းပန်ပါရော၊

"ဟိုကောင် - ဘယ်လိုဖြစ်တာတုံး မြန်မြန်ပြော"

"ဟို - ဟို - အိမ်ကြီးကိုဝင်ပြီးပစ္စည်းတွေ ယူနေတုန်း၊ အိမ်ထဲက - မြွေ - မြွေဟောက်ကြီးကိုက် - ကိုက်လို့ပြေး - ပြေးခဲ့တာပါ - အစ်ကိုကြီးတို့ရာ"

"မအေရိုးသူခိုးတွေ - သူများပစ္စည်း မတော်မတရားယူချင်တဲ့ကောင်တွေ၊ အဲဒီကောင်ကိုကြိုးနဲ့တုပ်စမ်း"

မြွေကိုက်ခံ ရတဲ့ လူကတော့ အသက်ထွက်သွားပြီကွ၊ ငါတို့လူတွေက သူခိုးကောင်ကိုကြိုးနဲ့တုပ်ပြီးလှေပေါ်မှာ မှောက်ခိုင်းထားတယ်၊ သည်နောက် မြင်ရတဲ့ရေမြုပ်သစ်သားခြေတံရှည်အိမ်ကြီးရှိရာကို လှော်ခတ်ခဲ့ကြတုန်း -

"ဝေါင်း"

"အား"

"ဒွီး - ဂရဲ - ဖွီး"

"ဘာသံတုံး - ဗမှန်း"

"တိရစ္ဆာန်အသံနဲ့ လူအော်သံကွ"

"အရမ်းမကပ်နဲ့ဟေ့"

ငါတို့ စောင့်ကြည့်နေတုန်းမှာပဲ အကျီပြောင်နဲ့လူတစ်ဦးအိမ်ကြီးပြတင်းပေါက်ကနေ ရေထဲ ခုန်ချကူးနေတာ မြင်ရရော ငါတို့ လှေနဲ့ ဝိုင်းပတ်ပြီး သင်းကို ဆွဲတင်လိုက်တယ်၊


www.burmeseclassic.com

www.burmeseclassic.com

အလို-ဒီကောင့်ကိုယ်ပေါ်မှာကုတ်ခြစ်ရာတွေနဲ့ပေါ့၊သွေးတွေစီးကျလို့ကွ၊ မျက်နှာမှာလည်း သွေးသံရဲရဲ၊

"ပေ့ကောင် - မင်း သူခိုးမဟုတ်လား"

"ဗျာ - ဟို - ဟို"

"ဖောင်း - ဖောင်း - ဖြန်း"

"အား - ကြောက်ပါပြီဗျ၊ မလုပ်ပါနဲ့ဗျာ"

"မှန်မှန်ပြော - မင်းဘာဖြစ်လာတာတုံး"

ဒီအချိန်မှာအိမ်ကြီးပေါ်က လုံးထွေးသတ်ပုတ်သံ၊ နာကျင်စွာအော်တဲ့အသံတွေ ကြားနေရတယ်၊

"မင်းတို့အထဲမှာဘာတွေဖြစ်ခဲ့တာတုံး - ပြောစမ်း"

"ဟို - ဟို - အိမ်ထဲမှာ ကျား - ကျားသစ်ရောက် - ရောက်"

"ဘာ - ကျားသစ် - ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့ အိမ်ပေါ်တက်ပြီး ပစ္စည်းတွေ ယူ၊ ယူနေတုံး ထုပ်တန်းပေါ်ကနေ ကျားသစ်တစ်ကောင် ခုန်ချပြီး ကျွန်တော့်ကို ကုတ်လိုဘားနဲ့ယမ်းပြီး ရေထဲကို ခုန်ချ၊

"ဒါဆို အထဲမှာ ဘယ်သူကျန်လဲ"

"ကျွန်တော့်အဖော် ကျန် - ကျန်ခဲ့တယ်၊ သူနဲ့ ကျားသစ်နဲ့ လုံးထွေးသတ်ပုတ်နေကြတယ်ဗျ၊ ကယ်ကြပါဦးဗျာဗျာ"

"ဝုန်း"

"ဟား - ဟား"

"ကျားသစ်ကြီးပေ့"

ဝုန်းခနဲအသံကြားလို့ အိမ်ကြီးရှိရာလှည့်ကြည့်လိုက်ရော၊ အလွန်ကြီးတဲ့ကိုယ်လုံးနဲ့ ကျားသစ်ကြီး၊ အဝါပေါ်မှာအနက်ကွက်ပြောက်တွေရှိတဲ့ကျားသစ်ကြီးတစ်ကောင်က လူတစ်ယောက်ရဲ့လည်ကုပ်ကိုခဲပြီး ရှေ့တံခါးကနေ ရေထဲကို ခုန်ချလိုက်လေပေါ့၊

ကျားသစ်ကြီးက လူ့လည်ကုပ်ကိုခဲပြီးရေထဲမှာလူးပြေးနေတုန်းမှာပဲ ငါတို့လှေ မုဆိုးစိန်မောင်က လေ့ပေါ်ကရပ်ပြီး လုံ့တိုင်နဲ့လှမ်းပစ်လိုက်တာပေါ့၊ မြန်ပါ့ကွာ၊



"ဝုံး"

"ခွပ်"

"ဂရော - ဂရော - ခွီး - ခွီး - ဂရွး - ဂရွး"

"ဝုန်း - ဝုန်း - ဝုန်း"

မုဆိုးစိန်မောင်ပစ်လိုက်တဲ့လုံ့တို ဘ လူကိုကိုက်ပြီး ရေကူးပြေးတဲ့ကျားသစ်ခဲ့လက်ပြင်ကို စိုက်သွားရော၊

ကျားသစ် ရေထဲမှာ နာကျင်စူးရှစွာအော်ပြီးလူကိုခါလိုက်တာကွ၊ကျားသစ်ဒီစပ်ထဲက လူလွတ်သွားပြီး ကျားသစ်ရေထဲမှာ လူးလွန့်ငုပ်ပြီး ပျောက်သွားသယ်၊

ငါတို့လည်း ရေထဲက ပေါ်လာရင်ထိုးခုတ်ဖို့ လုံ့တွေ၊ ဓားတွေနဲ့ အသင့်ချိန်ရွယ်ထားတုန်းမှာပဲ ကျားသစ်ကြီးဟာ အဝေးမှာ သွားပေါ်လာပြီး တောအုပ်ရှိရာ ဘက်ကို ရေကူးပြေးတာ မြင်လိုက်ရတယ်၊

ကျားသစ်မရှိတော့မှ သူခိုးလူသေ အလောင်းကို လှေပေါ် ဆွဲတင်ပြီး ငါတို့ နာတည်းခိုတဲ့နေရာကိုပြန်လာခဲ့လိုက်သယ်၊

သူခိုးတွေ မိပြီပေါ့ဆိုတဲ့အသံကြောင့် ရေဘေးရောက်ရွာသူရွာသားတွေ သူခိုးတွေကိုကြည့်ပြီး ဒေါသတွေပေါက်ကွဲနေကြမယ်ပေါ့၊ သတ်မယ်၊ ဖြတ်မယ် ဖြစ်ကုန်ကြပါရော၊

နောက်ဆုံးတာဝန်ရှိတဲ့လူကြီးတွေလက်ထဲကိုအပ်လိုက်ရတယ်၊ သူခိုးတစ်ဦးက မြွေကိုက်ပြီးသေတယ်၊

သူခိုးတစ်ဦးက ကျားသစ်ကိုက်လို့သေတယ်၊ ကျန်သူခိုးတွေကိုလည်း ဖမ်းဆီးရမိတယ်ပေါ့၊ ရေကြီးတော့ မြွေပွေးမြွေဟောက်တွေက အိမ်တွေပေါ် တက်နိုကြတာကိုးကွ၊ သူခိုးတစ်ယောက်ပြောပုံဆိုရင် သူ့လူကိုကိုက်တဲ့ မြွေဟောက်ကြီးက ပါးပျဉ်းခွက်ကြီးတင် ထမင်းစားပန်းကန်ပြားလောက်ကြီးသတဲ့၊

တစ်အိမ်ကို သူတို့တက်တော့ အိမ်ပေါ်မှာ မြွေအုပ်ကြီးတွေ့လို့ ပြေးခဲ့ရဆိုပဲ၊

"ကျားသစ်က ဘယ်လိုရောက်လာတာတုံး - ဘကြီးမှန်း"

"သုံးလေးရက် မိုးရောစေ ရောကျတာကိုးကွ၊ တောင်ကျ ရေနဲ့ တောထဲက



www.burmeseclassic.com

www.burmeseclassic.com

ကျားသစ် မျောလာတာနဲ့တူရဲ့၊ နောက်ဆုံး အိမ်ကြီးတစ်အိမ်ပေါ် တက်ခိုနေတုန်း ဟိုသူခိုးနစ်ယောက်နဲ့တွေ့ပြီး ကိုက်သတ် တာကွ"

"ကြောက်စရာကြီးပဲဗျာ"

"ငါ့လူရော - သူတစ်ပါးဈေးနဲ့စာနဲ့ ရှာထားတဲ့ပစ္စည်းဥစ္စာကိုမတော်လောဘနဲ့ ကိုယ်ချင်းမစာ ရယူချင်တဲ့ အချောင်သမားဆိုတာ ရေဘေးမှာပဲဖြစ်ဖြစ်၊ မီးဘေးမှာပဲဖြစ်ဖြစ် သူ့အကုသိုလ်အကျိုးပေးနဲ့ တရားစီရင်ခံရတာပဲလေ၊ သူတို့လည်းရေနက်ထဲမီးလောင်ခံရတဲ့ အကုသိုလ်ဆိုတာလေ၊ အခုဖြစ်နေတဲ့ မြစ်ဝကျွန်းပေါ်ရေဘေး၊ စေတုဗ္ဗရာရေဘေးမှာ လူမရှိတဲ့ရေဘေးရှင်အိမ်တွေ လိုက်ဖောက်ခိုးယူတဲ့ သူခိုးတွေအကြောင်း နားစွင့်နေပါ - ငါ့လူရာ၊ ဒုစရိုက်အကုသိုလ်က မကြာခင် အကျိုးပေးပါလိမ့်မကွာ၊ မြန်သလားမမေးနဲ့၊ ကြားရပါလိမ့်မယ်"

>> မောင်ညီမြိုင်း(သန်လျင်)

## ရာသီပြောင်းကာလ ကလေးများ သက်စောင့်ဆေးများ

---

သွယ်နာကင်းရန်

**သွေးယိုစာနှက်ပျော** - ဗီးကြမ်းငှက်ပျော ရရာကို အခွံပါ မီးဖုတ်၍ အသားကို ကျွေးပါ။ မိခင်က ကြိတ်မှန်ရွက်ကို ငါးကြင်းနှင့် ချက်စားပါ။
ဖရဲ ပဥ္စငါးပါး၊ ငန်းဆေးရောချက်ပြုတ်ပြီး ကလေးကို ရေချိုးပေးပါ။

**သွေးယိနာဝမ်းပျက်** - ကုလားမျက်စိအရွက် ပြုတ်တိုက်ပါ။




www.burmeseclassic.com

www.burmeseclassic.com

ကြောင်သတ္တဝါများဖြင့်
ဝတ္ထုကို ဖန်တီးဖွဲ့ဆိုထားပြီး
ရက်လည်ဆွမ်းကျွေးအလှူဖြင့်
သည်းထိတ်ရင်ဖိုဖွယ်ကိစ္စဖြင့်
အဆုံးသတ်ထားပုံကို ဖတ်ရမည်..

**ဘီယာ** မျက်နှာဖောသွပ်သွပ်ကြီးက မှန်ထဲမှာ ပြူးပြဲလို့၊ ဒေါသသည် တိုင်ပင်မကိုက်ထားရဘဲနှင့် ဝုန်းခနဲ ထဖောက်လေပြီ၊ ဆေးကူထားတဲ့ကြားမှ ဆံပင်ဖြူတစ်ချောင်းသည် အူတူတူ ထလုပ်နေတာကိုး၊

သကောင့်သား ဖြူတူတူဆံပင်ကို တိခနဲ ဆွဲနုတ်လိုက်သည်၊

ပန်ကာကို ဂိတ်ဆုံးတင်လိုက်တယ်၊ ဆံပင်ဖြူတစ်ချောင်းရဲ့နောက်ဆုံး ဈာပနသည် ဇာတ်သိမ်းမလှတော့၊

ဇရာရဲ့အထုအပါး၊ အထူပွားဖွယ်ရာဆံပင်ဖြူတို့ကိုကာလာနဲ့ဖေးကူလိုက်တော့ မည်းနက်တောက်ပြောင်သွားခဲ့လေပြီ၊

နှင်းဆီနှင့် စပယ်စပ်ကျထားသော ရေမွှေးသည် အတ္တဘောခန္ဓာကိုယ်ကြီးဆီမှ စိမ့်ထွက်လာသော အနံ့အသက်တို့ကို တတ်နိုင်သမျှ ဖာထေးပေးထား၏၊ မှန်မှအကြည့်ကို တိခနဲ ခွာလိုက်၏၊

တော်တော်ဖြောင့်တဲ့ငါပါလား ခန့်ရောကြီးပါလား၊ ကိုယ့်ဥပဓိကိုယ်ကြည့်ကာ ပီတိတွေနဲ့ ဟတ်ထိနေ၏ ပြီးနောက် - ဘိုလိုလေချွန်ကာ အပြင်ထွက်ဖို့ တာစူလိုက်တယ်၊

ဟော - ကြည့်၊

ဂလိုဘယ်လိုက်ဖေးရှင်းလို့ ဟောင်ဖွာဟောင်ဖွာ အညည်ပေါက်နေတဲ့ ကမ္ဘာပြားသမယကြီးမှာပေါ့၊ ကျွန်ုပ်၏ ဆတ်(စ်)လေဒီကြောင်နက်ပြာမကြီးသည် ကွန်ပျူတာတစ်လုံးနှင့် ကယောင်ဖတ်နေ၏၊

"ဒါက ဘယ်လဲ - ဒါလင်"

ကျွန်ုပ်သည် မျက်နှာခွက်ကြီးကို ပက်ပက်စက်စက်ပြုံးကာ -

"ကုမ္ပဏီမှာ မီတင်ရှိတယ်လေ ဟန်နီရဲ့ - အဲဟေး"

ကျွန်ုပ်သည် မုသာဝါဒကံကို အမုန်းကျူးလွန်ပစ်လိုက်၏၊ ကြောင်နက်ပြာမကြီးက ကြောင်ပါးဝစွာ ပြုံး၏၊ ရှုံ့ခနဲ လေချွန်လိုက်၏၊

"ဒီနေ့ ဆန်းဒေးလေ - ဒါလင်ရဲ့၊ ဘယ်တည်းခိုခန်းသွားပြီး အစည်းအဝေးလုပ်မှာလဲ ဟယ်"

ကျွန်ုပ် ကြောင်တောင်တောင်ကြီး ဖြစ်သွားတာ၊ ဒီနေ့ဟာ တနင်္ဂနွေနေ့ဆိုပဲ၊

"အိမ်ကွင်းမှာ မိနစ်ကိုးဆယ်မပြည့်ခင် လျှာခေါက်နေတာလေ၊ အဝေးကွင်းဆို အသက်ပျောက်သွားမှာပေါ့လို့"

ကျွန်ုပ်ကို ကာလီနေတာ၊ ရီနေတာ၊ ကြောင်ဘေဘီအသန်းဇယားလေ ကွန့်ဒိတ်ထားတာလေ၊ ကြိုသိနေလို့ထား၊ ကြောင်နက်ပြာမကြီးက ကျွန်ုပ်နဖူးပြောင်ပြောင်ကြီး ရှုလုံးခနဲ အာဘွားပေးကာ -

"ဒါလင် - အိုင်လပ်ယူပါကွာ၊ အချစ်ဇယားတွေနဲ့ လုပ်ချင်ပါနဲ့ကွယ် - ဟင်း - ဟင်း"

ကျွန်ုပ်မှာ ကိုယ့်ကိုယ်နှင့်ကိုယ် မှိုင်တိုင်တိုင်ဖြစ်လာ၏၊

"စောနက ဖုန်းလာတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဖုန်း - ဘယ်သူ့ဆီကလဲ"

"ကျောင်းနေဘက်သူငယ်ချင်းလေ၊ ဘယ်သူဆိုလားပဲ၊ ပါးစပ်ဖျားမှာ မေ့နေတာ - မေ့တတ်လိုက်တာ"

"မဟာကျော်ကြားတောင်ဖြို့သစ် ထုတ်လုပ်ရေးကုမ္ပဏီပိုင်ရှင်လား"

ကြောင်နက်ပြာမကြီး ဖျပ်ခနဲ သတိရသွားလေပြီ။

"မြို့သစ်မှာ ထော်လာဂျီမောင်းနေတဲ့ ကြောင်ဖိုးပိန်ရဲ့မိန်းမဆီက ..."

ကျွန်ုပ် တော်တော်လေးကို ဖုသွားတာ၊

"ကိုယ့်ချင်းကိုယ့်ချင်းဒေါက်မဖြုတ်စတမ်းလေ၊ ကိုယ်တို့အလွှာမှာ ထော်လာဂျီမောင်းတဲ့ ဘော်ဒါရှိလို့လားကွယ်"

ကြောင်နက်ပြာမကြီးက ကြောင်တောင်တောင် မဲ့ပြန်၏။

"ရှိစီကြောင်ကို သိလား - ဒါလင်"

"ယူနီတာစီတီမှာ ကျောင်းတက်တုန်းက လုံးကျစ်အယ်ထွား၊ မျက်ဝန်းလဲ့ပြာပြာနဲ့ ကြောင်နက်ပြာမလေးလား၊ CAT QUEEN (ကြောင်ဘုရင်မ) လေကွာ"

ကြောင်နက်ပြာမကြီးက ကျွန်ုပ်အား မျက်စောင်းအတောင့်လိုက်ထိုးကာ -

"ဟုတ်ပ - သူ့လင် ကြောင်ဖိုးပိန် မူးမူးနဲ့ ထော်လာဂျီမောင်းတာ၊ သူ့ဟာသူ မတ်တတ်ရပ်နေတဲ့ ဓာတ်တိုင်ကို ဝင်အောင်းတာလျှော့ပြီတဲ့၊ အဲတာ သွားမေးလိုက်ဦး"

အဲဒီ့နာရေးကို လုံးဝမသွားချင်ပါ၊ ပသို့ကြောင့်ဆိုသော် ဓာတ်တိုင်ကို ဝင်အောင်းကာ သေသွားသော ကြောင်ဖိုးပိန်သည် ကြောင်ဖော်ကြောင်ဖက်ဖြစ်ခဲ့သောကြောင့်ပင်တည်း။

ယူနီတာစီတီရဲ့ CAT QUEEN (ကြောင်ဘုရင်မ) ရှိစီကြောင်ကို အမြှင်ကြောင်ခဲ့ကြ၏၊ ကြောင်ဖိုးပိန်သည် ရှိစီကြောင်နှင့် ကြောင်ဇာတ်ခင်းခွင့် ရသွားလေ၏၊ ကျွန်ုပ် အသည်းပေါက်မိလေ၏။

ဒါပေသိ လည်း နာရေးကို အကြောင်းပြုကာ မာဆတ်မှ ကြောင်ပြကလပ်စိန်ကလေးတွေ၊ ဒါမှမဟုတ် မာယာချိုချိုတွေပေးသော ကာရာအိုကေမှ ကြောင်ဘောဘီလေးတွေနဲ့၊ ဟုတ်ပြီ သို့ကြောင့် -

"သွားလိုက်မယ်လေ - ဘော်ဒော်တွေပဲဟာ"

"သားနဲ့သမီးကို ခေါ်သွား"

"ဘာရယ် - သားနဲ့သမီးကို မသာအိမ်ခေါ်သွားရမယ် - ဟုတ်လား"

"နီးပါ"

"ဒါဖြင့် ..."

"သမီးကို Mouse Walk သင်တန်းသင်ပို့လိုက်"

ကျွန်ုပ်ကိုယ့်နားကိုယ် မသင်္ကာဖြစ်မိတယ်၊

"ကြောင်ကို ကြွက်လျှောက်သင်တန်း တက်ခိုင်းမယ်၊ မဟုတ်တာကွာ"

ကြောင်နက်ပြာမကြီးက ကျွန်ုပ်အား အထင်သေးစွာ ဖမ်းရှုံးပြန်၏၊

"ဂလို ဘယ် ခေတ် ကြီး ထဲ မှာ အဲသလောက်ကြီးပိန်းဖို့ မလိုအပ်ဘူး ဒါလင်ရဲ့၊ ပါးသင့်ရင် ပါးပေးရမယ်"

"ကြောင်က ကြွက်လို လျှောက်မှာဆိုတော့ ..."

"ပြောလေပိန်းလေပါလား - ဒါလင် ... သမီးကလေး ... ကြွက်လိုလျှောက်တတ်ရင် ရှိုးပွဲတွေ၊ ပစ္စည်းကြော်ငြာပွဲ ... လျှောက်ခိုင်းမှာ၊ ကုန်ပစ္စည်းကြော် ... သလိုနဲ့ သမီးလေးကို ရောကြော်ငြာ ..."

"ဟုတ်ပါ့မလား - ဟန်နီရယ်"

"သူများတွေဆို မြေးကပြားလေး ... တောင် ရှိနေရပြီရှင့်"

ချက်ကျလက်ကျကို ရှင်းပြတာ၊ ကျွန်ုပ် အထွန့်မတက်လိုတော့ပါ၊ ကြောင်အပိန်းကြီးလို့ ထင်သွားမှာစိုးသောကြောင့်ပေတည်း။

"ကြောင်သားသားလေးကိုရော ဘယ်သင်တန်းပို့ရမှာလဲ"

"Dog Speaking"

ကျွန်ုပ်ရဲ့နှုတ်ခမ်းမွေးတွေ ထောင်တက်သွားပါတော့တယ်၊

"ခွေး - ခွေးစကားပြော"

ကြောင်နက်ပြာမကြီးသည်မိန့်တိန့်တိန့်ကြီးပြုံးပြီး -

"ကြောင်လောကမှာ ခွေးလို ဒွတ်ဒက် ဒွတ်ဒက်နဲ့ ဟောင်နိုင်မှ ကြောင်ရာဝင်တာ - ဟင်း - ဟင်း"

ကျွန်ုပ်သည်မျက်လုံးကိုစုံမှိတ်ကာ ကြောင်သားသားလေးအား Dog Speaking၊ ကြောင်မီးမီးလေးအား Mouse Walk သင်တန်းသို့ အရောက်ပို့ပေးလိုက်လေတော့၏၊

ပြီးနောက် - ကားကို ကိုယ်တိုင်မောင်းကာ ကျွန်ုပ်၏ အတွင်းရေးမှူး ကြောင်နက်ပြာမလေး မီမီနှင့်အတူ ကြောင်မသာအိမ်သို့ ထွက်လာခဲ့လေတော့၏တကား။

www.burmeseclassic.com

ကျွန်ပ် မဟူရာကြောင်စိန်၏ အဖိုးတန်ကားကြီးသည် ကြောင်လက်လုပ်လက်စားများ မှီတင်းနေထိုင်ရာ ဆင်းရဲသားရပ်ကွက်သို့ ရောက်လာခဲ့လေ၏။ မီးကင်းတဲအနီးတွင် ကားကို ကွီခနဲ ရပ်လိုက်ရ၏။

လမ်းက ကျဉ်းသဖြင့် ကားဝင်လို့မရ။ ကားပေါ်မှ ဆင်းလိုက်ကြသည်။

"ကတော် - ကတော်"

Hand Phone က ထထွန်တာ။ ကြောင်နက်ပြာမလေးမီမီက ကျလိကျလိ ကလိကာ -

"မာမီးကြီးကဆက်တာ - ဘော့စ်ကြီးရှန်"

"ဘာတဲ့လဲကွယ်"

"ဘောစ်ကြီးမသာ ..."

"ဘာကွ"

"မသာအိမ်ရောက်ပြီလားတဲ့"

"ရောက်တော့မယ်လို့"

သီချင်းသံကြားရာ ကြောင်မသာအိမ်သို့လျှောက်လာခဲ့ကြတယ်။ ကြောင်တွေမသာပေါ်ရင်အရပ်ကိုလော်စပီကာနဲ့ သီချင်းဖွင့် နားဒုက္ခပေးတာရိုးရာ။ ကြောင်ရွေးကောက်ပွဲကာလက ဝေးသေးသဖြင့် လမ်းများကာ မကောင်းသေး။ ဗွက်အတိဖြင့် ဖွယ်ဖွယ်ရာရာ ရှိနေဆဲ။

ကျွန်ပ် နဖူးပြ၊ ဒူးကွဲမည်စိုးသဖြင့် မီမီက ဖေးမတွဲကူဖို့ကြိုးစား၏။

"ဆေးရုံကလက်မခံလို့ပြန်ပို့လိုက်တဲ့ ဂီလာနကြီးလို့ ထင်နေကြဦးမယ်နေပါကွယ်"

မီမီက ခစ်ခစ်ရယ်လေ၏။

"ဟိုမှာ - ဘောစ်ကြီး"

အဟုတ်ကို တွေ့လိုက်ရတာ၊ ယိုင်နဲ့နဲ့အိမ်တစ်လုံး။ ခြံစည်းရိုးကို ဆာလာအိတ်တွေ၊ ကတ်ထူပြားတွေ၊ ပလတ်စတစ်စတွေနှင့် ကာရံကာ ကြုံသလို ဒီဇိုင်းထုတ်ထား၏။

မြောင်းသေထဲမှ ပုပ်အက်အက်အနံ့အသက်တို့သည် နှာခေါင်းမုန်သ ကို အယုတ်အလတ် အမြတ်မရွေး ဖော်ဆောင်မှု ပေးနေပြန်၏။ ခြင်နှင့် ယင်တို့သည် နယ်မြေလုနေကြ၏။

အလုပ်လက်မဲ့ ၁၀၉၊ ၁၁၀ ကြောင်ထီး၊ ကြောင်မများသည် နေ့ခင်းကြောင်တောင်ကြီးတွင် ဖဲမီးလှုံနေကြ၏။

အဲ့မှာပဲ -

"ကျွီ"

စက်ဘီးရပ်သံကိုကြားလိုက်ရပြီ -

"ဟယ်တော့ - ဦး"

"ကယ်ကြီးလိုက်လာတယ် - ဖွင်"

"ကြောင်ဆိုးကြီး - အဟင့်"



ဆံပင်နီကြောင်ကြောင်၊ ဖန်စီနား ပြွတ်သိပ်ကျပ်ထုပ်နှင့်စွင့်ကားနေ စကတ်အတို ကွဲနှင့် ကြောင် န်းဆင်လေးတွေ၊

ကေတီဗွီ၊ မာဆတ်၊ နိုက်ကလပ်တို့ တ်သက်စပ်ယှက်ခဲ့သော ကြောင်မ နှစ်ကောင်၊ ဘော်ဒါဘော်ကျွတ် လာဆုံနေတာ၊ ကျွန်ပ်က မျက်စိ ပြူလိုက်တယ်၊ သူတို့က ဘယ်လို ပေါက်သည်မသိ၊

"ကြောင်ဆိုးကြီး - သိပ်ကဲ - ဟွန့်"

"အား - လား - လား"

ဝင်စီဆိုသော ကြောင်မလေးက ရဲ့လက်သည်းချွန်မြမြလေးတွေနဲ့ ရဲ့ဗိုက်ခေါက်ထူထူကြီးကိုဆွဲဆိတ်

"ဒက်ဒီရဲ့အသုဘရက်လည်ပြီးတာ မယ်ဟာကို ..."

"ဟုတ်ပ - ကြောင်ကဲကြီး"

"ဟင် - ဒါ - ဒါဆို"

အသုဘအိမ်သို့ ထိုးပြနေသော ရဲ့လက်ညှိုးသည် ဆတ်ဆတ်တုန်

ကြောင်မလေး ရွှေဝါက လေ့ကျင့် ပြည့်ဝနေသော သူမရဲ့ မော်ဒယ် ကလေးကို ဆတ်ခနဲ ဆတ်ခနဲ ာ -

"လျှောသွားတာ မီးတို့ရဲ့ ပါပါးကြီးလေ၊ ဖောရှောတွေ အမုန်းဆွဲပြီး ထော်လာရီပြိုင်စီးတာ ဓာတ်တိုင်ကို ဝင်အောင်းရော"

"OH-my God"

ကျွန်ပ် ဘိုလို ဘုရားတမိသည်၊ အသံမဲ့၊ အဖေအရင်းခေါက်ခေါက်သေတာကို မျက်ရည်တစ်ပေါက်မကျ၊ သောကမရောက်၊ ထမင်းစားရေသောက်လို သဘောထားနေကြတာ၊

အရယ်အပြုံးတို့သည် ကြောင်မလေးနှစ်ကောင်ရဲ့ မျက်နှာစွက်တွင် လက်လက်ကယ် ထနေ၏။ ဖအေသေတာတောင် နန့်စလူးထဖို့ အားသန်နေကြသော ခများလေးတွေကိုကျွန်ပ်ကျွတ်ကျဲလာ၏။

သို့စဉ်၌ -

"ဟဲ့ - ကလေးတွေဘာလုပ်နေကြတာလဲ"

ကြောင်မအိုကြီးတစ်ကောင်ရဲ့ရျော့တော့တော့အသံ၊

ရွှေဝါဆိုသောကြောင်မလေးက -

"အဲဒါ မီးတို့ရဲ့မာမား"

ကျွန်ပ် ချွေးစို့လာရပြီ၊ ကြောင်မလေးနှစ်ကောင်ရဲ့ ရှေ့နောက်မကြည့်ပြောပေါက်ဆိုပေါက်တွေကြောင့်ကျွန်ပ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့အရှက်ကဘတ်လဘိုင်လိုက်တော့မှာ။ သို့ကြောင့် -

"မိမိ"

"ရှန် - ဘောစိကြီး"

"ကလေးနှစ်ယောက်ကို ကားနဲ့ခေါ်သွား။ သူတို့လိုချင်တာ လုပ်ချင်တာမှန်သမျှ လုပ်ပေးလိုက် - ကြားလား"

"ရက်(စ်) - ဘော့(စ်)"

ချက်ဆို ဓာတ်ပေါက်ဖို့ လယ်ဒီဖြစ်နေသော အတွင်းရေးမှူးမလေး မိမိက နန့်စလူးစိန်ကြောင်မလေးနှစ်ကောင်ကို ဖွတ်ဆွဲခေါ်သွားသည်။ ကျွန်ုပ်ကို ဇလိုင်းကစ်တောင် ပေးသွားကြသေး။ မခန့်တာ။

ကြောင်မအိုကြီးနှင့်ကျွန်ုပ်ပက်ပင်းတိုးလေပြီ။ ဓာတ်ရှင်ထဲကလိုပေါ့။

"ဟင် - ရှင် - ရှင်"

"အင်း - မင်း - မင်း"

ကြက်သေ သေရုံမက ကြောင်သေသေပါ ဖြစ်ကုန်တာ။ နှစ်ယောက်သားကြားမှ စကားလုံးတို့ တဒင်္ဂကာလနှာတိုက်ကုန်ကြ၏။ ဝက်ခြံတစ်ညစ်စာကြာမှ -

"မောင် - မောင်မောင်ကြောင်"

ကြောင်မအိုကြီးသည် ကျွန်ုပ်ရဲ့ငယ်ရုပ်ကို မှတ်မိသွားလေပြီ။ ကျွန်ုပ်က ဒိန့်တိန့်တိန့်ကြီးပြုံးကာ -

"နိုးပါ - မိုင်နိမ်းအစ် မဟူရာစိန်ကြောင်၊ ကုမ္ပဏီအကြီးကြီးတွေ ပိုင်တယ်"

ကြောင်မအိုကြီး ငိုလေပြီ၊ ဟိုတုန်းက CAT QUEEN (ကြောင်ဘုရင်မ) လို့ပြောရင် ဘယ်သူက ယုံမှာတဲ့လဲ၊ နောက်တယ်ဆိုပြီး ပါးတောင်အရိုက်ခံရဦးမှာ၊ အခုတော့ - ရွှတ်ချုံ့ကျုံ့ရုပ်ကြီးထွက်လို့၊

"အေးဟယ် - နင်က ဘောစိကြီးဖြစ်နေပြီကိုး၊ ဒီလိုမှန်းသိရင် နင့်ကိုအသက်အောင့်ပြီး ညားပစ်လိုက်မှာပါဟာ။ နင့်ရုပ်ကငါ့ဟာတ်ကို မထိဘူးလေ၊ ဘူတာအမှိုက်ပုံက ကြွက်စုပ်တဲ့သရင်စေ့လို့ ဘတ်လဘိုင်လိုက်နေတာကိုး။ ငါက ဘယ်လိုလုပ်ပြီး ဗီး(လ်)လာမှာလဲ အဟင့်"

ကြောင်မအို (တစ်ခါတုန်းက ငံ့လား)ကြီးသည် ငိုရင်း ပြောပြန်၏၊

"လန်းတာမက်လို့ ငါ့ဘဝက ပရမ်းပတာဖြစ်ခဲ့ရပြီပေါ့၊ အချစ်ကို ကိုးကွယ်ခဲ့တဲ့ ငါ့ရဲ့အထင်ဇယားတွေပေါ့ဟယ်။ တကယ်တော့ - အချစ်ဆိုတာကြီးဟာ မျှစ်တစ်တိုလောက် မချိုမှန်း ငါသိလိုက်ရပြီ"

သူရှည်းပဲပြောနေတာ ကျွန်ုပ်ကိုပါ အံစပ်ဟာခွင့်ပါမစ် မပေး။

"ဖအေ ဖော့ရှောသမားကို အားကိုးရလို့ သမီးနှစ်ကောင်ကို အားကိုးမိခဲ့တယ်၊ ကေတီဗွီလိုလို၊ မာဆတ်လိုလိုနဲ့ သူတို့ဟာနဲ့ သူတို့တောင် အပတ်ကိုလည်တာပါဟာယ် - အဟင့်"

မျက်ရည်ကို အထက်ဆင်စဖြင့်ကြိုသလိုသုတ်သည်၊ မြောင်းပုပ်အတွင်းမှ ကြွတ်ကြွတ်အိတ်များကိုငေးကာ -

"ငါ့ဘဝက ငါးပိရည်ထုပ်ပြီး လွှင့်ပစ်ထားတဲ့ ကြွတ်ကြွတ်အိတ်တွေလိုပါပဲဟာယ်၊ နာလဲနာ၊ နံလဲနံ - အဟင့်"

"ငါ ဘာအကူအညီပေးရမလဲ"

တည့်ပဲ မေးလိုက်တာ၊ ကြာလို့ ကြောင်အိုမကြီးက အင့်ခနဲ ရှိုက်ကာ -

"မန်းနီး"

ဝိုက်ဆံတဲ့၊ ပြတ်သည်၊



...ခေး၊ ...ဆို ဗိုက်နာ၊ ဗိုက်... အလေလု... အောက်ကျ၍သေခြင်းကို ...သေခြင်းဟုခေါ်ပြီး (၁)ရက်နှင့် အသုဘချရပါသည်။ မြွေကိုက်၊ ကားတိုက်၊ ...တ်လိုက် စသည်တို့ကို ရှယ်သေခြင်းဟု ခေါ်ပါသည်။ (၃)ရက်နှင့် အသုဘ...ရပါသည်။ တူညီချက်တစ်ခုတော့ ရှိပါသည်။ ရိုးရိုးပဲသေသေ၊ ရှယ်ပဲသေသေ ကိုယ့်ခြံဝင်းထဲမှာပင် မြှုပ်နှံကြခြင်းပင်တည်း။

www.burmeseclassic.com

အိပ်ရာမှ လန့်နိုးရိုန်တွင် ကျွန်ုပ်ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးသည် ခြင်ကိုက်ရာတွေ ဗရပွနှင့်။ နက်ဖြန် အသုဘရက်လည်း၊ ဒါကြောင့် တစ်ညတာ စောင့်အိပ်ပေးနေခြင်းပင်တည်း။

အိမ်ခန်းထဲမှာ ကျောင်းသားအဓိ (၃)ကောင်ရဲ့ ဟောက်သံကို ကြားရသည်၊ ကြောင်ဆင်းရဲသားရပ်ကွက်ကလေးသည် အမှောင်ထု၏အောက်တွင် မြားမြားမှောက်နေလေပြီ၊

မြံထောင့်ရှိ ပိတောက်ပင်ကြီးအောက်တွင် အကျီဖလာနှင့် ကြောင်သုံးကောင်သည် မှန့်ဟင်းခါးချက်နေကြ၏၊ မီးခိုးငွေ့များသည် အူထွက်နေ၏၊ မီးဖိုဆီမှ ဖြာထွက်လာသော အလင်းရောင်ကြောင့် သူတို့ လှုပ်ရှားမှုများကို မြင်နေရ၏၊ အသံသဲ့သဲ့ ကြားနေရ၏။

အနီကြောင်သုံးကောင်သည် စိတ်လွတ်ကိုယ်လွတ် ပြောနေကြ၏၊ ပတ်ဝန်းကျင်ကို ခေါင်းထဲ ထည့်ထားဟန်မတူ၊ ဆေးလိပ်များကို ထောင်းထောင်းထအောင် ဖွာရှိုက်ကြ၏၊ ပါးစပ်ထဲ တွေ့ရာသီချင်း ညည်း၏၊ စိတ်ပါလျှင် နင်ပဲငဆ ဆဲဆိုကြ၏၊

ကျွန်ုပ်တို့ ကြောင်လောက၏ သေခြင်းတရားကို ရှင်းပြဖို့ လိုအပ်မည် ထင်ပါသည်၊ ကြောင်လောကတွင် သေခြင်းတရားနှစ်မျိုးနှစ်စား ရှိပါသည်၊ ရိုးရိုးသေခြင်းနှင့် ရှယ်သေခြင်းပင်တည်း။

နာစေး၊ ချောင်းဆို၊ ဗိုက်နာ၊ ဗိုက်အောင့်၊ အလေလိုက်၊ အေကိုက်၍သေခြင်းကို ရိုးရိုးသေခြင်းဟုခေါ်ပြီး (၁)ရက်နှင့် အသုဘချရပါသည်၊

မြွေကိုက်၊ ကားတိုက်၊ ဓာတ်လိုက်စသည်တို့ကို ရှယ်သေခြင်းဟု ခေါ်ပါသည်။ (၃)ရက်နှင့်အသုဘချရပါသည်၊ ဗျူညီချက်တစ်ခုတော့ ရှိပါသည်၊ ရိုးရိုးပဲသေသေ၊ ရှယ်ပဲသေသေ ကိုယ့်ခြံဝင်းထဲမှာပင် မြှုပ်နှံကြခြင်းပင်တည်း၊

ကျွန်ုပ်၏ သူငယ်ချင်းက ရှယ်သေတာ။

"ရေချိုန်မကိုက်သေးဘူး"

"သွားကစ်ကြမယ်လေ"

"ဗိုက်ဆံရှိသေးလို့လား"

"အပြည့် – အပြည့်"

ကြောင်သုံးကောင်သည် လမ်းထိပ်အရက်ဆိုင်သို့ ထွက်သွားကြလေတော့၏၊ ဟင်းရည်က ကျက်လေပြီ၊ အငွေ့ထောင်းထောင်းထလို့၊ ဗိုက်ဆာနေသော ကျွန်ုပ်အား မြူဆွယ်နေတာ၊ မသာအိမ်တွင် အိပ်မပျော်သူဆိုလို့ ကျွန်ုပ်တစ်ကောင်တည်းသာ ရှိ၏၊ ဖဲသမားများလည်း အိပ်ပျော်နေကြပြီ၊

အမှောင်ထုတွင် တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ဆရာကြီးလုပ်နေ၏၊ ဒွန်း၊ ပန်းကန်တို့ကိုယူကာ ဟင်းရည်အိုးနံရာသို့ လျှောက်လာခဲ့သည်၊ ဖွန်းခွက်ကြီးဖြင့် မွှေသည်၊ ဟင်းရည်ကို ပန်းကန်ထဲသို့ ခပ်ထည့်လိုက်၏၊

မှတ်သောက်လိုက်သည်၊ ကောင်းမကောင်း၊ ကြောင်ထီးကြီးတွေဖြစ်ပေသည့် ဟင်းချက်တော့ တော်သား၊ တစ်ဖွန်းပြီးတစ်ဖွန်း၊

"ညောင်"

"ညောင်"

ဟ၊ သောက်ခွေး ဘယ့်နာပါလိမ့်၊ ကျွန်ုပ်ရဲ့ဆန္ဒမပါဘဲနှင့် ညောင်ချင်တိုင်း ညောင်နေတာ၊

"ညောင်" လိုက်ပြန်ပြီ၊

စိတ်ကိုတင်းကာ ပါးစပ်ပိတ်ထားသော်လည်း –

"ညောင်"

သံသယစိတ်တို့နှင့် ယောက်ယက်ခတ်ကာ ချွေးများ ပြန်လာ၏၊ ကျွန်ုပ် ဘုတ်အုပ်တစ်အုပ် ဖတ်ဖူးပါတယ်၊ အစားအသောက်နှင့်ခွေးသားကိုရောပြီး ကြောင်တွေကို ကျွေးကြည့်သော်လည်း ထိုကြောင်များသည် ဗီဇ၊ မသိစိတ်၏ လှုံ့ဆော်စိတ်ကြောင့် သိရှိကာ ဆွဲဆွဲငင်ငင် အူတတ်လေ၏တဲ့၊ ဖတ်ဖူးတာ မမေ့သေးဘူး၊

ယခု ကျွန်ုပ်သည်လည်း စိတ်ထဲက မပါဘဲနှင့် –

"ညောင်" နေလေပြီ၊ ဘာများလို့လဲ၊ ဘာ့ကြောင့်လဲ၊

"ဟင်"

"ခွမ်း"

ကျွန်ုပ်ရဲ့လက်ထဲမှာ ပန်းကန်သည် ကွဲကျသွားလေပြီ၊ မျက်ရည်တွေ အလိုလိုကျလာသည်၊ ကျွန်ုပ်သည် ခြံအနောက်ဘက် သရက်ပင်အောက်သို့ ပြေးထွက်လာခဲ့သည်၊ ပြီးနောက် – မြေကြီးကို ကြဲသလို တူးသည်၊

မသာအခေါင်း ပေါ်လာသည်၊ ရင်ခုန်သံဒိတ်ဒိတ်ဖြင့် အခေါင်းကိုဖွင့်သည်၊ ဓာတ်မီးဖြင့် ထိုးကြည့်လိုက်သည်၊

"ဟင်"

ဓာတ်မီးလွတ်ကျသွားသည်၊ ခေါင်းထဲမှာ မိုက်ခနဲ၊ အလောင်းမှာ အသားတွေ မရှိတော့၊

"ဝေါ့"

ကြောက်လန့်တကြား ထိုးအန်ချလိုက်သည်၊

\>\> ဂျူနိုင်အောင်

www.burmeseclassic.com



**လွှတ်လပ်ရေး**လမ်းထဲတွင်
ရှိသော ရေနံချေးဝနေသော နစ်ထပ်၊
ခုံမိုး၊ ပျဉ်ကာအိမ်လေးတစ်လုံးရှေ့သို့
အသံပေါင်းစုံထွက်နေသော ပုလိပ်ဂျစ်
ကားလေးတစ်စီး ထိုးရပ်လိုက်လေ၏။
ထိုအသံပေါင်းစုံထွက်နေသော ဂျစ်ကား
လေးပေါ်မှ ဌာနာအုပ်ကြီး ဦးဟာဒီ၊
စုံထောက်ဝီလီသိန်း၊ တသင်ကြီး ဦးဖိုး
နှင့် ဂါတ်စာရေးဦးမေးဆင်တို့နှင့်အတူ
ကင်ပ်သားလေးရာကျိုနှင့် သံဘီးတို့ ဆင်း
လာလေ၏။

စုံထောက်ဝီလီသိန်းက ကားပေါ်မှ
ဆင်းပြီးသည်နှင့် မြို့ဝင်းအလယ်တွင်
ဆောက်ထားသော ရေနံချေးဝနေသော
နှစ်ထပ်အိမ်ကလေးကိုလှမ်းကြည့်လိုက်
လေ၏၊ အိမ်ကလေး၏ ဘေးပတ်ဝန်း
ကျင်တွင် ထနောင်းပင် တမာပင်နှင့်
မန်ကျည်းပင်များက ဝိုင်းရံ၍ပေါက်နေ
သဖြင့် အေးမြသော အရိပ်အာဝါသကို
ရရှိထားသည်ကို တွေ့လိုက်ရလေ၏။
ကင်ပ်သားရာကျိုနှင့် သံဘီးတို့က မြို့ဝတွင်
ရပ်၍ကြည့်နေသောသူများကိုမြို့ဝမှဝေး
ဝေးသွားနေရန် မောင်းထုတ်နေလေ၏။

"ကြွကြွပါခင်ဗျ၊ လူသတ်မှုဖြစ်တာ
ဒီအိမ်ရဲ့အပေါ်ထပ်မှာပါ"

လောင်းကစားလောကတွင်
မရှိမှုတစ်ပတ်လည်ပြီ၊ ဖဲလောက၏
လောင်းကစားအရှုပ်တော်ပုံကို
စိတ်ဝင်စားဖွယ် ဖတ်ရှုရမည် ..

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့လမ်းမပေါ်မှ အိမ်ကလေးဆီသို့ လှမ်းကြည့်နေသော လူအုပ်ထဲမှ အသက် (၆၀) ခန့်လူကြီးတစ်ဦး ထွက်လာပြီး စုံထောက်ဝီလီသိန်းကို ပြောလိုက်ခြင်းဖြစ်လေ၏။

"ဂါတ်ကို အကြောင်းကြားတာ ခင်ဗျားလား"

ဌာနာအုပ်ကြီး ဦးဟာဒီက ဝင်မေးလိုက်သည်။

"ဟုတ်ပါတယ် - ကျွန်တော်က ရပ်ကွက်လူကြီးဦးမောင်အေးပါ ခင်ဗျ"

"ဒီအိမ်မှာ လူသတ်မှုဖြစ်နေတယ်ဆိုတာ ဘယ်လိုလုပ်ပြီးသိတာလဲ"

"ဒီလိုပါ ခင်ဗျ - အသတ်ခံရတာက ဒီအိမ်ကိုငှားနေတဲ့မောင်အောင်တင်ပါ။ မောင်အောင်တင် အသတ်ခံထားရတာကို သူ့တပည့်သာအေးမောင်က တွေ့ပြီး လာပြောတာနဲ့ ပုလိပ်ဌာနကိုကျွန်တော်က အကြောင်းကြားလိုက်တာပါ"

"သာအေးမောင်က အသတ်ခံရတဲ့သူနဲ့ အတူနေတာလား"

"အတူမနေပါဘူး။ သာအေးမောင်ကအောင်သာကံရပ်ကွက်မှာနေတာပါ။ မနက်လင်းရင် သာအေးမောင်က မောင်အောင်တင်ဆီကို လာပါတယ်။ ကျွန်တော် သာအေးမောင်ကိုခေါ်ပေးပါ့မယ်။ ဌာနာအုပ်မင်းတို့ သိလိုသမျှ မေးကြည့်ကြပါ ခင်ဗျာ"

ရပ်ကွက်လူကြီး ဦးမောင်အေးက သာအေးမောင်ကို လှမ်းခေါ်ပေးလိုက်လေ၏။ ဌာနာအုပ်ကြီး ဦးဟာဒီက သာအေးမောင်ကိုခေါ်ပြီးအမှုဖြစ်ရာအိမ်ထဲသို့ ဝင်လိုက်သောအခါ စုံထောက်ဝီလီသိန်းကို အိမ်အောက်ထပ်တွင်ရှိသော ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေသည်ကို တွေ့လိုက်လေ၏။

"သူက ဘယ်သူလဲ - အစ်ကို ဟာဒီ"

"အသတ်ခံရတဲ့မောင်အောင်တင်ရဲ့တပည့် သာအေးမောင်ဆိုတာလေ"

စုံထောက်ဝီလီသိန်းက သာအေးမောင်ကို ခဏမျှသာ ကြည့်လိုက်ပြီးနောက် -

"အိမ်အောက်ထပ်တစ်ခုလုံးမှာ ထမင်းစားပွဲတစ်လုံးနဲ့ ကုလားထိုင်သုံးလုံးပဲရှိတယ် - အစ်ကိုဟာဒီရေ။ အပေါ်ထပ်ကို တက်ကြည့်ကြစို့"

ဟုပြောကာ ကျွန်းလှေကားပေါ်မှ တစ်ဆင့် အပေါ်ထပ်သို့ တက်သွားလေ၏။ ဌာနာအုပ်ကြီး၊ ရပ်ကွက်လူကြီး ဦးမောင်အေး၊ တသင်ကြီးဦးဖိုးဟိန်းနှင့် သာအေးမောင်တို့အား အိမ်ပေါ်ထပ်သို့ တက်လိုက်သွားကြလေ၏။ အိမ်အပေါ်ထပ်တွင်ရှိသော ပြတင်းပေါက်အားလုံး ဖွင့်ထားသည်ကို စုံထောက်ဝီလီသိန်း တွေ့လိုက်လေ၏။ ပြတင်းပေါက်မှ ဝင်လာသော အလင်းရောင်ကြောင့် အိမ်အပေါ်ထပ်တစ်ခုလုံး ရှင်းရှင်းလင်းလင်း မြင်နေရလေ၏။ တစ်ယောက်အိပ်ကျွန်းခုတင်တစ်လုံးနှင့် ခုတင်အောက်မှ အဖုံးဖွင့်ပြီးအဝတ်အထည်များ ပြန့်ကျဲထွက်ကျနေသော သံသေတ္တာတစ်လုံးကို တွေ့လိုက်ရလေ၏။

ခုတင်နှင့် မလှမ်းမကမ်းတွင် အသက်လေးဆယ်ခန့်လူတစ်ယောက် ပက်လက်အနေအထားဖြင့် သေဆုံးနေသည်။ စုံထောက်ဝီလီသိန်းက အလောင်းအနားသို့ကပ်သွားပြီး မှုဆိုးဒူးထောက်ထိုင်ကာ အလောင်းကို သေချာစွာ စစ်ဆေးကြည့်လိုက်လေ၏။ ရင်ဝတွင် ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်တို့ကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း တွေ့လိုက်ရသည်။ အလောင်း၏ ညာဘက်လက်တွင် ခဲတံတစ်ချောင်း ဆုပ်ကိုင်ထားသည်ကိုလည်း တွေ့ရလေ၏။ ခဲတံ၏ထိပ်တွင် သွေးများ စွန်းပေနေပြီး ခဲဆန်ကျိုးနေလေ၏။

"အင်း - လူသတ်သမားကို ပြန်ပြီး ခုခံတဲ့သဘောပဲ။ ခဲတံနဲ့ ပြန်ထိုးလိုက်တာဖြစ်မယ်။ ချွန်ထားတဲ့ခဲတံထိပ်က ခဲဆန်က ကျိုးပြီး လူသတ်သမားဆီမှာ စိုက်ဝင်ပြီး ပါသွားပုံရတယ်"

စုံထောက်ဝီလီသိန်းက လူသေကောင်၏လက်ထဲမှခဲတံအကျိုးလေးကို ယူကြည့်ပြီး ဌာနာအုပ်ကြီး ဦးဟာဒီကို ပေးလိုက်သည်၊ ဌာနာအုပ်ကြီးက ခဏမျှ ကြည့်ပြီးနောက် သက်သေခံပစ္စည်းအဖြစ် တသင်ကြီး ဦးဖိုးဟိန်းကို သိမ်းခိုင်းလိုက်လေ၏။ အလောင်းကိုကျော်နင်းလောက်သည်အထိ စစ်ဆေးပြီးနောက် တစ်ယောက်အိပ်ခုတင်လေး၏ ခေါင်းရင်းနံရံတွင် ကပ်၍ရိုက်ထားသော သစ်သားစင်ကလေးတစ်ခုရှိရာသို့ ထသွားလေ၏။ ထိုစင်ကလေးပေါ်တွင် ကြက်ခေါင်းတစ်ကောင်ကို ပိုက်ထားသော ကိုကြီးကျော်နတ်၏ ပုံတူပန်းချီကားတစ်ချပ်၊ ကြက်ကြော်နှင့် အရက်တစ်ပုလင်းကို တွေ့လိုက်ရလေ၏။ စုံထောက်ဝီလီသိန်းက ပန်းကိုကြီးကျော်ပုံကိုကြည့်ရင်း

www.burmeseclassic.com

ခေါင်းညိတ်လိုက်ပြီး ရပ်ကွက်လူကြီး ဦးမောင်မောင်အေးနှင့် အတူရပ်နေသော သာအေးမောင်ကို လှည့်ကြည့်လိုက်ပြီး -

"အသတ်ခံရတဲ့ကိုအောင်တင်က လောင်းကစားသမားလား"

ဟု မေးလိုက်လေ၏။ သာအေးမောင်က အံ့အားသင့်သောမျက်နှာဖြင့် ဖြေလိုက်လေ၏။

"ဟုတ်ပါတယ် ခင်ဗျ"

"တခြား ဘာအလုပ်လုပ်သေးလဲ"

"ဘာမှမလုပ်ပါဘူး ခင်ဗျ။ ဖဲကစားတဲ့အလုပ်ပဲ လုပ်ပါတယ်"

"ကိုသာအေးမောင်နဲ့ ကိုအောင်တင်နဲ့ ဘယ်လိုတွေ့ပြီး ဆရာတပည့်ဖြစ်သွားတာလဲ"

"ဖဲဝိုင်းမှာ တွေ့တာပါ။ ကျွန်တော်နေတဲ့ရပ်ကွက်၊ အသုဘအိမ်ကပဲဝိုင်းမှာ စပြီးသိတာပါ ခင်ဗျ။ လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်ကပါ။ အဲဒီ့နေ့က ဆရာကိုအောင်တင်တစ်ယောက်ထဲ ရောက်လာပြီး ကိုးမီးဒိုင်ကိုင်ပါတယ်။ ကျွန်တော်က ဘေးပေါက်ဝင်ထိုးတာပါ။ ပထမသုံးလေးလက်မှာကို ကိုအောင်တင်ဖဲကညှိနေတော့ တစ်ဝိုင်းလုံးလျော်နေရတယ်။ အဲဒီမှာ ဆရာ ကိုအောင်တင်က ကျွန်တော့်ကိုအလျော်အစားလုပ်ပေးဖို့အကူအညီတောင်းတာနဲ့ ထိုးသားကနေ ဒိုင်အကူဖြစ်သွားပါတယ်။ အလျော်အစားလုပ်ပေးရင်းသူနဲ့ရင်းနှီးသွားပြီး အသုဘရက်လည်တဲ့အထိ ဒိုင်အကူလုပ်ပေးခဲ့ရပါတယ်"

"အရှုံးအနိုင် ဘယ်လိုရှိလဲ"

"ထူးဆန်းတာ တစ်ခုတော့ရှိတယ် ခင်ဗျ။ ပထမလေးငါးခြောက်လက်တော့ ဝိုင်းလုံးကျွတ်လျော်လိုက်ရတာပဲ၊ နောက်ပိုင်း သူ့ဖဲက ကောင်းလာတယ်၊ ထိုးသားက ငါးပေါက်ဆို သူက ခြောက်ပေါက်။ အဲဒီလိုတစ်ပွင့်သာ နှစ်ပွင့်သာနဲ့ နိုင်ခဲ့တာပဲ၊ တစ်ခါတလေဖဲဝိုင်းအစမှာကောင်းပြီး အလယ်မှာ အကုန်ပြန်လျော်ရတယ်၊ ဝိုင်းသိမ်းခါနီး ဝမ်နင်ခေါ်ရင် သူ့ဖဲက အရမ်းကောင်းလာပြီး ထိုးသားတွေ အကုန်ရှုံးတာပါပဲ၊ ဝိုင်းသိမ်းတာနဲ့ အပြန်လမ်းစရိတ်မရှိတဲ့သူကို လမ်းစရိတ်ပြန်ပေးလေ့ရှိပါတယ်၊ ကျွန်တော့်ကိုလည်းတစ်ရာ၊ တစ်ရာ့ငါးဆယ်ပေးပါတယ်၊ ဆရာကိုအောင်တင်နဲ့ ပေါင်းရင်း အကျိုးမယုတ်နိုင်ဘူးလို့ တွက်ဆမိတာနဲ့ တပည့်ခံလိုက်မိတယ် ခင်ဗျ"

"ကစားတိုင်းနိုင်တယ်ဆိုတော့ ထိုးသားတွေရဲ့အပြိုးအတေးထားတာ ခံရတာပေါ့။ ပြီးတော့ - ဖဲဝိုင်းမှာ ရန်ဖြစ်တာ၊ အငြင်းပွားတာတို့ မရှိဘူးလား"

စုံထောက်ဝီလီသိန်းက မေးလိုက်လေ၏။

"အဲဒါတော့ မရှိဘူး ခင်ဗျ။ ဆရာကိုအောင်တင်က အစစအရာရာ သည်းခံတတ်တယ်။ ပြီးတော့ - ကစားတိုင်းလည်း မနိုင်ပါဘူး။ ရှုံးတဲ့အခါလည်း ရှိပါတယ်၊ အဲ - ရှုံးရင်တော့ နည်းနည်းပဲ ရှုံးတယ်၊ နိုင်ရင်တော့ ဝိုင်းလုံးကျွတ်နိုင်တာများတယ်"

"အသုဘအိမ်မရှိရင် နားတာပေါ့"

"အသုဘမရှိရင် ရိုးရိုးဝိုင်းရှိတယ်၊ အိုင်ခံစားတဲ့အိမ်ရှိတယ်၊ အဲဒီမှာ လိုက်ကစားပါတယ်၊ ပြီးတော့ - တခြားမြို့ရွာတွေမှာလည်း သွားကစားပါတယ်"

"ခင်ဗျားဆရာက ကိုးမီးတစ်ခုထဲ ကစားတာလား"

"ဆရာကိုအောင်တင် သန်တာကတော့ ကိုးမီးဒိုင်ကိုင်တာပဲ ခင်ဗျာ၊ တခြား ရှုကြီးတို့၊ နှစ်ဆယ့်တစ်ပေါက်တို့လည်း ကစားပါတယ်၊ ပိုကာတော့ မဆွဲဘူး ခင်ဗျ။ အချိန်ကုန်ပြီး အရှုံးအနိုင် သိပ်မရှိလို့တဲ့။ ကျွန်တော့်ဆရာမှာ အဆောင်တစ်ခုရှိလို့ အနိုင်များတာလို့ ပြောပြဖူးပါတယ်"

"အဲဒီ့အဆောင်ကို ခင်ဗျား မြင်ဖူးလား"

"အဆောင်ရှိတယ်လို့ပဲ ပြောတာပါ။ တစ်ခါမှ ထုတ်မပြပါဘူးဗျာ"

"ကိုအောင်တင်မှာ အဆောင်ရှိတယ်ဆိုတာ ဖဲသမားတွေ မသိဘူးလား"

"သိကြပါတယ်။ အဆောင်ကြောင့် ဖဲရိုက်တိုင်း နိုင်နေတော့ ရှုံးတဲ့သူတွေကလည်း အရှုံးများလာတော့ ကျွန်တော့်ကို ဝိုင်းမေးလာကြတယ်ဗျ၊ ဖဲလိမ်ရိုက်တယ်လို့သံသယရှိလာကြလို့၊ ကျွန်တော်က ဆရာကိုအောင်တင်မှာ အောက်လမ်းဆရာတစ်ဦးလုပ်ပေးထားတဲ့ အဆောင်တစ်ခုရှိကြောင်းဖွင့်ပြောပြလိုက်ရတယ်၊ ဘယ်လို အဆောင်မျိုးလည်းဆိုတာ မမြင်ဘူးကြောင်း ရှင်းပြလိုက်ရတယ်"

"ဒီလိုဆို - ကိုအောင်တင်မှာ အဆောင်ရှိလို့ ဖဲရိုက်တိုင်း နိုင်တာပေါ့၊ အဲဒီ့အဆောင်ကို ဘယ်ကရလာတယ်လို့ ပြောပြဖူးလား"





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - ပြောပြပါတယ်။ သူနဲ့ ကျွန်တော် ဆရာတပည့်လုံးလုံးဖြစ်သွားတဲ့အချိန်မှာ ပြောပြပါတယ်။ သူဟာ ငယ်ငယ်ကတည်းက လောင်းကစားကို ဝါသနာပါခဲ့တာတဲ့ ခင်ဗျ။ သူ့ဇာတိက မြန်မာပြည်အလယ်ပိုင်း၊ မြေလတ်ဒေသကတဲ့။ သူ့မိဘတွေကပွဲစားတွေဆိုတော့ မတောင့်မတ၊ မကြောင့်မကြ နေခဲ့ရပေမယ့် မိဘမျိုးရိုးအလုပ်ကိုစိတ်မဝင်စားပဲ ဓါးရိုက်တာကို ဝါသနာသန်ခဲ့ရာကနေစပြီး ဖဲလောကမှာ ကိုးမီးအောင်တင်ဆိုပြီး ဖြစ်လာခဲ့တာပါလို့ သူ့ဘဝကို အစလိုစပြီး ပြောပြပါတယ် ခင်ဗျ"

♣♠♥

"မိဘတွေကကောင်းစားစေချင်လို့ ကျောင်းထားပေးပေမယ့် ကျောင်းမှာ မပျော်ဘူးကွ၊ လောင်းကစားတာကို ဝါသနာကြီးတယ်၊ သူငယ်ချင်းတွေနဲ့ စကားပြောရင်တောင် "မယုံရင် လောင်းမလား" ဆိုတဲ့စကားက အရင်စပြောခဲ့တာ၊ ငါကိုးတန်းရောက်တဲ့နှစ်မှာ ငါဟာ ဖဲသမားလုံးလုံးဖြစ်သွားတာပဲ။ အဲဒီ့နေ့က မြို့ပြင်က ထန်းတောထဲမှာ ရှိန်းဝိုင်းရှိတာနဲ့ အဖေ့ဘီရိုထဲက ပဲဖိုးငွေတွေကို အလစ်သုတ်လာပြီး သွားကစားတာ ကုန်ပါလေရော၊ အဖေသိရင်လည်း မလွယ်ဘူး၊ အဖေ့ပဲဖိုးငွေတွေကကုန်ပြီ၊ အိမ်လည်း မပြန်ရဲတော့ ဦးမေဃဘုန်းကြီးကျောင်းဝိုင်းထဲက ဇရပ်ပေါ်သွားထိုင်နေမိတာကွ၊ အဲဒီလိုသွားထိုင်နေမိတာနဲ့ ငါ့အတွက် ကံကောင်းခြင်းတွေ စတွေ့တော့တာပဲကွ"

"ဘာလဲ - ရွှေထုပ်ကောက်ရတာလား"

"ငါပြောတာပဲ နားထောင်ပါ သာအေးအေးမောင်ရယ်၊ ဘာမှဝင်မမေးနဲ့၊ ရွှေထုပ်ကောက်ရတာထက် ပိုပြီးအဖိုးတန်တယ်ကွ၊ ငါ့တစ်ယောက်ထဲ စိတ်ညစ်ညစ်နဲ့ ထိုင်နေတုန်း ငါ့နောက်ဘက် အသံတစ်သံ ထွက်လာတယ်"

"လူလေး - ဖဲရှုံးလာပြီမဟုတ်လား အလောင်းအစားလုပ်တဲ့နေရာမှာ နှစ်မျိုးပဲရှိတယ်ကွ၊ တစ်မျိုးက ရှုံးတယ်၊ တစ်မျိုးက နိုင်မယ်၊ အရှုံးနဲ့အနိုင် နှစ်မျိုးပဲရှိတာကွ၊ အခု လူလေးရှုံးတယ်၊ တစ်ချိန်ကျ ပြန်နိုင်မှာပဲလေ"

လှည့်ကြည့်လိုက်တော့ ရှမ်းဘောင်းဘီနဲ့ တိုက်ပုံအကျီအနက် ဝတ်ထားပြီး လက်ထဲမှာ နဂါးခေါင်းပုံရုပ်ထုထားတဲ့ တောင်ဝှေးတစ်ချောင်းကို ကိုင်ထားတဲ့အဖိုးကြီးတစ်ယောက်ကို တွေ့လိုက်ရတယ်၊ ရုတ်တရက် အသံထွက်လာတော့ လန့်သွားသေးတယ်ကွ၊ အဖိုးကြီးက ပြုံးပြီးကြည့်နေတာတွေ့လိုက်မှ စိတ်သက်သာရသွားတာ၊ ဒါနဲ့ ငါက "အဘရယ် - လောင်းကစားလုပ်တယ်ဆိုတာ နိုင်ချင်လို့လုပ်တာ - အဘရဲ့၊ အခုတော့ - မနိုင်လို့ ရှုံးလာပြီလေ" လို့ပြန်ပြောလိုက်မိတယ်၊ အဲဒီတော့ အဖိုးကြီးက တဟားဟားရယ်လိုက်ပြီး -

"နိုင်ချင်တာများ လွယ်လွယ်လေးပါ - လူလေးရဲ့"

လို့ပြောတယ်ကွ၊ အဘိုးကြီးကြည့်ရတာ အထက်လမ်းဆရာလိုလို၊ အောက်လမ်းဆရာလိုလိုပဲ - သာအေးမောင်ရ၊ ဒါလည်း မထူးတော့ဘူးဆိုပြီး အဘိုးကြီး ကိုနိုင်တဲ့အဆောင် လိုချင်ကြောင်း ပြောလိုက်တယ်၊ အဘိုးကြီးက ဒီလိုဖဲနိုင်တဲ့အဆောင်မျိုးဆိုတာ အချိန်ကာလကို စောင့်ပြီးမှ စီရင်ရတာ၊ အခုစီရင် အခုရတဲ့အမျိုး မဟုတ်ကြောင်း ရှင်းပြတော့ ဖဲနိုင်တဲ့အဆောင်ကိုသာ အဘ ပေးမယ်ဆိုရင် ဘယ်လောက်ကြာကြာ စောင့်ပါ့မယ်လို့ပြောပြီး အဘိုးကြီးကို ထိုင်ရှိခိုးလိုက်မိတယ်၊

"ဒီလိုဆိုရင်လူလေး - အဘနဲ့လိုက်နေမှရမယ်"

ဆိုတာနဲ့ ငါလည်းအိမ်မပြန်ရဲတာနဲ့ အဘိုးကြီးခေါ်တဲ့နောက်ကို လိုက်သွားမိတယ်၊ ငါနေတဲ့မြို့နဲ့ မိုင်သုံးဆယ်လောက်ဝေးတဲ့ဝေးသီခေါင်လှတဲ့တောရွာလေးတစ်ရွာကိုခေါ်သွားတာကွ၊ အဲဒီရွာလေးရောက်မှ အဘိုးကြီးဟာ ဆေးလည်းကုပေးတဲ့အောက်လမ်းဆရာကြီး ဦးသိန်းမောင်လို့ သိလိုက်ရတာကွ၊ နေတာက ရွာပြင်မှာကွ၊ တိုတိုပြောရရင်တော့ကွာ ဆရာကြီးနဲ့ ခြောက်လလောက်နေပြီး မကြာခင်မှာပဲ မြွေကိုက်ခံရတဲ့ လူနာတစ်ယောက်ကို လှည်းနဲ့ လာပို့ကြတယ်၊ ဆရာကြီးက အကျိုးအကြောင်းမေးကြည့်တော့အသုဘအိမ်ကဖဲဝိုင်းကအပြန်မှာမြွေကိုက်ခံရတာလို့ သိလိုက်ရတယ်၊ အချိန်နှောင်းမှရောက်လာတာဆိုတော့ ဆရာကြီးလည်း ကုတာပဲ၊မရတော့ပါဘူး၊တစ်နာရီလောက်ကြာတော့ ဆုံးသွားရှာတယ်၊

"ရာသီဥတုက ပူတယ်၊ ဒီနေကလည်းပြင်းတော့အလောင်းကိုပြန်သယ်

www.burmeseclassic.com

မနေနဲ့။ ရွာသချိုင်းမှာပဲ သင်္ဂြိုဟ်လိုက်ကြပေတော့"

ဆရာကြီးက မြွေကိုက်ခံရလို့ သေသွားသူရဲ့ ဆွေမျိုးသားချင်းတွေကို ပြောလိုက်တော့ အလောင်းပြန်သယ်သွားဖို့ ကဝေးနေတော့ ဆရာကြီးပြောသလိုပဲ ရွာသချိုင်းမှာပဲ မြှုပ်လိုက်ကြတယ်။ အမှန်က ဆရာကြီးက အကြံသမားကွ" လူလေးမောင်အောင်တင် - လူလေးလိုချင်တဲ့ အဆောင် ရတော့မယ်ကွ" လို့ ငါ့ကို တိုးတိုးလေး ပြောလာတယ်။ ငါက ဘယ်လိုရမှာလဲဆိုတော့ အစုသေတဲ့ သူက ဖဲသမားတဲ့ကွ။ ဖဲသမားအလောင်းကို အသုံးချပြီး ဖဲနိုင်တဲ့ အဆောင်ကို စီရင်ရမှာလို့ပြောတယ်။ ဘယ်လိုစီရင်မှာလဲလို့မေးတော့။

"လူလေးလိုချင်တဲ့အဆောင် ရရင်ပြီးပြီမဟုတ်လား - ဘာမှထပ်မမေးနဲ့"

လို့ မျက်နှာထားတင်းတင်းနဲ့ ပြောလိုက်လို့ ငါလည်း ပါးစပ်ပိတ်ထားရတယ်။ နောက်နေ့ညသန်းခေါင်ယံအချိန်ရောက်တော့ ဆရာကြီးက ပေါက်ပြားတစ်လက် ငါ့ကိုပေးပြီး သချိုင်းထဲကိုခေါ်သွားတော့တာပဲ။ လမိုက်ည သန်းခေါင်ယံဆိုတော့ သချိုင်းတစ်ခုလုံးမည်းမှောင်နေတာပဲ။ ငါတို့လည်း သချိုင်းထဲ ဝင်လိုက်တာနဲ့ ခွေးအူသံတွေထွက်လာတာပဲပေါ့။ ဆရာကြီးက တက်တစ်ချက်ခေါက်လိုက်ပြီး ဘာတွေရွတ်မှန်းမသိပါဘူးကွာ။ ရွတ်လိုက်တာနဲ့ ခွေးအူသံတွေ တိတ်သွားတာပဲကွ။ မနေ့က မြှုပ်ထားတဲ့နေရာလဲရောက်ရော ဆရာကြီးက အလောင်းကို ဖော်ခိုင်းတာပဲကွ။ ငါလည်းကြောက်ကြောက်နဲ့အလောင်းဖော်ရင်း -

"အဘ - အလောင်းဖော်ပြီး ဘာလုပ်မလို့လဲ"

အဲဒီလိုမေးလိုက်တော့ အဘက -

"မနေ့က အလောင်းရဲ့ ခေါင်းအောက်တည့်တည့်မှာ အဆောင်လုပ်ရမယ့် စပိတ်တစ်ဖဲချပ်ကလေးတစ်ချပ်ကို အလောင်းရှင်တွေမသိအောင် ဝှက်ထည့်ထားလိုက်တယ်ကွ။ အဲဒီဖဲချပ်ကို ယူပြီးအဆောင်စီရင်ရမှာ။ ကိုင်း - ကိုင်း မြန်မြန်တူးကွဲ့" လို့ပြောတာနဲ့ ငါလည်း အလောင်းပေါ်အောင် မြန်မြန်တူးရတာပေါ့။ အလောင်းကို စောင်ပတ်ပြီး မြေမြှုပ်ထားဆိုတော့ အလောင်းပေါ်လာတာနဲ့ ဆရာကြီးက ခေါင်းအောက်ထဲ လက်နှိုက်ပြီး သူထည့်လိုက်တဲ့ဖဲချပ်ကို ပြန်ယူလိုက်တာ။ ဖဲချပ်ကလေးက မရှိတော့ဘူး။ ဆရာကြီးက မြွေကိုက်သေတဲ့အလောင်းရဲ့မျက်နှာကို စိုက်ကြည့်ပြီး -

"ငါဆရာသန်းမောင်အမိန့် - ငါ့ဖဲချပ် - ငါ့ပြန်ပေးစမ်း"

လို့မာထန်ထန်နဲ့အမိန့်ပေးလိုက်ပြီး လက်ထဲက ကိုင်ထားတဲ့တောင်ဝှေးနဲ့ အလောင်းကိုပတ်ထားတဲ့စောင်ကိုထိုးချလိုက်တယ်။ ရင်ပတ်ပေါ်ကို လက်သွက်ပြီး တင်ထားတဲ့ ညာလက်ထဲမှ စပိတ်တစ်ဖဲချပ်ကလေးကို ထူးဆန်းစွာ တွေ့လိုက်ရတယ်။ ဆရာကြီးက -

"လူလေး - အဲဒီဖဲချပ်ကို ယူလိုက်လေ" လို့ ပြောတာနဲ့ လှမ်းယူလိုက်ရပေမယ့် ငါ့စိတ်ထဲမှာ ဆရာကြီးဝှက်ပြီးထည့်ထားလိုက်တဲ့ ခေါင်းအောက်က ဖဲချပ်လေးဟာ ဘယ်လိုလုပ်ပြီး လူသေကောင်ရဲ့လက်ထဲကို ရောက်နေရတာလဲဆိုတာ စဉ်းစားလို့မရခဲ့ပါဘူးကွာ။ အလောင်းကောင်ရဲ့လက်ထဲက ဖဲချပ်ကို လှမ်းယူလိုက်တဲ့အချိန်မှာ အလောင်းမျက်လုံးနှစ်လုံးက ဆတ်ခနဲဖွင့်လာပြီး ငါ့ကို စိုက်ကြည့်နေတယ်လို့ ထင်လိုက်မိတယ်။ ကြောက်တာတော့ ကြောက်တာပေါ့။ ဖဲချပ်အဆောင်ကို ယူပြီး အလောင်းကို မြန်မြန်မြေပြန်မြှုပ်လို့လည်းပြီးရော မြေပုံနားက သစ်ပင်ပေါ်က ငှက်ဆိုးထိုးသံ ထွက်လာတာပဲကွာ။ ဆရာကြီးကလည်း ငါ့ကိုအဆောင်စီမံပေးပြီးတာနဲ့ မြို့ကို ပြန်လွှတ်လိုက်တယ်ကွ။ ငါလည်းဒီအဆောင်လေးအားကိုးနဲ့ ဖဲသမားလောကထဲဝင်လာတာမှာ မင်းနဲ့တွေ့ပြီး ရင်းနှီးသွားတာပါ"

♠♠♥

သာအေးမောင်ပြောပြသော ကိုးမီးအောင်တင်အကြောင်းကို သိလိုက်ရတော့ တကယ်ပဲ အဆောင်ကြောင့် ဖဲကစားတိုင်းနိုင်နေတာလားဟု ဝီလီသိန်း တွေးကြည့်လိုက်သည်။

"သာအေးမောင်ပြောသွားတာကတော့ သူ့ဆရာ ဖဲရိုက်တိုင်းနိုင်တာ အဆောင်လက်ဖွဲ့ကြောင့်လို့ ပြောသွားတယ်။ အဆောင်လက်ဖွဲ့ရှိတယ်ဆိုတာ မင်းယုံသလား - ဝီလီ"

လူသတ်မှုဖြစ်ပွားရာမှ ဂါတ်သို့ပြန်ရောက်လာကြပြီးနောက် ဌာနအုပ်ကြီး ဦးဟာဒီက စုံထောက်ဝီလီသိန်းကို မေး

www.burmeseclassic.com

လိုက်ခြင်းဖြစ်လေ၏။ စုံထောက် ဝီလီသိန်းနှင့် စာသင်ကြီး ဦးဖိုးဟိန်း၊ ဂါတ်စာရေး ကိုမေးဆင်တို့သုံးယောက်သား ဌာနာအုပ်ကြီး ဦးဟာဒီ၏ စားပွဲရှေ့တွင်ရှိသော ကုလားထိုင်လွတ်များတွင် ဝိုင်းထိုင်လိုက်ကြလေ၏။

"ယုံတယ် - အစ်ကိုဟာဒီ၊ ကျွန်တော်တို့လူမျိုးတွေက စားပြီး တုတ်ပြီး ဆေးတို့၊ ဝီယဆေးတို့၊ ကျည်လွဲတဲ့ အဆောင်တို့ကို ယုံယုံကြည်ကြည်နဲ့ ဆောင်ထားတတ်ကြတယ်၊ အစွမ်းရှိမရှိတော့ မသိဘူးပေါ့ဗျာ၊ အဲ - တောင်သူလယ်သမားအရေးတော်ပုံမှာ ဆရာစံနဲ့ အတူ တောင်သူလယ်သမားတွေဟာ နယ်ချဲ့ဗြိတိသျှအစိုးရကို တော်လှန်တော့ လက်ဖွဲ့တွေ၊ အဆောင်တွေနဲ့ ရဲရဲဝံ့ဝံ့ တော်လှန်တိုက်ပွဲဝင်ခဲ့ကြတာ မျက်မြင်သက်သေပဲလေ၊ ယုံကြည်ရင် ယုံကြည်သလောက် စိတ်ခွန်အားကို ပေးတာတော့ အမှန်ပဲဗျ၊ ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ အဆောင်၊ လက်ဖွဲ့၊ မန္တန်တို့ကိုစီမံဆောင်ရွက်တတ်တဲ့ဂမ္ဘီရ အတတ်ပညာတွေကို တတ်တဲ့သူတွေ အများကြီးပဲရှိတယ် - အစ်ကိုဟာဒီ"

"ဒီလို ဆို ရင် - အောင် တင် မှာ အဆောင်ကောင်းတစ်ခု ရှိတယ်ပေါ့ ဟုတ်လား"

"သာအေးမောင်ပြောတာတော့ ဖဲသမား လှသေကောင်နဲ့ စီမံထားတဲ့ စပိတ်တစ်ဖဲချပ်အဆောင် ရှိတယ်တဲ့ လေ၊ ကျွန်တော်တို့ ကိုအောင်တင် အသတ်ခံရတဲ့အိမ်မှာ နေရာအနှံ့ ရှာခဲ့ကြတာပဲ၊ စပိတ်တစ်ဖဲချပ်ဝေးလို့ ဖဲချပ်နဲ့တူတာ တစ်ခုမှ ရှာမတွေ့ခဲ့ဘူးလေ၊ ဒါဆိုရင် ဒီအဆောင်ဖဲချပ်ကို လူသတ်သမား ရသွားပြီလား၊ ပြီးတော့ - ခုတင်အောက်က သံသေတ္တာထဲမှာ ငွေစက္ကူ အတော်များများနဲ့ အသတ်ခံထားရတဲ့ အလောင်းရဲ့အင်္ကျီအပေါ်အိတ်ထဲလည်း ငွေစက္ကူအချို့ရှိနေတာကို စစ်ဆေးတွေ့ရှိရတော့ ငွေလိုချင်လို့သတ်တာ မဖြစ်နိုင်ပြန်ဘူးဗျ၊ အဖြေက ရှင်းနေတာပဲ၊ အဆောင်အဖြစ် စီမံထားတဲ့ စပိတ်တစ်ဖဲချပ်ကလေးကို လိုချင်လို့ သတ်သွားတာပဲဖြစ်မယ်၊ ဒီတော့ - လူသတ်သမားဟာ ကိုအောင်တင်နဲ့ ဖဲကစားဖူးတဲ့သူ ကိုအောင်တင်မှာ အဆောင်ကောင်းရှိတာကို သိတဲ့သူ၊ ဖဲသမားလောကသားထဲက တစ်ယောက်ပဲဖြစ်ရမယ်"

"ဖဲသမားတွေက အများကြီးပဲကွ ...ယ်လိုလုပ်ရှာမလဲ"

ဌာနာအုပ်ကြီး ဦးဟာဒီက မေး ...လေ၏။

"ပါးစပ်ပါ ရှာရောက်ပါတယ်ဗျာ၊ ...တ်ခံရတဲ့ကိုအောင်တင်ကလူသတ် ...းနောက်ကိုလိုက်ဖို့ သဲလွန်စပေးခဲ့ ...ယ် - အစ်ကိုဟာဒီ"

"ဟုတ်လား - ဘယ်လိုပေးခဲ့တာ ..."

"ကျွန်တော်တို့ လူသတ်မှုဖြစ်တဲ့ ...ကိုရောက်တော့အသတ်ခံထားရတဲ့ ...အောင်တင်ရဲ့ညာဘက်လက်ထဲမှာ ...တိုင်ထားတဲ့ ခဲတံထိပ်အကျိုးလေး ...တွေ့ရတယ်နော်၊ ခဲတံအကျိုးလေး ...မှာ သွေးစွန်းနေတာကို စစ်ဆေး ...လိုက်ရတော့ ကိုအောင်တင်ဟာ ...သတ်သမားကို ခဲတံထိပ်အချွန်နဲ့ပြန် ...ပြီး ခုခံကာကွယ်ပါလိမ့်မယ်၊ ခဲတံနဲ့ ...ထိုးလို့ ခဲဆန်ဟာ ကျိုးပြီး လူသတ် ...းခန္ဓာကိုယ်တစ်နေရာမှာစူးဝင်နစ် ...ပြီး ပါသွားပါလိမ့်မယ်၊ အဲဒီတော့ ...သွားတဲ့ခဲတံဟာ အသားထဲမှာ မြုပ် ...င် ခဲဆိပ်တက်လာနိုင်တယ်၊ လူသတ်သမားဟာ ခဲတံနဲ့ အထိုးခံလိုက်ရလို့ ရလာတဲ့ဒဏ်ရာထဲမှာ ကျိုးကျန်ခဲ့တဲ့ခဲဆံကို ကောန် ထုတ်ကို ထုတ်ရမယ်၊ ဘယ်မှာသွားထုတ်မလဲ၊ ကျွန်တော်တို့ စဉ်းစားရတော့မယ်၊ ဆေးရုံမှာ ထုတ်မလား၊ အပြင်ဆေးကုခန်းမှာ ထုတ်မလား။ ဒီနှစ်ခုပဲရှိတယ်၊ သူကိုယ်တိုင်က ရာဇဝတ်မှုကို ကျူးလွန်ထားတာဆိုတော့ ဆေးရုံကိုတော့ သွားမှာမဟုတ်ဘူး။ ဆေးရုံကို သွားရင် အမေးအမြန်းခံရမှာလေ။ ဒီတော့ - သူသွားစရာဆိုလို့ အပြင်ဆေးခန်းပဲ ရှိတော့တယ်၊ ကျွန်တော်တို့မြို့မှာ အပြင်ဆေးခန်းဆိုလို့ ဒေါက်တာဆယ်ပိုရဲ့ ELEVEN ဆေးခန်းတစ်ခုပဲရှိတယ်၊ ဖြစ်နိုင်ခြေအရှိဆုံးကတော့ ဒေါက်တာဆယ်ပိုဆီကို လာရမယ်ဗျ"

စုံထောက်ဝီလီသိန်းက စိတ်ရှည်လက်ရှည် ရှင်းပြနေလေ၏။

"အခုလောလောဆယ် ကျွန်တော်သိ ချင် နေတာက အောင် တင် မှာ အဆောင်လက်ဖွဲ့တကယ်ရှိသလားဆိုတာပဲ၊ တကယ့်ရှိမရှိ သိတဲ့သူက တစ်ယောက်ပဲရှိတယ်"

www.burmeseclassic.com

"ဒါဆို - မင်းက ခရီးထွက်မယ်ပေါ့"

"သိပ်သေချာတာပေါ့ - အစ်ကို ဟာဒီ"

"မင်းခရီးသွားနေတုန်း ဒေါက်တာဆယ်ပိုရဲ့ဆေးခန်းကို ခဲဆိပ်တက်လို့ ရောက်လာတဲ့လူနာရှိရင် ဘယ်လိုလုပ်ထားရမလဲ"

"ဒီအတွက်တော့စိတ်ချပါ - တာသင်ကြီး ဦးဖိုးဟိန်းနဲ့ ပြောဆိုပြီးပါပြီ။ သူ ဆက်လုပ်ပါလိမ့်မယ်။ ကျွန်တော်လည်း မကြာပါဘူး - အစ်ကိုဟာဒီ"

♣♠♥

ဌာနာအုပ်ကြီး ဦးဟာဒီက သူ့စားပွဲ ရှေ့ထိုင်ခုံတွင်ထိုင်နေသောအသက်သုံးဆယ်ကျော်ခန့်ရှိလူရွယ်ကိုစူးစိုက်ကြည့်နေလေ၏။ စားပွဲ၏ ညာဘက်ထိပ်တွင် စုံထောက်ဝီလီသိန်းက ထိုင်နေသည်၊ စုံထောက်ဝီလီသိန်း ခရီးထွက်ရာမှ ပြန်ရောက်ပြီးနောက်တစ်နေ့ညနေပိုင်းတွင် ဒေါက်တာဆယ်ပိုမှ ခဲဆိပ်သင့်လူနာ တစ်ဦး ရောက်ရှိနေပြီဖြစ်ကြောင်း ဖုန်းဆက်ပြောလာလေ၏။ ဒဏ်ရာထဲတွင် စူးဝင်နစ်မြုပ်နေသောခဲဆန်ကို ခွဲထုတ်ပြီးသည်နှင့် ခဲဆန်နှင့်အတူ လူနာကိုပါ ပုလိပ်ဌာနာသို့တာသင်ကြီးဦးဖိုးဟိန်းက ခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပါလေ၏။

စုံထောက်ဝီလီသိန်းက ဒဏ်ရာမှ ခွဲစိတ်ထုတ်ယူလာသော ခဲဆန်လေးကို သက်သေခံပစ္စည်းအဖြစ် သိမ်းယူထားသော သွေးစွန်းနေသည့် ခဲတံ၏ ထိပ်ဘက်အချွန်နေရာ အပေါက်လေးထဲသို့ ထိုးသွင်းကြည့်နေလေ၏။

"မင်းနာမည် ပြောစမ်းကွာ"

ဌာနာအုပ်ကြီးက မေးလိုက်၏။

"ဝင်းနိုင်စိုးပါ"

"ဒီဒဏ်ရာက ဘယ်လိုလုပ်ရတာလဲ၊ မင်းကို ဘယ်သူက ခဲတံနဲ့ ထိုးလိုက်တာလဲ"

ဝင်းနိုင်စိုးက ညာလက်မောင်းရင်းကို စည်းထားသောပတ်တီးဖြူဖြူလေးကို ဘယ်လက်ဖြင့် ပွတ်သပ်နေလေ၏။ ဌာနာအုပ်ကြီး၏မေးခွန်းကို မဖြေ၊ ငြိမ်သက်စွာ စဉ်းစားနေသည်။ ခဏကြာမှ "ဟာ - ဝင်းနိုင်စိုး" ဟူသောခေါ်သံနှင့်အတူ ဌာနာအုပ်ကြီး၏ရုံးခန်းထဲသို့ ရောက်လာသူက အသတ်ခံရသူ ကိုအောင်တင်၏တပည့် သာအေးမောင်။ သာအေးမောင်ကို စုံထောက်ဝီလီသိန်းက ခေါ်ထားခြင်း ဖြစ်သည်၊ အကြောင်းကတော့ ခဲဆိပ်တက်၍ ခွဲစိတ်ပြီး ခဲဆန်ထုတ်ယူခြင်း ခံယူထားသော ဝင်းနိုင်စိုးကို သိ၊ မသိနှင့် ဖဲသမားတစ်ယောက် ဟုတ်၊ မဟုတ်အလီဘိုင်ထွက်ဆိုပေးရန် ဖြစ်လေသည်၊ ယခုတော့ - သာအေးမောင်က ဝင်းနိုင်စိုးဟု တရင်းတနှီး နှုတ်ဆက်လိုက်ပြီမို့ စုံထောက်ဝီလီသိန်း သိလိုက် ပါလေပြီ။ ဝင်းနိုင်စိုးလည်း လောင်းကစားသမားတစ်ယောက်ဆိုတာ ပိုပြီး သေချာစေရန် အတွက် "ကိုသာအေးမောင် - သူ့ကိုသိလား" ဟု ဝင်းနိုင်စိုးကို လက်ညှိုးထိုးပြရင်း မေးလိုက်သည်၊

"သိပါတယ်"

"ဘယ်တုံးကသိတာလဲ - ဘယ်မှာသိတာလဲ"

"သိတာကြာပါပြီ၊ တစ်မြို့ထဲသားချင်းတွေဆိုတော့ ဖဲဝိုင်းမှာ တွေ့တာပါ"

စုံထောက်ဝီလီသိန်းက ဝင်းနိုင်စိုးဘက်သို့လှည့်မေးလိုက်ပြန်၏။

"မင်း - ကိုအောင်တင်ကို သိလား"

"ဟုတ်ကဲ့ - သိပါတယ်"

"သူနဲ့ဘယ်နှခါလောက်ဖဲကစားဖူးလဲ"

"ခဏခဏကစားဖူးပါတယ်"

"သူနဲ့ကစားတိုင်းမင်းဘယ်နှခါနိုင်လဲ"

"တစ်ခါမှမနိုင်ပါဘူး"

"မင်း လက်မောင်းရင်းကို ခဲတံနဲ့ ထိုးတာ ဘယ်သူလဲ"

စုံထောက်ဝီလီသိန်း၏ ကောက်ကာငင်ကာ မေးလိုက်သောအမေးကို မဖြေနိုင်၊ ဝင်းနိုင်စိုးတစ်ယောက် ခေါင်းငုံ့သွားလေ၏။

"မင်းမဖြေဘူးလား - ဒါဆိုရင်ဒီမေးခွန်းကို ငါပဲ ဖြေပေးရတော့မှာပေါ့ကွာ"

ဝင်းနိုင်စိုး ခေါင်းမော့ပြီး စုံထောက်ဝီလီသိန်းကိုကြည့်လိုက်ပြီး -

"ဒီလောက် ဆိုရင် ကျွန်တော် သဘောပေါက်သွားပြီဗျာ၊ ကျွန်တော် ဝန်ခံပါတယ်၊ ကျွန်တော်ရဲ့ မတော်လောဘနဲ့ လောင်းကစားလုပ်တိုင်း နိုင်ချင်တဲ့ဆန္ဒရှိင်းကြောင့် မဖြစ်သင့်တာတွေ ဖြစ်သွားရတာပါဗျာ၊ ကျွန်တော် ကိုအောင်တင်ကိုသတ်ဖို့အထိ မရည်ရွယ်တာ အမှန်ပါ။ ကျွန်တော် ကိုအောင်တင်နဲ့ရင်းနှီးတာ ဖဲဝိုင်းမှာပါ။ သူ့ကို အမြဲတမ်း ကိုးမီးဒိုင်ကိုင်ရွေး ရှိပါတယ်၊

www.burmeseclassic.com

အမှန်က ကိုအောင်တင်ကို အဆောင် စီရင်ပေးတဲ့အောက်လမ်းဆရာကြီး ဦးသန်းမောင်ဆိုတာ အောက်လမ်းဆရာ မဟုတ်ပါဘူး။ မြန်မာပြည်အလယ်ပိုင်း မြေပြင်ဒေသမှာ အတော်ဆုံးဖဲဝိဇ္ဇာ၊ ဖဲဘုရင်တစ်ယောက်။ ဖဲလိမ်ရိုက်တဲ့နေရာမှာ နှစ်ယောက်မရှိ၊ တော်တဲ့သူ။ အသက်ကြီးလို့ လောင်းကစားလောကက ထွက်သွားတာ ကြာလှပါပြီ။



ဒါကြောင့်လည်း ကျွန်တော်တို့လောကသားတွေက သူ့ကိုကိုးမီးအောင်တင်လို့ ခေါ်ကြတာပါ၊ ကိုအောင်တင်နိုင်ကိုင်တဲ့ ကိုးမီးဝိုင်းမှာ ဘယ်တော့မှမနိုင်ပါဘူး။ အမြဲတမ်းရှုံးလာတော့ သူ့အပေါ်ကို သံသယဝင်လာတယ်။

ဖဲကစားတိုင်း ပထမပိုင်းမှာ ရေရေလည်လည်ရှုံးပေမယ့် ဝိုင်းသိမ်းရင် သူပဲနိုင်သွားလေ့ရှိတော့ သူ့အပေါ်ဝင်နေတဲ့ သံသယက တစ်နေ့တခြား ကြီးလာတယ်။ ဒါနဲ့ - သူ့တပည့် ကိုသာအေးမောင်ကို စည်းရုံးပြီး သူ့အကြောင်းကို မေးကြည့်တော့မှ ကိုအောင်တင်မှာ အောက်လမ်းဆရာတစ်ယောက် စီရင်ပေးထားတဲ့ အဆောင်တစ်ခုရှိကြောင်း သိလိုက်ရတယ်။ အဆောင်ကြောင့် ဖဲရိုက်တိုင်း နိုင်နေတာလို့ ကိုသာအေးမောင်က ပြောလိုက်တော့ ကျွန်တော့်စိတ်ထဲမှာ မတော်လောဘ ဝင်လာတယ်၊ စိတ်မိုက်စိတ်ရိုင်း ဝင်လာတယ်ပေါ့ဗျာ၊ အဲဒီ့စိတ်ကတော့ဖဲကစားတိုင်းနိုင်တဲ့အဆောင်ကို ပိုင်ဆိုင်ချင်တဲ့စိတ်ပဲပေါ့လေ၊

အစကတော့ ကိုအောင်တင်လို လောင်းကစားလုပ်တိုင်း နိုင်ချင်လာတယ်၊ ဒီလိုအဆောင်မျိုးဆိုတာ တောင်းလို့ရတဲ့အရာမှမဟုတ်တာ၊ တောင်းမရတဲ့ပစ္စည်းကို လုယူဖို့ ဆုံးဖြတ်လိုက်တယ်၊ လေးရက်လောက် စောင့်ကြည့်လိုက်တော့ ဒေါ်သန်းကြည်အိမ်မှာလုပ်တဲ့ ရှိန်းဝိုင်းကအပြန်မှာ လုယူဖို့ အခွင့်အရေးရလာတယ်ဗျ။ ကိုအောင်တင်က တစ်ယောက်တည်း အိမ်ငှားနေတာ၊ အဲဒီ့နေ့ကဒေါ်သန်းကြည်အိမ်မှာရှိန်းပြီး ဖဲကစားကြတယ်၊ ထုံးစံအတိုင်းပါပဲ၊ ဝိုင်းသိမ်းတော့ကိုအောင်တင်တစ်ယောက် နိုင်တာပါပဲဗျာ၊ သူနဲ့ကိုသာအေးမောင် တို့ ပြန်သွားတော့ နောက်မယောင်လည်နဲ့ လိုက်သွားခဲ့တယ်၊ အမှန်ကတော့ - ကိုအောင်တင်တစ်ယောက်ထဲ ပြန်တဲ့အချိန်မှာ လုဖို့ စီစဉ်ထားတာ၊ ဘုတ်လပ်ရေးပန်းခြံထောင့်ရောက်တော့ ကိုသာအေးမောင်က လမ်းခွဲပြီးပြန်သွားတယ်၊ ကျွန်တော်စီစဉ်ထားတဲ့အတိုင်း ဖြစ်လာပြီလေ၊ တစ်ယောက်တည်း ရှေ့က သွားနေတဲ့ ကိုအောင်တင်ကို မှောင်ရိပ်ကျပြီး လူပြတ်တဲ့နေရာရောက်ရင် လုဖို့ ဆုံးဖြတ်လိုက်တယ်"

"ဒါပေမဲ့ - ကျွန်တော် စိတ်ကူးထားသလို ဖြစ်မလာခဲ့ဘူး၊ ရုပ်ရှင်ပြီးလို့ ပြန်လာတဲ့ လူတွေ ဘယ်ကရောက်လာတယ်မသိပါဘူးဗျာ၊ ကျွန်တော်နဲ့ ကိုအောင်တင်ကြား ဝင်လာတော့ လမ်းပေါ်မှာ လုဖို့အစီအစဉ်ကို ဖျက်လိုက်ရတော့တယ်၊ အဆောင်ကိုလိုချင်တဲ့ တဏှာ မက်စိတ်က များနေတော့ ဒီညတော့ ရအောင်ယူမယ်ဆိုပြီး ကိုအောင်တင် နောက် ဆက်လိုက်ခဲ့တယ်၊ ကိုအောင်တင်က သူ့ခြံထဲဝင်သွားပြီး အိမ်တံခါးကို ဖွင့်နေတဲ့အချိန်မှာ ကျွန်တော်ဟာ မှတ်နာကစ်ဝက်ကိုပါလာတဲ့လက်ကိုင်ပုဝါနဲ့ စည်းလိုက်တယ်၊ ပြီးတော့ - အိမ်တံခါးဖွင့်ပြီးဝင်သွားတဲ့ ကိုအောင်တင်နောက်က လိုက်သွားလိုက်တယ်၊ ကျွန်တော် ကံဆိုးချင်တော့ အိမ်ရှေ့တံခါးမကြီးကစေ့ရုံပဲ စေ့ထားတယ်၊

"အဲဒါ - ကံဆိုးတာမဟုတ်ဘူးလေ - ကံကောင်းသွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ဂါတ်စာရေးကိုမေးဆင်ကဝင်ပြော လိုက်ခြင်းဖြစ်လေ၏။

"ကံကောင်းတာမဟုတ်ပါဘူးဗျာ၊ ကံဆိုးတာ - ကံဆိုးတာ - တံခါးသာပိတ် သွားရင် ကျွန်တော် ဘယ်ကဝင်ရမှန်း မသိတော့လှည့်ပြန်လာမိမှာအမှန်ပဲဗျ။ ဒီတော့ - အခုလိုအမှုအခင်းမျိုးလည်း ဖြစ်လာမှာမဟုတ်ဘူးပေါ့။ ကျွန်တော်က ဇဲပဲကစားတတ်တာ၊ ဒါမျိုးတစ်ခါမှမလုပ် ဘူးတာ"

ဝင်းနိုင်စိုးက နောင်တရသော လေသံဖြင့် ပြောလိုက်၏။

"ကျွန်တော်လည်း တံခါးဖွင့်ပြီး ကြည့်လိုက်တော့ အိမ်အောက်ထပ်မှာ ကိုအောင်တင်ကို မတွေ့ရဘူး၊ အပေါ် ထပ်ကို အသာတက်ကြည့်တော့ ကိုအောင်တင်ဟာ ဇဖိုင်းက နိုင်လာတဲ့ ပိုက်ဆံတွေကို သံသေတ္တာထဲ ထည့်နေ တာကို တွေ့လိုက်ရတယ်၊ ဇနိုင်တဲ့ ပိုက်ဆံဘက်ကိုစိတ်ကရောက်နေတော့ ကျွန်တော် သူ့နောက်ရောက်နေတာကို မသိတော့ဘူးပေါ့ဗျာ၊ ကျွန်တော်က ပါလာတဲ့ ဓားထုတ်ပြီး -

"ဟေ့လူ - ငြိမ်ငြိမ်လေးနေစမ်း"

အဲဒီလိုပြောပြီး သူ့အင်္ကျီအိတ်ကပ် ထဲကို အားနေတဲ့ လက်တစ်ဖက်နဲ့ အဆောင်ရှိ၊ မရှိနှိုက်ရှာလိုက်တယ်။

"နေပါဦး - အဆောင်ဆိုတာကို မြင်ဖူးလို့လား"

စာသင်ကြီး ဦးဖိုးဟိန်းက ပါဝင် မေးလိုက်၏။

"မမြင်ဖူးပေမဲ့ သာအေးမောင်ပြော ပြလို့ သိထားတယ်ဗျ၊ စပိတ်တစ်ဖဲချပ် လေးတဲ့၊ ဒီအဆောင်ဖဲချပ်လေးကိုမဲပြ ရှာနေတုန်း မထင်မှတ်ပဲ ကိုအောင်တင် ဟာ ကျွန်တော့်ကို ချွန်ထက်တဲ့အရာ တစ်ခုနဲ့ထိုးပြီး ခုခံလိုက်တာမှာ ဓားကိုင် ထားတဲ့ ညာလက်မောင်းရင်းကို အထိုး ခံလိုက်ရတယ်၊ ပြီးတော့ - အတင်းဝင် လုံးတာမှာ မျက်နှာတစ်ဝက်ကို စည်း ထားတဲ့ လက်ကိုင်ပုဝါ ပြုတ်ကျသွားပြီး ကျွန်တော့်မျက်နှာကို ကိုအောင်တင် တွေ့သွားပါလေရောဗျာ"

"ဟင် - မင်း - မင်း - ဝင်းနိုင်စိုး - မင်း ဘာလုပ်တာလဲ၊ မင်းရှုံးတဲ့ပိုက်ဆံကို ပြန်လိုချင်လို့လား - ငါပြန်ပေးပါ့မယ်"

သူဟာ ပါးစပ်ကပြောရင်း သူ့လက် ထဲက ချွန်ထက်တဲ့အရာနဲ့ ထပ်ထိုးဖို့ကြိုး ...ဘာပါတယ်၊ ညာလက်မောင်းရင်းကို ...ုံးခံထားရတော့ အရမ်းနာနေတဲ့ ...တော်ဟာ ဒေါသဖြစ်ဖြစ်နဲ့ "ကျုပ် ...ဘာကဖဲရိုက်တိုင်းနိုင်တဲ့ခင်ဗျားရဲ့ ...တစ်ဖဲချပ်အဆောင်လေးဗျ" လို့ ...ပြီးလက်ထဲက ဓားနဲ့ ဆောင့်ထိုးပစ် ...ပါတယ်၊ ဘယ်နချက်ထိုးမိမှန်း ...င်မသိလိုက်ပါဘူး။

"ငါ့မှာ ဘာအဆောင်မှမရှိပါဘူး ..."

လို့ပြောပြီး လဲကျသွားတယ်၊ ...တော့မှ - သူ့လက်ထဲက ဆုပ်ကိုင်ထား ...ချွန်ထက်တဲ့အရာဟာ ခဲတံတစ် ...င်းဖြစ်နေတာကို တွေ့လိုက်ရတော့ ...အဆောင်မရှိပါဘူးလို့ပြောလိုက် ...သူ့စကားကို မယုံဘူးဗျ၊ သူ့တပည့် ...အေးမောင်က အသေအချာပြော ...ာ သူ့ဆရာ အောက်လမ်းဆရာနဲ့ ...ပြီး အဆောင်ရလာပုံအကြောင်း ...ပြထားတာဆိုတော့ ဒီအဆောင်က ...ရှိရမယ်ဆိုပြီး အိမ်အပေါ်ထပ်တစ် ...နံ့နေအောင် ရှာတာပဲဗျ၊ ဘယ်မှာ ...ရတော့မှ ကျွန်တော်လည်း လက် ...ပြီး မျက်နှာကို စည်းထားတဲ့လက် ကိုင်ပုဝါလေးကို ကြမ်းပေါ်ပြုတ်ကျနေ တာဆိုတော့ပြန်ကောက်ယူပြီးပြန်ထွက် လာခဲ့မိတယ် ခင်ဗျ၊ ကျွန်တော့်မျက်နှာ ကိုသူမြင်သွားလို့အခုလိုဓားနဲ့ထိုးသတ် တဲ့အထိ ဖြစ်သွားရတာပါ"

ဝင်းနိုင်စိုးက သူ့စကားကို အဆုံး သတ်လိုက်ပြီး စုံထောက်ဝီလီသိန်းကို မော့ကြည့်နေလေ၏။

"အေး - မင်းလိုချင်တဲ့ စပိတ်တစ် ဖဲချပ်အဆောင်ဆိုတာကိုးမီးအောင်တင် မှာလုံးဝမရှိဘူးကွ၊ သာအေးမောင်ပြော ပြတဲ့ ကိုးမီးအောင်တင်ရဲ့အကြောင်းက လုပ်ကြံဇာတ်လမ်းကြီးကွ၊ ဖဲနိုင်တာ အဆောင်ကောင်းရှိလို့ နိုင်တာလို့ သူနဲ့ ဖဲကစားတဲ့သူတိုင်းကိုထင်အောင်လို့ လုပ်ကြံပြောတဲ့ ဇာတ်လမ်းပေါ့ကွာ၊ တကယ်တော့ ဖဲကစားနိုင်တာက သူ တတ်ထားတဲ့ ဖဲလိမ်ရိုက်တတ်တဲ့ပညာ ကြောင့်ပါ"

"ကိုးမီးအောင်တင် ဖဲလိမ်ရိုက် တယ်ဆိုတာ ဘယ်လိုလုပ်သိတာလဲ ဝီလီ"

ဌာနာအုပ်ကြီးက ဝင်မေးလိုက် လေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်တို့ကို သာအေးမောင်က ပြောတယ်လေ၊ သူ့ဆရာ ကိုအောင်တင်ကို အောက်လမ်းဆရာကြီးဦးသန်းမောင်က ဖဲနိုင်စေတဲ့ အဆောင်တစ်ခု စီရင်ပေးခဲ့တယ်လို့ ပြောခဲ့တယ်လေ၊ ဒါလဲ - ကိုအောင်တင် ပြောတဲ့အတိုင်း သာအေးမောင်က ပြန်ပြောပြတာလေ၊ အမှန်က ကိုအောင် တင်ကို အဆောင် စီရင်ပေးတဲ့ အောက်လမ်းဆရာကြီး ဦးသန်းမောင်ဆိုတာအောက်လမ်းဆရာ မဟုတ်ပါဘူး။ မြန်မာပြည်အလယ်ပိုင်း မြေလတ်ဒေသမှာ အတော်ဆုံးဖဲဝိဇ္ဇာ၊ ဖဲဘုရင်တစ်ယောက်၊ ဖဲလိမ်ရိုက်တဲ့နေရာမှာ နှစ်ယောက်မရှိ၊ တော်တဲ့ သူ။ အသက်ကြီးလို့ လောင်းကစားလောကက ထွက်သွားတာ ကြာလှပါပြီ၊ အဲဒီ့ဖဲဝိဇ္ဇာဆရာကြီး ဦးသန်းမောင်နဲ့ တွေ့သွားပြီး တပည့်ခံလိုက်တယ်၊ ဖဲလိမ်ရိုက်တဲ့ နည်းပေါင်းစုံ၊ ပညာအကုန်ရလိုက်တယ်၊ အဲဒီ့ဖဲဝိဇ္ဇာကြီးနဲ့ အတူနေပြီး ကျွမ်းကျင်အောင် လေ့ကျင့်တယ်၊ ပိုင်ပိုင်နိုင်နိုင်ရှိပြီဆိုတော့မှ လောင်းကစားလောကထဲကို ပြန်ဝင်လာခဲ့တယ် - အစ်ကိုဟာ[illegible] ဒီအကြောင်းတွေကို သိရအောင်လို့[illegible] မိုင်သုံးဆယ်လောက်ဝေးတဲ့ ဖဲဝိဇ္[illegible] ဦးသန်းမောင်နေတဲ့ရွာကိုလိုက်သွား[illegible] စုံစမ်းတော့မှ ကိုးမီးအောင်တင်ရဲ့မဟု[illegible] မဟုတ်လုပ်ကြံဖာတ်လမ်းအကြောင်း[illegible] သိလာခဲ့ရပါတယ်။ ကိုးမီးအောင်တင် ဟာ ဖဲသမားလူလည်တစ်ယောက်[illegible] ဖဲကစားတဲ့နေရာမှာ အလျှော့အတင်[illegible] လုပ်ပြီး နည်းနည်းအရှုံးခံကစားလိုက်[illegible] အနိုင်ပြန်ယူလိုက်နဲ့ ဖဲလိမ်ရိုက်တာ [illegible] မသိအောင် အဆောင်ကို အကြောင်း[illegible] ပြီး လုပ်သွားတာပါ။ ဒီကြားထဲမှာ မရှိ[illegible] အဆောင်ကိုလိုချင်တဲ့ဝင်းနိုင်စိုးက[illegible] ရောက်သွားတယ်၊ ဖွတ်မရ တားမ[illegible] အစား အဆောင်မရ၊ ဘဝတုံးရသူ[illegible] ဝင်းနိုင်စိုးပေါ့ဗျာ၊

စုံထောက်ဗိုလ်သိန်းစကား[illegible] တော့ ဝင်းနိုင်စိုးတစ်ယောက် ကြက်[illegible] ကြီး လည်လိမ်ထားသလို ဖြစ်သွား[illegible] လေပြီတကား။

>> ကျော်အေး[illegible]

သန္တာမြသောင်း

# [illegible]ဝ်စေခွန်းရှု



www.burmeseclassic.com

www.burmeseclassic.com

**နေဝင်ရီတရော** အချိန်တွင်

သူ အိပ်ပျော်နေရာမှ နိုးလာခဲ့သည်၊ ဘ

ရှေ့ခန်းတွင် အောက်လင်းမီးအိမ် ထွန်

ထားပြီး ဖဲဝိုင်းတွင် လူစည်နေသည်

ဖဲဘေးထိုးသူများ၏ အော်သံများက ဆူ

နေသည်၊ တဆစ်ဆစ်ကိုက်နေသော

ဦးခေါင်းကိုဖိရင်း အိပ်ရာမှ သူ ကုန်း

သည်။ နစ်ပေါင်းများစွာ သူနှင့်ရင်းနှီး

ခဲ့သောဂလူးဂလူးမြည်သံက သူ့နားထဲ

သို့ တိုးဝင်သည်၊ ဤအသံသည် သူ

နံဘေးတွင် ကပ်အိပ်နေကျမိန်းမ၏

အသက်ရှူသံဖြစ်သည်၊ ဘုရားရေ-အ

မိကြေးရဲ့အသက်ရှူသံ၊ မိကြေး ချွဲကြ

လျှင် မြည်နေကျအသံပေပဲ၊

> အရက်ကြောင်ကြောင်ကာ စိတ္တရူ ဖြစ်နေသော လူတစ်ယောက်သည် ကွယ်လွန်ပြီးသောဇနီးအသံတွေကို ကြားယောင်ကြားယောင်လာပြီး မိမိ စိတ်က မိမိကို ပြန်ခြောက်နေရာက ..

သူနှင့် မလှမ်းမကမ်း ဝါးကြမ်းပြ

တွင် တုံးလုံးလှဲနေသော ထွန်းရွှေက သူ

အနီးသို့ ထလာသည်၊

"အေးမင်း - နိုးပြီလား၊ အမူးပြေ

သွားပြီလား၊ ထမင်းစားမလား"

ထွန်းရွှေအမေးကို သူမဖြေဘဲ သူ

စိတ်ထဲ တွင်ဖြစ်နေသောအကြောင်း

အရာကို ပြောသည်၊

"ဟေ့ကောင် ထွန်းရွှေ - မင်းကြား

တယ်မဟုတ်လား - ဟော"

သူ့စကားကြောင့်ထွန်းရွှေကအံ့ဩ

တကြီးမေးသည်၊

"ဘာလဲကွ - အေးမင်း၊ မင်းဟာက အရင်းမရှိ အဖျား မရှိနဲ့"

"ဟော - ကြားတယ်မဟုတ်လား၊ အသက်ရှူသံလေ ကွာ - အသက်ပြင်းပြင်းရှူသံ"

သူ့စကားကြောင့် ထွန်းရွှေက ရယ်သည်၊

"ဖြစ်ရလေ - အေးမင်းရယ်၊ ဒီအခန်းထဲမှာ လူတွေ တစ်ပုံကြီးရှိနေမှတော့ အသက်ရှူသံကြားရတာ ဘာဆန်း လဲ"

သူက ဦးခေါင်းကို သွက်သွက်ခါ အောင်ယမ်းသည်၊

"မဟုတ်ဘူး - ထွန်းရွှေ၊ ဒီအသက်ရှူသံက ဒီအခန်းထဲ ကလာတဲ့အသံ မဟုတ်ဘူး၊ ဟောဟိုမြေကြီးထဲကလာတဲ့ အသံကွ၊ မိကြေးရဲ့အသက်ရှူသံ၊ မိကြေးဆီက ကြားနေကျ အသံကို ငါအခု ကြားနေရတယ်"

ထွန်းရွှေ တုန်တုန်လှုပ်လှုပ် ဖြစ်သွားသည်၊

"အေးမင်း - တော်ကွာ - မူးမူးရူးရူးနဲ့ ဘာတွေလျှောက် ပြောနေတာလဲ"

ထွန်းရွှေစကားကြောင့် သူ ဒေါသထွက်သွားသည်၊ ဒေါသတကြီး အော်ဟစ်လိုက်မိသည်၊

"ဘာကွ - ငါ့ကို မူးနေတယ်များ မင်း ထင်လို့လား၊ ငါ မမူးဘူး၊ ဒါ မိကြေးရဲ့အသက်ရှူသံ၊ မိကြေး ချွဲကြပ်နေတဲ့ အသံကို ငါကြားနေရတယ်၊ ဒီအသံဟာ နစ်ပေါင်းများစွာ ငါ ရင်းနှီးခဲ့တဲ့အသံကွ"

သူ၏ ကျယ်လောင်သောအသံကြောင့် ဖဲဝိုင်းထဲမှလူ များဝရုန်းသုန်းကား ထကြသည်၊ ပိုက်ဆံများကို ကျုံးသူက ကျုံးသည်၊

"သရဲခြောက်လို့ - မိကြေး ခြောက်လို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်မှာလဲ - သရဲ"

ဖဲဒိုင်ကိုင်သောကိုပုက သူ့ရှေ့မှငွေများကို အမြန်ကျုံးရင်း စိတ်ဆိုးမာန်ဆိုး အော်သည်။

"ထွန်းရွှေ - မင်းကောင်ကို မင်းထိန်းပါဦး။ ဒီမှာ ဝိုင်းပျက်သွားပြီ"

ကိုပုစကားကို သူ အရေးမစိုက်ပါ။ သူကြားနေရသောအသက်ရှူသံကို နားစိုက်ထောင်နေမိသည်။

"ဟော - ကြားလား။ ဂလူး ဂလူးနဲ့၊ ဟော - ခင်ဗျားတို့ မကြားကြဘူးလား။ အဲဒါ - မိကြေးဆီက အသံလေ"

တစ်စုံတစ်ယောက်ကသွားရောက်အကြောင်းကြား၍ထင်သည်။ ရွာအုပ်ချုပ်ရေးမှူး ဦးစံလှိုင် တဲပေါ်တက်လာသည်။

"ဟေ့မောင်အေးမင်း - နေကောင်းတယ်နော်"

"ဟာဗျာ - အဘဦးစံလှိုင်မေးပုံကြီးကလည်း၊ ကျွန်တော်ကပဲ ရူးနေတဲ့ပုံစံမျိုး"

"မဟုတ်ပါဘူး - မောင်အေးမင်းရာ၊ မင်းတို့လင်မယား သိပ်ချစ်ကြတာ အဘ သိပါတယ်။ သားသမီးကလည်း မရှိ၊ ဒီလင်မယားနှစ်ယောက်ချစ်ကြတာ အဘသိတယ်။ တူနှစ်ကိုယ်တိုင်းပြည်ထူထားတဲ့ကြားမှာ မင်းရဲ့မိန်းမ ဆုံးသွားတော့ မင်းခံစားရမှာပဲ"

"ဘယ့်နယ်ပြောပါလိမ့် - အဘဦးစံလှိုင်ရာ။ ခံစားရတာပေါ့ဒီရင်ဘတ်ကြီး ကြေမွသွားမတတ်ပဲ"

"အေးပါကွာ - အဘတို့လည်းဘေးက မိကြေးအတွက် စိတ်မကောင်းဖြစ်ရတာပါပဲ။ ဒါပေမဲ့ - ကိုယ်က ဘယ်လောက်ပဲငိုနေပါစေ၊ သေတဲ့သူက ပြန်ရှင်လာမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ ။ ဒါပေမဲ့ - မိကြေးအသက်ရှူသံကို ကျွန်တော် ကြားနေရတယ်"

"မဖြစ်နိုင်တာတွေ မပြောနဲ့ကွာ၊ ညကမိကြေးသေလို့ဒီနေ့ပဲနေ့ချင်း မင်းရှေ့မှာ မြှုပ်ခဲ့တာ မင်းမျက်မြင်ပဲ"

"ဒါပေမဲ့ ... မိကြေး ..."

"ထ - မောင်အေးမင်း - ထမင်းသွားစား၊ မင်းစိတ်ကို မင်း နိုင်အောင် ထိန်းဦး"

ထွန်းရွှေက သူ့လက်မောင်းကို ဆွဲထူသည်။

"ထကွာ - အေးမင်း - ညနေစာ စားရအောင်"

ထွန်းရွှေ ဆွဲ ခေါ်ရာနောက် သို့ အေးမင်း ပါလာခဲ့သည်။ ထမင်းဝိုင်းတွင် ဆိုင်လိုက်သည်နှင့် သူ့မျက်လုံးများ ဟင်းပန်းကန်ဆီသို့ အလိုလိုရောက်သည်။ အသုဘကိစ္စဖြစ်သဖြင့် ဝက်ပေါ်က ချက်ထားသော အဆီတစ်ထပ် အသားတစ်ထပ်နှင့် ဝက်သားဟင်းက မိကြေးတောင့်တနေကျဟင်း ဖြစ်သည်။

ဆင်းရဲနွမ်းပါးသော သူတို့လင်မယားဘဝတွင်ထမင်းပင်နပ်မှန်အောင် ရုန်းကန်နေရသည်၊ တစ်လတစ်ကြိမ်ပင်ဟင်းကောင်းချက်ရန်အနိုင်နိုင်၊ ကြားထဲ ရင်ကြပ်ရောဂါရှိသောမိကြေး ဝက်သားနှင့် လုံးဝမတည့်ပါ။ ငွေရေးကြေးရေး အဆင်မပြေရသည့်ကြားထဲ ကြပ်နေ၊ မောနေသော မိကြေးကြောင့် စိတ်ပျက်ရသည်၊ မိကြေးက နေပူလျှင်လည်း ကြပ်သည်၊ မိုးမိလျှင်လည်း ကြပ်သည်၊ နှင်းကျလျှင်လည်း ကြပ်သည်၊ ဖုန်ထူလျှင်လည်း ကြပ်သည်၊ အသက်မကောင်းလျှင်လည်း ကြပ်သည်၊ တစ်လတွင် ရက်ပေါင်းသုံးဆယ် ကြပ်နေသော ချစ်ဇနီးကို အေးမင်း သနားမိသလို စိတ်ပျက်ရသည်၊ စိတ်ညစ်ညူးမှုများပြေပျောက်ရန် အေးမင်း အရက်သောက်တတ် လာသည်။ မိကြေး အမြဲတောင့်တနေကျ ဟင်းမှာ သုံးထပ်သား ဟင်း။

"အဆီတစ်ထပ်၊ အသားတစ်ထပ်နဲ့ ဝက်သားဟင်းလေးစားရရင် သေပျော်ပါပြီ - ကိုအေးမင်းရယ်"

မိကြေးအသံကိုနားထဲကြားယောင်လာသောအခါ အေးမင်း မနေနိုင်တော့၊ ဝက်သားဟင်းဇလုံကို လက်မှကိုင်တာတဲက ပြင်ပေါ်မှ လွှားခနဲ ခုန်ဆင်းကာ ရွာဦးသချိုင်းဘက်သို့ပြေးထွက်ခဲ့သည်၊ နောက်တွင် အော်ဟစ်သံများ ကျန်ရစ်သည်။

"ဟေ့ကောင် - အေးမင်း - ဟေ့ကောင်"

"လုပ်ကြပါဦး - အေးမင်း - ဝက်သားဟင်းပန်းကန်ကြီးကိုင်ပြီး သချိုင်းကုန်းဘက် ပြေးပြီ"

"လိုက်ပါဟ - လိုက်ကြပါ"

အေးမင်း၏ သွက်လက်သောခြေလှမ်းများကို ဘယ်သူမှမမီ၊ ရွာသချိုင်းသို့ရောက်သည်နှင့် မိကြေးကိုမြှုပ်ထားသောမြေပုံမို့မို့ပေါ်တွင် ဝက်သားဟင်း

www.burmeseclassic.com

ပန်းကန်ကိုတင်ရင်း အေးမင်း တတွတ်တွတ် ပြောသည်။

"မိကြေး-ဟောဒီမှာမိကြေးကြိုက်တဲ့ဝက်သားဟင်း လာပို့တာ။ မိကြေး ထစားလေဟာ။ ငါ့ကို စိတ်ဆိုးနေတာလား။ စိတ်မဆိုးပါနဲ့-မိကြေးရယ်။ ငါက နင် ခံစားနေရတာ မကြည့်ရက်လို့ လုပ်မိတာပါ။ ငါ နင့်ကို သိပ်ချစ်ပါတယ် မိကြေးရယ်-ဟီး-အီး-ဟီး"

တတွတ်တွတ်ပြောရင်း သူ ငိုချလိုက်မိသည်။ သူ နောက်မှ ထွန်းရွှေ၊ အဘ ဦးစံလှိုင်နှင့် ရွာသားသုံးလေးဦး ရောက်လာကာ သူ့ကို ဆွဲထူကြသည်။ ဝိုင်းထိန်းကြသည်။

"ဟော့ကောင် အေးမင်း-ထကွာ လာ-ပြန်ကြစို့။ သေတဲ့သူက သေပြီပဲ၊ မင်းရဲ့စိတ်ကို မင်းထိန်းမှပေါ့"

"ဟုတ်ပါတယ် - အေးမင်းရာ၊ မိကြေးက မင်းကို စွန့်ခွာပြီး ဘဝသစ်ကို ရောက်သွားပါပြီ၊ မိကြေးရဲ့ဝိညာဉ်က ဘဝသစ်တစ်ခုမှာ နှောင်တွယ်နေပါပြီ၊ မင်းကို မေ့နေပါပြီ"

ဒီစကားကို အေးမင်း လက်မခံချင်၊

"မိကြေးရဲ့ဝိညာဉ်ကဒီနားတစ်ဝိုင်းမှာပဲရှိတယ်၊ မိကြေး မကျွတ်သေးဘူး မိကြေးရဲ့အသက်ရှူသံကို ငါကြားနေတယ်"

ထွန်းရွှေက အေးမင်းကို သချိုင်းဆွဲထူကာ ဆွဲခေါ်လာသည်၊

အဘဦးစံလှိုင်နှင့် ရွာသားများက မိကြေး၏မြေပုံပေါ်မှ ဝက်သားဟင်းပန်းကန်ကိုတောင်းပန်ပြီးဖက်တစ်ခုပေါ်တွင် ပုံထားသည်၊ ထွန်းရွှေ ဆွဲခေါ်လာသဖြင့် ရွာထဲသို့ အေးမင်း ပြန်ပါလာသည်၊ အေးမင်း၏မျက်လုံးထဲတွင် မိကြေးဥ၏ပုံရိပ်များသာ ထင်ကျန်ရစ်သည်၊ မနေ့က ဆီးသီးများ ခူးစားပြီး မိကြေး ရင်ကြပ်နေသည်၊

"မိကြေး-နင် သိပ်ခံရဆိုးနေသလား"

"အူး-ဝူး-ဂလူး-ဂလူး-ဂလူး ကိုအေးမင်း-ဂလူး-ဂလူး၊ ကျွန်မတော့ ကယ်ပါဦး"

"မိကြေး-သတိထားပါဟာ၊ ငါ ဘာလုပ်ပေးရမလဲ"

"အင်း-ဂလူး-ဂလူး-ဂလူး ကိုအေးမင်းရယ်၊ ကျွန်မကို သေဆေးသာ ပေးပါတော့"



ထိုနေ့ညကမိကြေးသေဆုံးရသည် ...တ်ဝန်းကျင်က သက်ဘမကောင်းမဖြစ် ... ရင်ကြပ်ရောဂါရှိသောမိကြေး ...ယ်ကောင်းတွင် ရင်ကြပ်သဖြင့် ဆုံး ...ရသည်ဟုသာ သနားကြသည်၊ ...ချစ်သူ အေးမင်းအတွက် စုတ် ...ပ်သပ်ဖြင့်သနားကြသည်၊ မိကြေး ...ဆုံးရခြင်းအကြောင်းရင်းကို ...င်းတစ်ဦးတည်းသာ အသိဆုံးဖြစ် ...ည်၊ မိကြေး ဆုံးပါးရခြင်းသည် အေးမင်း၏ပယောဂမကောင်းပါ၊ ထိုနေ့ညက မိကြေး အသက်မရှူနိုင်အောင် ကြပ်နေသည်၊

"မိကြေး-သတိထားဟာ-ငါရှိတယ်"

"အင်း-ဂလူး-ဂလူး-အင်း"

"မိကြေး-မိကြေး-မိကြေး"

မိကြေးဥ တဂူးဂူးမြည်ရင်း ပက်လက်အနေအထားဖြင့် သတိလစ်သွားသည်၊ အကြောများဆွဲနေသောမိကြေး



...ကြေးဥ တဂူးဂူးမြည်ရင်း ပက်လက်
...နေအထားဖြင့် သတိလစ်သွားသည်။
...ကြောများဆွဲနေသောမိကြေးကို သူ
...ည့်ရက်တော့။ သူ သတိဝင်လာသောအခါ
...ကြေး၏မျက်နှာပေါ်သို့ ခေါင်းအုံးနှင့် ဖိကပ်
...ကြောင်း ထိတ်လန့်စွာ သတိထားမိသည်။
...က မလှုပ်တော့။ မိကြေး၏နှာခေါင်းဝသို့
လက်ညှိုးဖြင့် ကပ်ကြည့်သည်။
ဝင်သက်ထွက်သက်မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကို သူ မကြည့်ရက်တော့။ သူ သတိဝင်လာသောအခါ မိကြေး၏မျက်နှာပေါ်သို့ ခေါင်းအုံးနှင့်ဖိကပ်ထားမိကြောင်းထိတ်လန့်စွာ သတိထားမိသည်။ မိကြေးက မလှုပ်တော့။ မိကြေး၏နှာခေါင်းဝသို့ လက်ညှိုးဖြင့်ကပ်ကြည့်သည်။ဝင်သက်ထွက်သက်မရှိတော့ပါ။ သူ ခေါင်းအုံးသို့ ဘေးသို့ပစ်ချပြီးနောက်ဘေးအိမ်များကို အော်ခေါ်သည်။

"ဒေါ်ကြီးကျင်တို့ မတင်မြတို့ လာကြပါဦး။ ဒီမှာ မိကြေးဥ ခေါ်လို့မရတော့ဘူး"

အိမ်နီးချင်းများ ရောက်လာပြီး မိကြေးကိုဝိုင်းစမ်းကြသည်။

"အေးမင်း - နင့်မိန်းမ - သေပြီဟဲ့"

အားလုံးက တညီတညာတည်း ပြောကြသည်။ သူ တုန်လှုပ်ခြောက်ခြားရသည်။ သူ၏တဲငယ်သည် အသုဘအိမ်အသွင်ဖြစ်သွားပြီ။ သူတို့လင်မယားတဲထိုးနေထိုင်သောခြံမှာ မိမိခြံပိုင်မဟုတ်။ ဆွေနီးမျိုးစပ်တော်သော ဒေါ်ကြီးကျင်၏ခြံထဲတွင် တဲလေး ကပ်ရပ်ထိုး၍နေရခြင်းဖြစ်သည်။ ခြံပိုင်ရှင်ဒေါ်ကြီးကျင်က သရဲတစ္ဆေများ။ ပရလောကသားများကို လွန်စွာကြောက်ရွံ့တတ်သည်။

"မောင်အေးမင်း - ဒီလိုအချိန်မျိုးမှာ မင်းကို မပြောချင်ပါဘူး။ ဒေါ်ကြီးသဘောကအလောင်းကိုမြန်မြန်မြေကျစေချင်ပါတယ်"

"ဟုတ်ကဲ့ - ဒေါ်ကြီးကျင်၊ မနက်မိုးလင်းတာနဲ့ ကျွန်တော် စီစဉ်ပါ့မယ်"

မိကြေးတွင် ဆွေမျိုးသားချင်းအခ် အနားတွင်မရှိသဖြင့် မစောင့်ဖြစ်တော့ မိကြေးကိုသာ မြေမြှုပ်ပြီးသည်။ တဲထဲ တွင် မိကြေးအရိပ်၊ မိကြေးစကားသံ မိကြေးလှုပ်ရှားမှုများကို အေးမင်း မြင် ယောင်နေမိသည်။ အဆိုးဆုံးကမိကြေး ၏ အသက်ပြင်းပြင်းရှူသံ၊ ရင်ကြပ်နေ သောအသံကို တစ်ချိန်လုံး ကြားနေ ခြင်းဖြစ်သည်။

"ကိုအေးမင်းရေ - ကိုအေးမင်း"

အဝေးမှ အသံသဲ့သဲ့က မိကြေး အသံနှင့် တူလှသည်။ အေးမင်းအိ ရာမှ ဝေါက်ခနဲထသည်။ အသုဘ

စောင့်ပေးကြသူများမှာ ဘာမှကြားဟန်တော့၊ ဖဲဝိုင်းကလည်း ကောင်းနေသည်။

"ကိုအေးမင်း - ကျွန်မကို ကယ်ပါ၊ ကျွန်မ မြေကျင်းထဲမှာ မွန်းနေပြီ၊ လာ ကယ်ပါ - ကိုအေးမင်းရယ်"

မိကြေး - မိကြေးဥ မသေသေးဘူး ဆင်သည်၊ သူ လူးလိုမ့်ထသည်၊ မိကြေးဥထံသူသွားမည်၊ဝါးကြမ်းခင်းကို အသံမမြည်အောင် ဖွနင်း၍ သူ ဆင်းခဲ့ သည်၊ ပတ်ဝန်းကျင်တစ်ခုလုံးအမှောင် ထုကြီးစိုးနေဆဲ၊ အဝေးမှ ကြက်တွန် သံသဲ့သဲ့ ကြားရသည်၊ သန်းခေါင်ယံ ကြက်လား၊ လင်းကြက်၊ တွန်ကြက်လား ၊ မခွဲခြားနိုင်၊ ဘယ်လိုပဲဖြစ်ဖြစ် သာန်ကို အမြန်သွားမှဖြစ်မည်၊ လင်းရောင်မဲ့ ရွာလမ်းအတိုင်း သူ ခြေ မ်းကျဲကျဲဖြင့်အပြေးလျှောက်ခဲ့သည်၊ ထိပ်သချိုင်းက အလင်းရောင်ကင်းမဲ့ ာင်မည်းနေသည်၊ သုသာန်ဇရပ်အမိုး ပ်တို့ သံရျက်ပြုတ်သဖြင့် တဂျွမ်းဂျွမ်း ည်သံက အသည်းယားဖွယ်၊ သုသာန် တွင် မြေပုံမို့မို့က အစီအရီ၊

မိကြေးဥကိုမြှုပ်နှံထားသော မြေပုံ ဆီ ဦးတည်လာခဲ့သည်၊ ဘုရားရေ

မြေကြီးတွေ ရှပ်ပွနေသလိုပါလား၊ မိကြေးဥ အသက်(၂၂)နှစ်တဲ့၊ သူ့ခြေ လှမ်းများက မိကြေးဥမြေပုံဆီ အလိုလို ရောက်သွားသည်၊ မြန်ဆန်သောလက် များဖြင့် မြေကြီးခဲများကို ယက်ထုတ်မိ သည်၊ မောရ၊ ပမ်းရမှန်းပင် မသိနိုင် တော့၊

"ဝူး - အူး - ဝူး - ဂလူး - ဂလူး ဂလူး"

ဟော - မြေကြီးထဲကအသံ၊မိကြေးဥ မသေသေး၊ အေးမင်း၏လက်များက သွက်လက်စွာ မြေကြီးခဲများကို ယက် ထုတ်သည်၊မြေကြီးတွေလက်သည်းထဲ ဝင်ကုန်သည်၊ လက်ထိပ်တွေ သွေးစို့ ပေါက်ပြဲကုန်သည်ကို ဂရုမစိုက်နိုင်၊

"ကိုအေးမင်းရေ - ကိုအေးမင်း"

မြေကြီးထဲကအသံက ပိုမိုကျယ် လောင်လာသယောင်ယောင်၊ အေးမင်း ၏လက်တွေ ပိုမိုမြန်ဆန်လာသည်၊

"ကိုအေးမင်း - လုပ်ပါ - မြန်မြန်၊ အသက်ရှူကြပ်လှပါပြီ"

"မိကြေး - မိကြေး မသေဘူးနော်၊ ကိုအေးမင်း - အခုပဲ မိကြေးကို မြေကြီး ထဲက ထုတ်မယ်၊ မိကြေးစိတ်နေရတာ



www.burmeseclassic.com

www.burmeseclassic.com

မကြည့်ရက်လို့ မိကြေးရဲ့ဝေဒနာတွေကို မကြည့်ရက်လို့ ကိုအေးမင်း မှားခဲ့တာပါ'

မောလိုက်သည်မှာ အသက်ရှူရပ်တောတ်ဟိုက်နေပြီ၊ သူ့လက်တွေ ရပ်လို့မရသေး၊ မိကြေးအသက်ရှူသံက ပိုမြန်လာသည်၊ ကျောင်းကိုယက်ထုတ်နေသော သူ့လက်များက ပိုမိုမြန်လာသည်၊ လက်နှစ်ဖက်လုံးသွေးချင်းချင်းရဲနေပြီ၊ ဖွာခနဲဖယ်ရှားလိုက်သောမြေကြီးများအကုန်တွင် သစ်သား ခနော်ခနဲ့အခေါင်း ပေါ်လာသည်၊

သူ မောလွန်းသဖြင့်အသက်တစ်ဝကြီး ရှူလိုက်သည်၊ သူ အမောဖြေလေးခဏရပ်ဆဲ အခေါင်းက ပွင့်လာသည်၊ အခေါင်းထဲမှ မိကြေး လက်တစ်ဖက်ထွက်လာကာ သူ့လက်ကို ဆွဲရှုလိုက်သည်၊ ကြောက်လန့်တကြား သူ ရုန်းသော်လည်းမိကြေး၏လက်များကပြုတ်တူပမာ မြဲမြံလှသည်၊ အလောင်းကြီးကဖျတ်ခနဲ မျက်စိပွင့်လာသည်၊ ပွစောင်းစောင်းအလောင်းကြီး၏ အော်ဂလီဆန်ဖွယ်အပြုံးက သူ့နှလုံးကို သွေးပျက်ချောက်ချားစေသည်၊ ထိတ်လန့်တုန်လှုပ်ဖွယ်အခြေအနေကြောင့် မိကြေး၏ခန္ဓာကိုယ်ပေါ် သူ လဲပြိုသွားခဲ့ပြီ၊

နံနက်မိုးသောက်ချိန်ရောက်လျှင် ပျက်စီးနေသော မိကြေး၏မြေပုံ၊ ပွင့်နေသောမိကြေးအခေါင်းပေါ်မှ သူ့အလောင်းကို တွေ့ကြလိမ့်မည်၊ အရက်ကြောင့်ကြောင်နေခဲ့သော၊ မိကြေးကို ခေါင်းအုံးနှင့်ဖိသတ်ခဲ့မိသောစိတ်တစ္ဆေ၏ခြောက်လှန့်မှုမှလွတ်ခဲ့ပြီဖြစ်သော သူ့ဝိညာဉ်ကမိကြေးဝိညာဉ်နှင့် ဆုံနေရော့လား၊ ။

>> သန္တာမြဲသောင်း




နာနာဘာဝ

ဝတ္ထုတိုများ

အုန်းရွှေမျှား

www.burmeseclassic.com

www.burmeseclassic.com



# ဂါနီနွေဦးမှာ
# နိမ့်ပျက်မျက်ခဲ့ရတဲ့
# အိပ်မက်ဆိုးများရဲ့

**မီနစ်** အတော်အတန်ကြာသည့်တိုင် မြင်ကွင်းတွေက ဝေဝါးမသွားဘဲ အာရုံထဲတွင် ပြက်ပြက်ထင်ထင်ထင် ကျန်နေဆဲ၊ မနီးမဝေး ပင်လယ်ပြင်ကြီးထဲမှာ ကောင်လေးနစ်ယောက် မြုပ်လိုက်ပေါ်လိုက်နဲ့ ရေနစ်နေတဲ့မြင်ကွင်း။

ချောင်းသာကမ်းခြေသို့
အပျော်ခရီးသွားခိုက်
ယောကျ်ားလေးသူငယ်ချင်း
ရေနစ်သေဆုံးရာ
အကြောက်လွန်ကြ
မိမိစိတ်က မိမိကို ချောက်ချားစွ
ခြောက်လှန့်ရာ .

www.burmeseclassic.com

www.burmeseclassic.com

ကမ်းစပ်မှလူများလှမ်းကြည့်နေတဲ့ မြင်ကွင်း။

ယောက်ျားကြီးတစ်ယောက်ဘော ကွင်းတစ်ခုကိုဆွဲကာ ရေထဲကူးခတ်ပြီး ကောင်လေးတွေကို သွားကယ်တဲ့မြင် ကွင်း။

ထိုကောင်လေးနှစ်ယောက်နဲ့ ခပ် လှမ်းလှမ်းမှာလည်းဘောကွင်းကြီးတစ် ခုကို လူခြောက်ယောက်လောက် ဝိုင်း ဆက်လျက် မရှုနိုင် မကယ်နိုင်ဖျောပါနေ တဲ့မြင်ကွင်း။

ကမ်းစပ်မှာ ဘုရားစာရွတ်ရင်း သူ တို့တစ်တွေ ဘေးကင်းစေဖို့ ဆုတောင်း ခံ့မှတစ်ပါး တခြားဘာမှမတတ်နိုင်ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျနေကြတဲ့ ကျောင်း သားတစ်စုရဲ့မြင်ကွင်း။

ထိုမြင်ကွင်းများကို ပြန်လည်မြင် ယောင်ရင်းဆောင်းယမင်းမျက်ရည်တွေ ဝေ့ဝဲကျဆင်းလာပြန်သည်။

"ဆောင်း - နင်ငိုနေပြန်ပြီလား။ နင် ကလည်းဟယ် - မငိုပါနဲ့တော့၊ ဖြစ်ပြီး သမျှကိစ္စတွေကပြန်မှကောင်းမလာနိုင် တော့တာ၊ အမှန်ပြောရရင် ငါတို့တစ် တွေလည်းငိုချင်နေတာပဲ။ ဒါပေမဲ့ - ငါတို့ အားလုံးငိုနေရင် တစ်ဆောင်လုံးကမိန်း ကလေးတွေလည်း အားငယ်ပြီး ငိုကုန် ကြလိမ့်မယ်။ ကဲ - တိတ်တော့ဟာ"

တည်းခိုဆောင်တွေတစ်ခန်းတည်း တစ်ခုတင်တည်း အတူနေနေသည့် သူငယ်ချင်း နန္ဒာချစ်က ဆောင်းယမင်း ကို လေပြေလေးနှင့် နှစ်သိမ့်လာ၍ ဆောင်းယမင်း မျက်ရည်တွေကို သုတ် ပစ်ကာ စိတ်အားတင်လိုက်ရသည်။

မတင်းလို့လည်းမဖြစ်၊ မိသားစုဝင် တွေတစ်ယောက်မျှမပါသည့်ဤရှောင်း သာခရီးတွင် ဆောင်းယမင်း အားငယ် ဝမ်းနည်းနေလျှင် ပို၍ စိတ်ချောက်ချား လာရလိမ့်မည်၊ သို့ဖြစ်၍ အားတင်းပစ် လိုက်ကာဝရန်တာမှနေဟိုးအဝေးဆီသို့ ငေးကြည့်နေလိုက်မိသည်။

ဆောင်းယမင်း၏အကြည့်တွေက အုန်းပင်တွေကြားရှိ လမ်းကျဉ်းလေးဆီ သို့ ရောက်ရှိလို့နေပေမယ့် များပန်းခတ် သွားလာပျော်မြူးနေကြသောလူတွေကို ဆောင်းယမင်း မမြင်။ ဆောင်းယမင်း ပြန်လည်မြင်ယောင်နေမိသည်က ဤ ခရီးတွင် ဆောင်းယမင်း လိုက်ပါလာရ သည့်အကြောင်းရင်းနှင့် ခရီးစဉ်အစပိုင်း က ပျော်စရာအဖြစ်အပျက်လေးများကို သာ။



ရှောင်းသာသို့ ကျောင်းမှသူငယ် ချင်းတွေ စုသွားကြမည်၊ ဆရာ ဆရာမ တွေလည်း ပါမည်ဟု ကြားကတည်းက ဆောင်းယမင်း လိုက်ချင်ခဲ့မိတာတော့ အမှန်၊ သို့ပေမဲ့ မိဘတွေနှင့်အတူမသွား ၍စိတ်ထဲတွင် ကြောက်သလိုလို၊ အား ငယ်သလိုလိုဖြစ်နေတာကြောင့် ခရီးစဉ် ကို လိုက်ပါမည်ဟု သူငယ်ချင်းတွေကို အတိမပေးဖြစ်ခဲ့၊ သူငယ်ချင်းတွေက လည်း ဖုန်းဆက်ကာ ချော့တစ်လှည့်၊ ခြောက်တစ်လှည့်နှင့် ဆောင်းယမင်း ပါအောင် အသည်းအသန်ခေါ်နေ ကြသည်။ ထိုအချိန်တွင် ခရီးစဉ်ကို လိုက်ဖို့ရန် အကြောင်းကိစ္စက ပေါ်လာ သည်။

"ယမင်း - ငါတို့တွေ ခရီးတစ်ခါမှ အတူမထွက်ဖူးဘူးနော်၊ ဆယ်တန်းသာ အောင်သွားတယ်၊ ငါတို့နှစ်ယောက် အတူသွားဖူးတဲ့နေရာဆိုတာ သိပ်မရှိ ဘူး"

ဆောင်းယမင်းရဲ့အချစ်ဆုံးသူငယ် ချင်း ယဉ်လေးနွေး၏စကားကြောင့် ဆောင်းယမင်း၏ရင်ထဲ စိတ်မကောင်း ခြင်းများစွာကို ခံစားလိုက်ရသည်။ ဟုတ် ပေါ့၊ ဆောင်းယမင်းနဲ့ယဉ်လေးနွေး တို့က ဟိုးငယ်ငယ်လေးကတည်းက တစ်ပူးတွဲတွဲ ပေါင်းခဲ့ကြတဲ့ သူငယ်ချင်း နှစ်ယောက်၊ သို့ပေမဲ့ - နှစ်ယောက်လုံး ကကျောင်းသားတွေဆိုတော့ဘယ်ကိုမှ အတူမသွားဘူးခဲ့၊ ခရီးအတူထွက်ဖို့ဆို သည်မှာ အဝေးကြီး။

"အေးဟာ - ငါလည်း နင်နဲ့အတူ ခရီးထွက်ချင်တာပေါ့။ ဒါပေမဲ့ - ငါ့တို့မိဘ တွေက အားမှ မအားကြဘဲ၊ ငါတို့နှစ် ယောက်တည်း ထွက်ဖို့ကျတော့လည်း မဖြစ်နိုင်ဘူးလေ"

"အေး - ငါလည်း အဲ့ဒါစဉ်းစားနေ တာ။ ငါတို့ ရှောင်းသာကို လိုက်ရင် ကောင်းမလားလို့၊ ဒါဆို - မိဘတွေ မလိုက်နိုင်ပေမဲ့ ဆရာမတွေ ပါတာပဲ၊ ငါတို့ကလည်း ဟိုဟိုဒီဒီ စိတ်ပူစရာမရှိ တော့အမေတွေကစိတ်ချလောက်မှာပါ ဟာ၊ နင်ရော ဘယ်လိုစဉ်းစားမိလဲ၊ ငါကတော့ ဒါ - ငါတို့နှစ်ယောက် ခရီး အတူထွက်နိုင်ဖို့အတွက် အခွင့်အရေး တစ်ခုလို့ ထင်တာပဲလေ"

ယဉ်လေးနွေး၏စကားက ဟုတ် တော့လည်းဟုတ်၏၊ ဆောင်းယမင်းတို့ မိဘတွေက ဆရာသမားတွေပါ၍စိတ်ချ နိုင်သလိုဆောင်းယမင်းတို့နှစ်ယောက်

www.burmeseclassic.com

ကလည်း အနေအေး ရိုးသားသူများဖြစ်တာကြောင့် ရည်းစားသနာကိစ္စတွေ စိတ်ပူစရာမလို၊ နို့ပေမဲ့ - ဆောင်းယမင်းက ဤသို့ မိဘတွေမပါဘဲ ခရီးထွက်ရမည်ကို ဘာကြောင့်မှန်းမသိ ကြောက်ရွံ့နေမိ၏။

"အေးနော် - နင်ပြောတာလည်း ဟုတ်တယ်၊ တခြားသူငယ်ချင်းတွေလည်းအများကြီးပါမှာဆိုတော့ပျော်စရာတော့ ကောင်းမှာပဲ၊ ဒါပေမဲ့ - ငါက မိဘတွေ မပါတော့ ကြောက်တယ်ဟ"

ဆောင်းယမင်းကရင်ထဲကဝေဒနာကို ယဉ်လေးနွေးအား ပွင့်ပွင့်လင်းလင်း ပြောပြမိသည်။

"ဟာ - နင်ကလည်း - ဘာကြောက်စရာရှိလို့လဲ၊ ပင်လယ် ဆိုတာ နင် မရောက်ဘူးတဲ့နေရာလည်းမဟုတ်ဘူး၊ တစ်ခါမှ မရောက်ဘူးတဲ့ ငါ ကြောက်ဖို့လည်း ထားပါဦး"

ဒါလည်းဟုတ်နေပြန်ရော၊ ချောင်းသာဆိုတာ ဆောင်းယမင်းတို့ မိသားစု တစ်နှစ်တစ်ခါ နှစ်နှစ်တစ်ခါလောက် ရောက်နေသောဒေသ၊ ပင်လယ်နှင့်ပတ်သက်လျှင် ငွေဆောင်၊ ချောင်းသာ၊ ကျိုက္ကမိ၊ စက်စဲ တော်တော်များများကို ဆောင်းယမင်းရောက်ဖူးသဖြင့်ဆောင်းယမင်းအတွက် ပင်လယ် ဆို တာ ကြောက်စရာမဟုတ်၊ တစိမ်းတစ မဟုတ်။

"အေးဟာ - ဒါဆိုလည်းငါတို့လိုက်သွားကြမယ်၊ ငါ့အမေကို ငါလည်း ပြောကြည့်မယ်၊ နင်လည်းပြောပေး၊ နင့်အမေကို ငါလည်း ကူပြောပေးမယ်"

"ဟေး - ပျော်စရာကြီးကွာ၊ ငါတို့ ခရီးထွက်ဖို့ ပစ္စည်းတွေ သွားဝယ်ရအောင်"

"အေးနော် - ငါက သူများတွေ ခေါ်တုန်းက လိုက်တာမဟုတ်ဘူး၊ နင်က ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းမို့လို့"

"အောင်မာ - ငါရောပါပဲနော် ဆောင်း၊ နင် လိုက်မယ်ဆိုလို့သာ ငါ လိုက်တာ၊ ငါက ခရီးထွက်တာကို ဝါသနာပါတာမဟုတ်ဘူး၊ အလုပ်ကလည်း ရှုပ်သေး၊ ဟိုအကောင်တွေပါရင် မျက်စိကလည်း နောက်ဦးမှာ"

"အမယ် - ဟိုအကောင်တွေကို အခုကတည်းက သတိရနေပြီပေါ့၊ မိန်းမနော် - ချောင်းသာမှာ ဇာတ်လမ်းရှာလို့ကတော့ ငါနဲ့ အတွေ့ပဲ"

"အဟားဟား - နင်သာ စိတ်ပူရမှာ ...ဘာ အရှင်းကြီး၊ နင်သာ နင့်ကို ကြိုက်နေတဲ့ဟိုတစ်ယောက်ကို ပြန်သဘော ...နေတာ မဟုတ်လား"

"သေလိုက် - သေလိုက် - တစ်...က်ပြန်မကြိုက်ဘူး - မိန္နေး - ဟွန်း"

ဆောင်းယမင်းတို့ နှစ်ယောက် ...ိုက်၊ နောက်လိုက်နှင့်ခရီးစဉ်လေးကို ...ောင်ရန် စီစဉ်ကြရင်း ချောင်းသာတွင် ...ူငယ်ချင်းတွေနှင့် ပျော်ရွှင်ရတော့မည် ...ကိုတွေးကာ ရင်ခုန်နေခဲ့ကြသည်။

သန်ဘက်ခါတွင် ခရီးထွက်ရတော့ ...ည်ဖြစ်၍ဆောင်းယမင်းအထုပ်တွေကို ...ကြိုတင်ထည့်သိုနေမိသည်၊ ယခုရက် ...း ယဉ်လေးနွေးနှင့် မတွေ့ဖြစ်၊ ဖုန်းနှင့် ...ာ အဆက်အသွယ်လုပ်ရ၍ ဘာတွေ ...ည့်မယ်၊ ဘာတွေသယ်မယ် စသည် ...း အသေအချာ မပြောရချေ၊ ဆောင်း ...မင်းနဲ့အတူ သွားဝယ်ထားတဲ့ မီးရှူး ...န်းတွေ ပါမှပါလာပါ့မလား၊ ဆင်တူ ...ဖို့ဝယ်ထားသောအကျီလေး မေ့ ကျန်ခဲ့မည်ကိုလည်း တွေးပူစိုးရိမ်နေမိသေးသည်၊ သူက မေ့တတ်ပါဘိ၊ ဆောင်းယမင်းကတော့ ပစ္စည်းတွေ တစ်ခုမျှ မကျန်အောင် အသေအချာ ကြိုတင်ထည့်သိုနေပြီမဟုတ်ပါလား။

"ဟဲ့ - ဂိန်ဂိန် - နင် ကြိုထည့်နေပြီလား၊ ငါရောပဲ၊ အကုန်ထည့်ပြီးသွားလို့ နင့်ကို လာချောင်းတာ၊ မိန်းမက မလိုက် မလိုက်ဘူးနဲ့ လိုက်မယ့်လိုက်တော့လည်း ငါ့အတိုင်းဗီရိုယတွေ ကောင်းနေလိုက်တာ၊ ငါ့မောင်တောင် ငါ့ကို မြင်ပြင်းကတ်နေလေရဲ့၊ သူမလိုက်ရလို့နေမှာပေါ့ဟာ"

ဆောင်းယမင်းနှင့် သုံးအိမ်ကျော် တွင်နေသော ကျောင်းနေဖက်သူငယ်ချင်း သိင်္ဂီရွှန်းက အိမ်ပေါ်ကို ပြေးတက်လာပြီး ပေါက်ပေါက်ဖောက်တော့သည်၊ သိင်္ဂီရွှန်းနှင့် ဆောင်းယမင်းက ဆယ်တန်းနှစ်မှ သိခဲ့ကြပေမယ့် သူက သဘောကောင်းပြီး ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်သူတစ်ယောက်ဖြစ်တာကြောင့်ဆောင်းယမင်းနှင့် အတော်လေးရင်းနှီးခင်မင်နေသည့်သူငယ်ချင်း။



www.burmeseclassic.com

www.burmeseclassic.com

"လိုက်မယ့် လိုက်တော့ လည်း ဝီရိယထားရမှာပေါ့ - ဂီဂီရ၊ နေဦး - ငါ ထည့်လို့ပြီးရင် နင် ဘာတွေထည့်လာ သလဲဆိုတာ လိုက်ကြည့်ဦးမယ်"

"လိုက်ကြည့်၊ လိုက်ကြည့် - ဂိန်ဂိန်၊ နင် သွားရည်ယိုသွားမယ်၊ မုန့်တွေ၊ မီးရှူးမီးပန်းတွေ တစ်ပုံကြီးပဲ၊ အပြတ် ကဲပစ်မယ်"

သူက ဆောင်းယမင်း၏နာမည် ဆောင်း(ဂိမာန်)ကို အတိုကောက် ဂိန် ဂိန်ဟုခေါ်သလိုဆောင်းယမင်းကလည်း သိဂီကို အတိုကောက် ဂီဂီဟုခေါ်တတ် သည်၊ လူရယ်စရာနာမည်တွေဖြစ်တာ ကြောင့်ကျောင်းတွင်တော့မခေါ်ကြရန် ညှိထားရသည်။

သိဂီရွှန်း၏အိမ်သို့ရောက်တော့ ဆောင်းယမင်းပင် အံ့ဩသွားခဲ့ရသည်။ ထည့်လာလိုက်တာမှ အစုံအလင်၊ မီးရှူး မီးပန်းမှအစ မီးခြစ်လေး ဖယောင်းတိုင် လေးအထိ၊ သိဂီရွှန်း၏အမေကဆောင်း ယမင်းရောက်လာတော့ ဝမ်းသာအားရ နှင့်မုန့်ပဲသရေစာတွေ ချကျွေးပြီး -

"သမီးရယ် - သမီးလိုက်မယ်ဆိုလို့ အန်တီ အရမ်းဝမ်းသာတာပဲ၊ ရွှန်းက အပေါင်းအသင်း အရမ်းခင်မင်တော့ အန်တီက စိတ်ပူနေမိတယ်၊ သိပ်လည်း လူ့သဘာဝကို တွေးတတ်သိတတ်တာ မဟုတ်တော့ တော်ကြာ - သူငယ်ချင်း တွေခေါ်လို့ ပင်လယ်ရေနက်ပိုင်းအထိ သွားတာတွေ၊ ဘာတွေဖြစ်မှာစိုးလို့၊ သူကရေလည်းကူးတတ်တာမဟုတ်ဘူး လေကွယ်၊ ပြောရရင် အန်တီက လွှတ် ချင်တာမဟုတ်ဘူး၊ ဒါပေမဲ့ - သူကဖွတ် တရွတ်လေ၊ လိုက်မယ်ဆိုရင် တားမရ ဘူး၊ ဒါကြောင့် - သမီးပါမှပဲ အန်တီမှာ စိတ်ချတော့တယ်၊ သမီးသူငယ်ချင်းကို သမီး ပစ်မထားနဲ့ဦးနော်"

"အာ - အန်တီကလည်း စိတ်ချပါ၊ သမီး သူနဲ့အတူ နေပါ့မယ်"

"အေး - အေး - သမီးပါရင်တော့ အန်တီ စိတ်အေးရပြီ၊ ကျောင်းကို ဒီက သွားရင်လည်း အတူသွားကြနော်၊ ပြန် လာရင်လည်း အတူပြန်ခဲ့ကြ၊ သိဂီ သူငယ်ချင်းကိုလည်း မုန့်တွေ၊ ဘာတွေ ခွဲဝေကျွေးဦး၊ တစ်ယောက်တည်းကြိတ် စားမနေနဲ့၊ အန်တီ - သမီးအတွက်ပါ ငါးပိကြော်တွေ ပိုပြီးထည့်ပေးလိုက် မယ်"

"အာ - အန်တီရယ် - နေပါစေ"

"ခြော် - သမီးကလည်း အားမနာ ခဲ့၊ အားနာရမယ့်သူတွေမှမဟုတ်တာ၊ အန်တီ - ငါးပိကြော်တွေ အများကြီး ကြော်ထားတယ်၊ သမီးသူငယ်ချင်းသိဂီ ပင်လယ်စာပဲ စားမယ်၊ မထည့်သွား ဘူး ငြင်းနေလို့ အန်တို့မှာ မနည်းထည့် ပေးနေရတာ၊ သမီးကပါငြင်းရင်အန်တီ စိတ်ကောင်းမှာမဟုတ်ဘူးနော်"

ဆောင်းယမင်း တားသော်လည်း မရ။

သိဂီရွှန်း၏အမေက တစ်ခါမျှ မခွဲ ဘူးသေးသော သူ့သမီးလေးအတွက် စိတ်ပူပန်တာဆောင်းယမင်း၏လက်သို့ အပ်နှံထားသည်၊ လူကြီးတွေအမြင် မှာတော့ ဆောင်းယမင်းက လူရိပ်လူ ကဲ သိတတ်၊ စာတွေပေတွေ ဖတ် တာကြောင့်ဗဟုသုတလည်းရှိမည်ဟု ယူဆနေကြပုံပါပဲ၊

သိဂီရွှန်း သူ့အမေကွယ်သွားမှ အလေးမလေးတစ်ယောက်ကို လျှာ ထုတ်ပြသည်၊ အန်တီစိတ်ချမ်းသာ အောင် ဆောင်းယမင်း ကတိပေးလိုက် ရမယ့် တကယ်တမ်းတော့ သိဂီရွှန်း အပေါင်းအသင်းတစ်ပုံတစ်ပင်ကြီး၊ ဆောင်းယမင်း ပစ်မထားလျှင်တောင် သူမှာဟိုရောက်လျှင်ဆောင်းယမင်းနှင့် အတူလျှောက်သွားဖို့တောင် အနိုင်နိုင် ရယ်၊ နောက်ပြီး ဆောင်းယမင်းက ဤ ခရီးစဉ်ကို အချစ်ဆုံးသူငယ်ချင်းနှင့် အတူသွားလို၍ လိုက်ခဲ့ခြင်းမဟုတ် လား။

ခရီးထွက်ခါနီး တစ်ရက်အလိုမှာ ဆောင်းယမင်း၏ရင်တွေ သိသိသာသာ ခုန်လှုပ်မြန်ဆန်လာခဲ့ရပြီ၊ ဟိုးငယ်ငယ် လေးကနေ ယခုဆယ်တန်းအောင်ပြီး ချိန်အထိ မိဘများနှင့် ခွဲခြား၍ ခရီးတစ်ခါ မျှ မထွက်ဖူးခဲ့၊ မေမေ၊ ဖေဖေတို့နှင့် မခွဲ ဖူးမဟုတ်၊ ခွဲဖူးပါသည်၊ မိဘနှစ်ပါး အလုပ်ကိစ္စနှင့် ခရီးသွားလျှင် ဆောင်း ယမင်းတို့ညီအစ်မတစ်တွေ အဒေါ်တွေ အဘွားတွေနှင့် ကျန်ရစ်ခဲ့ရဖူးပေမယ့် ယခုမှာ မိမိက ခရီးထွက်မည့်သူနေရာ တွင်ရောက်ရှိနေပြီ၊ အိမ်တွင်မိသားစုက ကျန်ရစ်ခဲ့မည်၊ ထိုအသိကြောင့်ထင့် တစ်ယောက်တည်း ခရီးထွက်ရမည့် အတွက်ပျော်ရွှင်သလိုမိဘတွေကိုထား ရစ်ခဲ့ရ၍လည်း ဝမ်းနည်းနေမိသည်၊

www.burmeseclassic.com

"ဘာရယ် - ဘာရယ် - ယဉ်လေး နွေး၊ နင် မလိုက်နိုင်တော့ဘူး - ဟုတ်လား၊ ဟာ - နင်ကလည်း - ဒီခရီးစဉ်ကို နင်က အရင်စခဲ့တာလေဟာ၊ အခုကျမှ မလိုက်တော့ဘူးလုပ်လို့ရမလား၊ မနက်ဖြန်ပဲ ခရီးက ထွက်ရတော့မယ်၊ ငါက အားလုံးထည့်သိုပြီးနေပြီ၊ အဲဒီလိုမလုပ်ပါနဲ့ဟာ"

ဖုန်းခွက်တွင်းမှတစ်ဆင့် ကြားလိုက်ရသည့်စကားကြောင့် ဆောင်းယမင်းစိတ်ညစ်သွားရသည်၊ ဤခရီးစဉ်ကို ဆောင်းယမင်း မလိုက်ဘူးဟူ၍ ဆုံးဖြတ်ထားခဲ့စဉ်က အတူသွားရအောင်ဟု ခေါ်ငင်ခဲ့သူက ယခု ဆောင်းယမင်း ရင်ခုန်သံတွေ၊ စိတ်ကူးယဉ်မှုတွေအပြည့်နှင့် သွားချင်လှပြီဆိုခါမှ အကြောင်းပြချက်တစ်ခုပေးကာ ခရီးစဉ်ကို ဖျက်ပစ်လေပြီ၊

"ငါလည်း လိုက်ချင်ပါတယ် ဆောင်းယမင်းရယ်၊ ဒါပေမဲ့ - အမေက ငါ သွားခါနီးကျမှ ရုတ်တရက် ရောဂါဖောက်ပြီး နေမကောင်းဖြစ်နေလို့ပါ၊ အဲဒါ - ငါ မလိုက်ဖြစ်တော့ဘူး၊ မတတ်နိုင်ဘူးကွာ၊ နင်လည်း မသွားနဲ့တော့ပေါ့"

ယဉ်လေးနွေး၏စကားတွေကြောင့် ဆောင်းယမင်းမှာ ပထမ ဒေါသထွက်ခြင်း၊ နောက်တော့ စာနာခြင်း၊ စိတ်ရှုပ်ခြင်း ဝေခွဲမရဖြစ်ခြင်း၊ ရွေးချယ်ရခက်ခြင်း စသောခံစားချက်တို့ဖြင့် မွန်းကျပ်သွားခဲ့ရသည်၊ တတ်နိုင်လိုတတ်နိုင်ငြား ဖြေရှင်းစရာနည်းလမ်းတစ်ခုကို ဖေးကြည့်မိသေးသည်၊

"ဟို - အန်တီ့ကို နင့်အဖေနဲ့ ထားခဲ့ပါလား၊ နင်ကလည်းဟာ - နင်ကပြောတော့လွယ်တယ်၊ ငါ့မှာက မလိုက်လို့မရတော့ဘူး၊ အခြားသူငယ်ချင်းတွေကို အားနာရဦးမယ်လေဟာ"

အခြားသူငယ်ချင်းဆိုတဲ့အထဲတွင် သိဂီရွှန်းကို အဓိကရည်ရွယ်ပြောလိုက်ခြင်းဖြစ်သည်၊ ဟုတ်တယ်လေ၊ အကယ်၍သာ ဆောင်းယမင်း မပါလျှင် သိဂီရွှန်း၏အမေ စိတ်မချမ်းမသာဖြစ်ရလိမ့်မည်၊ သိဂီရွှန်းလည်း စိတ်ကောင်းမည် မဟုတ်၊

"မရလို့ပေါ့၊ နင်က ဘာလဲ၊ ငါ့ထက် အခြားသူငယ်ချင်းတွေကို ပိုချစ်တာလား၊ ငါမပါဘဲနဲ့လည်း နင်က လိုက်ချင်တာပဲပေါ့ ဟုတ်လား - ဆောင်းယမင်း"

အကြောင်းပြချက်မရှိဘဲ နှစ်ဖက်လုံး၏စိတ်ရှုပ်ထွေးမှုများကြောင့် အခြေအနေက တင်းမာမလို ဖြစ်လာသည်၊ နောက်ဆုံးဆောင်းယမင်းဘက်က ပြောစရာတွေတစ်ပုံကြီးရှိပေမယ့် သူငယ်ချင်းအချင်းချင်း မိတ်မပျက်စေဖို့ အလံဖြူပြ၍ ငြိမ်းချမ်းရေး ယူလိုက်ရသည်၊

"ကဲပါ - နွေး - နင်ကျန်ခဲ့တဲ့အတွက် ငါ တစ်ဝက်ပဲ ပျော်ရွှင်ရတော့မှာပေါ့၊ နင်က မသွားနဲ့တော့လို့ တားပေမယ့် ငါ့မှာလည်း သွားမှဖြစ်တော့မယ့် အကြောင်းပြချက်တွေရှိနေလို့ပါ၊ ငါပြန်လာရင် လက်ဆောင်ဝယ်ခဲ့ပါ့မယ် - တော့ ဘာ"

ဖုန်းခွက်ကို ချလိုက်ပြီးနောက် ဆောင်းယမင်းစိတ်ရှုပ်ထွေးမှုနှင့် ငိုင်နေမိသည်၊ နင် ဘာဖြစ်လို့ ကတိမတည် ဘာလဲ ဟူ၍ ရန်တွေ့ပစ်လိုက်ချင်သည်၊ နင် ဘာလို့ ငါ့အတွက် မတွေးပေးရတာလဲ ဟူ၍လည်း အော်ဟစ်ပစ်လိုက်ချင်သည်၊ စိတ်ကူးယဉ်အိပ်မက်တွေ ကွဲကြေသွားခဲ့၍ ငိုကြွေးချင်နေမိသည်၊

ဆောင်းယမင်းက အစွဲအလမ်းကြီးသည်၊ သူငယ်ချင်းတစ်ယောက်ကို ခင်ပြီဆိုလျှင် သူနှင့်သာ သွားချင်သည်၊ သူနှင့်သာ စားချင်သည်၊ သူနှင့်သာ ရယ်ချင်မောချင် စကားပြောချင်သည်၊ ယခုများတော့ ကမ်းပေါ်ကို တင်ကျန်တဲ့ ငါးတစ်ကောင်လို မရှုနိုင်မကယ်နိုင်ဖြစ်နေရပြီ၊

ဒါပေမဲ့ - လူဆိုတာ ပေးထားတဲ့ ကတိအတိုင်း တည်မြဲအောင် နေထိုင်ရမယ်လို့ ဆောင်းယမင်း ယူဆထားမိသည်၊ ကိစ္စတစ်ခုကိုလုပ်လျှင် ကိုယ့်ဖို့တစ်ခုတည်းမကြည့်ဘဲ အများ၏အကျိုး အများ၏ခံစားချက်ကို လျစ်လျူရှုထားလို့မဖြစ်ချေ၊ ထိုစကားများနှင့် ကိုယ့်ကိုယ်ကိုယ် သတိပေးရင်း မနက်ဖြန် ထွက်ခွာမည့်ခရီးစဉ်အတွက် စိတ်ထဲတွင် မရေမရာစွာဖြင့် စိမ်ကိန်းဆွဲနေမိသည်၊

ကားကြီးက ထွက်ခွာခဲ့ပြီ၊ တထိတ်ထိတ်ခုန်မြန်နေသောရင်ကို လက်အစုံဖြင့် ဖိနှိပ်နေရာမှ ကျိုက်ကလော့စေတီတော်ကိုတွေ့မြင်လိုက်ရ၍လက်အစုံကို ထိပ်မှာမိုးကာ ရှိခိုးကန်တော့လိုက်မိသည်၊ နံဘေးတွင်ထိုင်နေသောနွေးမွှင်က ဆောင်းယမင်း၏အပြုအမူကိုကြည့်ကာ ပြုံးတုံ့တုံ့ လုပ်လိုက်သည်၊

www.burmeseclassic.com

ခရီးစဉ်က ဆောင်းယမင်းအတွက် ပျော်စရာ သိပ်မရှိဟု တွက်ဆထားမိသည့်အတိုင်း ထွက်ခွာမည့်စရပ်ရောက်သည်အထိ မိမိနှင့် တစ်ခုံတည်းတွဲထိုင်မည့်သူ မရှိ၊ ထိုသို့ဖြစ်ရသည်မှာ အားလုံးက ဆောင်းယမင်းကို ယဉ်လေးနွေးနှင့်သာ တစ်တွဲတည်းမြင်ထားကြ၍ အတူထိုင်ရန်အစီအစဉ်မှ ပယ်ထုတ်ထားပြီးဖြစ်တာကြောင့် ယခုအခါတွင် အားလုံးက သူတို့ဘာသာသူတို့ ညှိနှိုင်းထားနှင့်ပြီးသား အတွဲကိုယ်စီ၊ သူငယ်ချင်းကိုယ်စီနှင့်။

"ဂိန် - အဲ - ဆောရီး - နင် အားမငယ်နဲ့နော်၊ နင်နဲ့အတူထိုင်ဖို့လူ ရှိမှာပါဟာ၊ မရှိရင် ငါ လာထိုင်ပေးပါ့မယ်။ စိတ်ညစ်မနေနဲ့ဦး"

"ရပါတယ် - ရှုန်းရယ်၊ နင် ငါ့ကို အားနာမနေပါနဲ့"

သိင်္ဂီရှုန်းကလည်း ဆောင်းယမင်းကို အားနာနာနှင့် ထိုသို့ပြောနေပေမယ့် သူကိုယ်၌က အခင်ဆုံးသူငယ်ချင်း(၅)ယောက်ထဲက ဘယ်သူနဲ့ အတူထိုင်ရမလဲဆိုတာကို ညှိမရသေး။

"ဟဲ့ - နင့်မှာ အတွဲမရှိဘူးဆို၊ ယဉ်လေးနွေး မပါဘူးလား"

နံဘေးမှ မေးလိုက်သောအသံတင် သံကြောင့် ဆောင်းယမင်း လှည့်ကြည့် တော့ နန္ဒာချစ်ကို တွေ့လိုက်ရ၏၊ နန္ဒာချစ်ဆိုတာ (၄)တန်းတုန်းက ခင်ခဲ့ ဖူးသည့်သူငယ်ချင်း။ ခင်ခဲ့ဖူးသည်ဆိုပေ မဲ့ အမှန်ပြောရလျှင်တော့ တစ်ယောက် နှင့်တစ်ယောက် တပြိုင်မှုကြောင့် အနည်းငယ် ကတောက်ကဆဖြစ်ခဲ့ဖူး ကြသည်၊ ယခုတော့အသက်တွေလည်း ကြီးလာပြီမို့ အတိတ်က အကြောင်းများ ကို အလေးအနက် မတွေးတော့ဘဲ သူ နှင့်သာ တစ်ခုံတည်း ထိုင်ဖြစ်ခဲ့ကြ သည်၊

express ကားကြီးမှာ ညအမှောင် မည်းမည်း မဟူရာအောက်တွင် ရှောင်း သာကမ်းခြေဆီသို့ဦးတည်လျက် တရိပ် ရိပ်ပြေးလွှားနေဆဲ၊ အချိန်အနည်းငယ် ကြာလာသည်နှင့်အမျှ ကားပေါ်တွင်ပါ လာသော သူငယ်ချင်းအားလုံး၏စကား သံတွေက ပို၍ပို၍ ကျယ်လောင်ဆူညံ လာကာ လက်ပံပင် ဆက်ရက်ကျသလို တသောသောညံလို့နေသည်၊ နန္ဒာချစ် နှင့် ဆောင်းယမင်းမှာ ပြောစရာစကား မည်မည်ရရ မရှိ၊ နဂိုကတည်းက နှစ် ယောက်လုံး စကားနည်းပြီး သိပ်မရင်း

းကြတာလည်းပါတော့ အသံတိတ် ပြီးတိတ်ကနေ ရတာပေါ့၊

ခဏကြာတော့ နန္ဒာချစ် တရှူးရှူး နှင့် အိပ်ပျော်သွားလိုက်တာ မိုးလင်း သည်အထိ၊ ဆောင်းယမင်းလည်း လုပ် စရာအလုပ်မရှိသဖြင့် ဓါရဏပရိတ်စာ အုပ်လေးထုတ်ကာ ဘုရားစာရွတ်နေမိ တော့ ဆောင်းယမင်း၏ ရှေ့ခုံတွင် ထိုင် နေကြသော သိင်္ဂီရှုန်းတို့အုပ်စုက သီလ ရှင်လူထွက်လေးပေ့ဟု ဗိုင်းနှောက်ကြ သည်၊ အစက တစ်ကိုယ်တည်း ဘာသိ ဘာသာနေတတ်သော ဆောင်းယမင်း၊ အပေါင်းအသင်းဆိုတစ်ယောက်တည်း ရှိမြဲမို့ပေါင်းတတ်သော ဆောင်းယမင်း သည် express ကားကြီး ရန်ကုန်ထွက် ခွာလာအပြီးမှာတော့ ကျောင်းသူအား လုံးနှင့်လိုက်လျောညီထွေနေတတ်သွား ခဲ့ပြီ၊



ကမ်းခြေသို့ရောက်ခဲ့ပြီဖြစ်၍ မနေ့ညက စိတ်ရှုပ်ခဲ့သမျှအားလုံး နေရောင် အောက်တွင် ရေနိုးငွေ့လို လွင့်ပျောက် သွားခဲ့၏၊ အရာအားလုံးဟာ လန်းဆန်း သတ်ကြွမှုအပြည့်၊ ဆရာမတွေ၏စီစဉ်

ပေးမှုဖြင့် ကျွန်မတို့အားလုံး တည်းခို ဆောင်တစ်ဆောင်ကို စုပေါင်းငှားလိုက် ကြသည်၊ ဆရာ၊ ဆရာမတွေက ယောကျ်ားလေးနှင့်မိန်းကလေးကိုကပ် လျက်နေခွင့်မပေးလို၍မိန်းကလေးများ က လမ်းမတစ်ဖက်ခြမ်းတွင် ...၊ ယောကျ်ားလေးများက ပင်လယ်ဘက် အခြမ်းတွင် သပ်သပ်စီခွဲနေစေ၏၊ မဖြစ် သင့်တာတွေ ဖြစ်မည်စိုးတာရော၊ မိန်း ကလေးတွေ လွတ်လပ်မှုရှိစေရန် အတွက်ပါစဉ်းစားစီမံပေးသည့် ဆရာမ အားလုံးကိုဆောင်းယမင်းကျေးဇူးတင် မိသည်၊

ထိုနေ့က အဖြစ်အပျက်များကို ပြောပြရလျှင် ပျော်ရွှင်စရာပုံရိပ်တွေက ယခုထက်ထိ မျက်စိထဲက မထွက်၊ ဆောင်းယမင်းတို့တစ်တွေ ရှောင်းသာ ကိုရောက်လို့မှမကြာသေး၊ ပေါ့ပေါ့ပါးပါး အဝတ်အစားတွေ လဲလှယ်ပြီးပင်လယ် ပြင်သို့ ပြေးဆင်းလာကာ ရေဆော့ကြ သည်၊ တစ်ယောက်နှင့်တစ်ယောက်ရေ နှင့်ပက်ကာ ကစားကြသည်၊ ယခင်က တစ်ကျောင်းတည်းနေလျက် သိပ်မသိ ခဲ့ကြသူတွေလည်း ယခုလို ခရီးအတူ ထွက်လိုက်တော့ အားလုံး သူငယ်ချင်း အရင်းတွေလို ခင်မင်သွားကြသည်၊



www.burmeseclassic.com

www.burmeseclassic.com



ယနေ့မှာတော့ ပင်လယ်ပြင်က သဘာဝတရား၏စေ့ဆော်မှုကြောင့် အပမှိုသွားခဲ့ပြီ။ သူ့ရှင်ခွင်ထဲ အလည်လာသူတွေကို ရေနက်ထဲသို့ ဆွဲချနေသည်။ ဟုတ်လည်း ဟုတ်ရဲ့။ သည်နေ့ကျခါမှ ပင်လယ်ပြင်ကို ကြည့်ရတာ ပါးစပ်အဖြဲသားနှင့် မကောင်းဆိုးဝါး တစ်ကောင်လို၊ သရဲသဘက် တစ်ကောင်လို။ လှိုင်းတွေက တဟဲဟဲမြည်လျက်။

ရေဆော့လို့ဝမှ အဆောင်ကိုပြန်လာပြီး နေ့လယ်စာစားဖို့ပြင်သည်။ မိဘတွေကလည်း စားဖို့သောက်ဖို့ ဝယ်ဖို့ခြမ်းဖို့ မုန့်ဖိုးအလုံအလောက် ပေးလိုက်တာကြောင့် အားလုံး စိတ်ကြိုက်စားကြသည်။ ဆောင်းယမင်းတို့ကတော့ ဆိုင်မှာ သွားမစားလို၍ သူငယ်ချင်းတစ်ယောက်က သွားမှာကာ အဆောင်ကိုလာပို့နိုင်းလိုက်၏။ ဟင်းတွေကကဏန်းချဉ်စပ်၊ ခုံးသုတ်၊ ဆယ့်နှစ်မျိုးဟင်းချို၊ ကုန်းဘောင်ကြီးကြော်တို့ဖြစ်ပြီး သူငယ်ချင်းအားလုံးတစ်ယောက်ဘယ်လောက်စီထည့် ဟုဆိုကာ အားလုံး စုမှာပြီး ရောက်လာလျှင် ကြိုက်ရာဆွဲ၊ ဝအောင်စားဟူ၍လက်မြန်သူများများစားစတမ်း စနစ်ကို ထိုတစ်နေ့လုံး ကျင့်သုံးခဲ့ကြသည်။

ထမင်းစားပြီးချိန်မှာတော့ အိပ်ချင်သူတွေက အိပ်ကျန်ခဲ့ပြီး ဆောင်းယမင်းကမူ တစ်ယောက်တည်းပင်လယ်ကမ်းစပ်သောင်ပြင်ပေါ်တွင် လမ်းလျှောက်ထွက်ကာအုန်းရည်သောက်ဖြစ်ခဲ့သည်။ ခရုကောက်ဖို့ရှာမိပေမယ့် ခရုခွံအားလုံးတွင်ဝင်ကစွပ်တွေရှိနေ၍မကောက်ဖြစ်ခဲ့၊ ဘာပဲပြောပြော ဆောင်းယမင်း တစ်ယောက်တည်းဖြစ်နေပေမယ့် ပင်လယ်ကြီး မပြောပေမယ့်၊ ကောင်းကင်ကြီး ညို့နေပေမဲ့ ဆောင်းယမင်း စိတ်မညစ်ဘော့၊ ခရီးစဉ်တစ်ခုကိုငွေကုန်ကြေးကျခံပြီး ထွက်လာပြီးခါမှ ဘာမဟုတ်တဲ့ အထီးကျန်တာတွေဘာတွေကိုလျှောက်တွေးပြီး စိတ်ညစ်နေလျှင် ခရီးထွက်လာရကျိုးနပ်တော့မည်မဟုတ်၊ လောဘမကြီးဘဲ ရရှိသည့်အခွင့်အရေးလေးများအပေါ်တွင် အကောင်းမြင်က စိတ်ချမ်းသာအောင် နေလိုက်သည်။

ညနေစောင်းတွင်တော့ မိုးဖွဲဖွဲရွာ၍ ဆောင်းယမင်းတို့တစ်တွေပင်လယ်ရေအောင် မချိုးရဘဲအဆောင်သို့ပြန်လာခဲ့ကြစဉ် သူငယ်ချင်းတစ်ယောက်က သိတ်မရှိနိမာမရှိသူတွေးမိတာကိုအားလုံးရှေ့မှာ ထုတ်ပြောသေးသည်။

"ဟဲ့ - တကယ်လို့ မာလာမုန်တိုင်းသာလို့ကတော့ ငါတို့အားလုံး အသေပဲနော်"တဲ့။

ထိုစကားကြောင့် ထင့်၊ ဆောင်းယမင်း ကြက်သီးမွေးညင်းလေးများ ထောင်ထသွားမိသည်။ ဆောင်းယမင်း၏အသိစိတ်က ဘာမှမဖြစ်နိုင်ဘူးဟု အားပေးနေမိပေမယ့် မသိစိတ်ကတော့ အားငယ်ဖျော့တော့ကာ ကြောက်ရွံ့ထိတ်နေသည်။

နောက်တစ်နေ့ကျူးတော့ ဆောင်းယမင်းတို့ မနေ့ကလိုပဲ ရေချိုးဆော့ကစားရန်ပင်လယ်ပြင်သို့မနက်ကိုးနာရီလောက် ထွက်ခဲ့ကြသည်။ ပင်လယ်ကိုရောက်မှတော့ထူးထူးထွေထွေလုပ်စရာဘာရှိပါ့မလဲ။ ပင်လယ်ရေချိုးမည်၊ အုန်းရည်သောက်မည်၊ ပင်လယ်စာစားမည်ဒါပဲ ဆောင်းယမင်းတို့ တွေးမိသည်။ ဆောင်းယမင်းတို့ဆိုသည်မှာ ဆောင်းယမင်းအပါအဝင်နန္ဒာချစ်၊ ဝတ်မှုန်ဦးနှင့်အေးမွန်ရည်ဟူသောတစ်ခန်းတည်းနေ သူငယ်ချင်း(၄)ယောက်ကို ဆိုလိုခြင်းဖြစ်သည်။ မနေ့ကမှ တစ်ခန်းတည်း အတူနေဖို့အလောသုံးဆယ်စီစဉ်လိုက်ရသူ တွေပါ။ တစ်ယောက်နှင့်တစ်ယောက် သိပ်မရင်းနှီးကြတာကြောင့် မနေ့ကတော့ သူကလည်း သူ့သူငယ်

www.burmeseclassic.com

ချင်းနှင့်ကိုယ်ကလည်းကိုယ့်သူငယ်ချင်းနှင့် လျှောက်လည်ဖြစ်ပေမယ့် ညကစကားထိုင်ပြောရင်း အတော့်ကို ရင်းနှီးသွားခဲ့ကြပါပြီ။ သို့ကြောင့် ယနေ့ ပင်လယ်ထဲဆင်းရန်အတွက်အတူတွက်လာဖြစ်ကြခြင်းဖြစ်သည်။

သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့ဖြစ်၍မနေ့ကကဲ့သို့မိုးရွာမည်ကို ဆောင်းယမင်းစိုးရိမ်ခဲ့ပေမယ့်နေမင်းကသဘောကြည်ဖြူစွာဖြင့် ထွန်းလင်းဖြာလို့နေသည်။ ဟိုး - မိုးကုပ်စက်ဝိုင်းအောက် ပြာလဲ့လဲ့ပင်လယ်ပြင်၊ ကမ်းစပ်ဆီသို့ပြေးတက်လာသောလှိုင်းခေါင်းဖြူဖွေးဖွေး၊ စိမ်းညို့ညို့အုန်းပင်တန်းများ၊ ပြေးလွှားပျော်မြူးနေကြသော ရောင်စုံလူများ ထိုအရာအားလုံးဟာ ဆောင်းယမင်း၏နှလုံးအိမ်ကို သာယာကြည်နူးသွားစေ သည်။

"ဟဲ့ - ဆောင်း။ နန္ဒာ၊ အေးမွန် လာပါဟ - မြန်မြန်။ ဟိုမှာဓာတ်ပုံရိုက်ဖို့လူစုနေကြပြီ"

ဝတ်မှုန်ဦးက ပြောလည်း ပြော၊ ပြေးလည်းပြေးသွားလို့ သူ့ညွှန်ပြရာဆီ လှမ်းကြည့် မိတော့ ဟုတ်ပါသည်။ သပ္ပာယ်ကြည်ညိုဖွယ် စေတီငယ်တစ်ဆူ၏နံဘေးက ကျောက်ဆောင်နားမှာ တူညီဝတ်စုံဝတ်ဆင်ထားသောကျောင်းသူကျောင်းသားများ စုဝေးနေကြသည်ကို ဖွေးဖွေးလှုပ်မျှ လှမ်းမြင်လိုက်ရ၏။ မိမိတို့ကို စောင့်နေရမည်စိုး၍ ဆောင်းယမင်းတို့လည်းစပ်သုတ်သုတ်ပြေးသွားလိုက်ကြသည်။ လူအားလုံးစုံတော့ အမှတ်တရဓာတ်ပုံတစ်ပုံကို ရိုက်ယူခဲ့ကြသည်။ ထိုဓာတ်ပုံမှအပြုံးများမှာ ဤခရီးစဉ်တွင် နောက်ဆုံးပြုံးရခြင်းသာဖြစ်ကြောင်းကိုတော့ထိုစဉ်ကမည်သူမျှကြိုတင်မသိရှိခဲ့ကြပါချေ။

အဖြစ်အပျက်တွေကမြန်ဆန်လွန်းလှ၏။ လွန်ခဲ့သောနာရီဝက်က ဆောင်းယမင်းတို့ ကျောင်းသားတစ်စု ရုံးစုကာဓာတ်ပုံရိုက်ယူခဲ့ပြီးနောက် အားလုံးအော်ဟစ်ပျော်မြူးကာ ပင်လယ်ရေထဲ ပြေးဆင်းသွားခဲ့ကြသည်။ မနေ့ကလိုင်ရေကစားကြသည်၊ နို့ပေမဲ့ - မနေ့က မိုးအုံ့နေခဲ့၍နေမပွင့်တပွင့်နှင့်မွဲခြောက်ခြောက်ပင်လယ်ပြင်ထက်စာလျှင်ယနေ့က ပို၍ပျော်စရာကောင်းသလိုရှိပြီး မြင်သမျှ မျက်စိပသာဒဖြစ်ဖွယ်ရာ ည်း။

ထိုသို့ ကျောင်းသားအားလုံးနည်း ဆောင်းယမင်းတို့သူငယ်ချင်းတစ်စု ကူးနေကြစဉ် သွယ်နွဲ့ဆိုတဲ့ကောင်မ ရဲ့အော်ဟစ်သံကို ကြားလိုက်ရ သည်။

"ဟဲ့ - လုပ် - လုပ်ကြပါဦးဟ။ ငါ - ငါ ပါနေပြီ။ ခြေထောက်မမီချင်တော့"

သွယ်နွဲ့နှင့် ဆောင်းယမင်းတို့က ကတ်တစ်ကမ်းသာသာရယ်မျှ။ ရေက နားလောက်သာ ရှိဦးမည်၊ သို့ပေမဲ့ ယ်နွဲ့က သွယ်သွယ်ပုပုလေးမို့ ထောက်မထောက်နိုင်ဖြစ်ကာယက် ယက်ကန်ဖြစ်နေရှာသည်၊ ထိုအစ ဆောင်းယမင်း သတိထားမိသည်က မ်းစပ်သို့ အရာဝတ္ထုအားလုံးကို ဆောင်ပေးနေကျ လှိုင်းလုံးများသည် အခါမှာတော့ လုပ်ရိုးလုပ်စဉ်ကို ကျင်ဖောက်ပြန်ကာပင်လယ်ထဲသို့ င်ဆွဲယူနေခြင်းပင်ဖြစ်၏။ ပြော် ည်နေ့က လပြည့်ကျော်တစ်ရက်နေ ငယ်ကသင်ဖူးခဲ့သောသင်ရိုးညွှန်တမ်းလေးကိုရေးတေးတေးသတိရကာ ဆောင်းယမင်း ထိတ်လန့်သွားမိသည်။ လပြည့်ကျော်တစ်ရက်နေ့ဆိုတာ ဒီရေအတက်အကျ ရှိတတ်သည် မဟုတ်ပါလား။

"ရဲမင်းရေ - ရဲမင်း - လာပါဦးဟဲ့၊ ဟိုမှာ သွယ်နွဲ့ ပြန်လာလို့ မရတော့လို့"

အတန်းခေါင်းဆောင်လည်းဖြစ်၊ အရပ်လည်း အလွန်ရှည်သူ ရဲမင်းကို အော်ခေါ်ကာအကူအညီတောင်းရတော့ သည်။

ဆောင်းယမင်းတို့လည်း တစ်ယောက်ကိုတစ်ယောက်လက်ဆင့်ကမ်းဆုပ်ကိုင်ကာကြောက်လန့်ချောက်ချားစွာနှင့် ကမ်းစပ်ဆီသို့ပြန်တက်လာခဲ့ကြသည်။ ကြောတော့ သွယ်နွဲ့တစ်ယောက် ရဲမင်း၏လက်ကို ကျစ်ကျစ်ပါအောင် ဆွဲလျက် ကမ်းပေါ်သို့တက်လာ၏။ ကမ်းပေါ်ရောက်သည်အထိရဲမင်း၏လက်ကို မလွှတ်ရဲသေးအောင် လန့်ထိတ်နေရှာတာကြောင့်ဆောင်းယမင်းတို့က ဝိုင်းနှစ်သိမ့်ရသည်၊ ထိုအချိန်မှာပဲ သွေးပျက်စရာဖြစ်ရပ်များက ဆက်တိုက်ဆက်တိုက် ဖြစ်ပေါ်လာသည်။

www.burmeseclassic.com

"တီချယ်-တီချယ်-ဟိုမှာကျောင်းသားနှစ်ယောက် ရေနစ်နေတာထင်တယ်"

ကြားလိုက်ရသည့်အသံကြောင့် ဆောင်းယမင်း ပင်လယ်ပြင်တွင်းသို့ မဝံ့မရဲ လှမ်းကြည့်မိတော့-

"ဟာ-ဟုတ်ပါရဲ့"

ကျောင်းသားနှစ်ယောက်မြုပ်ချည်ပေါ်ချည်ဖြစ်နေသည်။ ကမ်းနှင့် သိပ်ဝေးလှသည့်နေရာလည်းမဟုတ်၊ ပုံမှန်ဆိုစိတ်ပူစရာမရှိသည့်နေရာတွင်ဖြစ်ပေမယ့် ယနေ့မှာတော့ ပင်လယ်ပြင်က သဘာဝတရား၏စေ့ဆော်မှုကြောင့် အပမှီသွားခဲ့ပြီ။ သူ့ရင်ခွင်ထဲ အလည်လာသူတွေကို ရေနက်ထဲသို့ ဆွဲချနေသည်။ ဟုတ်လည်း ဟုတ်ရဲ့၊ သည်နေ့ကျခါမှ ပင်လယ်ပြင်ကို ကြည့်ရတာ ပါးစပ်အဖြူသားနှင့် မကောင်းဆိုးဝါး တစ်ကောင်လို၊ သရဲသဘက်တစ်ကောင်လို။ လှိုင်းတွေက တဟဲဟဲမြည်လျက်။

"ဘုရား-ဘုရား-ဟိုကောင်လေးတွေကို ဘယ်သူများ သွားကယ်ပါ့မလဲ။ ကံကြမ္မာရယ်-ဘာကြောင့်များ ကျွန်မတို့ကျောင်းသူကျောင်းသားတွေအပေါ်မှ ကွက်ပြီးဆိုးနေရတာလဲ။ မြတ်စွာဘုရား-ကယ်တော်မူပါ"

ဘာလုပ်လို့လုပ်ရမှန်းမသိ၍ထိုသို့သာ အခါခါအလီလီ တောင်းဆုခြွေကာ ဘုရားစာကိုသာ တွင်တွင်ရွတ်ဆိုနေမိသည်။ နို့ပေမဲ့-ဆုတောင်းမှန်သမျှပြည့်ရမည်ဆိုလျှင် ကမ္ဘာလောကကြီးတွင် ကြွယ်ဝချမ်းသာပြည့်စုံခြင်းတွေဖြင့်သာ အတိပြီးနေပေလိမ့်မည်။ ဘာတွေများဆက်ဖြစ်တော့မလဲဟု ဆောင်းယမင်း တွေးလည်း မတွေးရဲ၊ ကြည့်လည်း မကြည့်ရဲတော့။

နောက်ပိုင်းမြင်ကွင်းတွေကမြင်နေရပေမဲ့ ဆောင်းယမင်းအဖို့တော့ အိပ်မက်လိုပင်။ ဆရာမတွေက ဟိုဟိုဒီဒီဖုန်းဆက်ကာ အကူအညီတောင်းနေစဉ် ကမ်းစပ်တွင် အစောင့်လည်းဖြစ်၊ ငါးလည်း ရောင်းသော ဦးလေးကြီးတစ်ယောက်က ဘောကွင်းကိုယူပြီး ရေနစ်နေတဲ့ကောင်လေးနှစ်ယောက်ဆီ ကူးခတ်သွားကာ ကောင်လေးတစ်ယောက်ကို ခေါ်ဆောင်လာသည်။ ဦးလေးကြီးပြောပုံအရ ပင်လယ်ပြင်သည် ကူးခတ်ရ ခက်ခဲလောက်အောင် လှိုင်းထန်နေသည်တဲ့။ နှစ်နေသူနှစ်ယောက်အနက် ...ပါလာသူတစ်ယောက်ချော မပင္မာ ...လူးသလိုမျိုး သဲသောင်တွင် ရှိစုမဲ့စု ...အင်လေးနှင့် လူးလိမ့်နေရင်း-

"ဟိုကောင်ကြီး သွားပြီ၊ ဖိုးကောင်း ...ကောင်း-ကျန်ခဲ့ပြီ-အီးဟီးဟီး"

ဟူ၍ ယောကျ်ားကြီးတန်မဲ့ ငိုကြွေး ...ပ်ဟစ်နေသည်ကို မြင်ရသည့်အခါ ...လုံး မျက်ရည်မဆည်နိုင်ဘဲ ငိုကြွေး ...ရသည်။ နောက်မှ သိရသည်က ...လေးကြီး သွားကယ်တော့ ရေကူး ...တ်သူ ကောင်းလူက ရေမကူးတတ် ...ည့်လွင်ထူးကိုထိုဦးလေးကြီးဆီတွန်း ...ရင်းလှိုင်းအပုတ်မှာမြုပ်သွားသည် ...၏။

ဆောင်း ဘာကိုမှမမြင်ရဲတော့၊ ...ကိုမှလည်း မကြားချင်တော့။ ဤ ...ဌာရုံမြင်ကွင်းတွေဆီက လွတ် ...က်ထွက်ပြေးသွားချင်မိသည်။ ဤ ...ဆိုတော့ ဆော မင်းကို ကရုဏာ ...ရားခေါင်းပါးသူဟု မထင်မှတ်စေလို။ ...ာင်း သူတို့တွေအတွက် ဝမ်းနည်း ...လို့ကိုယ်ချင်းစာမိလွန်းလို့သူတို့ကို ...ားလွန်းလို့ဆောင်းယမင်းမခံစားနိုင် ...ာင် ဖြစ်နေခဲ့ရခြင်းဖြစ်သည်။

ခေါင်းကို တွင်တွင်ငုံ့ရင်း ဘုရားစာ ...ရွတ်ဆိုနေသော ဆောင်းယမင်းတစ်ယောက် နောက်မှ သိလိုက်ရသည်က စောစောက ကောင်လေးတွေရေနစ်နေသောနေရာနှင့် မလှမ်းမကမ်းတွင် ကောင်လေးခြောက်ယောက်ဘောကွင်းတစ်ကွင်းကိုဝိုင်းအုံဖက်လျက်ပင်လယ်ထဲ မျောပါနေခဲ့သတဲ့၊ ဘောကွင်းကို ဖက်တွယ်ဝိုင်းစီးရင်း မျောမှန်းမသိမျောသွားခြင်းတဲ့။ စိတ်ပူစရာချောက်ချားဖွယ် အဖြစ်အပျက်တွေက အဝ်ချည်လုံးကို အစဆွဲထုတ်လိုက်သလိုမျိုး အမျှင်မပြတ် ဆက်တိုက်ဆက်တိုက်။

စက်လှေတစ်စီးက ဘောကွင်းတစ်လုံးနှင့်မျောပါနေသောကောင်လေးတွေကို ကယ်တင်ရန် မောင်းနှင်လာစဉ် ကျောင်းအုပ်ဆရာကြီးက ဆောင်းယမင်းတို့အားလုံးကို နေထိုင်ရာအဆောင်သို့ ပြန်နိုင်းလိုက်သည်။ အဆောင်ရောက်တော့ ထိုအခါမှ အားလုံးဟိုတစ်နေရာ သည်တစ်နေရာစုကာစုကာ စောစောက တွေကြုံခဲ့ရသည့် အဖြစ်အပျက်တွေ စိတ်ခံစားချက်တွေကို ရင်ဖွင့်လျက် ငိုကြ၊ ယိုကြသည်မှာ ဆောင်းယမင်း၏ စိတ်ထဲ ကမ္ဘာပျက်သည်နှင့်မခြား။

"ခြော် - ဆောင်းယမင်းရဲ့ ကမ္ဘာ မပျက်ပေမဲ့ ကောင်လေးတွေရဲ့ကမ္ဘာ ပျက်သွားလေပြီလား"

www.burmeseclassic.com

စသော ကိုယ်ချင်းစာစိတ်နှင့် လျှောက်တွေးကာ ငိုနေမိသည်။

"ဟဲ့ - ဆောင်း - ကောင်လေး ခြောက်ယောက်ကိုတော့ စက်လှေနဲ့ ကယ်လိုက်နိုင်တယ်တဲ့။ လွင်ထူးနဲ့အတူ ရေနစ်နေတဲ့ကောင်းလှုကိုတော့ ရှာမတွေ့ဘူးတဲ့ဟာ"

စားသောက်ဆိုင်တွင် ဟင်းသွားမှာရာမှ ကြားလာသောသတင်းကို သိင်္ဂီရွှန်းက ပြောလည်းပြော၊ ငိုလည်းငိုနေတော့ ဆောင်းယမင်းလည်း မျက်ရည်မနိုင်၊ သူငယ်ချင်းနှစ်ယောက် တစ်ယောက်ကို တစ်ယောက်ဖက်ကာ ငိုကြပြန်သည်။

ညနေစောင်းခဲ့ပြီ၊ ငိုပွဲတွေလည်း အတန်ငယ်စဲသွားပြီ၊ အားလုံး ငိုလို့ဝသွားကြပြီထင်သည်၊ တစ်နေကုန် တစ်ခန်းနှင့်တစ်ခန်းကူးကာ တစ်ယောက်နှင့် တစ်ယောက်စကားပြောကြ၊ ရင်ဖွင့်ကြ၊ နှစ်သိမ့်ကြသောကြောင့် တစ်ဦးနှင့်တစ်ဦး ကျောင်းတုန်းကထက်ပင် ပိုလို့တိုးလို့ ရင်းနှီးသွားမိသည်၊ ဆောင်းတို့အခန်းလည်း တစ်နေကုန် လူမစဲ၊

"သမီးတို့ရေ"

အားလုံး သိင်္ဂီရွှန်းတို့အခန်းလေးက အစွန်ဆုံးအခန်းရှေ့တွင် စုရုံးကာ စကားပြောနေစဉ် ဆရာမတစ်ယောက်ရောက်လာကာ လှမ်းခေါ်လိုက်ခြင်းဖြစ်သည်၊ အားလုံးလည်း ဘာများကြားရတော့မလဲ ဟူသော မျှော်လင့်ချက်များနှင့် ဆရာမ အနားသို့ မျက်နှာငယ်လေးများဖြင့် ရောက်သွားကြ၏။

"ကောင်းလှုကို အခုပဲ တွေ့ပြီ သမီးတို့၊ သူ့မိဘတွေလည်း အကြောင်း ကြားကြားချင်းပဲ ရောင်းသာကို လိုက်လာကြပြီ၊ ဆရာမ - ဆရာမလေ - စိတ် မကောင်းလိုက်တာ - သမီးတို့ရယ်၊ အဲဒီ နောက်ထပ်တစ်ရက် မနေတော့ဘဲ မနက်ဖြန်ပဲ ပြန်ကြရလိမ့်မယ်၊ ဘာ ပစ္စည်းမှ မကျန်ခဲ့အောင် စုကတည်းက သေချာသိမ်းထားကြ၊ မနက်ဖြန် ငါး နာရီလောက် ထွက်ဖြစ်မယ်ထင်ရဲ"

ဆရာမက ပြောစရာရှိသည်များကို ပြောပြီး မျက်ရည်စတို့ကို လက်ကိုင်ပုဝါနှင့် တို့သုတ်လျက် တစ်ဖက်အဆောင် သို့ကူးသွားသည်၊ အားလုံး ငိုင်တွေ ကျန်ရစ်ခဲ့ကြပေမင့် မည်သူမျှမငိုတော့ ကြ၊ သိပြီးသား သတင်းတစ်ခုအတွက်

…တည်ပြုရက် ကြားလိုက်ရခြင်းသာ …၍ အားလုံးကိုယ့်အခန်းကိုယ် အလျို …ဝင်သွားကြသည်၊

ဆောင်းယမင်းတို့လည်း ပစ္စည်း …ယများကို သိမ်းဆည်းထုပ်ပိုးရန် …ယောက်သားအခန်းထဲကိုစုစုစည်း …နှင့် ဝင်လာခဲ့ကြသည်၊ အားလုံး …တွေခေါက်ကြ၊ မခြောက်သေးတဲ့ …တ်တွေကို ကျွတ်ကျွတ်အိတ်နှင့် …ကာ ခရီးဆောင်အိတ်ထဲကို ထည့် …ရှင်း သက်ပြင်းအခါခါ ချမိနေကြ …ည်၊

ဆောင်းယမင်းကိုယ်တိုင်လည်း …လုပ်လုပ်ရင်း အတွေးတစ်ခုကို တွေး …မိ၏၊

"ဩော် - မြတ်ဗုဒ္ဓဟောကြားတော် …တဲ့တရားတော်က မှန်လိုက်တာ၊ …ဘဝဆိုတာ မတည်မြဲပါလား၊ …ကြောင့် - ကွေးသောလက် မဆန့်မီ၊ …န့်သောလက် မကွေးမီမှာပဲ သတ္တဝါ …ဟာ သေခြင်းတရားကို တွေ့ကြုံနိုင် …မသေခင်က ခန္ဓာကို ညက်ရောက် …ာင် ပွားများအားထုတ်ဖို့ ဟောကြား …ာ်မူခဲ့တာပါလား"

စသဖြင့် ဖတ်ရှုဖူးခဲ့သော တရားစာ …တွေထဲက မြတ်စွာဘုရား၏တရား တော်အချို့ကို တွေးတောဆင်ခြင်ရင်း စိတ်ဖြေနေရသည်၊ မည်သို့ပင်ဖြစ်စေ ညနေလည်း စောင်းနေပြီဖြစ်ရာ ဟို အတွေး၊ သည်အတွေးများကြောင့် စိတ် ရှောက်ရှားချင်ချင်၊

အတွေးဆိုသည့်အတိုင်း ယောက် ယက်ခတ်နေမိ၏၊ ဘာသာတရား အကြောင်းတွေးနေရင်းမှ ရေနစ်သေဆုံး သွားတဲ့ကောင်းလှုအကြောင်းကို စဉ်း စားမိပြန်သည်၊ ကောင်းလှုကို အသက် ကြီးသွား၍သာ ဆောင်းယမင်း မမှတ်မိ တာ၊ အမှန်တော့ ကောင်းလှုနှင့်ဆောင်း ယမင်းတို့ ခုနစ်တန်းနှစ်က ခင်ခဲ့ကြ သည်၊ သူငယ်ချင်းတွေ ဖြစ်ခဲ့ဖူးကြ သည်၊ ဩော် - ယခုများတော့ သူငယ် ချင်းတစ်ယောက် မျက်စိရှေ့တွင်ပင် ဆုံးပါးသွားလေပြီဟုတွေးလျက်ဆောင်း ယမင်းဝမ်းနည်းသွားမိ၏၊ ထိုအခိုက် -

"ရှပ် - ရှပ်"

အခန်းရှေ့ဆီမှ ခြေသံလိုလို ကြား လိုက်ရသည်၊ နားကြားမှားခြင်းများ လား၊ မဟုတ်ပါ၊ သေချာပါသည်၊ ခြေသံ မှ ခြေသံအစစ်၊

ဆောင်းယမင်းတို့အခန်းထဲကို တခြားအခန်း သူငယ်ချင်းတွေ တစ်နေ ကုန်လာလည်နေသောကြောင့် ဆန်းလှ





www.burmeseclassic.com

www.burmeseclassic.com

သည့်ကိစ္စတော့ မဟုတ်၊ ယခုလည်း တစ်ယောက်ယောက်ဆောင်းတို့အခန်း ထဲကို အလည်လာခြင်းဖြစ်မည်ဟု ဆောင်းယမင်းမှတ်ယူလိုက်မိ၍ -

"ဝင်ခဲ့လေ - သူငယ်ချင်း၊ တံခါးက လော့မချထားဘူး"

ဟုအဝတ်သိမ်းနေရင်းလှမ်းအော် လိုက်မိသည်၊ စကားသံဆုံးသည်နှင့် တံခါးက တစ်စုံတစ်ယောက် ဖွင့်လိုက် သလို ကျွဲခနဲ မြည်ကာပွင့်လာသည်၊

သို့သော်လည်း အခန်းတွင်းကို တော့ လူတစ်ယောက်မှ ဝင်မလာ၊ ခုတင်ပေါ်တွင်ထိုင်ကာ ပစ္စည်းသိမ်းနေ သော သူငယ်ချင်းလေးယောက်လုံး မတိုင်ပင်ပါပဲ ခုတင်နှစ်လုံးကြား နေရာ လပ်ဆီကို ပြိုင်တူလို ခုန်ဆင်းလိုက်ကြ ပြီးတစ်ယောက်နှင့်တစ်ယောက်ပူးကပ် ကာ အတန်ကြာသည်အထိ ဘုရားစာ ရွတ်ဖတ်နေမိကြသည်၊ အတွေးကိုယ်စီ ဖြင့် တစ်စုံတစ်ရာကို သဘောပေါက် လိုက်ကာကြောက်လန့်သွားကြခြင်းဖြစ် သည်၊ ရွတ် သာ ရွတ် နေရသည်၊ ကြောက်လန့်စိတ်ကြောင့်ဘုရားစာတွေ ကလည်းကပေါက်တိကပေါက်ချာရယ်၊ အနည်းငယ်ကြာ၍ ကြောက်စိတ်လျော့ ပါးသွားမှ သိပ်မကြောက်တတ်သူ နန္ဒာချစ်က ထိုင်နေရာမှ ထသွားကာ တံခါးကိုပိတ်လိုက်ပြီး -

"ဘာမှမကြောက်ကြနဲ့၊ သရဲ ခြောက်တာမဟုတ်ဘူး၊ ငါတို့တံခါး အကြောင်းလည်း မနေ့ကတည်းက နင် တို့သိသားနဲ့၊ လော့မချထားမိရင် တံခါး ချက်ကမခိုင်ဘူးလေ၊ သူ့ဟာသူပြန်ပြီး ပွင့်သွားတတ်တယ်လေဟာ၊ အခုလည်း ဒီလိုပဲနေမှာပေါ့၊ တခြားဘာမှလျှောက် တွေးမနေကြနဲ့"

နန္ဒာချစ်၏စကားကြောင့် အားလုံး အသက်ဝဝရှူလိုက်ကြပြီး သူ့စကားကို သာ မျက်စိမှိတ် ထောက်ခံလိုက်ကြပေ မဲ့ ဆောင်းယမင်း၏ရင်ထဲတွင်တော့ တိုက်ဆိုင်လွန်းလှသည်ဟု ယူဆရင်း အသည်းတုန် အူတုန်ဖြစ်နေတုန်း။

ညသည် ယနေ့ကျမှ တိတ်ဆိတ် ခြင်းအပြည့်နှင့် ပိုမိုမှောင်မိုက်နေသလို မျိုး ခံစားမိသည်၊ နဂိုက ကျောင်းသူ ကျောင်းသားအားလုံး စားသောက်ဆိုင် (restaurant) မှာ ပျော်ပျော်ပါးပါး စား သောက်ကြမည်ဟု စီစဉ်ထားသော် လည်း ယခုတော့ စားသောက်ဆိုင်မှ ...ရာများကို မှာယူကာ အဆောင်ရှေ့ ...ထိုင်ခုံလေးတွေချပြီး စားသောက် ကြရပြီ၊

ဆောင်းယမင်း၏စိတ်တွေ ဘယ် ...ဖြစ်နေသည်မသိ၊ ညနေကတည်းက ...မြင်သမျှကို ချောက်ချားကြောက် ...နေမိ၏၊ ယခုလည်း စားနေသောက် ...ရင် နောက်က အုန်းပင်ပေါ်က အုန်း ...များ ခေါင်းပေါ် တည့်တည့်ပြုတ်ကျ ...လေမလားဟု အကြောင်းကြောင်း ...တွေးတွေနှင့် ထိတ်လန့်တုန်လှုပ်နေ ...ကြောင့် ပုစွန်ဆီပြန်၊ ကုန်းဘောင် ကြော်၊ ဖွန်တန်ဟင်းချို စတဲ့ဟင်း ...ဝဝဆာဆာနှင့် စားသောက်နေ ...သိ စားလို့က မဝင်ချေ၊

အားငယ်တတ်သူများအနေဖြင့် ...ထိတ်လန့်ချောက်ချားဖွယ်ကိစ္စ ...နှင့်ကြုံတွေ့လိုက်ရသည့်အခါ ထို ...ခိုက်အတန့် သွေးပျက်သွားတတ် ...သည်ရှည်းသား၊ ယခုဆောင်းယမင်း ...တွေ့ခုနေရသည့် ထိတ်လန့်ချောက် ...ရာတွေက တစ်ခုမကပါ၊ ဆောင်း ယမင်း၏စိတ်တွေ ဆောက်တည်ရာမရ ဖြစ်နေသည်မှာလည်း မဆန်းလှ၊

"ဟဲ့ - ဆောင်း - နင့်ကို ကြည့်နေ တာ၊ စောစောကတည်းက၊ နင်အုန်းပင် ကို မော့ကြည့်လိုက်၊ ထမင်းကိုစပ်သုတ် သုတ်စားလိုက်နဲ့၊ နင်ကောင်းကောင်း စားတာလည်း ငါမတွေ့ဘူး၊ သူငယ်ချင်း ရယ် - စိတ်ညစ်စရာတွေမတွေးတော့ဘဲ Relax ဖြစ်အောင် နေလိုက်ပါဟာ၊ ငါ စိတ်မကောင်းဘူး၊ နင် ငါ့ကြောင့် လိုက် လာခဲ့ရတာမဟုတ်လား"

ဘယ်ကတည်းက စောင့်ကြည့်နေ မှန်းမသိသော သိင်္ဂီခွန်းက ဆောင်း ယမင်း၏ပခုံးကို ဆုပ်ကိုင်ရင်း အားမလို အားမရပြောလိုက်သည်၊ ဆောင်းယမင်း သည်လိုဖြစ်နေသည့်အပေါ်မှာ သူ့ကိုသူ လည်း အပြစ်တင်နေပုံရ၏၊

"အာ - နင်ကလည်း၊ ဘာဖြစ်လို့ စိတ်မကောင်းဖြစ်နေတာလဲ၊ ဒီကိစ္စတွေ ဖြစ်မယ်ဆိုတာ နင်လည်းကြိုသိနိုင်တာ မှတ်လို့၊ အားလုံးဟာ ကံတရားပါပဲဟာ၊ ငါတို့အားလုံး ဒီနေရာမှာ ဒီလိုအဖြစ်ဆိုး ကိုတွေ့ကြုံခံစားဖို့ ကံအကြောင်းတရား ရှိခဲ့လို့နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

သိဂီရှန်းက ဆောင်းယမင်း၏စကားကြောင့် ခေါင်းကို သွက်သွက်ညိတ်လိုက်ပြီး တစ်စုံတစ်ရာကို တွေးလိုက်မိဟန်ဖြင့်-

"ဟဲ့ - ဒါနဲ့ နင့်ကို ငါ ပြောစရာရှိတယ်၊ ညနေကငါတို့ကြုံရတဲ့အဖြစ်ကို ပြောမလို့"

ဟု ဆိုလိုက်ပြီးမှ စကားကို မဆက်ဘဲ ရပ်စဉ်းစားနေသည်။

"ဟင် - ပြောလေ၊ ပြောစရာရှိတယ်ဆို"

"ခြော် - ဘာမှမဟုတ်ပါဘူးဟာ၊ ညနေက အောင်သွေးပေါ့၊ ဝမ်းပျက်ပြီးခု နေမကောင်းဘူးလေ၊ ဆန်ပြုတ်သောက်နေရတယ်"

စောစောက ပြောစရာရှိလို့ဟူ၍ အလောတကြီး ခပ်တိုးတိုးဆိုလိုက်ပြီးခါမှ ထွက်ကျလာသည့်နောက်ဆက်တွဲစကားက သိပ်မအပ်စပ်လှ။

သူငယ်ချင်း နေမကောင်းသည်ကို ထိုသို့ဘေးဘီကြည့်ကာအလောတကြီး ခပ်တိုးတိုးဆိုစရာမလို၊ ထိုကိစ္စကိုပြောပြရန် စဉ်းစားပြီးမှ အကြောင်းတစ်ခုခုကြောင့် စကားလမ်းကြောင်းလွှဲလိုက်ပုံပဲဟု ဆောင်းယမင်း ယူဆမိပေမယ့် သူငယ်ချင်းအခက်အခဲဖြစ်မည်စိုး၍ အတင်းအကြပ် မမေးရက်တော့ဘဲ အလိုက်အထိုက်သာ ပြန်ပြောလိုက်သည်။

"ဟယ် - ဟုတ်လား၊ သနားပါတယ်"

ထိုစဉ် ဆောင်းယမင်းတို့နှစ်ယောက် စကားပြောနေသည့်နေရာသို့ ဝတ်မှုန်ဦးနှင့် နှင်းရီတို့နှစ်ယောက် ရောက်လာကြသည်၊ သူတို့လက်ထဲတွင်လည်း မီးရှူးမီးပန်းကိုယ်စီနှင့်-

"ဟဲ့ - ရှန်း - ငါတို့ မီးရှူးမီးပန်းဖောက်ကြရအောင်"

"ဟာ - နင်ကလည်း ကောင်းပါ့မလား - နှင်းရီရယ်၊ ငါတို့က ပျော်နေသလိုဖြစ်နေမှာပေါ့"

"ခြော် - ပျော်နေလို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမဲ့ - ဒါမှလည်း အားလုံး စိတ်အပြောင်းအလဲလေး ဖြစ်သွားကြမှာပေါ့၊ နို့မဟုတ်ရင် အားလုံးက စိတ်ညစ်ပြီး ကြောက်နေကြတာ၊ အားလုံးအတွက် ငါတို့ စွန့်စားကြည့်မယ်လေဟာ"

နှင်းရီနှင့်ဝတ်မှုန်တို့ကနဂိုကတည်းက စိတ်မာသူများ၊ ယခုအဖြစ်အပျက်အပေါ်တွင်လည်း ဝိုကြွေးလောက်သည်ထိ ဝမ်းမနည်းကြ၊ သို့သော် ယခု ဝမ်းနည်းနေသူအားလုံးအတွက် စိတ်သက်သာရာလည်း ရစေချင်သည်က တစ်ကြောင်း၊ သူတို့ကိုယ်၌ကလည်း ပါလာသည့်မီးရှူးမီးပန်းတွေ ကုန်သွားအောင်ဖောက်ချင်နေသည်က တစ်ကြောင်းကြောင့်ဆောင်းယမင်းတို့ကိုလာရောက်ခေါ်ညှိခြင်းဖြစ်မည်။

"အေးဟာ - ဒါလည်းဟုတ်တာပဲ၊ ဆောင်းလည်း အရမ်းအားငယ်နေတာ၊ လာ - ငါတို့ စိတ်ပြေလက်ပျောက် မီးရှူးမီးပန်းဖောက်ရအောင် - ဆောင်း"

သိဂီရှန်း၏တောင်းဆိုစကားကို ဆောင်းယမင်းလိုလိုလားလားပင်ခေါင်းညိတ်လက်ခံလိုက်မိသည်၊ ဟုတ်သည်၊ ဆောင်းလည်း နည်းနည်းပဲဖြစ်ဖြစ် စိတ်ပေါ့လပ်ပေါ့ပါးသွားချင်သည်။

မိုးပေါ်သို့ပျံတက်သွားကာရောင်စုံတောက်သွားသော မီးပန်းမီးပွင့်လေးကို မော့ကြည့်ရင်း ဆောင်းယမင်း စိတ်ပွင့်ပေါ့ပါးသွားမိသည်၊ ဖောက်ခနဲ မြည်သံနှင့်အတူ ကောင်းကင်ဆီသို့ တာစူလျက် ပျံတက်သွားသော မီးတန်းလေးကိုငေးကြည့်ရင်း ကိုယ်ကိုယ်တိုင်လည်း မီးတန်းလေးနှင့် ကပ်ပါသွားသလို ခံစားမိ၏၊ ဆောင်းယမင်းတို့တစ်တွေ မီးရှူးမီးပန်းဖောက်ရင်း သုံး၊ လေးတန်းကလေးမလေးများပမာ ခုန်ပေါက်နေကြသည်၊ နေ့လယ်က တွေ့ကြုံခဲ့ရသော စိတ်ရောက်ရှားစရာ၊ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်အပျက်များကို ခေါင်းထဲက ခဏထုတ်ထားလိုက်ကြသည်။

မိန်းကလေး လေး၊ ငါးယောက်က တစ်လှည့်စီ ခြံထဲဆင်းပြီး မီးရှူးမီးပန်းဖောက်ကြပြီး ကျန်လူများက တော်ရစ်တာတွင်ထိုင်လျက် ပျံတက်သွားသော မီးရှူးမီးပန်းလေးများကို ငေးကြည့်ရင်း လတ်တလောအခြေအနေအားလုံးကို မေ့လျော့နေကြ၏၊ လူဆိုသည့်အမျိုးက မကြာခင် သေရတော့မည်ဆို လျှင်တောင် ခဏတာဖြစ်ဖြစ် ဗိုက်ဝဝလင်လင်စားပြီး စိတ်ချမ်းချမ်းသာသာနေချင်ကြသည်ချည်းသာ၊ အားလုံး အတိတ်တွေ အနာဂတ်တွေကို ခဏမေ့ကာ ရောင်စုံမီးရှူးမီးပန်းလေးများကိုသာငေးကြည့်နေကြသည်၊ ထိုသို့အာရုံပြောင်းနေစဉ်မှာပဲ-

www.burmeseclassic.com

"ဟယ် - သမီးတို့တွေ ဒါ ဘာလုပ်နေတာလဲ"

တစ်ဖက်အဆောင်မှ ဆရာမတစ်ယောက် ကူးလာပြီး အော်လိုက်သည့်စကား။ အားလုံးက စကားမဆို ဘဲ ဆရာမကို ရိုဝေဝေမျက်ဝန်းများနှင့် အငေးသားကြည့်နေကြသည်၊ အားလုံးလည်း နည်းနည်းရင်ထိတ်သွားပြန်သည်၊

"သမီးတို့ရယ် - ဒီလိုအချိန်မှာမီးရှူးမီးပန်းမဖောက်သင့်ဘူးလေ"

ဆရာမက ဒေါသနှင့် အော်လိုက်မိပြီးမှ တစ်စုံတစ်ခုကို တွေးမိ၍ထင် သက်ပြင်းရှိုက်ရင်း လေပြေနှင့်ဆိုသည်၊

ဆရာမ၏ ဒုတိယစကားကြောင့် ဆောင်းယမင်း မီးရှူးမီးပန်းလေးများကို နမြောတသစွာ ကြည့်လိုက်ပြီး ခပ်လှမ်းလှမ်းသို့ စွန့်ပစ်ကာ ဆရာမဆီသို့ လျှောက်သွားလိုက်ကြသည်၊ ရင်ထဲကလည်း ခဏတာ ပျော်ရွှင်မှုတွေ ပေးခဲ့သော မီးရှူးမီးပန်းလေးများကို စွန့်ပစ်လိုက်ရ၍ စိတ်မကောင်းဖြစ်နေမိသည်၊

"သမီးတို့ - ဒီလိုအချိန်မှာ ပျော်နေလို့မဖြစ်ဘူးလေ၊ ကောင်းလှူလေးဆိုတာ သမီးတို့သူငယ်ချင်းပဲမဟုတ်လား၊ သူ့ခမျာ ဘယ်လောက် သနားစရာ ကောင်းလဲ၊ ညနေစောင်းတဲ့ အင် အလောင်းတောင် ရှာမရလို့ သမီးတို့ အတန်းပိုင်ဆရာမက ကန်တော့ပွဲနဲ့ ပင်လယ်စောင့်နတ်ကို တောင်းပန်ပြီ "သားရယ် - ဆရာမတို့ကို သနားရင် ကိုယ့်ဘာသာကိုယ် ပြန်လာခဲ့ပါတော့" လို့ တိုင်တည်လိုက်တာ မိုးတောင်မချုပ် ဘူး၊ အလောင်းက ကမ်းကပ်လာတော့ တာပဲ၊ သူ့ခမျာ ရေကူးရင်း ရေကူးရင်း မပြန်တော့လို့ အားလျော့လိုက်ရပုံ ဆ တယ်၊ လက်ကလေးနှစ်ဖက် ပေါ့ဒ်ိ ပေါ့ဒ်ိုလိုရင်မှာယှက်လို့၊ တစ်ကိုယ် လည်း သဲတွေ ပေနေ၊ ရေတွေ ရွှဲနေ မယ့် ဖောင်းပွမနေသေးပါဘူးကွယ်၊ အကျီရင်ဘတ်က ကျောင်းတံဆိပ် လေးဟာ ညနေဆည်းဆာချိန်မှာ ရဲ

ဒါကြောင့် - သမီးတို့သူငယ်ချင်း သနားကြပါကွယ်၊ သူ့ခမျာ ကျွတ်လွ ရှာဦးမှာတောင် မဟုတ်ဘူး၊ ဟိုဘက် သူ့မိဘတွေလည်း ရောက်နေကြတ သမီးတို့က မီးရှူးမီးပန်းတွေ ဖောက် ကြရင် သူတို့ ဘယ်စိတ်ကောင်းပါ့မ

ဆရာမက ပေါ့ဒ်ိုလိုပေါ့ဒ်ိ တဲ့ နေရာမှာ အမှုအရာပါလုပ်ပြ



ဆောင်းယမင်းတို့ကို စီကာပတ်ကုံးရှင်းပြရာသည်၊ ဆရာမကတော့ ကျောင်းသူလေးတွေ မီးရှူးမီးပန်း မဖောက်ဖို့ တားမြစ်တာကိုနားလည်ပါစေတော့ဟူသောသဘောနှင့်သေသေချာချာရှင်းပြနေပေမဲ့ ဆောင်းယမင်း၏အာရုံထဲမှာတော့ မြင်တွေ့လိုက်ရသည့် ကောင်းလှူ၏ ရုပ်အလောင်းကို ဆရာမ၏အပြောနှင့်တင် ထင်ထင်ရှားရှား ပုံဖော်လို့ ရသွားခဲ့ပြီ၊ ကြောက်လွန်းလို့ ရင်တွေလည်း တဒိန်းဒိန်းခုန်လို့၊

ကျောင်းသူအားလုံးလည်း ထိုသို့ ခံစားနေရ၍လား မပြောတတ်၊ ဆရာမ ပြောသမျှကို ငေးကြောင်ကာ ကြည့်နေကြ၍ ဆရာမ ထပ်ရှင်းပြနေဦးမည်ကို စိုးရိမ်သူ တင့်မိုးအိမ်က -

"သမီးတို့လည်း ပျော်လို့ဖောက်နေကြတာ မဟုတ်ပါဘူး - တီချယ်ရယ်၊ စိတ်ဆင်းရဲလွန်းလို့ စိတ်သက်သာရာရအောင်ဖောက်နေမိတာပါ၊ ဟုတ် - သမီးတို့မဖောက်တော့ပါဘူး"

ဟု အဖြစ်မှန်ကို ပွင့်ပွင့်လင်းလင်း ပြောပြကာ နောက်ထပ်မလုပ်တော့ဟူ၍ ကတိပေးလိုက်လေသည်၊

"အေးကွယ် - လိမ္မာလိုက်ကြတာ၊ သွား - သွား - အခန်းထဲ ဝင်ကြတော့"

ဆရာမက တစ်ဖက်အဆောင်ကို တရွေ့ရွေ့ထွက်ခွာသွားပြီ၊ ဆောင်းတို့ အားလုံးလည်း ကိုယ့်အခန်းကို ကိုယ်စီ ကိုယ်င ဝင်ရောက်လာခဲ့ကြပြီ၊

ဆောင်းယမင်း ဘယ်လိုမှ အိပ်လို့ မရ၊ မျက်လုံးမှိတ်လိုက်သည်နှင့် ထမင်းလုံးတစ္ဆေခြောက်နေသလိုမျိုး ကြောက်မက်ဖွယ်ရာအဆင်းတွေချည်း အာရုံထဲတွင်ပေါ်နေသည်၊ သို့ကြောင့်မျက်လုံးကို အသာအယာဖွင့်ကာ နံဘေးကို စောင်းငဲ့ကြည့်တော့ - ခြော် - နန္ဒာချစ်တို့များ ကုသိုလ်ကံကောင်းချက်၊ ကြောက်လန့်စိတ် တစ်ပြားသားမျှမရှိဘဲ နစ်နစ်မြုပ်မြုပ်အိပ်မောကျလို့၊

"ဟဲ့ - ဝတ်မှုန်ဦး - နင် အိပ်ပြီလား"

တစ်ဖက်ခုတင်ရှိ သူငယ်ချင်းနှစ်ယောက်အနက် တစ်ယောက်၏နာမည်ကို အားကိုးတကြီး ရေရွတ်ခေါ်လိုက်သည်၊ ဝတ်မှုန်ဦးက သိပ်မကြောက်တတ်သူမို့ အားကိုးမိခြင်းဖြစ်၏၊

"ဆောင်း - နင်လည်း မအိပ်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် - အေးမွန် - ငါက နင် အိပ်ပျော်နေပြီထင်လို့"

"အိပ်မပျော်ပါဘူးဟာ။ မျက်လုံးမှိတ်လိုက်တာနဲ့ ဘာတွေမြင်နေမှန်း မသိပါဘူး"

"ငါရောပဲ"

ထိုအချိန်မှ နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ခံစားချက်ချင်း ထပ်တူကျကာ အိပ်မရသည့်အတူတူ စကားတွေ ထိုင်ပြောလိုက်ကြတာ ညဆယ်နာရီထိုးသည်အထိ။

ကြာတော့မောလာသည်။ သောက်စရာရေကလည်း ကုန်ပြီ။ ရေလိုလျှင် အပြင်က ရေသန့်ဘူးကြီးတွင် လိုသလောက်သွားဖြည့်နိုင်သော်လည်း နှစ်ယောက်လုံး အပြင်မထွက်ရဲတာကြောင့်မောမောနှင့်ပင်ပေနေကြသည်။ အတော်ကြာတော့ စကားဆက်ပြောဖို့ အားမရှိကြတော့။ သို့ကြောင့် ဆောင်းယမင်းကပင် အလိုက်တသိနှင့် စကားဖြတ်ကာ အိပ်ပျော်လိုပျော်ငြား မျက်လုံးမှိတ်လိုက်မိသည်။

"အို ..."

ဆောင်းယမင်း ထိတ်လန့်ချောက်ချားစွာဖြင့် မျက်လုံးကိုအလျင်အမြန်ဖွင့်ကာ ခုတင်ခြေရင်းကိုငုံ့ကြည့်လိုက်မိ၏။ ဆောင်းယမင်းနှင့် နန္ဒာချစ်က တံခါး ကြီးအနီးမှ ခုတင်တွင် အိပ်နေကြခြင်း ဖြစ်ရာ မျက်လုံးမှိတ်လိုက်သည်နှင့် ခုတင်ခြေရင်းတွင် ယောကျ်ားတစ် ယောက် ရေစက်လက်ကျနေသော အဝတ်အစားမည်းညစ်ညစ်ကိုဝတ်ကာ ခေါင်းငိုက်စိုက်ကျလျက်ရပ်နေသည်ဟု မြင်ယောင်နေမိတာကြောင့် ဆောင်း ယမင်းထိုသို့မျက်လုံးဖွင့်ကြည့်မိခြင်းဖြစ် သည်။ အမှန်တကယ်ကျ ခုတင်ခြေရင်း မှာ ဘာမျှမရှိ။ ဆောင်းယမင်း ကြောက်လွန်းလို့ အသားတွေပင် တဆတ်ဆတ် တုန်လာခဲ့ပြီ။

"ဟဲ့ - ဆောင်း - ငါ - ငါ - အရမ်း ကြောက်လာပြီ။ ငါတို့အနားမှာ တစ်ယောက်ယောက် ရှိသလို ငါခံစားနေရ တယ်။ ငါ - ငါ - မနေရဲတော့ဘူး။ ဘယ် လိုလုပ်ရပါ့မလဲ - ဆောင်းရယ်"

ထိုစဉ် တိုက်တိုက်ဆိုင်ဆိုင် အေးမွန်ကပါ ထအော်လေရာ ဆောင်း ယမင်းခမျာ ရှူးသွပ်မတတ် ထိတ်လန့် သွားသည်။ နှစ်ယောက်လုံးတစ်ပြိုင်နက် တည်းခံစားလာရသဖြင့် ရိုးမှရိုးရဲ့လားဟု တွေးလိုက်မိသည်။ သို့ပေမဲ့ ထုတ်ဖော် မပြောဘဲမျိုသိပ်ထားလိုက်ရ၏။ အေးမွန် ပါသွေးပျက်သွားလျှင် ပိုဆိုးကုန်မည်။

"ငါ - ငါရှိတယ်လေဟာ - အေးမွန်။ အိပ်မကြောက်ပါနဲ့။ ဘုရားစာရွတ်ပေါ့"

ပြောမည့်သာ ပြောလိုက်ရပေမယ့် ဆောင်းယမင်းကိုယ်တိုင်လည်း စိတ် ချောက်ချားနေမိတာကြောင့်သမျှဒွေပင် ချောင့်အောင် ဆိုမရတော့။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာလေ သလား။ ဦးနင်း ပဲ့ထောင်၊ ပဲ့နင်း ဦးထောင်လို့ပဲ ဆိုရတော့မလား မပြော သတ်။ ကိုယ့်ဘာသာကိုယ် ကြောက်ရ သဲ့အထဲ သူငယ်ချင်းကို နှစ်သိမ့်ပေးနေ သန်းမီးပါပျက်သွားတော့သည်။ တည်း ခိုဆောင်ဖြစ်၍ ဟော်တယ်များကဲ့သို့ သုပ်စစ်မီး ပြတ်တောက်သွားသော် သည်း မီးစက်နှိုးမပေးချေ။ ညလည်း ကိုနေပြီမို့ထင်သည်၊ အမှောင်ထဲမှာ သည်အတိုင်း ဖွတ်ပေအိပ်နေရသည်။

"ဟဲ့ - လုပ် - လုပ်ပါဦး - အေးမွန်။ ငါ - ငါ - အမှောင်ကို ကြောက်တယ်ဟ"

"မပူနဲ့ - ဆောင်း။ ငါ့မှာ လက်နှိပ် ဓာတ်မီးပါတယ်"

စောစောက လင်းလက်နေစဉ်က ဆောင် ကြောက်လန့်တုန်လှုပ်နေရ သည့်အထဲ မီးကပါပျက်သွားလေတော့ နှစ်ယောက်သား တစ်ယောက်ကိုတစ် ယောက် ပြေးဖက်ထားလျှင်ပင် လုံခြုံ သည်ဟု မထင်တော့။

"ဆောင်း - ငါ နင့်ကို ပွင့်ပွင့်လင်း လင်းပဲ ပြောရလိုက်တော့မယ်။ ငါ့မျက် လုံးမှိတ်လိုက်တိုင်း ကျောင်းဝတ်စုံရေ စက်လက်နဲ့ ငါ့အနားမှာ ရပ်နေတဲ့ ကောင်းလေးကိုပဲအာရုံထဲမှာပေါ်နေတယ် ဟာ။ ငါကြောက်လို့ သေတော့မယ်"

"မ - မကြောက်ပါနဲ့ဟာ။ စောစော က တီချယ်ပြောသွားလို့ ငါတို့အာရုံမှာ စွဲနေတာ နေမှာပါ။ ဒီ - ဒီလိုပဲ ဖြစ်တတ် ပါတယ်ဟာ။ မကြောက်ပါနဲ့"

ဆောင်းယမင်းက ထိုသို့အားပေး လိုက်ရပေမယ့် နှစ်ယောက်လုံး မြင် ယောင်နေတာ သွေးရိုးသားရိုး မဖြစ်နိုင် တော့ဟု တစ်ကိုယ်တည်း ကြိတ်တွေး ရင်း သွေးအပျက်ကြီး ပျက်နေပါပြီ။

"ငါ - ငါ - မရတော့ဘူး။ ငါ - ငါတို့ ဟိုဘက်အခန်းမှာ သွားပေါင်းအိပ်ရ အောင် - နော် - ဆောင်း"

"အေး - ကောင်းတယ်ဟာ။ သွား ကြရအောင်၊ ဒါနဲ့ - ဒီနှစ်ယောက်ကို ဘယ်လိုလုပ်မှာလဲ"

"ထားခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ။ နှိုးဟာ မြန်မြန်လုပ်"

အေးမွန်ရည်က ပြောလည်းပြော သူနံဘေးကဝတ်မှုန်ဦးကိုလည်းအတင်း လှုပ်နှိုးနေ၍ဆောင်းယမင်းလည်းဘေး

www.burmeseclassic.com

က နန္ဒာချစ်ကို မရမက လှုပ်နှိုးလိုက်သည်။

"ဟာ - အိပ်ကောင်းရတဲ့ကြားထဲ၊ နင်တို့ဘာသာ သွားကြဟာ၊ ငါတို့ကို ထားခဲ့"

ဟု ပြန်အော်ကြသော်လည်း နှစ်ယောက်တည်းလည်း မသွားရဲတာကြောင့် ဆောင်းယမင်းတို့ အသည်းအသန်နှိုးလေမှ သူတို့နှစ်ယောက် အိပ်ချင်မူးတူးနှင့်ထလာကြပြီး ဆိုးဆိုးဆတ်ဆတ်နှင့် အခန်းအပြင်ထွက်သွားကြ၍ ဆောင်းယမင်းတို့ အပြေးလိုက်ရပြန်သည်၊ ကြောက်နေ၊ အိပ်ချင်နေလျှင် ဆင်ခြင်ဉာဏ် ကင်းမဲ့သွားကြလေသလား မပြောတတ်၊ တံခါးကိုမပိတ်ဘဲ ထွက်သွားကြ၍ ဆောင်းယမင်းမှာ ကြောက်ကြောက်လန့်လန့်နှင့်တံခါးကို အလျင်အမြန်ပိတ်ကာ တစ်ဖက်ခန်းဆီသို့ နောက်ဆုံးက ပြေးဝင်သွားရတော့သည်၊

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဟု ၍သာ သုံးနှုန်းလိုက်ပါတော့မည်၊ တစ်ဖက်အခန်းတွင်ခုတင်နှစ်လုံးသာရှိသည့် အနက်ဆောင်းယမင်းရောက်သွားတော့ စုစုပေါင်း လူက ဆောင်းယမင်းအပါအဝင်(၁၂)ယောက်၊ ဆောင်းယမင်းတို့အဖွဲ့မလာခင်ကတည်းက အခြားအဖွဲ့တစ်ဖွဲ့က လာပေါင်းအိပ်နေကြခြင်းဖြစ်သတဲ့၊ ယခုမှ အခန်းပြန်ရန်လည်း ဖြစ်တော့မည်မထင်၊ နောက်ဆုံးမှ ဝင်လာသောဆောင်းယမင်းကို တစ်ယောက်သောသူငယ်ချင်းက -

"မြန်မြန် တံခါးပိတ် - မြန်မြန် တံခါးပိတ်"

ဟု အော်လိုက်တာကြောင့် ဘာကြောင့်များလဲဟု မေးကြည့်မိတော့ (၂၄)ပစ္စည်းနှင့် စည်းချထားသောကြောင့်ဟု ရှင်းပြလေ၍ ဆောင်းယမင်းလုံခြုံသွားသလို ခံစားလိုက်ရသည်၊ ဆောင်းယမင်းလုံခြုံမှုကို ခံစားမိပေမဲ့ အိပ်စက်စရာနေရာကတော့ မရှိချေ၊ ခုတင်ပေါ်တွင်နေရာလွတ်မကျန်အောင် လူ(၁၁)ယောက်နှင့် ပြည့်နက်နေပြီ၊

ဆောင်းယမင်း တံခါးဘေးခုတင်ထောင့် အနည်းငယ်လွတ်နေတဲ့နေရာတွင် ဝင်ထိုင်ကာ ငိုက်နေလိုက်ပေမယ့် အိပ်လို့မရ၊ အားလုံးကလည်း ဆောင်းယမင်းတို့ ဝင်မလာခင်ကတည်းက ကြောက်လန့်စိတ်ကို ဖြေဖျောက်ရန် ကိုယ့်အကြောင်းပြောပြတိုင်း ဆော့နေကြခြင်း ဖြစ်သည်၊ အပျိုအရွယ်တွေဆိုတော့ အားလုံးက လူပျိုအကြောင်း ရည်းစားသနာအကြောင်းတွေ စီကာပတ်ကုံး ပြောနေကြသည်ပေါ့၊

"ကားဘရိတ်က ဆောင့်အအုပ် ငါကလည်း နင်တို့သိတဲ့အတိုင်း နမော်နမဲ့နဲ့ လက်လွှတ်လိုက်မိတဲ့အချိန်ဆိုတော့ တစ်ခါတည်း အရှိန်လွန်ပြီး ကားနောက်ခြမ်းကနေ ကားရှေ့ခြမ်းကို ရောက်ခဲ့ဖြစ်သွားလို့ ဆွဲမိဆွဲရာ လှမ်းဖက်လိုက်မိတော့ ခု ငါပြောနေတဲ့အစ်ကိုကြီးရဲ့ခါး ဖြစ်နေရော၊ ငါလေ ရှက်လိုက်တာ၊ ရှက်လွန်းလို့ လဲသေချင်ရောဟယ်၊ သူကတော့ရပါတယ်၊ မလဲရအောင်ဖက်လိုက်တာပဲ၊ အားမနာပါနဲ့၊ ဖက်သာ ဖက်ပါ လို့ပြောပေမယ့် ငါက မိန်းကလေးလေဟယ်၊ ရှက်တာပေါ့၊ အဲဒီနောက်မှ သူက ငါတို့သင်တန်းက ဆရာဖြစ်နေမှန်းသိတာ"

"ကျွီ - ဝုန်း"

ကိုယ့်အကြောင်းကိုယ်ပြောရန် အလှည့်ကျသူ သင်းယုယုက သူ့အချစ်ဇာတ်လမ်းအစကိုအာပေါင်အာရင်းသန်သန်ပြောပြနေတုန်း တံခါးပွင့်သံ၊ တံခါ

အားလုံးက သွေးပျက်ချောက်ချားနေကြ၍သာ မြင်ချင်တာမြင် ကြားချင်တာကြားနေရခြင်းလည်း ဖြစ်နိုင်သည်။ ဆောင်းယမင်းနှင့် အေးမွန်ရည်မှ မဟုတ်၊ သိင်္ဂီရွှန်းလည်း ညက အိပ်လို့မရခဲ့ဟု ဆိုသည်။ သူ့အဖြစ်က ဆောင်းတို့ထက်ပင် ပိုဆိုးသေး၏။ မီးပျက်သွားသောအခါ နံဘေးမှ သူငယ်ချင်းက အိုက်လွန်းလို့ အသက်ရှူမဝဟုဆိုကာ အခန်းပြတင်းပေါက်ကို ဖွင့်ထားသည်။







www.burmeseclassic.com

www.burmeseclassic.com

နှင့် အုတ်နံရံဆောင့်မိသံတွေကို ကြားလိုက်ရတာကြောင့်ဆောင်းယမင်းနီးနီးကြားကြားဖြစ်သွားသည်။ အိပ်ချင်စိတ်၊ ချောက်ချားစိတ်တွေ၏နေရာမှာ စိုးရိမ်စိတ်၊ ပူပန်စိတ်တွေအစားထိုးဝင်ရောက်လာသည်။

"ဟဲ့ - ကြားကြလား"

"အေး - အသံတစ်သံ ကြားလိုက်တယ်။ တံခါးပွင့်သံလိုပဲ"

"ဟုတ်မယ်ဟ။ ငါ တံခါးပိတ်တာ လော့ခ်ချမိခဲ့ရဲ့လားမသိဘူး။ ငါတို့အခန်းတံခါးက လော့ခ်မကျရင် ပွင့်လာတတ်တယ်။ ဒုက္ခပဲ - သူခိုးများ ဝင်တာလားမသိဘူး။ အခန်းထဲမှာပိုက်ဆံအိတ်တွေ ဖုန်းတွေ အကုန်ထားခဲ့မိတယ်"

ဆောင်းယမင်းက စိုးရိမ်ပူထူကာ အခန်းကို ပြန်ကြည့်ရန်သာ တာစူနေမိပေမဲ့ တကယ့်တကယ်တမ်းကျတော့ ပြတင်းပေါက်ကပင် ချောင်းမကြည့်ရဲ၊ မတော်လို့ သမရိုးကျပွင့်တာမဟုတ်ဘဲ ပယောဂတစ်ခုခုကြောင့် ပွင့်သွားခြင်းဖြစ်လျှင် ဆောင်းယမင်းယခုအချိန်တွင် ဘယ်လိုအရာကိုမျှ မမြင်တွေ့ရဲ၊ ပိုက်ဆံအိတ်တွေ ဟန်းဖုန်းတွေအတွက်နှင့်တော့ သွေးပျက်ကာ ရူးကြောင်ကြောင် အဖြစ်မခံနိုင်။

"သွားမကြည့်နဲ့ - ဆောင်း။ အဆောင်မြဲဝန်းတံခါးကိုပိတ်ထားတာပဲ။ သူခိုးမရှိနိုင်ပါဘူး။ လာ - လာ - ဒီချောင်မှာ လာအိပ်"

ဟုခေါ်ကာသူငယ်ချင်းတစ်ယောက်က ဆောင်းယမင်းကိုသူ့နေရာတွင် အိပ်စေသည်။ ယခုချိန်ထိ ထိုသူငယ်ချင်းကို ကျေးဇူးတင်နေမိ၏။ ဆောင်းယမင်းမဝံ့မရဲနှင့် မျက်လုံးမှိတ်လိုက်မိတော့ စောစောက ရေစက်လက်နှင့်မြင်ကွင်းကို မမြင်တွေ့ရတော့။ နို့ပေမဲ့ - မနက်ကဖြစ်ပျက်ခဲ့သည့်စိတ်မချမ်းမြေ့ဖွယ်မြင်ကွင်းကိုတော့ ပြန်လည်မြင်ယောင်နေမိဆဲ။ ကြာတော့ - မောပန်းမှုတွေ၊ နွမ်းနယ်မှုတွေကြောင့် ဆောင်းယမင်း အိပ်ပျော်သွားပါတော့သည်။

လေးနာရီလောက်တွင်သူငယ်ချင်းတွေ အတင်းလှုပ်နှိုး၍ ဆောင်းယမင်းနိုးလာခဲ့သည်။ အခန်းသို့ဘယ်သူအရင်ဝင်သလဲ မေးကြည့်မိတော့ တစ်ညလုံးကြောက်လန့်ခြင်းအလျဉ်းကင်းလျက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားရှာသောနန္ဒာချစ်နှင့်ဝတ်မှုန်ဦးတို့ မနက်သုံးနာရီလောက်ပြန်ကာအထုပ်အပိုးပြင်ဆင်ကြသည်ဟုဆို၍ အခန်းတံခါး ပွင့်နေ၊ မနေမေးကြည့်မိတော့ ပွင့်မနေတဲ့အပြင် လော့ခ်ပါကျနေလို့သော့တောင်ပြန်ယူခဲ့ရသေးဟုပြော၏။ ဆောင်းယမင်းအံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားဖြစ်သွားခဲ့ရသည်။ အခန်းတံခါး ပွင့်သွားသံကိုအသံကျယ်ကျယ်နှင့် အားလုံး အတူတူကြားလိုက်ရသည်မဟုတ်လား။ သူငယ်ချင်းတစ်ယောက်ကတော့ -

"ဪ - တည်းခိုခန်းပိုင်ရှင်ဦးလေးကြီးများမြင်ပြီးပိတ်ပေးသွားလားမသိဘာ" တဲ့။

သူ့အယူအဆကိုပဲ ဆောင်းယမင်းကျေကျေနပ်နပ် လက်ခံပစ်လိုက်ပါသည်။

တကယ်တော့ - မနေ့ညက တစ္ဆေခြောက်တာ ဟုတ်ချင်မှဟုတ်မည်။ အားလုံးက သွေးပျက်ချောက်ချားနေကြ၍သာ မြင်ချင်တာမြင် ကြားချင်တာ ကြားနေရခြင်းလည်း ဖြစ်နိုင်သည်။ ဆောင်းယမင်းနှင့် အေးမွန်ရည်မှမဟုတ်၊ သိင်္ဂီရွှန်းလည်း ညက အိပ်လို့မရခဲ့ဟုဆိုသည်။ သူ့အဖြစ်က ဆောင်းတို့ထက်ဆိုးပိုဆိုးသေး၏။ မီးပျက်သွားသောအခါသောမှသူငယ်ချင်းက အိုက်လွန်းလို့ အသက်ရှူမဝဟုဆိုကာ အခန်းပြတင်းပေါက်ကို ဖွင့်ထားသည်။ ပြတင်းပေါက်သားတွင် သိင်္ဂီရွှန်းက အိပ်ရပြီး မျက်လုံးမှိတ်လိုက်သည်နှင့် အာရုံတွင် ပြတင်းပေါက်ကနေ အပြင်မှတစ်ယောက်ယောက်ကငုံ့ကြည့်နေသလို ခံစားနေမိတာကြောင့် ဘုရားစာကိုအော်ရွတ်ကာ မိုးလင်းခဲ့ရသည်ဟုဆို၏။ တကယ့်ကိုနိုးလျက်နှင့် အိပ်မက်ဆိုးများ မက်နေခဲ့ရသည့်ညတစ်ညပင်။

နောက်ထပ်ထူးဆန်းတာတစ်ခုကအားလုံး၏အဝတ်အစားတွေ သိမ်းဆည်းပြီးနောက် တည်းခိုဆောင်ရှေ့ကြိုးတန်းတွင် ကျောင်းဝတ်စုံတစ်ထည်ကျန်ရှိနေခဲ့ခြင်းဖြစ်၏။ ဒါကိုတော့ ဆောင်းယမင်း၏စိတ်ထဲ ယူဆမိသည်မှာ မေ့တတ်သောကျောင်းသူတစ်ယောက်ယောက် အင်္ကျီကို လှန်းပြီးမှ သူ့အင်္ကျီ ဟုတ်၊ မဟုတ် မမှတ်မိတော့၍ သို့လောသို့လောနှင့် ကျန်ရစ်ခဲ့ခြင်းသာ ဖြစ်မည်ဟု၊ ဆောင်းယမင်း ယူဆသလို မဟုတ်ဘဲသဘာဝတရားကြီးကဖြေရှင်းချက်တစ်ခု ပေးမည်ဆို လျှင်လည်း ဆောင်းယမင်း နားမထောင်ချင်တော့ပြီ။

ထိုချောက်ချားဖွယ်ရာများနှင့်ပြည့်နက်နေသည့် ညတာရှည်ကြီးကို လွန်မြောက်ခဲ့ပြီဖြစ်၍ ဆောင်းယမင်း ယခင်

www.burmeseclassic.com

ကလောက် ကြောက်လန့်မနေတော့၊ ပစ္စည်းအားလုံး ကားပေါ်တင်ဆောင်ပြီး နောက်ကားကြီးမှာတည်းခိုဆောင်မှနေ တရွေ့ရွေ့ထွက်ခွာလာသည်၊ ခရီးစဉ် အစတွင် အားလုံးတွေးထင်ထားကြသည်က အမြန်တွင် ပင်လယ်ကြီးကို လှမ်းလျက် အော်ဟစ်ပျော်ရွှင်စွာ အိမ်ပြန်ရမည်ဟု၊ ယခုများတော့ ကျန်ရစ်ခဲ့တဲ့သူငယ်ချင်းအတွက် ငိုလိုက်ကြရသည်မှာ အားလုံး၏မျက်ရည်တွေက ပင်လယ်ကြီးနှင့်အပြိုင်၊

ဩော် - တစ်ခါတစ်ရံ ကိုယ်မထင်ထားတာတွေက အိပ်မက်ဆန်ဆန် ဖြစ်ပျက်သွားတတ်သည်ကို ယခုတော့ ဆောင်းယမင်း ယုံကြည်သွားပါပြီ၊ နောက်ပြီး - သေခြင်းတရားဟာလူတိုင်းနှင့် အနီးဆုံးနေရာမှာ တည်ရှိနေနိုင်သည်ဆိုတာကိုလည်း ဆောင်းယမင်း လက်ခံသွားပါပြီ၊ ဤခရီးစဉ်နောက်ပိုင်း ပင်လယ်ပြင်ဆီ ရောက်လေတိုင်း ဘဝမှာ တစ်ကြိမ်တစ်ခါမျှ ကြုံတွေ့ခဲ့ရသော သည်းထိတ်ရင်ဖို ကြောက်လန့်ချောက်ချားဖွယ်ရာကောင်းလှသည့်အိပ်မပျော်ဘဲ အိပ်မက်ဆိုးများ မက်ခဲ့ရသည့် ထိုတစ်ညကို ဆောင်းယမင်း ထာဝရ အမှတ်ရနေဦးမည်သာ၊

ယခင်က ယခုအဖြစ်အပျက်ကို ရေနစ်သူကောင်လေးနေရာမှ ခံစားကြည့်ကာ "စိတ်ဇောအဟုန်" ဟူသော ဝတ္ထုကိုအဖြစ်နှင့် ရေးသားခဲ့ဖူးပါသည်၊ ထိုစဉ်က ကောင်လေး ခံစားနေရနိုင်မည့်စိတ်ခံစားမှုများကို တွေးထင်ယူဆကြည့်ကာ စိတ်ကူးယဉ်လျက် ရေးသားခဲ့သည်ကို သူငယ်ချင်းများက ဖတ်မိကြတော့ ကိုယ်တိုင်တွေ့ကြုံခံစားရသည်များကိုလည်းရေးသားပေးပါရန် ပိုင်းဝန်းတောင်းဆိုကြသည်၊ တချို့ကလည်း ထိုစဉ်က သူတို့ခံစားမိသမျှ၊ တွေ့ကြုံမိသမျှကိုစီကာပတ်ကုံး လာ၍ရင်ဖွင့်ကြသည်၊ သို့ပေမဲ့ ကိုယ့်မှာလည်း ထိုစဉ်က ကိုယ့်သတ္တိနဲ့ကိုယ်ဆိုတော့ ပွင့်ပွင့်လင်းလင်း ရေးမရဲခဲ့၊ ယခုများကျဖြစ်ခဲ့တာလည်း လေးနှစ်ကျော်ကြာခဲ့ပြီဖြစ်တာကြောင့် ထိုစဉ်ကအဖြစ်အပျက်များကို အပြင်လူတစ်ယောက်လိုမျိုး ခေါင်းအေးအေးနှင့် ပြန်လှန်တွေးကြည့်ရင်း ရေးသားလိုက်ရပါကြောင်း ...၊

စေတနာရှေ့ထားလျက်

>> ဂျိုးနွှန်းကို



www.burmeseclassic.com

www.burmeseclassic.com

အသက်(၅၉)နှစ်တွင်
ထောင်(၆၂)ကြိမ်
ကျရောက်ခဲ့သည့်
ရှေထူးရှေဆန်းတစ်ယောက်
အကြောင်း ..

**၁၉၈၈–ခု၊** မေလထုတ်ပြည်မှ မဂ္ဂဇင်းအမှတ်(၇၅)တွင် ကျွန်တော်၏ ဝတ္ထုတိုတစ်ပုဒ် ဖော်ပြပေးခဲ့သည်။ ထို ဝတ္ထု၏အမည်မှာ "ဒွါဒသမ ညွန့်လှိုင်" ဖြစ်ပါသည်။ ညွန့်လှိုင်သည်အလုံမြို့နယ် တွင်နေသော နာမည်ကြီး ခါးပိုက်နှိုက် တစ်ဦးဖြစ်သည်၊ အလွန်လျင်၊ အလွန် တော်သော်လည်း အချုပ်နှင့် ထောင်တို့ ဖြင့်မကင်းနိုင်ရှာပါ။ သူ့အသက်(၂၇)နှစ် ပြည့်သောအခါထောင်(၁၂)ကြိမ်တိတိ ကျခဲ့ရပါပြီ။ မြန်မာဝေါဟာရတွင် (၁၂) ဂဏန်းကို ဒွါဒသမဟု ခေါ်ကြသည်။ ထို့ ကြောင့် တစ်ဆယ့်နှစ်ကြိမ်မြောက် ရောက်လာသောညွန့်လှိုင်အကြောင်းကို ဒွါဒသမညွန့်လှိုင် အမည်ပေး၍ ထောင် အတွေ့အကြုံဝတ္ထုတိုလေး ရေးဖြစ်ခြင်း ဖြစ်ပါသည်။ ဤတွင်ကျွန်တော့်အဖို့ ဆေး စရာအကြောင်းအရာဝတ္ထုတိုတစ်ပုဒ် နှ လာရပြန်သည်။ "ဒွါသမညွန့်လှိုင်" ဝတ္ထု တို၏ အဆုံးသတ်ပိုင်းတွင် ရေးသားခဲ့ သောအကြောင်းအရာကြောင့်ပင်ဖြစ် သည်။ ကျွန်တော်က တစ်ဆယ့်နှစ်ကြိမ် မြောက် အလည်ရောက်လာသော ညွန့် လှိုင်အကြောင်းကို တအံ့တဩဖြစ်နေ စဉ်ထိုစဉ်က ကျွန်တော်၏ထောင်ကျ ခန်းမှူးတန်းစီးဦးခင်ဇော်၏စကားကြောင့်

ကျွန်တော် အံ့ဩသွားရမိပါသည်။ ဖြစ်ရပ်အမှန်သည် စိတ်ကူးယဉ်ထက်ပင် ပိုထူးဆန်းနေတတ်ပါသည်။

ယင်းအဆုံးသတ်နိဂုံးပိုင်းကို ကျွန်တော် ပြန်လည် ဖော်ပြပါရစေ။

"ဆရာက ညွန့်လှိုင် (၂၇)နှစ်သာ ရှိသေးတယ်။ ဆယ့် နှစ်ကြိမ် ထောင်ကျတာကို အံ့ဩနေတယ်မဟုတ်လား"

"ဟုတ်တယ်လေ"

"မအံ့ဩနဲ့ – ဆရာ။ ကျွန်တော်တို့ ဦးဘထွေးဆိုရင် အသက်(၅၉)နှစ်သာ ရှိသေးတယ်။ ထောင်ကျတဲ့အကြိမ် ပေါင်း (၆၂)ကြိမ်တောင်ရှိပြီ – ဆရာရဲ့"

"ဗျာ – ဘယ်ဦးဘထွေးလဲ"

ကျွန်တော် တအံ့တဩဖြင့် မေးဖြစ် သည်။

"ဟိုတစ်နေ့က ဆေးရုံတက်သွားတဲ့ဦးဘထွေးလေ ဆရာ။ ကျွန်တော်တို့ အသိုင်းအဝိုင်းကတော့ ဒီလူကြီး ထောင်သံသရာလည်လွန်းလို့ သံသရာဘထွေးလို့တောင် ဘွဲ့ပွန်းတပ်ခဲ့ကြတာ – ဆရာရဲ့"

"အံ့ဩစရာပဲ – ဦးခင်ဇော်။ ဘယ်လိုများလဲမသိဘူး။ ဒီအဘိုးကြီး အဆောင်ပြန်ရောက်ရင်တော့ ကျွန်တော်နဲ့ တွေ့ပေးဦးဗျာ"

ဦးခင်ဇော် ထွက်သွားသောအခါ ကျွန်တော့်ရင်ထဲမှ ရေရွတ်ကျန်ခဲ့သည်မှာ "အင်း – သံသရာဘထွေး၊ သံသရာ ဘထွေး၊ ငါ့ကိုဇာတ်လမ်းတွေအများကြီးပေးဦးမယ့်သံသရာ ဘထွေးဖြစ်နေတော့မှာပါတကား" ဟူ၍။

ဤသို့လျှင် ဝတ္ထုတိုကို အဆုံးသတ်လိုက်မိသည်။ ယခုတော့ – ဆက်ရန်အကြောင်း ရှိလာပါပြီ။

☆✡☆

www.burmeseclassic.com

www.burmeseclassic.com



မင်းကို ခိုးမှုနဲ့ထောင်ချ
ရပေါင်းများလှလို့ ငါလည်း
စိတ်ကုန်ချင်ပြီကွာ။ မင်း ဘာဖြစ်လို့
ဒီအလုပ်ပဲ လုပ်နေရတာလဲ
ဘထွေး။ ကောင်းရာကောင်း
ကြောင်း လုပ်စားပါတော့လား။

ကျွန်တော် မျှော်လင့်သည့်အတိုင်း ဦးဘထွေးသည်ကျွန်တော့်အား သူ့ဇာတ်လမ်းပေါင်းများစွာကို ပြောခဲ့ပါသည်။ စိတ်ဝင်စားစရာကောင်းသလို စိတ်ညစ်ညူးစရာလည်း ကောင်းလှပါသည်။ မြို့ကြည့်သော လူတစ်ယောက်၏ဘဝခရီးသည် ကာယကံရှင်ရော၊ ပတ်ဝန်းကျင်နှင့်ပါသက်ဆိုင်ကြောင်းဦးဘထွေးဇာတ်လမ်းက ပြောပြနေသည်လား အောက်မေ့ရပါသည်။

☆✡☆

(၅၉)နှစ်တည်းဟူသောသူ့အသက်နှင့်မကဘဲ (၆၂)ကြိမ်မျှ ထောင်ကျလာသူဦးဘထွေးအကြောင်းမှာစုံလှပါသည်။ ဇာတ်လမ်းတစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်က များပါသည်။ ထို့ကြောင့် ဇာတ်လမ်းဖောက်ရေး၍မဖြစ်တော့ပါ။ အချိန်ရသည့်အခါ အခန်းဆက် (သို့မဟုတ်) လုံးချင်းတစ်ပုဒ်တော့ရေးဦးမည်ဟုစိတ်ထဲတွင် တေးထားမိပါသည်။

သို့သော် ယခုတော့ ဦးဘထွေးအကြောင်း ကျွန်တော် မရေး၍မဖြစ်တော့ပါ။ ဦးဘထွေး၏ နောက်ဆုံးရက်

ားသည် နီးလာချေပြီ။ သူ့ကျန်းမာရေး
ကောင်းတော့ပါ။

ကျွန်တော်သည်ထောင်ရုံးခန်းတွင် အလုပ်အားလပ်ချိန်လေး ရသည့်အခါ
ိုင်းဆေးရုံတက်နေရသောဦးဘထွေး
သို့သွားတတ်သည်။ သူ့အကြောင်းကို
ကြည့်ခြင်းဖြစ်သည်။ ဤသို့သွားဖန်
ား၍လားမသိ၊ ဆေးရုံအမှုထမ်းများက
ဦးဘထွေး၏အခြေအနေကို ကျွန်တော့်
 သတင်းပို့တတ်သည်။ ယခုလည်း
ုတို့ပြော၍သာ အခြေအနေမကောင်း
ည့် ဦးဘထွေးအကြောင်းကို ကျွန်
တော် သိရခြင်းဖြစ်သည်။

ကျွန်တော် ဆေးရုံရောက်သွား
ာအခါအိပ်ရာထဲလဲလျောင်းနေသည့်
ဦးဘထွေးက ထထိုင်ရန် ဟန်ပြင်သည်။
ျွန်တော်တားလိုက်သဖြင့် သူသည်
ားနာနာဖြင့် ပြန်လှဲနေသည်။

သူ့အသွင်မှာ ခါတိုင်းထက်ပင် လန်း
န်းသေးသည်ဟု ထင်ရသည်။ သို့
ာ် ဆေးအမှုထမ်းတို့၏မှတ်ချက်ကို
ှာပြု၍ မရပါ။ အပြင်ပန်း ရွှင်လန်း
ာ်လည်း အတွင်း၌ လှိုက်စားခံနေရ
နှိုးကိုကာယကံရှင်လူနာများ သိကြ
 မဟုတ်ပါ၊ ထို့ကြောင့် ကျွန်တော်
ှာ ကရုဏာသက်သွားမိပါသည်။

"အေးဗျာ - ခုလို အချိန် မျိုးမှာ ဦးဘထွေး အပြင်ရောက်နေဖို့ကောင်းတယ်"

"ဘာဖြစ်လို့လဲ - ဆရာ"

ကျွန်တော့်အပြောကို သူက မေးပါတော့သည်။

"ဆေးကောင်းကောင်း ကုနိုင်တာပေါ့ဗျာ"

"ဟာ - ဆရာကလဲ။ ဒီမှာလည်း ဆေးရုံတက် ကုသနေရတာပဲ မဟုတ်လား"

"ဒါတော့ဒါပေါ့ဗျာ၊ အပြင်နဲ့အတွင်း ဘယ်တူပါ့မလဲ၊ ကုသခံရတာချင်း တူဦးတော့၊ ခင်ပွန်းရဲ့စိတ်လွတ်လပ်မှုချင်းက တော့ ဘယ်တူပါ့မလဲ - ဦးဘထွေး"

ဤတွင် သူ့ထံမှ သက်ပြင်းရှိုက်သံ ထွက်လာပါသည်။

"ဆရာ့ကို ကျွန်တော့်ဇာတ်လမ်း အတော်များများကို ပြောခဲ့ပြီးပြီနော်"

ခဏအကြာတွင်သူက ဤသို့စတင်ပြောလာပါသည်။

"ဒါပေမဲ့ - ကျွန်တော် ဘာကြောင့် သံသရာလည်နေရတဲ့အကြောင်းမပြောမိသေးဘူးနော်"

"သံသရာလည်နေတယ် ဟုတ်လား။ ဦးဘထွေး ဘာကိုဆိုလိုတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အပြင်လောကမှာဆိုရင် ကျွန်တော်ဟာ လူသန်းပေါင်းများစွာထဲမှာ အထီးကျန်နေရသူပါ - ဆရာ၊ ခေါ့ရဲ့တက်ရင်ဘယ်သူလာကြည့်မှာလဲ၊ ဒီမှာတော့ - ကျွန်တော့်ကို နားလည်တဲ့ ဘဝတူတွေချည်းပဲဆိုတော့စိတ်ဖြေသာတာပေါ့၊ ဆရာ့လိုပုဂ္ဂိုလ်တောင် လာကြည့်သေးတာဆိုတော့ကျွန်တော်ဂုဏ်ယူနိုင်ပါပြီ"

"သိချင်တာလေးတွေရှိလို့သာ ကျွန်တော်လာတာလို့ကော ခင်ဗျား မထင်ဘူးလား - ဦးဘထွေး"

သူ ခေါင်းယမ်းပြသည်၊

"ဒါဆို - ခင်ဗျား ဘာကြောင့် သံသရာလည်နေရတယ်ဆိုတာ ပြောပြပါလားဗျာ"

"အရှင်းလေးပါ - ဆရာရယ်၊ အမှုပေါင်း(၆၂)မှုမှာ ခိုးမှုက (၄၉)မှုဆိုတော့ ကျွန်တော့်ကို သူခိုးလို့ပဲ မှတ်ရတော့မှာပဲ"

သူပြောသည်မှာ မှန်ပါသည်၊

သူ့ကို သူခိုးဟုသာ မှတ်ယူထားကြသည်၊ သူ ထောင်ထဲဝင်ခဲ့သော အမှုအတော်များများသည် ခိုးမှုများများနှင့်သာဖြစ်သည်၊ သူ့အသက်ထက်ပင် ထောင်ကျကြိမ်များနေသော သူ့အဖြစ်ကို ကျွန်တော် စူးစမ်းကြည့်ဖူးသည်၊

မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကပင် သူသည် အရွယ်ရောက်နင့်နေပြီး ထောင်ထဲသို့ အဝင်အထွက်လုပ်နေပြီ၊ အများအားဖြင့် ခိုးမှုနှင့်သာဖြစ်သည်၊ ထောင်ကျသည့်သက်တမ်းမှာလည်း များများစားစားမဟုတ်ပါ၊ အများဆုံး နှစ်နှစ်၊ အနည်းဆုံး တစ်ပတ်မျှသာ ရှိခဲ့သည်၊

ထောင်ထဲတွင် တစ်ပတ်မျှသာ နေခဲ့ရပုံကိုမူ သူ အမှတ်တရရှိလှသည်၊ ထိုအကြိမ်က သူ့အား ခိုးမှုဖြင့် ပြစ်ဒဏ်ကျလ ချလိုက်သည်၊ သူ ထောင်ထဲ ဝင်လာပြီး ငါးရက်မြောက်နေ့တွင် သာသနာနှင့် ထောင့်ငါးရာပွဲတော်အတွက် ဒီစာရင်းတွေ အထူးလွတ်မြောက်ခွင့် လျှော့ရင်းကြီးကို ရလိုက်သည်၊ သို့ဖြင့် ထောင်ကျလကျရမည့် ဘထွေးသည် (၇)ရက်အနင့် လွတ်မြောက်သွားတော့သည်၊

ဤသို့ ကံကောင်းထောက်မ၍ လွတ်သွားသော်လည်း သူသည် အပြင်လောကတွင် ကြာကြာမနေနိုင်ရှာ၊

တစ်နှစ်မျှမပြည့်မီထောင်ထဲပြန်လာခဲ့ပြန်သည်၊ ခိုးမှုနှင့်ပင်ဖြစ်သည်၊

သူ့ကို ဖမ်းမိသူ ရဲများအဖို့လည်း အလွန်သက်သက်သာသာ ရှိလှသည်၊ သူ့အမှုအတွက် ဆင်ဝှေ့ရန်ရှောင်လုပ်နေ၊ အမှန်ကို အမှန်အတိုင်း ဖွင့်ပြောသည်၊ ရဲတို့သည် သူ့အား ခက်ခက်ခဲခဲ စစ်ဆေးရဘဲအမှုကိုဖော်ထုတ်နိုင်ခဲ့ကြသဖြင့် သူ့ကိုပင် ကျေးဇူးတင်ကြသည် ဟု၏၊

ရဲများသာမက တရားသူကြီးများ၊ အကျိုးဆောင်ရှေ့နေများကလည်း သူ့အမှုကို ယမန်နှစ်ထက် ပိုမစစ်ရဘဲ အပြစ်ကို ဖြောင့်ဝန်ခံသော သူ့အား အပြစ်ဒဏ်ပေးလိုက်ကြသည်၊ ဦးနှောက်မခဲ၊ ခေါင်းမခြောက်ရဘဲ အပြစ်ဒဏ်ပေးနိုင်ကြ၍လားမသိ၊ တရားသူကြီးက သူ့အပေါ် အလွန်သက်ညှာပုံရသည်၊ ထင်ရှားသောခိုးမှုများကပင် နှစ်နှစ်ထက် မချကြဟု ဆိုသည်၊

"မင်းကို ခိုးမှုနဲ့ထောင်ချရပေါင်းများလှပြီ ငါလည်း စိတ်ကုန်ချင်ပြီကွာ၊ မင်းဘာဖြစ်လို့ ဒီအလုပ်ပဲ လုပ်နေရတာလဲ ဘထွေး၊ ကောင်းရာကောင်းကြောင်း လုပ်စားပါတော့လား"

အချို့မြို့နယ်မှ သူ့ကိုမှတ်မိနေသော တရားသူကြီးများဆိုလျှင် ဤသို့လျှင် သူ့အား ပြောင်ဖွင့်မေးတတ်သည်ဆို၏၊

"ဟုတ်ပါတယ် - တရားသူကြီးမင်းများ၊ ကျွန်တော် ခိုးတတ်တယ်၊ ကျွန်တော် သူခိုးပါ၊ စားစရာမရှိတော့ ဒီလိုပဲ ခိုးစားရပါတယ် ခင်ဗျာ"

ဤကားဘထွေး၏လက်သုံးစကားပင်ဖြစ်သည်၊

"အေးကွာ - အပြင်မှာ စားစရာမရှိပေမယ့် ထောင်ထဲမှာတော့ စားစရာအမြဲရှိပါတယ်၊ ကဲ - အေးအေးဆေးဆေး ထောင်ထဲမှာပဲ အနားယူပေဦးတော့၊ တစ်နှစ်လောက် ဆိုရင် မင်းအတွက် လုံလောက်ပါပြီ - ဟုတ်လား"

ဤသို့လျှင် ဘထွေးထောင်ကျလာပြန်သည်၊

"ကျွန်တော်ဆိုတဲ့ကောင်မှာ ပညာဆိုလို့ မင်္ဂလာသုတ်တောင် ကုန်အောင် သင်ခဲ့ရတာမဟုတ်တော့ ကောင်းရာကောင်းကြောင်းလုပ်စားဖို့ ဘာပညာမှ မရှိတာပဲ - ဆရာ၊ ဒီတော့ - ခိုးပြီးရင်း ခိုးရတော့တာပေါ့"

ဤကား သူက ကျွန်တော့်အား ပြောပြသော မှတ်ချက်ပင် ဖြစ်ပါသည်၊

"ဒီလိုဘယ်ဟုတ်မလဲဗျာ၊ အသက်မွေးပညာ ကိုယ်စီပါဆိုသလိုပေါ့၊ ပညာမတတ်လည်း ထမ်းပိုးတဲ့အလုပ်လောက်တော့ လုပ်နိုင်ကြတာပဲဗျာ"

"ဟာ - ဆရာကလည်း - ကျွန်တော့်ကိုကြည့်ပါဦး၊ အချိန်တစ်ဆယ်မပြောနဲ့

www.burmeseclassic.com

ငါးပိသာအလေးကိုတောင် ကိုက်တစ်ရာထမ်းနိုင်တာမဟုတ်ဘူး - ဆရာရဲ့၊ နောက်ပြီး - နေ့တရှောင်ရှောင်၊ ညတရှောင်ရှောင်နဲ့ဆိုတော့"

သူပြောသည်မှာ မှန်ပါသည်။

သူသည် ငယ်စဉ်ကတည်းက အာဟာရနှင့်ဆေးဝါးချို့တဲ့ခဲ့ပုံရပါသည်။

တကယ့် လူဖလံလေးအသွင် ပေါက်နေပါသည်။

"ကျွန်တော်တို့ လူဆိုးစာရင်းဝင် ဒုစရိုက်သမားကိုဘယ်သူကများအလုပ်ကောင်းပေးနိုင်ကြမှာတဲ့လဲ - ဆရာ"

"ဒါဖြင့် - အပြင်လောကနဲ့ ထောင်ထဲမှာခင်ဗျားအတွက်ဘာများကွာသလဲဗျာ"

"စိတ်မဆိုးနဲ့နော် - ဆရာ" သူက တောင်းပန်ရင်း ဆက်ပြောသည်။

"အပြင်လောကမှာတော့ခိုးမှစားရတယ်၊ ထောင်ထဲကျတော့မခိုးဘဲ စားရတယ်လေ - ဆရာ"

ကျွန်တော် ပြုံးမိသွားသည်။

သူ့ကိုကျွန်တော်သဘောကျသည်မှာ ယင်းအချက်ပင်ဖြစ်ပါသည်။ ကျွန်တော် ဒုစရိုက်သမားများကို ထိန်းသိမ်းထားရသူဖြစ်၍လားမသိ၊ ဒုစရိုက်မှုကို အလွန်စက်ဆုပ်ပါသည်။ သို့သော်ဖြောင့်ဖြောင့်ဟဝန်ခံတတ်သော၊ ဟန်ဆောင်မှုကင်းသောကိစ္စများကိုမူ သဘောတွေ့တတ်ပါသည်။ ထို့ကြောင့်လည်းဦးဘထွေးကိုကျွန်တော် သဘောအကျကြီး ကျနေမိခြင်းဖြစ်သည်။

"ဒါပေမဲ့ - ဆရာရယ် - လူချင်းတူပေမယ့် သူချင်းမမျှတာလေးတွေတော့ ရှိသေးတယ်"

"ဘယ်မှာလဲ - ထောင်ထဲမှာလား အပြင်မှာလား"

ရှင်းရှင်းလင်းလင်းသိရန် ကျွန်တော်က မေးရပါတော့သည်။

"ထောင်ထဲမှာတော့ မဟုတ်ပါဘူး၊ ကျွန်တော်ဆိုလိုတာက အပြင်လောကမှာပါ - ဆရာ"

ကျွန်တော့်ရင်ထဲမှာတော်သေးတာပေါ့ဟု အောက်မေ့လိုက်ရပါ၏။

"ကျွန်တော့်အမြင်မှာတော့ လူတွေဟာ သူခိုးတွေချည်းပါပဲ - ဆရာရယ်"

"ဟာ - ဦးဘထွေး - ခင်ဗျားကတော့ ပြောရော့မယ်၊ ဘယ်လိုတွေလဲဗျာ"

ကျွန်တော်တထိတ်တလန့်မေးမြန်းသည်။

"ဆရာ စဉ်းစားပါနော်၊ လူတွေ ဘယ်လိုချမ်းသာလာကြသလဲ၊ သန်းကြွယ်သူဌေးတွေ ဘယ်လိုဖြစ်လာကြသလဲ၊ ငွေကိုစင်း၊ ငွေကိုရင်းပြီးကောင်းရောင်းကောင်းဝယ်ဆိုတဲ့လူတွေဟာလည်းခေါင်းပုံဖြတ် အမြတ်ကြီးစားတွေပဲ၊ သူတို့တစ်တွေလည်းတကယ်တော့ သူခိုးတွေပဲမဟုတ်လား - ဆရာ"

"ကောင်းရောင်းကောင်းဝယ်ပဲဗျာ၊ ဦးဘထွေး - ဘယ်ကသူခိုး ဖြစ်ပါတော့မလဲ"

ဦးဘထွေးက ခေါင်းခါပြနေပါသည်။

"အဲဒီလောကကိုဆရာမကျင်လည်ဘူးလို့ပါ။ ကျွန်တော်ဆိုရင် အဲဒီလောကမှာကျင်လည်ခဲ့တာနှစ်ပေါင်းလေးဆယ်ရှိပြီ - ဆရာ၊ ကျွန်တော် သိရသလောက်တော့ သိပ်ချမ်းသာတယ်ဆိုတဲ့လူတွေဟာ သူတို့လောက် မချမ်းသာတဲ့လူတွေဆီက ခိုးတယ်၊ အဲဒီလူတွေကလည်း နည်းနည်းချမ်းသာတယ်ဆိုတဲ့သူတွေဆီက ခိုးပြန်ရော၊ အဲဒီလို အဆင့်ဆင့်ခိုးလိုက်ကြတာနောက်ဆုံးတော့ဘာဆိုဘာမှမရှိတဲ့ကျွန်တော်တို့လိုကောင်တွေဟာ သူတို့အားလုံးတွေဆီက ရနိုင်သမျှခိုးရတော့တာပေါ့ - ဆရာရယ်"

သူ့စကားအဆုံးတွင် ကျွန်တော်သည် အသံထွက်၍ပင် ရယ်မိပါတော့သည်။

"ဦးဘထွေးရယ် - ခင်ဗျားတကယ် အပြောကောင်းတဲ့လူပဲ၊ နောက်ဆုံးတော့ ခင်ဗျားလိုချင်တဲ့မှတ်တိုင်ရောက်အောင် မောင်းတော့တာကိုးဗျ"

"ဆရာ - အဲလိုရယ်တာကျွန်တော် ဝမ်းသာပါတယ် - ဆရာ"

"ဘာဖြစ်လို့လဲဗျာ - ဦးဘထွေး"

"ကျွန်တော်ပြောတဲ့လူတွေထဲမှာ ဆရာမပါဘူးလို့ ထင်နေလို့ ရယ်နေတာမဟုတ်လား - ဆရာ"

"ဟာဗျာ - ကျွန်တော်တို့ကော ပါနေလို့လား"

ကျွန်တော် အရယ်ရပ်ပစ်ပြီး မေးမိတော့သည်။

ကျွန်တော် ဘာမှပြန်မပြောဖြစ်ပါ။ မလုံမလဲဖြင့် ပြုံးနေမိပါသည်။

ကျွန်တော့်မျက်လုံးထဲတွင် ထောင်ကျနေသောကျိုကျိုတက်ချမ်းသာနေသူများ၊ ရာထူးရာခံရှိသူများ၊ ဘာမက ပညာတတ်များ၊ ပညာမဲ့များ၊ ကုန်းကောက်စရာမရှိအောင် ဆင်းရဲသူများ၏မျက်နှာကို မြင်ယောင်နေမိပါတော့သည်။

"ကျွန်တော် လေ - ထောင်ထဲရောက်ပြီးအခုလိုဆေးရုံရောက်တော့မှ လောကကြီးကို နားလည်တော့တယ် ဆရာ"

www.burmeseclassic.com

"ဟုတ်လား - ဘယ်လိုနားလည်တာလဲ - ဦးဘထွေး"

"ဗြော် - သဘာဝလောကကြီးဟာ သူ့ဘာသာ သူ့တာဝန်ကျေအောင် လုပ်ရင်း အလုပ်ရှုပ်နေတာကလား။ အချိန်တန်လာရင် မိုးရွာပေးရမယ်၊ နေသာပေးရမယ်၊ ပန်းပွင့်ပေးရမယ်။ သူလုပ်တတ်တဲ့အလုပ်ကို အချိန်မှန်မှန်လုပ်နေတာကိုး - ဆရာရဲ့"

"ခင်ဗျား ဘာပြောချင်တာလဲ ဦးဘထွေး"

"ဘယ်သူမဆို ကိုယ်ကျွမ်းကျင်တဲ့ အလုပ်တော့ လုပ်ကြရမှာပဲ - ဆရာရဲ့"

"ဟုတ်တယ်လေဗျာ၊ ကိုယ့်တာဝန်ကိုယ် ကျေသင့်တာပေါ့၊ ဘာဖြစ်လို့လဲ"

"ဒါဆို - ကိုယ့်ဘဝတကျာအတွက် ကိုယ်ကျွမ်းကျင်တဲ့ပညာနဲ့ တာဝန်ကျေနေရတဲ့ ကျွန်တော့်လူကို ဆရာ အပြစ်တင်မလား - ဆရာ"

သူ့အမေးစကားအတွက် ရုတ်တရက် ကျွန်တော် ဘာပြန်ပြောရမှန်း မသိပါ။ သို့သော် ကျွန်တော့်ခေါင်းထဲမှ အသိတစ်ခုကိုပြန်လည်သတိရလိုက်မိသည်။ ယင်းမှာ လူတို့သည် မိမိတို့၏ အကျင့်အကြံများ၏အကျဉ်းသားတည်းဟူသော အဆိုအမိန့် ဖြစ်ပါသည်။

"ဒါကတော့ - လူဆိုတာကိုယ့်အယူအဆနဲ့ကိုယ်ပေါ့ဗျာ။ ကိုယ်က မှန်တယ်ထင်ပေမယ့်ပတ်ဝန်းကျင်က အထင်မှားနေပြီဆိုရင် အချိန်မီပြင်ရင်ပြင်၊ မပြင်နိုင်ရင် ကိုယ်ဟာ အထီးကျန်ဖြစ်သွားရမှာပဲ ဦးဘထွေး"

"ဆရာဆိုလိုတာကအများမိုးခါးရေသောက်သလို ကိုယ်လည်း သောက်ရမယ်ပေါ့။ ဒီလိုလား - ဆရာ"

"ဒါဟာလည်း ကိုယ်သောက်ချင်မှဖြစ်တာပါ။ သောက်ချိန်တန်ပါရဲ့နဲ့ မသောက်လိုက်ကြလို့အရှုံးဖြစ်ခဲ့ရတဲ့သူတွေ ရှိခဲ့ကြတာပဲမဟုတ်လားဗျာ"

သူ ဘာမျှမပြောတော့ပါ။ ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ခဏကြာမှ အသနားခံသောအကြည့်ဖြင့်ကြည့်ရင်း မေးလာသည်။

"ဒါဆို - သူခိုးဘဝက ကျွန်တော် လွတ်ရာလွတ်ကြောင်း နည်းလမ်းများ ရှိရင် ပြောပြပါလား - ဆရာ"

ကျွန်တော် ပြုံးလိုက်မိသည်။ မရိုးတင်ကဲ့အပြုံးဖြစ်ကြောင်း သူ အကဲခတ်တတ်လျှင် သိပါလိမ့်မည်။

"အဟင်း - ကျွန်တော် ခင်ဗျားကို သဘောကျတာ အဲဒါတွေပဲဗျ ဦးဘထွေးရဲ့။ ခင်ဗျားမှာက ရိုးသားပွင့်လင်းရုံသာ ကပဲ သတ္တိလည်းရှိတယ်။ အခု - အမှားတွေသိတော့လည်း ပြင်ဖို့အသိ ရှိပြန်တယ်။ နည်းလမ်းလိုချင်တယ်"

"ဟုတ်တယ်လေ - ဆရာ"

"ဒါပေမဲ့ - ဦးဘထွေးရယ်။ ပွင့်ပွင့်လင်းလင်းပြော၊ ခင်ဗျားနဲ့ကျွန်တော့်ကြားမှာ ကွာဟမှုတစ်ခုက သိပ်နက်ရှိုင်းတယ်ဗျာ"

"ဘာကိုလဲ - ဆရာ"

မျှော်လင့်တကြီးဖြစ်နေရှာသော သူ့မျက်နှာကို ကြည့်ရင်း ကျွန်တော် ပြောရက်သလို ဖြစ်သွားရပါသည်။

"ပြောပါ - ဆရာ။ ကျွန်တော့်ကို အားမနာပါနဲ့"

အသနားခံသော သူ့အသံမှာ တုန်ယင်ယင်ဖြစ်နေသည်။

"ခင်ဗျား အနားယူပါဦးဗျာ။ အေးအေးဆေးဆေးနားပါ - ဦးဘထွေး"

သူ မျက်လွှာချသွားသည်ကို ကျွန်တော် ဂရုတစိုက်ကြည့်သေးသည်။ ထို့နောက် သူ့ကိုနှုတ်ဆက်ပြီး ကျွန်တော် ပြန်ခဲ့ပါသည်။ တံခါးဝတွင် ရပ်စောင့်နေသော အကျဉ်းထောင်ဆရာဝန်၏စကားကို နားထောင်အပြီး ကျွန်တော် သက်ပြင်းရှည်ကြီးကို ရှိုက်ဖြစ်သည်။

နောက်တစ်ကြိမ် ကျွန်တော်လာသောအခါ ဦးဘထွေးတစ်ယောက် အသက်ရှင်လျက် ရှိချင်မှ ရှိပါတော့မည်။

ကျွန်တော့်ရင်ထဲကမူ သူ့ကိုမပြောဖြစ်ခဲ့သောစကားများ ပြောနေမိပါသည်။

"အချိန်မီပြင်သင့်ပါလျက်နဲ့ မပြုပြင်ခဲ့တဲ့အတွက် ခင်ဗျားဘဝသံသရာလည်ခဲ့တာ ပဲ။ အခုတော့ - အသိကောင်းပေမယ့် အခါနှောင်းခဲ့ပြီ - ဦးဘထွေးရေ"

>> ဘသက်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



# ရေစက် အတွယ်အတာ

**ကျွန်တော်တို့** ရွာသည်ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းရှိ ဇီးကုန်းမြို့၏ အရှေ့ဘက်၊ အလယ်ရိုးမတောင်ခြေတွင်ရှိသည့် ဆလိုင်းချင်းများ၊ ကွင်းကရင်များနှင့် ရှမ်းဗမာ အစရှိသော တိုင်းရင်းသား ခေါင်းစုံတို့စုဝေးနေထိုင်ရာအိမ်ခြေလေးရာကျော်မျှရှိ ရွာကြီးတစ်ရွာဖြစ်၏။

ကျွန်တော်တို့ ကျေးရွာရှိ ရွာသူရွာသားများသည် တောင်ခြေတောရွာ၌နေထိုင်ကြသူများပီပီ ပြောင်း၊ နှမ်း၊ မြေပဲ၊ ရှောက်၊ သခွား၊ ဖရုံ၊ ဖရဲ အစရှိသည့် ရာသီအလိုက် သီးနှံ (တောင်ယာ) များစိုက်ခြင်း၊ ပါယ်များ၌ အကန့်ငယ်များ ကန့်၍ မိုးရာသီစပါးစိုက်ခြင်း၊ တောင်စောင်းများတွင် ရှူးထိုးစပါးစိုက်ခြင်း၊ သစ်ခုတ်ဝါးခုတ်လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ချေးရယ် အစရှိသောသားကောင်များ ပစ်ခတ်ဖမ်းဆီးသော မုဆိုးအလုပ်လုပ်ခြင်း စသည့်အလုပ်မျိုးစုံတို့ လုပ်ကိုင်ကာ အသက်မွေးမှုပြုသည့် ရွာကြီးတစ်ရွာလည်းဖြစ်သည်။

ထိုအထဲတွင်ကျွန်တော်တို့မိသားစုလည်း ပါဝင်ပါသည်။ ကျွန်တော့်တွင် အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်ရှိပြီး အားလုံး အလုပ်ကိုယ်စီနှင့်ဖြစ်၍

ကိုလိုနီခေတ် ဆရာစံတော်လှန်ရေး
ကာလမှ အကြောင်းအရာနှစ်ခုကို
စိတ်ဝင်စားဖွယ်ဖြစ်အောင်
သည်းထိတ်ရင်ဖိုနှင့် ပီညာပြ
လောက ရောနှောရေးဖွဲ့ထားသော
ဇာတ်လမ်းဖြစ်သည့် ..

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တစ်ယောက်သာ အလုပ်မလုပ်နိုင်သေးသည့်အရွယ် ဖြစ်သဖြင့် အလုပ်မလုပ်သေးဘဲ ရှိနေ၏။

အဖေသည် တစ်ခါတစ်ရံ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်ဆတ်တို့ကို တူမီးယမ်းထောင်းသေနတ်တစ်လက်၊ ဗလမောင်၊ ဗလအောင်ဆိုသော ခွေးနှစ်ကောင်ဖြင့် ပစ်ခတ်ဖမ်းဆီးတတ်သလို တစ်ခါတစ်ရံ ညအချိန် ကြောင်တို့၊ ယုန်တို့ ထောင်တတ်ပြီး တစ်ခါတစ်ရံ၌ ပုတတ်တို့၊ ဖွတ်တို့ ရှာတတ်ပါသည်။ အစ်ကိုက အဖေ့ကို အထောက်အကူပေးရသည်။ အမေနှင့် အစ်မကတော့ အဖေရှာရလာ သောသားကောင်များမှ အသားများကို ရှာထဲ လှည့်လည်ရောင်းရရ၏။

ယခုနှစ်တော့ အဖေက ပွင့်လင်းရာသီတွင် ခုတ်ကြီးတောင်အရှိုးမြောက်ဘက်၊ ပုတတ်ထောင်သွားလျှင် အရွယ်ရောက်စ ပြုလာပြီဖြစ်သည့် ကျွန်တော့်ကို ခေါ်မည်ဟု ပြောပါသည်၊ ကျွန်တော် ပျော်သွားသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်ကိုယ်တိုင် ဝါသနာပါသောလုပ်ငန်းဖြစ်သောကြောင့် ဖြစ်၏။ နောက်တစ်ခုကလည်းကျွန်တော်သည် ရှိုးမတောင်ခြေတွင် နေလင့်ကစား ရှိုးမကြီးပေါ်သို့ မရောက်ဘူးသောကြောင့် ဖြစ်၏။

•●•

ကျွန်တော်တို့ရွာနှင့် ခုတ်ကြီးတောင်မှာ တစ်ဆယ့်နှစ်မိုင်ခန့် ဝေးပါသည်။ ကြားတွင် တောင်ဆင်း၀၊ ဆင်အိပ်၊ ခွေးလေးမြောင်၊ ကျွေ့လေး၊ ကျွေ့ကြီး၊ ထူးကြီး စသည့်တောင်များရှိ၍ အဆင်းအတက်ပေါင်းမြောက်များစွာကို ဖြတ်ကျော်ပြီး ခက်ခက်ခဲခဲသွားရသော ခရီးဖြစ်သည်။

ခုတ်ကြီးတောင်သည် ကျွန်း၊ ပျဉ်းကတိုး၊သစ်ယာ၊အင်ကြင်း၊ရုံး၊ပိတောက် အစရှိ သစ်ကြီးများနှင့် ကြသောင်း ဝါးဘိုး၊ ထီးရိုး၊ ဝါးဖြူ၊ တင်းဝါး စသည့် ဝါးတောကြီးများ ထူထပ်စွာ ပေါက်ရောက်ရာ တောင်ကြောကြီးဖြစ်သဖြင့် မည်းမှောင်ပိန်းပိတ်၍နေပါ၏။

အဖေက တောင်ကြီး၏သမိုင်းကြောင်းကျွန်တော့်ကို ပြောပြပါသည်။

"ခုတ်ကြီးတောင်ဆိုတာဒီတောင်ပဲ လူလေးရဲ့၊ အရှိုးမြောင်ဆိုတာကတော့ လှမ်းကြည့်လိုက်ရင် မြင်နေရတဲ့ ဟိုရှေ့ကတောင်နှစ်တောင်ကြားထဲကမြောင်ကိုခေါ်တာ။ ဒီခုတ်ကြီးတောင်ကတခြားတောင်တွေထက်ပိုမြင့်သလိုအရှိုးမြောင်ဆိုတာကလည်း မြောင်လို့ဆိုတဲ့အတိုင်းနက်တာကလွဲလို့ တကယ့်မြောင်မြောင်လေးပဲ"

"သွားရေးလာရေး ခက်ခဲပြီး ဘေးကတောင်စဉ်တောင်တန်းတွေကြားထဲမှာ ဖြစ်နေတဲ့ ဒီခုတ်ကြီးတောင်မှာ တစ်ချိန်က တို့နိုင်ငံ အင်္ဂလိပ်ကိုလိုနီဘ၀နဲ့ အင်္ဂလိပ်ရဲ့ကျွန်ပြုခံနေခဲ့ရတဲ့အချိန် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့တဲ့ တောင်သူလယ်သမားခေါင်းဆောင်ကြီး ဂဠုန်ဆရာစံနဲ့ ဂဠုန်တပ်ဖွဲ့ကြီး စခန်းချခဲ့ဖူးပြီး သမိုင်းပြောင်မြောက်ခဲ့တဲ့နေရာတစ်ခုပေါ့-လူလေးရဲ့"

"အရင့်အရင်တွေတုန်းကတော့ ဒီတောင်ကြီးဟာ အခြားတောင်တွေလိုပဲ သာမန်တောင်ကြီးတစ်တောင်ပါပဲ။ ဒါပေမဲ့ - ဆရာစံအဖွဲ့နဲ့ အင်္ဂလိပ်စစ်တပ်၊ ကုလားစစ်ဗာရီတွေ တွေ့ဆုံတိုက်ပွဲဖြစ်ခဲ့တဲ့အချိန်ကစပြီး ခုတ်ကြီးတောင်တို့၊ အရှိုးမြောင်တို့ဆိုတဲ့အမည်ပညတ်တွေနဲ့ နာမည်ကြီးခဲ့တာပဲ"

"အဖြစ်က ဒီလိုကွဲ့-လူလေးရဲ့"

•●•

အချိန်က ညနေဆည်းဆာ။

ရောင်တစောင်းထိုးပြီး ပဝါလေးတစ်စခေါင်းတွင်ပေါင်းကာကျော၌အနီးအသွားနှစ်တောင်ကျော်ကျော်နီးပါးရှိ ငှက်ကြီးတောင်ဓားကြီးကိုပိုးထားသောအသက်လေးဆယ်ခန့်မျှလောက်ရှိ အသားညိုညို၊ ဗလကောင်းကောင်းနှင့် ခါးတောင်မြှောင်နေအောင် ကျိုက်ထားသော လူရွယ်တစ်ယောက်သည် ဖောင်းဝတ်မြင်းကြီးကိုစီး၍ ရေးကြီးသုတ်ပျာနှင့် တောင်တန်းအတိုင်းအပြေးအလွှားလာနေသည်။

မြင်းကြီးက သန်သလောက် တော်ရုံချောက်ကြီးများကို လွှားခနဲ လွှားခနဲ ကျော်ဖြတ်ကာ ဒုန်းစိုင်းလျက်ရှိ၏။ အပြေးသန်လှ၏။

ထိုသူလာရာဘက်ရှေ့တူရူမှတောင်ပူစာတစ်ခုရှိ သစ်ပင်ကြီးအောက် ဓားကျောပိုးပြီးရပ်နေသူတစ်ဦးကတော့ သူ့ဘက်ဦးတည်လာနေသူကို ဟန်ပါပါ လက်နှစ်ဖက်ပိုက်လျက် မျက်တောင်မခတ် စိုက်ကြည့်နေသည်။ နီးသထက်ထိုးလာမှခေါင်းဆတ်ခနဲညိတ်လိုက်ရင်း သူ့နောက်ကျောဘက်ရှိလူတစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

"သာ၀"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျာ-ဗိုလ်မင်း"

သူ့ခေါ်သံနှင့်မရှေးမနှောင်းပင်ပြန်လည်ထူးသံတစ်သံနှင့်အတူသာဝဆိုသူပြေးထွက်လာပြီးဗိုလ်မင်းဆိုသူ၏ရှေ့၌နှိုကျိုးစွာ ရပ်လိုက်သည်။

"ဟိုဘက်တောင်ကြောကလာနေတာ၊ အထောက်တော် လှဒင်-ဟုတ်စ"

သာဝက ဗိုလ်မင်းဆိုသူ ညွှန်ပြရာသို့ကြည့်လိုက်ရင်း-

"မှန်ပါ့-ဗိုလ်မင်း။အထောက်တော်လှဒင်ပါ"

"အိမ်း-ဒါဆိုရင်တော့ အကြောင်းထူးတော့ ရှိနိုင်မယ်ထင်ပ"

ဗိုလ်မင်းဆိုသူက ဝေဖန်စကားဆိုလိုက်ရင်း-"ဟဲ့-သောဝ-အထောက်တော်ကို အရျက်ပြခေါ်လိုက်"ဟု ပြောလိုက်သည်။

ဗိုလ်မင်းစကားအဆုံး သာဝက "ဟုတ်ကဲ့-ဗိုလ်မင်း"ဟုဆို၍ တစ်ဖက်တောင်ကြောဆီ ပြေးဆင်းသွား၏။ ခဏအကြာတွင်ပင် အထောက်တော်နှင့်သာဝ ပြန်ရောက်လာ၏။

လှဒင်သည် ဗိုလ်မင်းဆိုသူအား အရိုအသေပြုလိုက်ပြီး-

"အကြောင်းထူးတယ်-ဗိုလ်မင်း" ဟု ရောက်မဆိုက် သတင်းပို့လိုက်သည်။

"ဆိုစမ်းပါ့-အထောက်တော်ကြီး"

"ဒီလိုပါ-ဗိုလ်မင်း၊ တောင်းဝှက်ရွာက ဆယ့်တစ်အုပ်စုသူကြီး ဘိုးပန်းအောင်ရဲ့သမီး"

"နေဦး-ဆယ့်တစ်အုပ်စုသူကြီး ဘိုးပန်းအောင်ဆိုတာ သူ့သမီးကို အင်္ဂလိပ်မြို့ပိုင်တစ်ဦးက သားမယားအဖြစ်စော်ကားလို့အဲဒီမြို့ပိုင်ကိုသတ်မှုနဲ့ ကြိုးကျခံသွားရတဲ့ ဘိုးပန်းအောင်လား"

"ဟုတ်ပါတယ်-ဗိုလ်မင်း-ဟုတ်ပါတယ်"

"ကဲ-ကဲ-ဆက်စမ်းပါဦး။ ဘိုးပန်းအောင်ရဲ့သမီးက ဘာဖြစ်သလဲ"

"ဘာဖြစ်သလဲဆိုတော့ သူက သူ့အဖေ ဘိုးပန်းအောင် ကြိုးပေးခံရပြီးမကြာခင်မှာပဲ မြို့ကို အသစ်ရောက်လာတဲ့ အင်္ဂလိပ်မြို့ပိုင်တစ်ယောက်နဲ့ လက်ထပ်လိုက်တယ်"

"ဟော-ဟုတ်စ"

"ဟုတ်ပါ့-ဗိုလ်မင်း။နောက် သူကအင်္ဂလိပ်တွေရဲ့စပိုင်အဖြစ်နဲ့ ကျွန်တော်တို့တွေရဲ့တော်လှန်ရေးလှုပ်ရှားမှုတွေကိုစုံစမ်းပြီးအင်္ဂလိပ်တွေနဲ့သူ့ယောကျ်ားအင်္ဂလိပ်မြို့ပိုင်ကြီးကို အမြဲသတင်းပေးတဲ့အလုပ် လုပ်နေပါတယ်၊ ခုတလော ကျွန်တော်တို့ ဂဠုန်တပ်ဖွဲ့တွေနေတဲ့စခန်းတွေကို ခဏခဏ ချေမှုန်းခံနေရတာဟာ သူ့လက်ချက်ဖြစ်တယ်ဆိုတဲ့အကြောင်းစုံစမ်းသိရပါတယ်။ တကယ်တော့-အင်္ဂလိပ်တွေရဲ့အသက်မပါတဲ့ချစ်ခြင်းအောက်မှာ အသုံးချခံနေရတာပါ"

"ဒီလိုလားကွဲ့"

"မှန်ပါတယ်-ဗိုလ်မင်း။ အဲဒီအကြောင်းတွေကို သူ့ရဲ့တစ်အူထုံဆင်းဖြစ်တဲ့ မောင်အရင်းကိုယ်တိုင် ပြောခဲ့တာတွေပါ။ အခုလည်း ဂဠုန်ဆရာစတပ်ဖွဲ့ဘယ်မှာရှိသလဲဆိုပြီး တောမုဆိုးတွေနဲ့ မျှစ်တိုးမှိုရှာသမားတွေကိုငွေပေးစုံစမ်းနိုင်းလို့ ကျွန်တော်တို့ စခန်းကြီးကိုသူတို့ သိသွားကြပါပြီ"

"နောက်တစ်နေ့မှာ ကျွန်တော်တို့စခန်းကြီးကို အလုံးအရင်းနဲ့ လာတိုက်မည့်အကြောင်းမျိုးရျစ်စိတ်အပြည့်အဝရှိတဲ့ မောင်လုပ်သူရဲ့သတင်းပေးချက်အရ သိရပါတယ်"

"သေချာရဲ့လား-အထောက်တော်ကြီး"

"သေချာပါတယ်-ဗိုလ်မင်း။ သူ့ရဲ့မောင်ကလည်း တကယ်တော့ ကျွန်တော်တို့နဲ့တစိမ်းတွေ မဟုတ်ကြပါဘူး။ ဗိုလ်မင်းသင်တပ်က တော်လှန်ရေးရဲဘော်တစ်ဦးပါ"

အထောက်တော်၏ စကားအဆုံး ဗိုလ်မင်းက နာကြည်းခံပြင်းစွာ တောက်တစ်ချက် ခေါက်လိုက်သည်။

"တော်တော် ယုတ်မာတဲ့ အမျိုးယုတ်မ၊ ကိုယ့်နိုင်ငံကိုလည်း ကျွန်ပြုကိုယ့်ဖခင်ကိုလဲ သတ်၊ ကိုယ့်ကိုလည်းမတရားစော်ကားခဲ့တဲ့မိစ္ဆာတွေကိုမှ—"

•●•

နောက်တစ်နေ့နံနက်ဝေလီဝေလင်းတွင် အင်္ဂလိပ်မြို့ပိုင် ရှပတ်နှင့် မေရှာလှဝင်တို့ခေါင်းဆောင်သည့်တပ်ရှိလာမြို့၌ စခန်းတွင် တော်လှန်ရေး ဂဠုန်တပ်ကြီးကို လုံးဝမတွေ့ရတော့ချေ။ ချက်စီနေကြသည့်တဲများနှင့် မီးလောင်ပြီး မြ

www.burmeseclassic.com

ကျနေကြသော တဲအရိုကိုသာ တွေ့ကြရ၏။

"သူပုန်တွေ ပြေးကုန်ပြီ"

အင်္ဂလိပ်စစ်သားများနှင့် စစ်ဗိုလ်များ၊ အင်္ဂလိပ်အလိုတော်ရိများတို့သည် တော်လှန်ရေးတပ်သားများ၏ အရိပ်အယောင်မျှ မတွေ့ကြရတော့သဖြင့် သွေးအေးသွားကြပုံရကာ သစ်ပင်ဝါးပင်အောက်များတွင် ခြေပစ်လက်ပစ် အနားယူနေလိုက်ကြသည်။

မြို့ပိုင် ရှပတ်နှင့် မေဂျာလူးဝစ်တို့ ကိုယ်တိုင်ပင် ဤနေရာနှင့် အနီးအနားတစ်ဝိုက်၌ ရန်သူလုံးဝမရှိနိုင်တော့ကြောင်း တွက်ဆကာ အေးအေးဆေးဆေးပင်၊ အနားယူနေလိုက်ကြ၏။ လှဲသူလှဲ၊ ထိုင်သူထိုင်၊ အိပ်သူအိပ်ဖြင့် ဖြစ်ကုန်ကြသည့် မေဂျာလူးဝစ်ကိုယ်တိုင် ယမကာအရှိန်ဖြင့် တခေါခေါ အိပ်မောကျသွား၏။

"အေးအေးဆေးဆေး အနားယူကြ၊ မှောင်တာနဲ့ တပ်ပြန်ခေါက်မယ်၊ ဒီကောင်တွေ ဒီအနီးအနားတစ်ဝိုက်မှာတော့ မရှိနိုင်တော့ဘူး"

လူးဝစ် အိပ်မပျော်ခင် မှတ်ချက်ပြုသွားသောစကားဖြစ်သည်။

ထိုအချိန်တွင်ပင် မမျှော်လင့်သည့် မြားတစ်စင်းသည် ဘယ်ကဘယ်လို လာလိုက်မှန်းမသိဘဲ မေဂျာလူးဝစ်၏ နားထင်ကို "ဖောက်" ခနဲ စူးဝင်ထုတ်ချင်းခတ်သွား၏။ အဆိပ်လူးထားသော မြားဖြစ်သဖြင့် လူးဝစ် လှုပ်ချိန်ပင် မရလိုက်၊ မြားနောက်အသက်ပါသွားသည်။ သို့သော် ထိုအဖြစ်ကိုတော့ မည်သူတစ်ဦးတစ်ယောက်မျှ မသိလိုက်၊ အားလုံး အေးအေးဆေးဆေး။

မကြာပါချေ၊ တပ်ဖျောက်ထားသော သုပဏ္ဏက ဂရုဏရာဇာဆရာစံ၏ တပ်ကြီးသည် တိမ်ကြားမှ ကျလာသည့် အလားလေးဖက်လေးတန်တောတောင်အတွင်းမှ ပေါ်ထွက်လာကာ အင်္ဂလိပ်တပ်ကြီးကို ညှာသံပေး၍ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ကြလေ၏။

မမျှော်လင့်သည့်ဖြစ်ရပ်ဖြစ်သဖြင့် အင်္ဂလိပ်တပ်လည်း မည်သို့မျှ မတတ်နိုင်ဘဲ သဘောမျှလောက်သာပြန်လည်တိုက်ခိုက်နိုင်ပြီး ဂဠုန်ဆရာစံ၏ တော်လှန်ရေးတပ်ဖွဲ့များ၏ ဓားချက်အောက်တွင် အသက်ပျောက်ကြရတော့သည်။

ထိုတိုက်ပွဲ၌ မြို့ပိုင်ရှပတ်နှင့် လူးဝစ်တို့အပါအဝင် အင်္ဂလိပ်တပ်သား (၁၀၀)



ကျော်ကျဆုံးကာ အနည်းအကျဉ်းသာ အသက်ပြေးလွတ်မြောက်ခဲ့ကြ၏။

•••

"အဲဒီတိုက်ပွဲမှာ ဂဠုန်တပ်ဖွဲ့ကြီး အောင်ပွဲရခဲ့တယ် - လူလေးရဲ့အောင်ပွဲ ဆယ်ဆိုလို့သူတို့လိုလက်နက်ကောင်းတွေ ရှိတာမဟုတ်ဘူး။ နဂိုကတည်းက အသက်လပ်ရေးအတွက် ရရာလက်နက် ကိုင်ပြီးတော်လှန်ခဲ့တဲ့အာဇာနည်တွေ ပီ တုတ်နဲ့၊ ဓားနဲ့၊ လှံနဲ့၊ လေးမြားနဲ့ပဲ တိုက်ခဲ့ကြတာ။ အဓိကကတော့ဓားပေါ့။ သူကို ဓားနဲ့ ခုတ်တိုက်ခဲ့တာပေါ့။

အဲဒီတိုက်ပွဲကို အစွဲပြုပြီး ဒီတောင် "ခုတ်ကြီးတောင်" လို့ ခေါ်ခဲ့ကြတာ။ အရိုးမြောင်ဆိုတာကလည်း အဲဒီတိုက် ကျဆုံးခဲ့ကြတဲ့ ကုလားစစ်ဗိုလ်တွေ၊ အင်္ဂလိပ်အလိုတော်ရိတွေ၊ အင်္ဂလိပ်စစ်သားတွေရဲ့အလောင်းတွေကိုအဲဒီမြောင်မှာ ပစ်ချထားခဲ့ကြရာက ကြာတော့ အရိုးတွေ ကျပြီးနေတဲ့အတွက် "အရိုးမြောင်" လို့ သမုတ်ခဲ့ကြတာ"

အဖေ၏ ခုတ်ကြီးတောင်နှင့် အရိုးမြောင်အကြောင်း သိသမျှ ပြောပြချက် ဖြစ်၏။

ကျွန်တော်သည် အဖေ ပြောပြသော ခုတ်ကြီးတောင်နှင့် အရိုးမြောင် သမိုင်းမှ ဂဠုန်ဆရာစံ၏ လယ်သမားတပ်ဖွဲ့ကြီးနှင့် အင်္ဂလိပ်တပ်တို့၏တိုက်ပွဲကို ပုံဖော်ရင်း မြင်ယောင်နေမိပါသည်။

ကျွန်တော်တို့ရောက်သည့်နေ့တွင်ပင် အဖေက ကျွန်တော်တို့သားဖသုံးယောက် နေနိုင်လောက်သည့်တဲလေးကို ဖျဉ်းမကိုင်းများ တိုင်လုပ်၍ ဝါးပိုးဝါးများကို ကြမ်းခင်းနှင့် အမိုးအကာလုပ်ကာ ထိုးလိုက်ပါသည်။ ရောက်သောနေ့ကတော့ တဲထိုးရေဘူးအတွက် ဝါးကျည်တောက်ခုတ်၊ ပုတတ်ထောင်နိုင်မည့် နေရာရွေးဖြင့် အချိန်ကုန်ပြီး နောက်တစ်နေ့မှ အလုပ်စကြရပါ၏။

ကျွန်တော်၏အလုပ်မှာစခန်းစောင့်နှင့် ထမင်းဟင်းချက်၊ ပုတတ်ထောင်ရန် ချည်ခင်များကို ကွင်းလျှောလေး လုပ်ပေးရသောအလုပ်ဖြစ်သည်။ အဖေနှင့် အစ်ကိုက မိုးလင်းသည်နှင့် ထမင်းကြမ်းစားသောက်ပြီး ပလိုင်းကိုယ်စီလွယ်လျက် ပုတတ်ထောင်ထွက်၊ နေ့လယ် (၁၂)နာရီတစ်ချက် ပြန်ထမင်းစား၊ ထမင်းစားပြီးသည်နှင့် အနားမယူနိုင်ဘဲ ပြန်ထွက်၊ ညနေ(၄)နာရီ (၅)နာရီ

www.burmeseclassic.com

လောက်မှ အလုပ်သိမ်း၊ ရသမျှ ပုတတ်များကို သိုလှောင်ကြရသည်။

ညရောက်တော့ အဖေက -

"လူလေးကို ပြောဖို့ ကျန်နေသေးတယ်၊ တခြားတော့ မဟုတ်ဘူးကွဲ၊ ဒီတောင်က နတ်ကြီးတယ်၊ စကားတိုင်း မပြောရဘူး၊ အပေါ့အပါးအလေးအခင်း သွားတာကအစ "ကန်တော့ကတက်" ဆိုပြီးမှ သွားကြရတယ်၊ ကြားရဲ့လား" ဟု ပြောပါသည်။

ကျွန်တော် အဖေ့စကားကြားရတော့ တောထဲ၊ တောင်ထဲတွင် တစ်ယောက်တည်း နေနေရသည့်အဖြစ်ကို တွေး၍ ကြက်သီးမွေးညင်း ထသွားပါသည်။

"အဖေ - အစက ဘာလို့မပြောတာလဲ"

"အဖေ မေ့နေလို့ မပြောဖြစ်တာ လူလေးရဲ့၊ ဒါပေမဲ့ - အဖေကိုယ်တိုင် တောပိုင်တောင်ပိုင်တွေနဲ့ သက်ဆိုင်ရာတွေကို တောင်းပန်တော့ တောင်းပန်ထားပြီးသားပါ၊ လူလေးသိအောင်သာ ပြောပြထားတာပါ၊ ရှိသေသမှုရှိတော့ ပိုကောင်းတာပေါ့"

နောက်နေ့နောက်နေ့များ၌ စခန်း၌ တစ်ယောက်တည်း ကျန်ခဲ့ရသော ကျွန်တော်သည် ခါတိုင်းလိုမဟုတ်ဘဲ အနည်းငယ်ကြောက်စိတ်ဝင်သလိုဖြစ်၍ အဖေ့ကိုမျှော်နေမိ၏၊ ကိုယ့်လိုပုတတ်ထောင်လာတဲ့သူတစ်ယောက်ယောက်ရောက်လာရင် တောင်းမှာပဲဟုလည်း တွေးနေမိပါသည်၊ ဘယ်လို နည်းနှင့်ဖြစ်ဖြစ် အဖေ်ရောက်စေချင်သည်က အမှန်ဖြစ်ပါ၏။

သည်လိုနှင့်တတိယမြောက်နေ့ကို လွန်လာခဲ့၏။

ထိုနေ့က တောငှက် တောင်ငှက်ကလေးများ၊ တောင်ပီစူးငှက်များ၊ တောလုံငှက်ကလေးများ၊ တောကြက်ကလေးများ တွန်ကျူးကြသည်နှင့် အဖေနှင့်အစ်ကိုက ပုတတ်ထောင်ထွက်ရန် လုပ်နေကျအတိုင်း ထမင်းကြမ်းစား၊ အခဲ ရည်သောက်ပြီးသည်နှင့် တစ်ယောက် ဓားတစ်ချောင်းကိုင်ကာ ပလိုင်းကိုယ်စီ လွယ်လျက် တောင်ခါးပန်းဆီသို့ ထွေ သွားကြပါတော့၏။

အချိန်ကမိုးမလင်းတလင်းမှုန်ရီ ဝါးအချိန်လေးဖြစ်သည်၊ နေ့ရက်ဖြစ်ခဲ့ မဲ့ကြွင်းကျန်နေသေးသော နှင်းငွေ့ရည်ဘို့က ခပ်ဖွဲ့ဖွဲ့လေး ကျနေသည်၊ ရော်ရီ ချော့တော့စ ပြနေပြီဖြစ်သော သစ်ရွက်များ၊ ဝါးရွက်များတွင်လည်း လေတွင် ဘွဲ့ရဲ့ ခိုစီးရင်း ရောင်နီပျိုးမှို့၍ တလက် လက် တောက်ပလျက်ရှိကြ၏။

နေ့ဦးသို့ ရောက်ပြီဆိုသော်လည်း "နေ့ပူညချမ်း တပေါင်းလသရမ်း" ဟူသည့်စာဆိုနှင့်အညီ အချမ်းက မပြေ ဘတ်သေး၊ သည်ကြားထဲ တောင်ပေါ် ဒေသဖြစ်သည့်အတွက် သစ်ရိပ်ဝါးရိပ်များနှင့် စိမ့်ကြီးမြိုင်ကြီးတို့ကြောင့် ပိုမို အေးသလိုလည်း ဖြစ်နေပေသည်။

သို့ကြောင့် ကျွန်တော်သည် အဖေနှင့်အစ်ကိုတို့ ပုတတ်ထောင်ထွက်သွား ကြပြီဖြစ်သော်လည်း အိပ်ရာနှင့် မထ သေးဘဲ ချင်းဂျက်စုတ်စောင်ကြီးကို ခြုံပြီးခြုံကာ ဆက်လက်အိပ်၍ ကျန် ခဲ့ပါ၏။

***

ကျွန်တော် အိပ်ရာက နိုးတော့ နေထန်းတစ်ဖျားလောက်ရှိချေပြီ။

ကျွန်တော်လည်း ထမင်းချက်ပြီး မည်ဖြစ်သဖြင့် အိပ်ရာမှ မထချင်၊ ထချင် နှင့် ထလိုက်ပါသည်။

ထိုအချိန်တွင်ပင်ကျွန်တော်ထမင်းဟင်းချက်ရာ မီးဖိုဘေးရှိကျွန်းပင်၏မြစ်ဆုံပေါ်၌ ကျွန်တော်နှင့် ရွယ်တူလောက်ပင်ရှိမည်ဟု ခန့်မှန်းရသော အသားဖြူဖွေးလျက် ဘိုဆံတောက်နှင့်ဂါဝန်ပြာလဲ့လဲ့လေးကိုဝတ်ပြီးကျွန်တော့်ကိုနောက်ကျောပေးထိုင်နေသည်၊ မိန်းမငယ်လေးတစ်ဦးကို အံ့ဩဖွယ်ရာ တွေ့လိုက်ရပါ၏။

အစတော့ - ကျွန်တော် ကြောင်ပြီး "ဟုတ်မှ ဟုတ်ပါ့မည်လား၊ ငါမျက်စိများ မှားနေတာလားဟူသော ဝေဝါးသောစိတ်များနှင့် ကြည့်နေမိသေးသော်လည်း ကျွန်တော် ကြည့်နေစဉ်မှာပင် ကျွန်တော့်ဘက်ကို လှည့်၍ ပြုံးပြလိုက်သဖြင့် ဝေခွဲမရအောင် ဖြစ်သွားရပြန်ပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီးငယ်လေးမှာကျွန်တော်မြင်ဖူးသော ကျွန်တော်တို့ တိုင်းရင်းသူကလေးများကဲ့သို့ မဟုတ်ဘဲ နက်ပြာပြာမျက်လုံး၊





www.burmeseclassic.com

www.burmeseclassic.com

ချွန်နေသည့်နှာတံ၊ နဂိုက ဖြူသည်ဟု ထင်ခဲ့မိသော အဖြူသက်သက်မဟုတ်သည့် ခရသင်းစွဲနေသူတစ်ယောက်၏ အသားမျိုးနှင့်ကျွန်တော်မမြင်ဖူးခဲ့သည့် မိန်းကလေးဖြစ်နေသောကြောင့် ဖြစ်ပါ၏၊ နောက်ပြီး - ဆံပင်တွေကလည်း ရွှေရောင်တောက်၍လှိုင်းတွန့်လေးများ ထနေကြသည်၊ သူ မည်သူပါလိမ့်ဟု တွေးနေစဉ်ပင် -

"ဂွတ်မောနင်း"ဟုမပွင့်တပွင့်လေသံခပ်ဖြည်းဖြည်းဖြင့် နှုတ်ဆက်လိုက်ပါသည်။

သူက ပြုံး၍ဆိုသဖြင့် သူ ဘာပြောသည်ကို ကျွန်တော် နားမလည်သော်လည်းအင်္ဂလိပ်လိုပြောခြင်းဆိုသည်ကိုတော့ သိသဖြင့် ပြန်လည်ပြုံးရင်း -

"မင်း ဘယ်သူလဲ၊ ငါ အင်္ဂလိပ်လို မတတ်ဘူး"ဟု ပြန်ပြောလိုက်၏။

ကျွန်တော့်စကားအဆုံးအမျိုးသမီးငယ်က ခစ်ခနဲ တစ်ချက်ရယ်လိုက်ပြီး ထိုင်ရာမှ ထရပ်လိုက်ကာ -

"မိုင်နိမ်းအစ် မာဂရက်"ဟုဆို၍ ကျွန်တော့်ကို နောက်ကျောခိုင်းလိုက်ပါသည်၊ ကြည့်နေစဉ်ပင်တစ်ဖက်တောင်ကြောဘက် တဖြည်းဖြည်း ဆင်းသွားသည်ကိုမြင်လိုက်ရပြီး သစ်ပင်ကြီးတစ်ပင်အကွယ်၌ အကွေ့တစ်ခုထဲ ချိုးကွေ့သွားကာ မျက်စိအောက်မှ ပျောက်သွားပါတော့၏။

သည်တော့မှ ကျွန်တော်လည်း မာဂရက်ဆိုတာ သူ့နာမည်ပင်ဖြစ်ရမည်ဟု တွေးရင်း သည်လောက်လှပချောမောပြီး ငယ်ငယ်ရွယ်ရွယ် ဘိုမလေး ဘယ်လိုလုပ်ဒီလောက်ဝေးလံတဲ့တောတောင်ထဲရောက်နေရပါလိမ့်ဟုစဉ်းစားနေမိပါသည်။

နောက်တစ်နေ့တွင်လည်း ယမန်နေ့ကအချိန်လောက်၌ သူကျွန်တော့်ထံ ရောက်လာပြန်ပါသည်၊ ဒီတစ်ခါတော့ သူက ကျွန်တော့်ကို အသံဝဲဝဲလေးနှင့် ဗမာလိုပင် ပြောလာသဖြင့် သူ့နာမည် မာဂရက်ဖြစ်ကြောင်း ခုတ်ကြီးတောင်၏ အရှေ့ဘက်လျှိုကြီးထဲ၌နေကြောင်း ရှင်းလင်းလင်း သိလိုက်ရပါတော့၏။

ထိုနေ့မှစ၍မာဂရက်နှင့်ကျွန်တော် လည်း တရင်းတနှီးဖြင့် အပေါင်းအသင်းများ ဖြစ်သွားကြပါတော့သည်၊ စခန်း၌ တစ်ယောက်တည်း နေနေရသည်ကို အားငယ်မိသည့် ကျွန်တော့်အတွက် မာဂရက်မှာ အဖော်ကောင်းတစ်ယောက်လည်း ဖြစ်လာပါတော့၏။

"မာဂရက်ရယ် - မင်းကို ငါကျေးဇူးတင်တယ်ကွာ၊ ဟိုတုန်းကတော့ ငါတစ်ယောက်တည်းဒီမှာပျင်းလဲပျင်း၊ အားလဲငယ်နေရတာ၊ ခုတော့ - မင့်ကြောင့် ငါ အားလုံး အဆင်ပြေသွားပြီ"

ကျွန်တော်က ထိုသို့ပြောသောအခါ မာဂရက်ကပြာလဲ့လဲ့နှင့်ရွှန်းလဲ့နေသည့် မျက်လုံးများနှင့် စိုက်ကြည့်ရင်း "ခစ်"ခနဲ တစ်ချက်ရယ်ကာ လျှာလေးထုတ်ပြပြီး -

"ကျေးဇူးဆိုတာ ပြစရာရှိတာမှ မဟုတ်တာ"ဟု ပြောသဖြင့် ကျွန်တော်က -

"ဘာလိုချင်လို့လဲ - ပြောလေ"ဟု မေးလိုက်သည်။

"ဘာမှမလိုချင်ပါဘူး၊ နင်နဲ့ ခုလိုနေနေရရင်ပြီးတာပါပဲ၊ နင်နဲ့နေရတာပျော်တယ် - ကိုလှိုင်ရယ်"

"အေးဟာ - ငါကလည်း နေချင်ပါတယ် ဒါပေမဲ့"

"ဒါပေမဲ့ - ဘာဖြစ်သလဲ"

"ဘာမှတော့မဖြစ်ပါဘူး၊ နင်နေတဲ့ နေရာလည်း ငါမသိဘူး၊ နောက်ပြီး ငါကလည်း တစ်ရက်နှစ်ရက်နေပြီး ပြန်ရတော့မှာ၊ အဲဒါကို ပြောမယ်လို့ပါ"

ကျွန်တော့်စကားအဆုံးမာဂရက်၏ မျက်နှာလေး မသိမသာ ညှိုးရော်သွားသည်ကို သတိထားလိုက်မိပါသည်၊ သို့သော် ချက်ချင်းပင် သူ့မျက်နှာကို ပြင်လိုက်ပြီး ပြုံးလိုက်ပါ၏။

"အေးလေ - ငါကလဲငါနေတဲ့နေရာ နင့်ကိုမှ ခေါ်မသွားရသေးတာ"ဟုလည်း ပြောလိုက်ပါသည်။

ထို့နောက် နောက်တစ်နေ့၌ သူ့ဆီ လိုက်ခဲ့ရန် တစ်ယောက်ကိုအခေါ်လွှတ်လိုက်မည့်အကြောင်းပြော၍ပြန်သွားပါတော့သည်။

•●•

နောက်တစ်နေ့နံနက်၌ ခါတိုင်းနေ့များကဲ့သို့ပင် နေထန်းတရှားလောက် ရောက်ချိန်မှ ကျွန်တော် အိပ်ရာမှ နိုးပါသည်။

ကျွန်တော်နိုးနိုးချင်းပင် တဲပေါက်ဝ၌ ရပ်နေသည့် အသက်ငါးဆယ်ခန့် သဘက်ခေါင်းပေါင်းထားသော နှုတ်ခမ်းမွေးကားကားနှင့် လူကြီးတစ်ဦးကို

www.burmeseclassic.com

တွေ့လိုက်ရပါသည်။ ကျွန်တော်လည်း မာဂရက်ခေါ်နိုင်းလိုက်သူဖြစ်မည်ဟု တွေးလိုက်မိပါ၏။

အမှန်တကယ်လည်းမာဂရက်ခေါ်နိုင်းလိုက်သူ ဖြစ်ပါသည်။ ကျွန်တော်သည် ထိုလူကြီးနှင့်အတူ မာဂရက်ဆီလိုက်ခဲ့၏။ မာဂရက်ပြောပြချက်အရ ခုတ်ကြီးတောင်ကြီး၏တစ်ဖက်လျှိုကြီးထဲ၌နေသည်ဆိုသည့်အတွက် ကျွန်တော်တို့စခန်းနှင့် မဝေးလှဟု ထင်မိသော်လည်း တကယ်သွားသောအခါ၌ အလွန်ဝေးသောခရီး ဖြစ်နေသည်ကို တွေ့လိုက်ရပါ၏။

တောင်ကြောနှစ်ခုနှင့်လျှိုကြီးနှစ်ခုစမ်းချောင်းလေးတစ်ချောင်းကို ကျော်ဖြတ်ပြီးမှ မာဂရက်တို့နေရာသို့ ရောက်ပါ၏။ သို့သော် တန်းတန်းမတ်မတ်ရောက်ခြင်းမျိုးမဟုတ်ဘဲ စမ်းချောင်းလေးအလွန်၌ ဂူကြီးတစ်ဂူက ရှေ့မှ ကာဆီးထားပြန်ပါသည်။

ဂူ၏အပေါက်ဝ၌ စက်ခလုတ်နှင့် ဖွင့်ရ၊ ပိတ်ရသောတံခါးကြီး ရှိပါသည်။ ထိုလူကြီးကဂူပေါက်ဝ၌ရပ်လိုက်သဖြင့် ကျွန်တော်လည်း ထိုလူကြီး၏နံဘေးခပ်ရှိရှိလေးတွင် ရပ်လိုက်ပါသည်။

ထိုအခိုက်တွင်ပင် လူကြီးက "ကျုပ်မြှဲစောင့်ကြီး ပြန်ရောက်ပါပြီ၊ သခင်မလေးခေါ်နိုင်းတဲ့ဧည့်သည်လေးလဲပါလာပါတယ်"ဟု လှမ်းအော်လိုက်သည်။ ၎င်းအော်ပြီးမကြာမတင်လေးမှာပင်ဂူပေါက်ရှိတံခါးကြီးမှာ "ကျွီ" ခနဲ အော်၍ပွင့်သွားပါတော့၏။

"ကဲ - လာ မောင်ရင်လေး - အထဲဝင်"

လူကြီးက ပြောပြောဆိုဆို ရှေ့မှ ထွက်သွားသဖြင့် ကျွန်တော်လည်း လိုက်ခဲ့ပါသည်။

ဂူကြီးထဲရောက်သည်နှင့်တံခါးကြီးက အလိုလိုပြန်ပိတ်သွားပါ၏။

ကျွန်တော်သည် ဂူကြီးအတွင်း မျက်စိကစားလိုက်ပါသည်။ ဂူကြီး၏အဝင်လမ်းမှာ ကတ္တရာလမ်းဖြစ်၍ဘေးဘယ်ညာ၌ အလှစိုက်ထားသော ချယ်ရီပင်လေးများနှင့် လှပသည့် ရောင်စုံပန်းတို့ ပွင့်နေကြသည့် ပန်းဥယျာဉ်လေးကို တွေ့လိုက်ရပါသည်။ ထိုပန်းဥယျာဉ်၏ အလယ်တွင် ကြာပဒုံတို့နှင့် ကြည်လင်စိမ်းမြနေသော ရေကန်လေးတစ်ကန်ရှိကာ လမ်း၏အဆုံး၌တော့ ခန့်ညားထည်ဝါလှသည့် စံအိမ်ကြီးကို တွေ့လိုက်ရပါ၏။ ကျွန်တော်သည် ဂူကြီးအတွင်းမှ လှလှပပရောင်စုံပန်းလေးများပွင့်နေကြသောပန်းဥယျာဉ်နှင့်ရင်သပ်ရှုမောဖွယ်ရာစံအိမ်ကြီးကိုကြည့်ရင်းမမျှော်လင့်ဘဲ တွေ့လိုက်ရသည့်မြင်ကွင်းအတွက် အမှန်တကယ်လည်းအံ့ဩမဆုံးဖြစ်နေမိပါ၏။

ကျွန်တော် အိမ်ကြီးကို ငေးမောကြည့်ရှုနေစဉ်ပင် ရောင်စုံပန်းလေးတွေကိုကိုင်၍ပန်းဥယျာဉ်လေးထဲမှမာဂရက်က သူ့လိုပင် အဖော်ဘိုမလေးများနှင့် အတူ ထွက်လာသည်။ ကျွန်တော့်ကို မြင်သည်နှင့် "ကိုလှိုင်"ဟုအားရဝမ်းသာ အော်ခေါ်ရင်း ပြေးလာပါသည်။

ကျန်ဘိုမလေးများက နောက်ပြောင်ကျီစယ်ရင်း ကျန်ခဲ့ကြပါသည်။

မာဂရက်သည် ကျွန်တော့်ဆီ ရောက်သည်နှင့် ရွှန်းလဲ့သောမျက်ဝန်းပြာပြာလေးများနှင့်စိုက်ကြည့်ရင်း "ပျော်လိုက်တာ"ဟုပြော၍အလွန်ဝမ်းသာနေပါ၏။ ထို့နောက် အိမ်ကြီး၏ ခေါင်းရင်းဘက်စတော်ဘယ်ရီပင်များရှိရာသို့ခေါ်ခဲ့သည်။

စတော်ဘယ်ရီပင်များအောက်၌ လှပစွာ ဆေးရောင်စုံခြယ်ထားသောခုံလေးတွေက အစီအရီရှိပါသည်။ မာဂရက်နှင့်ကျွန်တော်သည်နှစ်ယောက်ထိုင်ခုံလေးတစ်လုံးတွင်ပင် အတူတကွထိုင်လိုက်ကြပါ၏။

မာဂရက်ထံမှ ဖော်မပြတတ်သည့်ကိုယ်သင်းနံ့လေးကကျွန်တော့်နှာခေါင်းအတွင်းသို့ သင်းသင်းပျံ့ပျံ့လေး တိုးဝင်လာပါသည်၊ တစ်ခါဖူးမျှ တစ်မိန်းတရံစာမိန်းကလေးများနှင့် နီးနီးကပ်ကပ် မနေခဲ့ဘူးသော ကျွန်တော့်အတွက် ယခုအတွေ့အကြုံက ရင်ကို တဒိုင်းဒိုင်း ခုန်စေပါသည်။ မာဂရက်နှင့် အနီးကပ်ထိုင်နေရသော ကျွန်တော် တကယ်ပင် ရင်တွေ ခုန်နေပါ၏။

"ကိုလှိုင် - မာဂရက်နဲ့နေရတာ ပျော်လား"

မာဂရက်က မေးသဖြင့် ဘာပြောရမှန်းမသိလောက်အောင် ထူပူနေသော ကျွန်တော်သည် အလွယ်တကူပင် "အင်း"ဟု ခေါင်းညိတ်လိုက်မိပါသည်။ အမှန်တကယ်ဆိုရပါမူ မာဂရက်ဆိုသည့် အသားဖွေးဖွေး၊ မျက်လုံးပြာပြာ၊ နှာတံချွန်ချွန်၊ ရွှေရောင်ဆံပင်နှင့် ဘိုမလေးကိုအမြဲတမ်းတွေ့ချင်နေသည်ကို မငြင်းနိုင်သည့် ကျွန်တော့်အတွက်



www.burmeseclassic.com

www.burmeseclassic.com

ဘကယ် မာဂရက်နှင့် ယခုလိုတွေ့ရသည်ကို မျှော်လင့်မိသည်မှာ အမှန်ဖြစ်ပါသည်။

"မာဂရက်တော့ အရမ်းပျော်တာပဲ။ မာဂရက်လေ - ကိုလှိုင်နဲ့ အတူတူ အစလို အမြဲနေချင်လိုက်တာ"

မာဂရက်ထံမှ မမျှော်လင့်ဘဲ ထွက်လာသည့် စကားကြောင့် ကျွန်တော်အံ့ဩစွာဖြင့် ကြည့်လိုက်မိပါသည်။ တကယ်ပင် မျှော်လင့်တကြီး ကျွန်တော့်ကိုကြည့်နေသော မာဂရက်၏မျက်နှာလေးကို မြင်လိုက်ရပါသည်။

"မာဂရက်မှာ ဒက်ဒီလည်း မရှိတော့ဘူး၊ မာမီလည်း မရှိတော့ဘူး၊ ဘရာသာတို့ စစ်စတာတို့ဆိုတာလည်း မရှိဘူး၊ ဒီအိမ်ကြီးထဲမှာ ခြံစောင့်ကြီးလည်းဟုတ်၊ ကိုယ်ရံတော်ကြီးလည်းဟုတ်တဲ့ ဘဘကြီး ခင်မောင်ထွန်းနဲ့ အဖော်ငါးယောက်နဲ့ပဲ နေနေရတာ"

မာဂရက်က ဆက်ပြောပါ၏။

"မာဂရက်ရဲ့ ဒက်ဒီနဲ့ မာမီဆိုတာဘာကိုခေါ်တာလဲ ဟင်"

"အိုးမိုင်ဂေါ့ - ကိုလှိုင် - ဒက်ဒီမာမီဆိုတာ အဖေနဲ့အမေကိုပြောတာ၊ ဒက်ဒီဆိုတာက အဖေ၊ မာမီဆိုတာက အမေ"

"အော် - ဒါထက် - မာဂရက်ရဲ့ဒက်ဒီနဲ့ မာမီက ဘယ်ရောက်သွားကြလို့လဲ"

ကျွန်တော်က မေးလိုက်ပါသည်။

ကျွန်တော့်အမေးကြောင့် မာဂရက်သည် တစ်နေရာသို့ ငေးမောကြည့်နေလိုက်ပါ၏။ အတန်ကြာမှ -

"မရှိတော့ဘူး - ကိုလှိုင်ရယ်၊ ဒက်ဒီရော၊ မာမီရော မရှိကြတော့ဘူး၊ ဒက်ဒီက မြို့ပိုင်ကြီးပါ၊ သူ့နယ်ထဲမှာ သောင်းကျန်းနေကြတဲ့သူပုန်တွေကို နှိမ်နင်းရင်း တိုက်ပွဲကျခဲ့ရတယ်၊ မာမီကတော့ မာမို့မောင်အရင်းက မာမို့ကို သစ္စာဖောက်မ၊ အမျိုးယုတ်မဆိုပြီး သတ်ခဲ့လို့ သေခဲ့ရတယ်"ဟု လေသံလေးမျှနှင့် တုန်ယင်အက်ကွဲစွာ ပြောပြလာပါ၏။

တကယ်လည်း မာဂရက်၏မျက်နှာလေး၌ မှိုင်းမှိုင်းပျပျလေးနှင့် ဝမ်းနည်းရိပ်၊ အားငယ်ရိပ်တွေ ယှက်သန်းနေသည်ကို တွေ့လိုက်ရပါသည်။

"အော် - မာဂရက်ရယ်"

"ဟုတ်တယ် - ကိုလှိုင်ရယ်၊ မာဂရက်အဖြစ်က ဆိုးပါတယ်"

ကျွန်တော်သည် မာဂရက်ကို စာနာစိတ်လေးနှင့် ကြည့်လိုက်ရင်း များစွာ သနားသွားမိပါတော့၏။

•●•

နောက်တစ်နေ့၌ အဖေက -

"မနက်ခါတို့ရွာပြန်ကြမယ်၊ ပုတတ်ဘဲ - ပလိုင်းနှစ်လုံးပြည့်လုပြည့် ခမန်းဖြစ်သွားပြီ၊ ရက်ကြာရင် ပထမဖမ်းထားတဲ့ပုတတ်တွေက သေကုန်လိမ့်မယ်၊ လူလေးက စခန်းမှာနေခဲ့တာဆိုတော့ ပုတတ်လှောင်ခြင်းတွေကို နေမပူအောင် သုပ်ထားဦး၊ နေပူလာရင် နေရာရွှေ့ပေး။ ကြားလား"ဟု ပြောသဖြင့် တို့ရွာပြန်ကြတော့မှာပါလား ဆိုသည့်အသိကြောင့် မာဂရက်ကို ပြေးမြင်လိုက်ရင်း ရင်ထဲတစ်မျိုးခံစားလိုက်ရပါသည်၊ မာဂရက်နှင့် ခွဲရတော့မှာပါလားဆိုသည့်အသိက ကျွန်တော့်ရင်ကို ပူလောင်စေပါသည်။

ခုတ်ကြီးတောင်သို့ ရောက်ခဲ့သည်မှာလည်း တစ်ပတ်ပြည့်ပြီဖြစ်ပါသည်။ ဖမ်းမိသောပုတတ်များလည်း ရပြီဖြစ်သည့်အတွက် မပြန်လို့ကလည်း မဖြစ်တော့ချေ။ သည့်ထက်ပိုအချိန်တွေကြာလျှင် ပုတတ်တွေက သေကုန်ကြတော့မည်ဖြစ်၏။

ကျွန်တော်သည် ပုတတ်လှောင်သောခြင်းကြီးများကို နေရာရွှေ့ရင်း ခုတ်ကြီးတောင်မှာ ကျန်ခဲ့ရမည့်မာဂရက်ကို တွေးသနားနေမိပါသည်။ မဝေးခင်က တွေးချင်သလိုလို ဖြစ်နေမိပါသည်။

သို့ကြောင့်ပင် မပြန်ခင်မာဂရက်ကို သွားနှုတ်ဆက်လိုနေပါ၏။ ခုတလော မာဂရက်ပေါ်မလာသည်မှာ နှစ်ရက်ရှိပါပြီ၊ မာဂရက် ဘာများဖြစ်နေလို့ပါလိမ့်၊ နေမှကောင်းပါမည်လားဟုလည်း တွေးရှိစိတ်ပူနေသည်၊ သို့ကြောင့် နှုတ်ဆက်ရင်း မာဂရက်ကို သွားမေးရန် ဆုံးဖြတ်လိုက်ပါ၏။

ကျွန်တော်သည် ထမင်းအိုး၊ ဟင်းအိုးများကို အမြန်တည်ပြီး မာဂရက်၏အိမ်ကြီးရှိရာသို့ နံနက်(၉)နာရီလောက်၌ ထွက်ခဲ့ပါ၏။ မာဂရက်တို့အိမ်ကြီးက ကျွန်တော်တို့စခန်းနှင့် တောင်ကြောနှစ်ကြောနှင့် လျှိုကြီးနှစ်ခုအပြင် စမ်းချောင်းလေးတစ်ခုကို ကျော်ဖြတ်သွားရပါသည်၊ စမ်းချောင်းလေးအလွန်၌ ဂူကြီးတွေ့ရပြီး ဂူကြီးထဲ ဝင်သွားလျှင် ရောင်စုံပန်းများ ပွင့်နေသော ပန်းဥယျာဉ်လေး ကြည်လင်စိမ်းလဲ့နေသည့်ရေကန်ကြီး စေတော်ဘယ်ရီပင်လေးများ၊ ချယ်ရီပင်လေးများတို့၏အလယ်၌ ရှိပါသည်။

အရင်တစ်ခေါက် ရောက်ခဲ့စဉ်က ဂူကြီးက ပိတ်ထားသော်လည်း ယခုတစ်ခေါက်တွင်မူ ဂူကြီးအလိုအလျောက်ပွင့်နေသည်ကို တွေ့ရပါသည်၊ ကျွန်တော်လည်း အထဲသို့ တန်းဝင်ရင်း မျက်စိ

www.burmeseclassic.com

ကစားလျက် "မာဂရက်ရေ - မာဂရက်" ဟု လှမ်းခေါ်လိုက်ပါ၏။

ထိုအချိန်တွင်ပင် ခြံစောင့်ကြီး ရောက်လာပြီး အသေအချာကြည့်ကာ -

"သခင်မလေးစည့်သည် - ဟုတ်စ" ဟု မေးလိုက်ပါသည်။

ကျွန်တော်က - "ဟုတ်ပါတယ် ဘဘ၊ မာဂရက်နဲ့ တွေ့ချင်လို့ပါ" ဟု စတော်ဘယ်ရီပင်တွေဆီ တစ်ချက် လှမ်းကြည့်ရင်း ပြောလိုက်၏။

"လာ"

ခြံစောင့်ကြီးကရှေ့မှခေါ်သွားသဖြင့် နောက်မှ လိုက်ခဲ့သည်။ စံအိမ်ကြီး၏ နောက်ဘက်ရှိ မြစိမ်းရောင်မြက်ခင်းထဲ၌ပြေးလွှားကစားနေကြသည့် မာဂရက်ကို အဖော်များနှင့်အတူ တွေ့လိုက်ရ၏။

"သခင်မလေး - စည့်သည်"

ခြံစောင့်ကြီးက မြက်ခင်းပြင်၏ အစပ်မှရပ်ရင်း မာဂရက်ကို သတင်းပို့လိုက်၏။ မာဂရက်ကကျွန်တော်တို့ဘက် လှမ်းကြည့်ရင်း "ဟော - ကိုလှိုင် - ဂွတ်တမောနင်း" ဟုဆိုကာ ကျန်အဖော်များကို လက်ပြ၍ ကျွန်တော်တို့ဆီကို ပြေးလာသည်။

"ဝမ်းသာလိုက်တာ"

တွေ့သည်နှင့်မာဂရက်က ဝမ်းသာ စကားဆိုပြီး "လာ - ကိုလှိုင် - ကန်ဘေး ကနံ့လေးတွေဆီသွားထိုင်ကြရအောင်" ဟုပြော၍ နှစ်ယောက်သား အိမ်ကြီးရှေ့ ဘက် ပန်းဥယျာဉ်လေးထဲရှိ ကန်ဆီပြန် လာကာ ချယ်ရီရိပ်ရှိ ခုံတန်းလေး၌ ထိုင် လိုက်ကြပါ၏။

"မာဂရက်မလာလို့ - နေမှကောင်း ပါ့မလားလို့"

"သင့်ခယ့္ ကိုလှိုင် - ကျေးဇူးတင်ပါ တယ်။ မာဂရက်မလာတာကတော့ ပွင့်ပွင့်လင်းလင်းပြောရရင်ကိုလှိုင်တို့က ပြန်တော့မှာမို့လား။ ကိုလှိုင်နဲ့ မာဂရက် ကရင်းနှီးချစ်ခင်ကြသူတွေလေ။ ဒီထက် သံယောဇဉ်တွေပိုသွားရင်ကိုလှိုင် ခံစား ရမှာစိုးလို့ပါ။ မာဂရက်ကကိုလှိုင်နဲ့အတူ နေချင်တာပါ၊ ကိုလှိုင်နဲ့နေနေရရင် မာဂရက်ဘဝ အားလုံးပြည့်စုံပြီးသားလို့ တွက်ထားတာပါ။ ဒီတော့ - ကိုလှိုင် ပြန် သွားရင် မာဂရက်တစ်ယောက်ပဲ ခံစား ချင်တယ်လေ၊ ကိုလှိုင့်ကို မကျူးစက်စေ ချင်ဘူး။ ဒါကြောင့်ပါ"

မာဂရက်စကားကြားတော့ ကျွန် တော်ဘာပြောရမှန်းမသိဖြစ်သွားသည်။ တစ်ဖက်သားအပေါ် စာနာစိတ်ထား တတ်သော မာဂရက်ကို သနား၍လည်း သွားမိသည်။

ထိုနေ့က တစ်နေကုန် မာဂရက်နှင့် အတူ စံအိမ်ကြီးထဲ၌ နေခဲ့ပြီး ညနေ စောင်း နေညိုချိန်မှ စခန်းသို့ ကျွန်တော် ပြန်ခဲ့သည်။ မာဂရက်ကိုတော့ စိတ် မကောင်းမှာစိုး၍နောက်တစ်နေ့ပြန်မည့် အကြောင်း မပြောပြခဲ့တော့ချေ။

•●•

ကျွန်တော် စခန်းပြန်ရောက်တော့ စခန်း၌ ကျွန်တော် မရှိသည့်အတွက် စိတ်ပူစိုးရိမ်နေကြသော အဖေနှင့် အစ်ကိုကို တွေ့ရပါသည်။

ကျွန်တော့်ကို မြင်သည်နှင့် အဖေ က စိုးရိမ်တကြီး ပြေးဖက်လိုက်ကာ -

"အမယ်လေး - လူလေးရယ်၊ အဖေတို့ စိုးရိမ်လိုက်ရတာ၊ လူလေး ဘယ်တွေလျှောက်သွားနေတာလဲဟင်၊ တို့သားဖနှစ်ယောက်တောင်ပေါ်မှာမင်း ကိုလိုက်ရှာလိုက်ရတာ နှံ့ရော" ဟု ဆိုပါ သည်။

"ဟုတ်တယ်ကွာ - ညီလေးရာ။ မင်း ဘယ်တွေလျှောက်သွားနေတာလဲ၊ မပြောမဆိုနဲ့ တောပေါ် တောင်ပေါ်ဆို တာ ထင်ရာမသွားရဘူး - ညီလေးရ"

အစ်ကိုကလည်း ပင့်သက်ချရင်း ပြောပါသည်။

"ပြောစမ်း - လူလေး၊ တစ်နေကုန် မင်း ဘယ်တွေလျှောက်သွားနေတာ လဲ"

အဖေက စိုးရိမ်စွာဖြင့် တခုတ်တရ မေးနေပါသည်။ ကျွန်တော် မည်သို့ ပြန် ဖြေရ၊ပြန်ပြောရမှန်းလည်းမသိဖြစ်နေပါ သည်၊ စင်စစ် မာဂရက်နှင့် ကျွန်တော့် အကြောင်း အဖေနှင့် အစ်ကို့ကို ပြောပြ သင့်ပေမဲ့ ပြောမပြဖြစ်ခဲ့ပါချေ၊ အာ ထည့်ထားသလို ကျွန်တော့် နှုတ် အဘယ့်ကြောင့် စွံ့အနေရသနည်းဆို သည်ကိုလည်း တွေးမရခဲ့ပါ။

"ပြောလေ - လူလေး၊ မင်း ဘယ် တွေသွားနေတာလဲဆိုတာ"

အဖေကထပ်ခါထပ်ခါမေးပါသည် နောက်ဆုံး ကျွန်တော်လည်းမတတ်နိုင် တော့ဘဲ မာဂရက်နှင့် စတွေ့ခဲ့သော တစ်နေ့ယနေ့အထိ အစအဆုံးပြန်ပြော လိုက်ရပါတော့၏။

အဖေသည် ကျွန်တော့်စကား နားထောင်ရင်း အထူးတုန်လှုပ်နေပုံရ



www.burmeseclassic.com

www.burmeseclassic.com

သည်၊ သို့သော် ဘာစကားမျှတော့ မပြော၊ ဝေလည်း မဝေဖန်။ ဆိတ်ဆိတ်သာ နေလိုက်သည်ကို တွေ့ရပါသည်။

နောက်တစ်နေ့နံနက်မိုးလင်းသည်နှင့် ကျွန်တော်တို့ ရွာပြန်ခဲ့ကြပါ၏။ ကျွန်တော်သည် ခုတ်ကြီးတောင်တွင် ကျန်ခဲ့သည့် မာဂရက်ကို တွေးပြီး ရင်ထဲ ခပ်ဆွေးဆွေးလေးဖြစ်နေပါ၏။ မာဂရက်သာကျွန်တော်ပြန်တာသိပါက သူလည်း ဘယ်လောက်ခံစားရပါမည်လည်းဆိုတာတွေးမိတော့ရင်ထဲအတော်နာကျင်သွားပါသည်။

"ကိုလှိုင်နဲ့ နေနေရရင် မာဂရက် ဘဝ အားလုံးပြည့်စုံပြီးသားလို့" ပြောခဲ့သည့်မာဂရက်စကားလေးများကလည်း ကျွန်တော့်နားထဲမှ မထွက်။ တစ်နေ့နေ့တော့ မာဂရက်ဆီ မရောက် ရောက်အောင် ပြန်သွားမည်ဟုလည်း ဆုံးဖြတ်လိုက်ပါ၏။

သို့သော် ...။

•●•

ကျွန်တော်တို့အိမ်ပြန်ရောက်သည်နှင့် အဖေသည် နားပင် မနားပဲ ရွာဦးကျောင်းသို့သွားကာ ဆရာတော်ကိုအိမ်သို့ ပင့်လာပြီး ငါးပါးသီလခံယူခြင်း၊ ပရိတ်ရွတ်ခြင်းများပြုလုပ်၍ကျွန်တော့်ကို ပရိတ်ရေများဖြင့် ရေချိုးခြင်း၊ ပရိတ်ချည်ခင်စွပ်ခြင်းများ ပြုလုပ်ပါတော့၏။

လူကြီးများပြုလုပ်သမျှခံနေရသော်လည်း ဘာကြောင့် ယခုလို ပြုလုပ်ကြသည်ဆိုသော အဓိပ္ပာယ်ကိုတော့ ကျွန်တော် နားမလည်ပါ။ ကျွန်တော်က နားမလည်သဖြင့် မေးသည့်အခါ သားအတွက်ကောင်းမှုကုသိုလ်များလုပ်ပေးခြင်းဖြစ်သည်ဆိုသည်လောက်သာပြောပြပါသည်။

ထိုညက ကျွန်တော် မာဂရက်ကို အိပ်မက်ပါ၏။ အိပ်မက်ထဲ၌ မာဂရက်သည်ကျွန်တော်နှင့်ချောက်ကြီးခြားထားသောတစ်ဖက်တောင်ကြောမှ ပျဉ်းမပင်ကြီးအောက်ရပ်ရင်းကျွန်တော့်ကိုကြည့်၍ငိုနေပါသည်။ ကျွန်တော်သွားဖို့လုပ်တော့လည်း ချောက်ကြီးခံနေသဖြင့် သွားမရဖြစ်နေပါ၏။ကျွန်တော်မာဂရက်ကို လှမ်းအော်ခေါ်ရင်း နိုးသွားပါသည်။ အိပ်မက်က နိုးတော့ တကယ်ပင် မာဂရက် ငါ့ကို မတွေ့လို့ ငိုနေမှာပဲဟု တွေးပြီး စိတ်မကောင်းဖြစ်ရပြန်ပါ၏။



ကျွန်တော်အမှန်ဆိုရပါမူစားလည်း စိတ်၊ အိပ်လည်းဒီစိတ်ဖြင့် မာဂရက်ကို အမြဲ့တိုင်း သတိရနေမိပါသည်။

တစ်ညတွင်ကျွန်တော်မာဂရက်ကို အိပ်မက်ပြန်ပါ၏။ အိပ်မက်ထဲ၌ ကျွန်တော်နှင့် မာဂရက် ကောင်းကင်ယံရှိ တိမ်လွှာကြီးများကို တစ်ယောက်တစ်လွှာစီးရင်း လေဟာပြင်ကြီးအတွင်း လွင့်မျောနေကြ၏။ မာဂရက်က ကျွန်တော့်ကို အော်ခေါ်နေသလို ကျွန်တော်ကလည်း ခေါ်နေပါ၏။ စီးမျောနေကြသော တိမ်လွှာချင်းကလည်း နီးတော့နီးလှ၊ မာဂရက်စီးသည့်တိမ်လွှာက ရှေ့မှ မျောနေခြင်းဖြစ်ပြီး ကျွန်တော်စီးသောတိမ်လွှာက နောက်မှလိုက်နေခြင်းဖြစ်၏၊ တစ်နေရာ၌ တိမ်လွှာချင်း ကပ်သွားပါသည်။ ထိုအခါ ကျွန်တော်က မာဂရက်စီးသောတိမ်လွှာထက်ဆီလှမ်းခုန်ကူးလိုက်ပါ၏၊ ကျွန်တော်ရောက်သွားသည်နှင့် မာဂရက်သည် အလန့်တကြား "မလာနဲ့ - မလာနဲ့ - ကြောက်တယ်၊ မာဂရက် ကြောက်တယ်" ဟု အော်ရင်းအောက်သို့ခုန်ချလိုက်ပါတော့၏။

ကျွန်တော်လည်း မာဂရက်ကို ထိတ်လန့်တကြားကြည့်ရင်း "မာဂရက်" ဟု အသံကုန် အော်ခေါ်လိုက်ပါသည်။ သည်မှာတင် ကျွန်တော် အိပ်ရာမှ နိုးသွားပါ၏။

ကျွန်တော့်အော်သံကြောင့် တစ်အိမ်သားလုံး နိုးသွားကာ ကျွန်တော့်ဆီ ပြေးလာကြသဖြင့် ကျွန်တော် အိပ်မက်အကြောင်း ပြောပြလိုက်ပါ၏။

"လူလေး - စိတ်စွဲလို့ပါကွာ၊ အဲဒီ မာဂရက် ဆိုတဲ့ အစွဲ အလမ်းကြီးကို စွဲမထားပါနဲ့၊ တကယ်တော့ - လူလေး ပြောတဲ့ မာဂရက် ဆိုတာလည်း လူ့လောကကြီးမှာ တကယ်မရှိတော့ပါဘူး"

အဖေက ကျွန်တော့်ကို ကြည့်၍ မသက်မသာဖြင့် ပြောလိုက်ပါသည်။

"ဘယ်လို အဖေ - အဖေ ဘယ်လို ပြောလိုက်တယ်"

အဖေ့စကားကကျွန်တော့်အတွက် ထူးဆန်းနေသောကြောင့် ကျွန်တော် အလောသုံးဆယ် မေးလိုက်မိပါ၏။

"ဟုတ်တယ် - လူလေးရဲ့ လူလေး နဲ့တွေ့ခဲ့တဲ့ မာဂရက်ဆိုတာ လူ့လောကမှာ မရှိတော့ပါဘူး"

"ဒါဆို ..."

"လူလေးတွေ့ခဲ့တာ လူသားအစစ် မဟုတ်ဘူးကွဲ့၊ သူ့ရဲ့ဝိညာဉ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ - ကျွန်တော် နားမလည်နိုင်တော့ဘူး"

"အေး - လေး - လူလေးက အရမ်းစွဲလမ်းနေတော့လဲ အဖြစ်မှန်ကို ပြောပြရတော့မှာပေါ့ကွယ်"

"အဖြစ်က ဒီလိုကွဲ့ - လူလေးရဲ့ စုတ်ကြီးတောင်ကို ရောက်စက ဆရာစံအဖွဲ့နဲ့ အင်္ဂလိပ်တပ်တွေ စုတ်ကြီးတောင်မှာ တိုက်ပွဲဖြစ်ခဲ့တဲ့အကြောင်း ပြောခဲ့တယ်။ ဆရာစံအဖွဲ့က အင်္ဂလိပ်တပ်တွေ လာတိုက်မယ်ဆိုတဲ့အကြောင်း သတင်းကြိုရခဲ့တဲ့အတွက် လက်ဦးမှု ရယူပြီး အင်္ဂလိပ်တပ်တွေကို ချေမှုန်းနိုင်ခဲ့ကြတယ်။

အဲဒီအထဲမှာ မြို့ပိုင်ကြီး ရှပတ်နဲ့ မေရှာလူးဝစ်တို့ပါ ပါသွားခဲ့ကြတယ်။ အဲဒီမြို့ပိုင်ကြီးရှပတ်ဆိုတာ မာဂရက်ရဲ့ အဖေပဲ။ ရှပတ်ဟာ ဒီမြို့ကို ပြောင်းလာချိန်မှာ မာဂရက်ရဲ့မိခင် စောင်းဝှက်ရွာ ဆယ့်တစ်အုပ်စုသူကြီး ဘိုးပန်းအောင်ရဲ့ သမီး နိုင်မာလာနဲ့တွေ့ပြီးလက်ထပ်ခဲ့ကြတယ်။ အဲဒီမှာ မာဂရက်ကို မွေးခဲ့တာပဲ။

"မာဂရက်ရဲ့မိခင် နိုင်မာလာဟာ တကယ်တော့ သစ္စာဖောက်မတစ်ယောက်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ အချိန်က လွတ်လပ်ရေးတိုက်ပွဲ ဆင်နွှဲနေတဲ့ဆရာစံနဲ့ အဖွဲ့တွေ ခကာခကာစံနေခဲ့ကြရတယ်။ သူတို့က သတင်းဦးခဲ့ကြတာကို။ အဲဒါ - နိုင်မာလာရဲ့လက်ချက်တွေပေါ့။

နောက်တော့မှ တော်လှန်ရေးတပ်တွေအကြောင်း သတင်းပေးနေသူဟာ နိုင်မာလာဖြစ်တဲ့အကြောင်း ဆရာစံရဲ့ ဗိုလ်ဖိုးသင်တပ်က တပ်ဖွဲ့ဝင်ဖြစ်တဲ့ နိုင်မာလာ့မောင်အရင်းကိုယ်တိုင် ပြောပြလို့ သိခဲ့ကြရတာ။ သူ့မောင်ဖြစ်သူဟာ သူ့နှမကို အမျိုးမျိုးနားချခဲ့ပါသေးတယ်။ မရနိုင်တဲ့အဆုံးတော့ စုတ်ကြီးတောင်မှာ အင်္ဂလိပ်နဲ့ ဆရာစံအဖွဲ့ တိုက်ပွဲဖြစ်တဲ့ညမှာပဲ ...။

•●•

အုပ်ရိုးများ အနိုင်အမာ ကာရံထားသော ခြံဝန်းကြီးအတွင်း သရက်ပင်ဝိုက်ဝိုက်လေးများ၊ ချယ်ရီပင်များ၊ စတော်ဘယ်ရီပင်များ၏အလယ်မှ ဆေးနီများ သုတ်ထားသည့် ရဲတိုက်ကြီးတမျှ ခမ်းနားလှသောအိမ်ကြီးဆီသို့အနက်ရောင်ဝတ်ရုံကြီး ခြုံထားသော မားလွတ်ကိုင် လူရွယ်တစ်ယောက်သည်ခြံစည်းရိုးအုပ်ဝန်းကိုတုတ်နှင့်ထောက်ရှန်ဝင်လိုက်ပြီး အခြေအနေကို အကဲခတ်ကာ အိမ်ကြီးဆီသို့ ကပ်ခဲ့၏။

လမသာ၊ ကြယ်မလင်းသည့်ညမို့ အမှောင်ထုက ကြီးစိုးနေသဖြင့် အလွယ်တကူပင် အိမ်ကြီးဆီသို့ရောက်ခဲ့သည်။ ရောက်သည်နှင့် အိမ်ကြီး၏ အနောက်ထောင်ထောင့်ရှိ ရေသွန်ပိုက်လိုင်းကြီးဆီသို့ ကပ်ခဲ့ကာ ပိုက်လိုင်းမှတစ်ဆင့် အပေါ်သို့တွယ်တက်ခဲ့၏။ အစောင့်တွေကလည်းအိပ်မောကျနေချိန်မို့အေးအေးဆေးဆေးပင် အိမ်ကြီးပေါ်သို့ ရောက်ခဲ့သည်။

ရောက်သည်နှင့်လူရွယ်သည်တံခါးများကို တစ်ခုချင်း ဖွင့်လိုက်၏။ အလွယ်တကူ ဝင်နိုင်ထွက်နိုင်ရန် အပေါက်များ လျှောက်ဖွင့်သည်။ အားလုံးပွင့်မှအခန်းတစ်ခုမှ တံခါးကို အသံမကြားအောင် အသာတွန်း၍ အခန်းထဲသို့ဝင်ခဲ့၏။

ဘာလဲ–မင်းသေနတ်ယူမလို့လား။
မင်းယူလဲ မရတော့ဘူး။
ဒီမှာတွေ့လား။ မင်းသေနတ်ကို
ငါက ဦးအောင် ယူထားပြီးပြီလေ။
ကဲ–ကဲ–အချိန်လဲ သိပ်မရှိတော့ဘူး။

အခန်းထဲ၌ ရောမောလှပသည့် အမျိုးသမီးငယ်တစ်ဦး အိပ်ပျော်လျက်ရှိသည်။ လူရွယ်သည်ထိုအမျိုးသမီးငယ်နား ကပ်သွားပြီး ခေါင်းရင်းဘက်ရှိ ဖယောင်းတိုင်ကြီးကို ထွန်းလိုက်သည်။

ဖယောင်းတိုင်၏အလင်းရောင် ပျံ့လွင့်၍အခန်းတစ်ခုလုံးလင်းလာမှအမျိုးသမီးကို အသာပုတ်နှိုးလိုက်၏။ အမျိုးသမီး လူးလွန့်လျှင် အသာဆွဲထူလိုက်၍ ပါးစပ်ကိုပိတ်ပြီး -



www.burmeseclassic.com

www.burmeseclassic.com

"ငါပါ - နင်လန့်အော်မှာစိုးလို့ပါးစပ်ပိတ်ထားတာ" ဟု ပြောပြီး လွှတ်ပေးလိုက်၏။ သည်တော့မှ အမျိုးသမီးငယ်က ထိတ်ထိတ်ပျာပျာနှင့် မေးလိုက်၏။

"ဟင် - ကိုကို - ညကြီးအချိန်မတော် ဘာလာလုပ်တာလဲ"

"ဘာလာလုပ်လဲဆိုတော့ငါ့ညီမကို တိုင်းပြည်နဲ့လူမျိုးကိုယ်စား ဆုပေးစရာရှိလို့လာခဲ့တာ၊ အချိန်လည်း မရှိတော့၊ စကားတွေလည်း များများမပြောတော့ပါဘူးကွာ၊ ဒီလောက်ဆို မင့်ယောကျ်ားရုပတ်လည်း နောင်တရသွားလောက်ပြီ"

"ဘာ - ကိုကို - ကိုကို - ဘာပြောတယ်"

"မင်းကရိုးမပေါ်က ဆရာစံဌာနချုပ်ကိုသတင်းပေးတယ်။ ငါကဆရာစံဆီကို အင်္ဂလိပ်တွေအကြောင်း သတင်းပေးတယ်၊ ခု - မင်းသတင်းပေးလို့ ဆရာစံနဲ့အဖွဲ့ကို တိုက်ရအောင်သွားတဲ့အင်္ဂလိပ်တွေလာတိုက်မည့်အကြောင်းဦးအောင် ငါက သတင်းပေးခဲ့တယ်၊ ခုလောက်ဆို သတင်းဦးကြိုရခဲ့တဲ့ငါတို့အဖွဲ့တွေလက်ချက်နဲ့မင်းယောကျ်ားရုပတ်လဲသူ့မယားကြီးဖြစ်တဲ့ ဒေဝီရုပတ်နဲ့ မယားငယ်ဖြစ်တဲ့ မင်းကို နောင်တတွေနဲ့အတူထားပြီး တမလွန်ကို ရောက်သွားလောက်ပါပြီ"

"ဟင် - ကိုကို - လူမဟုတ်ဘူး"

"လူမဟုတ်တာက ငါမဟုတ်ဘူးလေ"

"ကိုကို - ကိုယ့်ညီမတစ်ယောက်လုံးရဲ့မျက်နှာတောင် မထောက်ဘူး"

"ကိုကို့နာမည်က မောင်မှန်လေး၊ အမှန်တရားကလွဲရင် ဘယ်သူ့မျက်နှာမှ မထောက်နိုင်ဘူး၊ နောက်တစ်ခု ညီမလေးကို ပြောရဦးမယ်၊ ညီမလေးပြောသလို ကိုကို မျက်နှာမထောက်တာမှန်ရင် ကိုကို့မျက်နှာမထောက်တာက ညီမလေးနဲ့ ညီမလေးရဲ့သမီးလေးတစ်ယောက်ပဲ ရှိပါတယ်။ ညီမလေးမျက်နှာမထောက်တာက အမေဗေကော၊ အဖေကော၊ ကိုကိုကောအပြင်မြန်မာနိုင်ငံကြီးတစ်ခုလုံးကိုပါ"

တော်လှန်ရေးရဲဘော် လူရွယ်စကားအဆုံး၌ နိုင်မာလာသည် တင်း... တစ်ချက်ခေါက်လိုက်သည်။ ပြီး - ခေါင်းအုံးအောက်၌ အမြဲထားသည့် ခြောက်လုံးပြူးကို ဆွဲယူရန် ခေါင်းအုံးကို လှန်လိုက်လေ၏။



နိုင်မာလာကိုကြည့်၍ အစ်ကိုဖြစ်သူက ခပ်အုပ်အုပ်တစ်ချက် ရယ်လိုက်သည်၊ နောက် သေနတ်ကိုထုတ်ပြ၍ -

"ဘာလဲ - မင်းသေနတ်ယူမလို့လား၊ မင်းယူလဲမရတော့ဘူး၊ ဒီမှာတွေ့လား၊ မင်းသေနတ်ကို ငါက ဦးအောင်ယူထားပြီးပြီလေ၊ ကဲ - ကဲ - အချိန်လဲ သိပ်မရှိတော့ဘူး"

လူရွယ်သည် ပြောပြောဆိုဆိုနှင့် နိုင်မာလာ၏ ရင်ဝတည့်တည့်ကို ငုက်ကြီးတောင်နှင့် ထိုးစိုက်လိုက်သည်၊

"အင့်" ဟု ထွက်ပေါ်လာသော အသံတစ်ချက်နှင့်အတူ သွေးတို့ဖြာခနဲ ပန်းထွက်လာကြကာ နိုင်မာလာလည်း ရှေ့သို့ ဦးစိုက်ကျသွားလေတော့၏။

သည်တော့မှ လူရွယ်က အပြင်သို့ ပြန်ထွက်ကာ ဝန်းတံခါးကိုဖွင့်ပြီး အပြင်တွင် ကျန်ခဲ့သည့် အဖော်များကိုခေါ်၍ အိမ်ကြီးအတွင်းရှိ [illegible] ဖြစ်သူ မာဂရက်နှင့်တွေ့သမျှသူအားလုံးကိုစခန်းသို့ခေါ်ခဲ့ရန် ညွှန်ကြားလိုက်၏။

•••

လူရွယ်နှင့်အဖွဲ့ စခန်းပြန်ရောက်တော့စခန်း၌စခန်းပြောင်းရွှေ့သွားပြီဖြစ်သော သင်္ကေတအမှတ်အသားလေး... အပြင် စခန်းပတ်ဝန်းကျင်တစ်ခုလုံး... နေသော သွေးစက်သွေးကွက်များနှ... ပြောင်ထဲတွင် ပစ်ချထားခဲ့ကြသော အင်္ဂလိပ်စစ်သားများ၏အလောင်းမျာ... ကိုသာ တွေ့ကြရတော့၏။

"အားလုံး စခန်းပြောင်းသွားကြပြ... တို့လည်း စုချက်ချင်းလိုက်ရမယ်"

လူရွယ်က စခန်းအနေအထားကို... ကြည့်ပြောလိုက်သည်။

"ဆရာ - ဒါဆို - ကျွန်တော်တို... ခေါ်လာကြတဲ့သူတွေက ဘယ်လိုလု... ကြမှာလဲ၊ ခု - ဟိုဘက်က ဂုကြီးနား... ကိုချက်ကြီးတို့အဖွဲ့နဲ့ ထားခဲ့တယ်"

အတူပါလာသူ တစ်ယောက်က... ပြောလိုက်သည်။ သည်တော့မှ လူရွယ်... လည်း အခြေအနေကို သုံးသပ်ကာ -

"အဲဒါ - ငါ့တူမပဲ - အာလူးရဲ့ ခု... ခေါ်လာရတာ စိတ်တော့မကောင်းပါဘူ... ကွာ၊ ဒါပေမဲ့ - ငါ့ရည်ရွယ်ချက်က သူ... မိတ္တာတွေနဲ့ လုံးဝအဆက်ပြတ်သွားစေ... ချင်တယ်၊ ဒါကြောင့် - ဒီကိုခေါ်လာခဲ့တာ... ပဲ၊ အစကတော့ အတူတူနေဖို့ပေါ့"

"ဒီလိုလုပ်ကွာ - အာလူးအဲဒီ... ထဲမှာပဲ လောလောဆယ် သူတို့ကို ... ရေရိက္ခာအပြည့်အစုံနဲ့ ထားမယ်၊ ဂုကြီး...



www.burmeseclassic.com

www.burmeseclassic.com

လဲ လုံခြုံအောင် ပြန်ပိတ်ခဲ့၊ နောက်မှ အခြေအနေအရကြည့်ပြီး ဂူကြီးထဲမှာပဲ အဆောက်အအုံကြီးတစ်ခုဖြစ်အောင် လုပ်ထားပေးမယ်၊ တို့နဲ့ ခေါ်သွားလို့လဲ ဖြစ်မှမဖြစ်ပဲ၊ ငါပြောတာ မှတ်မိလား"

"ဟုတ်ကဲ့ - မှတ်မိပါတယ် ဆရာ"

"အေး - ဒါဆို ဆက်လုပ်ကွာ၊ ငါတော့ ကံဆိုးရှာတဲ့တူမလေးကို မျက်နှာလိုက်မပြတော့ပါဘူးကွာ"

လူရွယ်သည် ကြိတ်မနိုင်၊ ခဲမရသည့် ဝမ်းနည်းသံဖြင့် ပြောလိုက်ရင်း တစ်ဖက်သို့ ချာခနဲလှည့်ထွက်သွားလေတော့သည်၊

•••

"အဖြစ်ကတော့ အဲဒါပဲ လူလေးရဲ့၊ ဂျွန်တပ်သားဆရာမှန်ဟာ တူမဖြစ်သူကို နောက်ပိုင်းမှာ ဂူကြီးထဲမှာပဲ အခြေချပေးထားပြီး လိုအပ်သမျှ ကူညီခဲ့တယ်၊ ဒါပေမဲ့ - တစ်နေ့မှာ ဆရာမှန်လည်း တိုက်ပွဲကျသွားရှာတဲ့အတွက် ကူညီမည့်သူ မရှိတော့ဘူး၊ အဲဒီ့ကစပြီး မာဂရက်တို့လည်း အစာငတ်ရေငတ်နဲ့ ..."

မာဂရက်နှင့်ပတ်သက်၍ အဖေက ပြောပြခြင်းဖြစ်ပါသည်၊ နောက်ပိုင်းစကားများကိုတော့ ကျွန်တော်ကြားနိုင်စွမ်းမရှိတော့ပါ၊ အဖေသည် သူ့စကားများကို ဆုံးအောင်ပြောမည်ဖြစ်သော်လည်း ကျွန်တော်နှင့် တွေ့ခဲ့သည့် မာဂရက်မှာ လူသားစစ်စစ်မဟုတ်ဘဲ မကျွတ်မလွတ်သော ဝိညာဉ်မလေးအဖြစ် သိလိုက်ရသောကြောင့် ယူကြုံးမရခြင်း၊ စိတ်မကောင်းခြင်းများစွာနှင့် အတူ အဖေဆက်ပြောလာမည့်စကားများကိုလည်း မကြားလိုတော့ပါ၊

သည်အဖြစ်လေးက ကျွန်တော့်ကိုလည်းများစွာခံစားစေခဲ့ပါသည်၊ မဟုတ်မှန်းသိပေမဲ့ ဟုတ်ချင်သည့်ဆန္ဒ၊ မဖြစ်နိုင်မှန်းသိပေမဲ့ဖြစ်ချင်သည့်ဆန္ဒရှိတတ်ကြသော လူ့သဘာဝအတိုင်းကျွန်တော်လည်းဟုတ်ချင်သည့်ဆန္ဒ၊ဖြစ်လိုသည့်ဆန္ဒများ ရှိခဲ့ပါသည်၊ သို့အတွက် ဗုဒ္ဓ၏တရားတော်များနှင့် ဖြေသိမ့်ကုစားခဲ့ရပါ၏၊ မြတ်ဗုဒ္ဓ၏တရားတော်များသည်သာ ကုစားရာလည်း မဟုတ်ပါလား၊

ယခုဆိုလျှင်ကျွန်တော်ပင်အသက် "၆၀" ကျော်ခဲ့ပါပြီ၊ အဖေ၊ အမေတို့နှင့် အစ်ကိုတို့လည်း သခါရသဘောတရားအတိုင်း ကွယ်လွန်ခဲ့ကြပါပြီ၊ နတ်ကြီးတောင်မှာကြုံတွေ့ခဲ့ရသောဖြစ်ရပ်ဆန်းလေးကိုလည်း မမေ့လျော့စပြုလာပြီဖြစ်ပါ၏၊

သို့သော် သတိရတိုင်းတော့ အမြဲ ဘမ်းအကူအညီလိုအပ်နေမည့်ဝိညာဉ်လေးအတွက် ကောင်းမှုကုသိုလ်များပြုလုပ်၍ အမျှအတန်းဝေခဲ့ပါ၏၊

ထို့အတူ သရဲတစ္ဆေဇာတ်လမ်းများ ရေးမပေးပါနှင့်ဆိုသည့် ဂန္ထဝင်ရေကာ မဂ္ဂဇင်းမှ ဆရာဝေလွှင်မြင့်မောင်ဆီ သရဲတစ္ဆေမဆန်သောမာဂရက်ဆိုသည့် ဝိညာဉ်မလေး၏ဇာတ်လမ်းလေးကို ရေးပို့ရလျှင် ကောင်းလေမည်လားဟု လည်း တွေးနေမိပါသည်၊ ၊

>> နေဝန်းနီ

## ရာသီပြောင်းကာလ ကလေးများ သက်တောင့်သေးများ

| | | |
|---|---|---|
| **လေဆန်နာ** | - | ကြက်သွန်ဖြူတစ်လုံး မီးဖုတ်ကျေးပါ၊ မိခင်က ကြိတ်မှန်ရွက်ကို ငါးကြင်းနှင့် ချက်စားပါ၊ |
| **လေထိုးလေနာ** | - | ရေနံချေး၊ ရေနံဆီ၊ ပရုတ်ဆီဖြူ ဖျော်၍ ရင်ဝမှ ဆီးစပ်တိုင် အသာအယာဖိ၍ သပ်၍လိမ်းပါ၊ |
| **လေထိုးလေနာ** | - | ငုသီးနှစ်ကို သွေး၊ ကလေးချက်ပတ်လည် လိမ်းပေးပါ၊ |
| **ဝမ်းကိုက်ဝမ်းနာ** | - | မြင်းခွာရွက် သုံးလေးရွက်ကို စမုန်နက်သကြားတို့နှင့် ရောကြိတ်ပြီး အနည်းငယ်တိုက်ပါ၊ |



www.burmeseclassic.com

www.burmeseclassic.com

**မိုးသားတိမ်ရိပ်တို့သည်** ကောင်းကင်တွင် တရိပ်ရိပ်ပြေးလျက်ရှိကြသည်၊ ခယားပင်(ခရေပင်)ကြီး၏အောက်တွင် အသက်သုံးဆယ်ခန့်ရှိသော လူရွယ်တစ်ယောက်သည် မြေကြီးပေါ်သို့ ကြွတက်ထွက်လျက်ရှိသည့် အမြစ်ကြီးပေါ်တွင် ထိုင်နေ၏၊ ပေရွက်ထပ်ကို ဒူးပေါ်တွင်တင်၍ တကုပ်ကုပ်နှင့် ရေးခြစ်နေသည်၊ မလုမ်းမကမ်းတွင် တောလမ်းကလေးရှိ၍ သူ၏မြင်းမှာ သူ့အနားတွင် မြက်များ စားနေ၏၊ သူသည် ဓားရှည်ကြီးတစ်လက်ကို ခါးတွင် လွယ်ထားသော်လည်း ဝတ်ပုံစားပုံမှာ သာမန်ခရီးသွားယောကျ်ားတစ်ဦးကဲ့သို့ပင် ဖြစ်သည်၊ နက်ကျောပြောင်လက်နေသော သျှောင် (ယောင်) ကြီးကိုရစ်၍ ပတ်ထားသော ခေါင်းပေါင်းမှာလည်း မူလက ငှက်ပျောညွန့်သွေး ဖြစ်သော်လည်း သူ့ပိုင်ရှင်နှင့်အတူ နှစ်ပေါင်းရှည်ကြာ၍ အရောင်တွေ လွင့်လျက် ရှိ၏။



အားနွဲ့သူ မိန်းမသားတစ်ယောက်ကို
အနိုင့်အထက် သိမ်းပိုက်ရန် ကြံစည်ရာ
ကယ်တင်သူ ပေါ်လာခဲ့ရာမှ
ဤဇာတ်လမ်း စတင်ဖြစ်လာခဲ့သည့် ..

နန္ဒသူ




www.burmeseclassic.com

www.burmeseclassic.com

တောလမ်း ဆိုသည်မှာလည်း လှည်းလမ်းကြောင်းမဟုတ်သဖြင့်လမ်းရာပေါ်လွင်လှသည်မရှိဘဲ ချုံပုတ်၊ သစ်ပင်ငယ်များ ရှင်းလင်းနေခြင်းမျှသာ ဖြစ်သည်။ လမ်းစောင်းအချို့နေရာများတွင် ကျောက်ခဲကျောက်စောင်းကလေးများပင် ပေါ်ထွက်နေ၏။ ကွေ့ကောက်သော လမ်း၏ တစ်ဖက်တစ်ချက်တွင်ကား သစ်ပင်ချုံပင်တို့သည် အတော်ပင် ပေါများစွာ ပေါက်ရောက်လျက်ရှိလေရာ လမ်း၏ ကွေ့ကောက်သွားသောနေရာများတွင် မျက်ခြည်ပြတ်လောက်ပေသည်။

ထိုင်နေသောလူရွယ်၏ လက်ျာဘက်သို့လမ်းအတိုင်းလိုက်သွားမည်ဆိုလျှင် အညာခရီးသို့ပေါက်ရောက်နိုင်၏။ ပုဂံပြည်သို့ သွားလိုလျှင် ထိုအတိုင်း လိုက်ရပေမည်။ သူ၏ လက်ဝဲဘက်သို့ ခရီးထွက်မည်ဆိုလျှင် မြင်းကို ဆယ့်ငါးမိနစ်ခန့် အပြင်းနှင်ရုံဖြင့် ချောင်းကမ်းပါးတွင်တည်ရှိသော ကညင်ကောက်ကျေးရွာကြီးသို့ ရောက်နိုင်လေ၏။

ထိုကျေးရွာကြီးမှ ချောင်းကို ကူးလျှင်ပင် ပြည်တော်သာကျွန်းကို ရောက်နိုင်ပေသည်။ ယခင်အခါများကဆိုလျှင် ပြည်တော်သာကျွန်းသည် ထင်ပေါ်လှသည်မဟုတ်၊ ယခုသော်ကား ပုဂံနေပြည်တော်ကပင် မြေထဲသရက်တို့ကို ကျော်၍ပြည်တော်သာကျွန်းကို စိတ်ဝင်စားနေရသည်။ အကြောင်းသော်ကား ပဲခူးစားရေမန်ကန်းသည်ပြည်တော်သာကျွန်းကို အနိုင်အမာတပ်စွဲ၍ ထောင်ထားခြားနားခဲ့သည်။ ပုဂံမှ မင်းညီနောင်ဖြစ်သော စောလူးနှင့် ကျန်စစ်သားတို့သည် စစ်သည်ဗိုလ်ပါများနှင့်လာရောက်တိုက်ခိုက်၏။ သို့သော် - ရေမန်ကန်း၏ ပရိယာယ်ကြွယ်မှုကြောင့် စောလူးမင်းတို့၏ တပ်ပျက်ကာ ကျန်စစ်သားမှာ လွတ်မြောက်ပြီး ပုဂံသို့ပြန်လည်ရောက်ရှိသော်လည်း စောလူးမင်းကား ရေမန်ကန်း၏လက်ရဖမ်းမိခြင်းကိုခံလိုက်ရပေသည်။

ရေမန်ကန်းသည်လည်းကောင်း၊ ကျန်စစ်သားသည်လည်းကောင်း အသက်နှင့် ခန္ဓာကိုယ် မကွဲမကွာတည်ရှိနေသမျှ ကာလပတ်လုံး စစ်ပွဲသည် ရှိနေမည်ဖြစ်၍ ပြည်တော်သာကျွန်းနှင့်တကွ ပတ်ဝန်းကျင်မှာ ပြည်တော် မသာယာနိုင်ဘဲ ရှိတော့သည်။

ဤသို့သော အခါသမယမျိုးတွင် တိုက်ရေးခိုက်ရေးတွင် လွန်စွာမှ လိုအပ်နေပေသော ဤလို လူရွယ်သည် ခယားပင်ကြီးအောက်တွင်ထိုင်၍ တကုပ်ကုပ်နှင့် ဘာတွေများ ရေးခြစ်နေပါသနည်း။ တစ်ယောက်တည်းမို့ စစ်ထွက်လာသူတော့ မဟုတ်နိုင်။ ပြီးတော့ သူ့ဝတ်ပုံစားပုံမှာ စစ်သည်တော်တစ်ဦး ဝတ်ပုံစားပုံမျိုး မဟုတ်ချေ။ မြင်းပေါ်တွင်လည်း ကုန်းနီးအဖြစ် နီညိုရောင် ဖျင်ကြမ်းအထူကို ခင်းထားပြီး တွဲရရွဲဆွဲထားသော အထုပ်အပိုးကလေး တစ်ခု၊ နှစ်ခုမှာလည်း ခရီးသည်တို့၏ ပစ္စည်းပစ္စယများအဖြစ်ကိုသာ ဖော်ပြနေပေ၏။

ထိုအခိုက်တွင် ကညင်ကောက်ကျေးရွာကြီးဘက်ဆီမှ မြင်းခွာသံများသည် ထွက်ပေါ်လာလေသည်။ ခယားပင်အောက်မှ လူရွယ်သည် ဖျတ်ခနဲ ခေါင်းကို ထောင်ကာ နားစွင့်လိုက်ပြီးသော် ချက်ချင်းပင် ပေါက်ခနဲထ၍လက်ထဲမှ ပေရွက်များကို မြင်းဆီမှ အထုပ်တစ်ခုထဲသို့လျှင်မြန်စွာထည့်သွင်းလိုက်၏။ မြင်းခွာသံများကား သူ့ဘက်သို့ ဦးတည်၍ လာနေကြသည်မှာ ထင်ရှား…၏။

လူရွယ်သည် မြင်းကိုဆွဲကာ ခ… လှမ်းလှမ်း ချုံပုတ်များအကြားသို့ ရွေ့…ပြောင်း၍ ချည်နှောင်ထားလိုက်သည်… မြင်းသည် မြင်းလိမ္မာဖြစ်ပုံရ၏။ ချုံနွယ်…များအကြားတွင် ငြိမ်သက်စွာ နေ…သည်။ လူရွယ်သည် သရက်ပင်တစ်ပ…၏ခြေရင်းရှိချုံပုတ်တစ်ခု၏အကွယ်တွ…သေချာစွာ နေရာယူ၍ လမ်းကို ချောင်း…နေ၏။

မကြာမီပင် လမ်းကွေ့ဆီမှ မြင်း…စီးနှင့်ခရီးသည်နှစ်ဦး ပေါ်ပေါက်လာလေ…သည်။ သူတို့သည်မြင်းများကိုအပြင်းန…နေကြ၍လည်းကောင်း၊ သူတို့၏နောက…ဆီမှ အပြင်းနှင်နေကြ၍လည်းကောင်…ထိုနှစ်ဦးသည် အန္တရာယ်မှလွတ်အော…ပြေးလာကြသူများ ဖြစ်သည်ကို လူရွ…သည် အလွယ်တကူပင် အကဲခတ်နိ…ပေသည်။

ရှေ့နားက မြင်းစီးပုဂ္ဂိုလ်မှာ အသ…ငါးဆယ်ကျော် ခြောက်ဆယ်တွင်းတွ…ရှိပြီး ဓားရှည်ကို လွယ်ထား၏။ အဝ…

www.burmeseclassic.com



ရှဉ့်ကလေးများ၏ဖျတ်လတ်မှုဖြင့် အိုစုံသည် ချာခနဲလှည့်ကာ လက်ထဲမှ ဓားဖြင့် ကိုဆန်၏မျက်နှာကို ကြက်ခြေခတ်နှစ်ချက် ခုတ်ချလိုက်သည်။ ချောင်းကြည့်နေသော လူရွယ်ပင် အသက်ရှူရပ်သွား၏။ ကိုဆန်၏ မျက်နှာပြင်ပေါ်တွင် ဖွေးခနဲ ဖွေးခနဲ ဓားရာကြီးနှစ်ချက် ကြက်ခြေခတ်ပေါ်သွားသည်နှင့်တစ်ပြိုင်နက် ကိုဆန်သည် သူ့မျက်နှာကို သူ့ လက်ဝါးနှစ်ဖက်နှင့် အုပ်၍ လှည့်ပြေး၏။

အစားများကို ထောက်ရှုခြင်းအားဖြင့် ကြေးရတတ်တစ်ဦးဖြစ်ကြောင်းကို သိနိုင်သည်။ ဥပမိရုပ်ကား ကြည်ညိုဖွယ်ခန့်ညားသူ ဖြစ်၏။ သူ့နောက်ပါးက ကပ်၍လိုက်လာသော မြင်းစီးခရီးသည်ကို မြင်လိုက်ရသောအခါတွင် ချုံကွယ်မှလူရွယ်သည် အံ့အားသင့် သွားရတော့သည်။ အဘယ်ကြောင့်ဆိုသော် မြင်းကို ကျွမ်းကျင်စွာ အပြင်းနှင်လာသူကား ယောက်ျားတစ်ဦးမဟုတ်၊ အသက်နှစ်ဆယ်ခန့် လှပချောမွေ့သော မိန်းမပျို တစ်ဦး ဖြစ်နေသည်ကို တွေ့ရသောကြောင့်ပင် ဖြစ်၏။

ထဘီကိုဝတ်မထားဘဲ ပုဆိုးကို အောက်ပိုးကျိုက်ကာ မြင်းကိုယောက်ျားလေးတစ်ဦးသဖွယ် နိုင်နိုင်နင်းနင်း စီးလာ၏။ ပုဆိုးစမှာ ဒူးအထက်ကျော်နားအထိ တက်နေသည်ဖြစ်ရာ အုံ့နေသော မိုးသားများ၏ အရောင်အောက်တွင်ပင် ဖြူဖွေးဝါဝင်းသော သလုံးသားပြည့်ဖြိုးကလေးများမှာ မြင်ရသူ၏ မျက်စိကို လွှဲဖယ်ပစ်၍ မရနိုင်အောင်ပင် ဆွဲဆောင်ကြသည်။ ဆံပင်ကို တစောင်းထုံးထားသော်လည်း ခရီးကြမ်းကြောင့် ဆံစများ ခင်ရှေ့သို့ပြေကျနေကာ မြင်းအဟုန်ကြောင့် ကြွခနဲ ကြွခနဲဖြစ်နေသော ပြည့်ဖြိုးသည့် ရင်သားအစုံပေါ်တွင် ဆံစတို့သည် စုန်ပေါက်မြူးထူးနေကြသည်။

လူရွယ်သည် မိန်းမပျိုဆီမှ မျက်လုံးများကို လွှဲဖယ်မပစ်နိုင်ဘဲရှိရာမှ "တော်တော်လှတဲ့ မက်မောစရာ လုံမငယ်ပါကလား" ဟု နှုတ်မှ တီးတိုးထွက်သွားမိ၏။ ထိုခဏတွင် အနောက်ဘက် လမ်းကွေ့ဆီမှ အခြားသူများ ထွက်ပေါ်လာကြသည်။ စုစုပေါင်းသုံးယောက်ဖြစ်၏။ နှစ်ယောက်မှာ မြန်မာအမျိုးသားများဖြစ်ကြသော်လည်း တစ်ယောက်သောသူကား မုတ်ဆိတ်ကျင်စွယ်များနှင့် မဇ္ဈိမတိုင်းသားတစ်ယောက်ဖြစ်ကြောင်းကို မပြောဘဲနှင့် သိနိုင်ပေ၏။ သူတို့တွင်လည်း ဓားကိုယ်စီနှင့်ဖြစ်ရာ အိန္ဒိယတိုင်းသား၏ ဓားမှာကား သူတို့ထုံးစံအတိုင်း အဖျားသို့ကော့၍ကောက်နေသော ဓားပင် ဖြစ်၏။ သူတို့သည် အရှေ့မှ တရစပ်လိုက်နေကြခြင်းမှာ ထင်ရှားလှသည်။

ရှေ့မှ ခရီးသည်နှစ်ဦးသည် လူရွယ်၏ ရှေ့နားသို့အရောက်တွင် နောက်မှ လူသုံးဦးအနက် မဇ္ဈိမတိုင်းသားသည် ခါးတွင်ချိတ်ထားသော ဓားမြှောင်ကို ထုတ်ကာ ရှေ့သို့ကိုင်း၍ပစ်ပေါက်လိုက်၏။ ရိုးကျူးလောက်ပါပေသည်။ တစ်ချိန်တည်းမှာပင် ထိုသူမှာ စစ်မှုထမ်းတစ်ဦးဖြစ်သည်ကို သိနိုင်လောက်၏။ ကစုန်ပြေးလွှားနေသောမြင်းပေါ်မှလူကို ကဆုန်ပြေးနေသော မြင်းပေါ်မှ ပစ်ပေါက်ခြင်းပင်ဖြစ်လင့်ကစား ဓားမြှောင်မှာ တည့်မတ်စွာပင် ခရီးသွားလူကြီး၏ ကျောပြင်သို့ စိုက်ဝင်သွားတော့သည်။ သို့ဖြစ်ရကား မြင်းစီးလူကြီးမှာ "အား" ဟု တစ်ချက်သာအော်နိုင်ပြီး မြင်းပေါ်မှ လိမ့်ကျလေ၏။ ကံဆိုးသည်ဟု ဆိုရပေမည်။ မြင်းပေါ်မှထိုးကျလာရာတွင်လမ်းစောင်းတွင်ပေါ်ထွက်နေသော ကျောက်စွန်းနှင့် နဖူးစွန်းတို့ ရိုက်မိကြရာ ရိုက်သံကို ချုံကွယ်မှ လူရွယ်ပင်လျှင် ကြားလိုက်ရ၏။

အရှိန်လွန်သွားသောမြင်းကို ဇက်သတ်၍ မိန်းမပျိုသည် မြင်းပေါ်မှ သွက်

www.burmeseclassic.com

လက်စွာ ဆင်းလိုက်သည်။ ဤအချိန်တွင်မှ မိန်းမပျိုသည် ခါးတွင် ဖဲတစ်ဖက်စကိုခါးစည်းပြု၍ ချည်နှောင်ထားခြင်းကို ချုံကွယ်မှ လူရွယ်သည် သတိပြုမိ၏။

နောက်မှလိုက်လာကြသော မြင်းများလည်း ဇက်သတ်လိုက်ကြတာ အသက်သုံးဆယ့်ငါးနှစ်ခန့် လူသည် ချတ်လတ်စွာ မြင်းပေါ်မှ ဆင်းလာ၏။ မိန်းမပျိုသည် လမ်းစောင်းတွင် မလှုပ်မယှက်လဲကျနေသူ လူကြီးထံသို့ ပြေးလာသည်။ သို့သော် နောက်မှလိုက်ဆင်းလာသော လူက ရင်ဆိုင်ပြေး၍လာရာ မိန်းမပျိုသည် လူကြီးထံသို့မရောက်မီအကြား၌ ဆီး၍ ပွေ့ဖက်မိ၏။

"လွှတ်စမ်း - လူယုတ်မာကြီး၊ လွှတ်နော်"

လူယုတ်မာကြီးဟု အခေါ်ခံရသည်ကိုပင် ချီးကျူးထောပနာပေးခြင်းဟု မှတ်ထင်လေရော့သလားမသိ၊ ထိုလူသည် ဟက်ဟက်ပက်ပက် တစ်ချက်ရယ်လိုက်ပြီး -

"မင်းကို လိုချင်လွန်းလို့ ပြေးလိုက်ခဲ့ရတာ၊ ဘောက်မဲ့ကြောင့် လွှတ်ပေးရမှာလဲ - အိုစုံရယ်၊ ရှန်းနေရင် မယ်မင်းပန်းရုံပ" ဟု ပြောလိုက်သည်။

ထိုအခါအိုစုံသည်ရှန်းကန်နေရာမှ ရပ်တန့်လိုက်၏။ ပြီးတော့ တစ်ဖက်သို့ အသာလှည့်ကြည့်လိုက်သည်။ မြင်းများပေါ်မှ ဆင်းပြီးကြသော မြန်မာလူမျိုးတစ်ဦးနှင့် မဇ္ဈိမတိုင်းသားတို့သည် လက်ပိုက်ရပ်ရင်း သူတို့ကို ပြုံးပြုံးကြီး ကြည့်နေကြသည်။ ယောကျာ်းအားနှင့် မိန်းမအား တစ်ဦးချင်းပင် ရှန်းကန်ရ မလွယ်ကူရသည့်ကြားတွင် အင်အားအပြည့်နှင့်အခြားယောကျာ်းနှစ်ဦးသည် ရန်သူများသာ ဖြစ်နေကြ၏၊ အိုမုံသည် မိမိအား ရင်ချင်းအပ်လုဖြစ်အောင် တင်းကျပ်စွာ ပွေ့ဖက်ထားသောသူကို မော့ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်၏။

"ကိုရင်ဆန်၊ မိစုံ လိုက်ခဲ့ပါ့မယ်၊ အဖကို ကြည့်ပါရစေဦး"

ကိုဆန်သည် လဲကျနေသူဘက်သို့ တချက်ငဲ့ကြည့်ပြီးမှ အိုစုံကို ဖြေလွှတ်လိုက်သည်။ မိစုံသည် လဲကျနေသော ဖခင်ကြီး၏ ပခုံးကိုလှည့်၍ ပက်လက်လှန်ပေး၏။ မျက်နှာကလေးတစ်ချက် ကွက်ခနဲ ပျက်သွားရှာသည်။ လဲကျနေသူကား ဇီဝိတိန္ဒြေအသက်ကား ကြွေသွားလေပြီ။ အိုစုံသည် တျာတျာနီမြန်းနေသော နှုတ်ခမ်းကလေးကို တစ်ချက်ပြင်းစွာ ကိုက်လိုက်၏။ ထိုသို့ နှုတ်ခမ်းကိုက်လိုက်ခြင်းကို မျက်နှာတူရှုချုံကွယ်က ကြည့်နေသော လူရွယ်ကသာ မြင်လိုက်ရခြင်း ဖြစ်၏။ ကိုဆန်သည်ကား အိုစုံ၏ ကျောဘက်နားက လက်ပိုက်၍ ရပ်နေသည်ဖြစ်သောကြောင့် မမြင်နိုင်ချေ။

အိုစုံသည် မျက်စိနှစ်ဖက်ကို ညှစ်၍ တစ်ချက်ပိတ်ပြီး ပြန်ဖွင့်လိုက်ရာ ပုလဲဥငွေမျက်ရည်ပေါက်ကြီးနှစ်စုသည် မျက်လုံးတစ်လုံးစီမှ တောက်ခနဲ ကျဆင်းလာသည်။ အိုစုံသည် ချက်ချင်းပင် အံကိုကြိတ်လိုက်ကာ ဆတ်ခနဲ မတ်တတ်အရပ်လိုက်တွင် ဖခင်ဖြစ်သူ လွယ်ထားသောဓားသည် ဓားအိမ်မှ ကျွတ်၍ လျှောခနဲ ပါသွား၏။

ရှဉ့်ကလေးများ၏ဖျတ်လတ်မှုဖြင့် အိုစုံသည် ရှာခနဲလှည့်ကာ လက်ထဲမှ ဓားဖြင့် ကိုဆန်၏ မျက်နှာကို ကြက်ခြေခတ် နှစ်ချက် ခုတ်ချလိုက်သည်။ ချောင်းကြည့်နေသော လူရွယ်ပင် အသက်ရှူရပ်သွား၏။ ကိုဆန်၏ မျက်နှာပြင်ပေါ်တွင် ဖွေးခနဲ ဖွေးခနဲ ဓားရာကြီးနှစ်ချက် ကြက်ခြေခတ်ပေါ်သွားသည်နှင့် တစ်ပြိုင်နက် ကိုဆန်သည် သူ့မျက်နှာကို သူ လက်ဝါးနှစ်ဖက်နှင့် အုပ်၍ လှည့်ပြေး၏။

"ငါ့ကို ဓားနှင့်ခုတ်မိပြီ - ခုတ်မိပြီ" ဟု နှုတ်မှအော်ရင်း သုံးလေးလှမ်းမျှ ပြေးပြီးသော် မြေကြီးပေါ်သို့ အူတောက်ကျ၏။ ထိုမှတစ်ဖန် မြေပေါ်သို့ ခါးကိုင်း၍ ဝပ်ကျသွားသည်။ မျက်နှာကိုအုပ်ထားသော သူ့လက်ချောင်းများကြားမှ သွေးတို့သည် ယိုစီး၍ ကျလာ၏။

ရပ်ကြည့်နေသူ နှစ်ဦးအနက် မြန်မာသည် ဓားကို ဆွဲထုတ်လိုက်ကာ အိုစုံထံသို့ ပြေးဝင်လာ၏။ မဇ္ဈိမတိုင်းသားကား ကိုဆန်ထံသို့ပြေးကာ ဖေးကူနေသည်။

အိုစုံသည် လွှဲ၍ခုတ်ဝင်လာသော ရန်သူ၏ဓားချက်ကို သွက်လက်စွာနှ- ပက်ထုတ်လိုက်ကာ ကိုယ်ကိုငဲ့၍ ညာခြေကို ဆုတ်လိုက်ရာ ရန်သူကို ကျော



www.burmeseclassic.com

www.burmeseclassic.com

တစောင်းပေးပြီးသား ဖြစ်နေ၏။ သို့သော် ရန်သူမှာလည်း မမျှော်လင့်ဘဲ အားသန်သန်နှင့် ပက်လိုက်သော ဓား ချက်ကြောင့် အရှိန်နှင့် လည်သွားကာ အိုစုံကို ကျောပေးလျက်သား ဖြစ်နေ၏။ ထိုအခိုက် အိုစုံသည် ညာခြေကို ပြန်တက်ကာ ကိုယ်ကို ကိုင်း၍ ထိုဓားကို ရန်သူ၏ လက်ပြင်ဆီသို့ ပစ်သွင်းလိုက်သည်၊ သို့သော်ရန်သူသည်သတိကောင်းစွာပင် လက်ဝဲခြေကိုဒူးထောက်ချလိုက်သဖြင့် အိုစုံ၏ဓားသည် သူ၏ ဦးခေါင်းပေါ်မှ ကျော်ထွက်သွားသည်၊

ရန်သူသည် သူ့လက်မှ ဓားဖြင့် အိုစုံ၏ ဓားသွားကို ပုတ်ချလိုက်ပြီး ညာခြေကို အားပြုကာ လွှားခနဲ ရှေ့ခုန်ရင်း ကိုယ်ကို ပြန်လှည့်သည်၊ ထိုအခါတွင် သူတို့နှစ်ဦးသည် ဓားနှစ်ပြန်လောက် အကွာအဝေးခြား၍ မျက်နှာချင်းဆိုင် ဖြစ်နေကြတော့၏။ အိုစုံသည် လက်ဝဲလက်ဖြင့် ခါးစည်း၏အနားပတ်ကို ဖြေချလိုက်ရာတွင် ခါးကြားမှ ဆင်စွယ်ဓားမြှောင်ရိုးကလေးသည် ပေါ်လာ၏။ ထိုအခိုက် ရန်သူသည် ဝင်ရောက်လာပြန်ရာ အိုစုံသည် ဓားမြှောင်ရိုးပေါ် လက်တင်ပြီး လက်ျာလက်က ဓားရှည်ဖြင့် ကျင်လည်စွာ ခုခံ၏။

“ငတောက်တို့ အချိန်မဖြုန်းနဲ့၊ ပြန်မှ ဖြစ်တော့မယ်ဟေ့”

အိန္ဒိယတိုင်းသားသည် ကိုဆန်ကို မျက်နှာအဝတ်စည်းပေးပြီး မြင်းပေါ်တင်ထားနှင့်ပြီး ဖြစ်သည်၊ သူကိုယ်တိုင်လည်း ထိုမြင်းပေါ်တက်ကာ ကိုဆန်၏ မြင်းကို နောက်မှလိုက်စေရန် ဇက်ကြိုးကို ဆွဲထား၏။

မဇ္ဈိမတိုင်းသား၏အသံကြားသော် ကိုတောက်တို့သည် ဓားရေးကို သိမ်း၍ အမြန်ပြန်လှည့်ပြေးကာ သူ့မြင်းပေါ် သုတ်သုတ်ကလေး တက်သည်၊ ထို့နောက်တွင်ကားမြင်းခွာသံများနှင့်အတူ သူတို့သည် လာလမ်းအတိုင်း ပြန်ပြေး ပျောက်ကွယ်သွားတော့၏။

အိုစုံသည် ဓားကိုကိုင်၍ ရပ်နေသည်၊ မြင်းခွာသံများ ဝေး၍ပျောက်ကွယ်သွားမှ ဖခင်ကြီး လဲကျနေရာသို့ ကွေ့လာခဲ့၏။ ဖခင်ကြီး၏ အနားသို့ ရောက်သောအခါ လက်ထဲမှ ဓားရှည်ကို မြေပေါ်သို့ ဦးစောက်ထိုးစိုက်လိုက်ပြီး လျှင် ဖခင်ကြီး၏ ရင်ခွင်ထဲတွင် မျက်နှာကိုအပ်ကာ ရှိုက်ကြီးတင် ငိုကြွေးလေတော့သည်။

လူရွယ်သည် ချုံကွယ်မှပင် ခေတ္တစောင့်၍ကြည့်နေရာမှ အသာခြေဖော့၍ ထွက်လာခဲ့၏။ သို့သော် အိုစုံ၏ အနားသို့ ရောက်လုခါမှ သစ်ကိုင်းခြောက်ကို နင်းမိသည်၊ ဖျောက်ခနဲအသံကြောင့် အိုစုံသည် ရှာခနဲ လှည့်ကြည့်ကာ လူရိပ်ကို မြင်သည်တွင် ဖျတ်လတ်စွာနှင့် ခုန်ထလိုက်ပြီး စိုက်ထားသော ဓား၏လက်ကိုင်ကို ပြေးဆွဲ၏။ လူရွယ်ကလည်း ပြေးလာကာ ဓားကိုပင် လှမ်းကိုင်သည်ဖြစ်ရာ ဓားလက်ကိုင်ပေါ်မှ အိုစုံ၏ လက်ဖမိုးလေးကို အုပ်၍ကိုင်မိသည်၊ လူရွယ်သည် ခပ်ဖိဖိကလေးအုပ်၍ ကိုင်ထားလျက်ကပင် -

“ဓားကို မယူပါနဲ့ - နမ၊ မောင်ကြီးဟာ ရန်သူမဟုတ်ပါ”

အိုစုံသည် လူရွယ်ကို စိုက်၍ပင် ရဲရဲတင်းတင်း ကြည့်၏။

“ကိုယ့်မှာလည်း ဓားပါမယ့်ဟာ၊ မိန်းမသားရဲ့ဓားကို မကြောက်သင့်ပါဘူး”

လူရွယ်၏မျက်လုံးများက အသနား ခံနေကြသည်၊

“စောစောကတည်းက ဓားရေးကို မြင်ထားပြီးပြီဖြစ်လို့ မယှဉ်ဝံ့လိုပါ - နမ၊ မိတ်ဆွေတွေအကြားမှာ ဓားမလို၊ စကားသာ လိုပါတယ်နော်”

မျက်ရည်စတွေနှင့်ပင် အိုစုံ၏ မျက်နှာသည် ပြုံးယောင်သန်းလာ၏။

“မင်းယောကျ်ားစကားကို သာ ကြားလိုလှပါတယ်”

လူရွယ်သည် မျက်လုံးအရောင် တဖျတ်ဖျတ်တောက်လျက်ကပင် သတ်ပြင်းကိုချလိုက်၏။ လက်ကိုကားအုပ်၍ ကိုင်ထားဆဲဖြစ်သည်၊

“ဝါသနာရဲ့ဆွဲဆောင်မှုကြောင့် ဓားရေးကို အလေးမပေးခဲ့မိပါ။ နမ သချော်ရင်လည်း မောင်ကြီးဟာ မျက်နှာငယ်ရ မှာပလေ”

အိုစုံမှာ ဘာပြန်ပြောရမှန်းမသိ တော့။ ဓားကိုဓားနှင့် ရဲရဲရင်ဆိုင်ဝံ့သူ၏ စကားကိုတော့ တုံ့ပြန်စရာစကား မတွေ့ ဖြစ်နေသည်၊ ပို၍ဆိုသည်မှာ လူရွယ်ကိုကြည့်လိုက်တိုင်း သူ၏တုံ့ပြန်





www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့်နေသောအကြည့်သည် ဒိုစုံ၏ နှလုံးသားထဲသို့ ချဉ်းနင်းဝင် ရောက်ထိုးဖောက်သည်။ နှုတ်ခမ်းမွေး စနှင့် လှညိုရောကို မျက်နှာချင်းဆိုင် နေသမျှဒိုစုံ၏ရင်သားထွားထွားများမှာ ၍ဖွင့်ကားလာကာ မဟာသမုဒ္ဒရာ င်လယ်ပြင်မှ လှိုင်းတံပိုးသို့ ပြိုင်၍ ကြွ ကြွတက်လှသည်။ ဓားချင်းပြိုင်လျှင် ခမောခံနိုင်၏။ မျက်လုံးချင်းပြိုင်ရာတွင် ား သက်လုံမကောင်းရှာပါ။ ရုတ်ခြည်း င်ဦးခေါင်းကို ငုံ့ပစ်မိသည်။ လှရွှယ်နှင့် ေးရာသို့လည်း ထွက်ပြေးချင်သည်၊ ခြေထောက်များကား ကျောက်ဖြစ်ကုန် ကြသည့်အလား လေးလံပြီး ရွေ့၍မရ နိုင်၊

ထိုခဏတွင် မိုးပြေးသည် သံကြီး ငံပါဖြင့် တဖျောက်ဖျောက် ကျလာ ည်၊ မိုးပေါက်သည် အကျကျသော် ည်း အလုံးကြီး၏။ လှရွှယ်သည် ဒိုစုံ ၏ မြင်းဆီသို့ပြေး၍ ခင်းနီးကိုယူကာ လဲ ာ့ေသဆုံးနေသူကို အုပ်ထားပေးလိုက် ည်၊ ထို့နောက် ဝှက်ထားသော သူ့ မြင်းကို ယူဆောင်လာပြီး ခင်းနီးကိုယူ ၏။

ဒိုစုံမှာ ထိုသူ လုပ်သမျှကို စက်ရုပ် သဖွယ် လိုက်ကြည့်နေမိသည်။ သူသည် ဒိုစုံ၏အနားသို့ပြန်ရောက်လာပြီး ခင်းနီး ကို လွှမ်းခြုံပေးသည်၊ သည်လိုတော့ လည်း အစ်ကိုကြီးက ညီမငယ်ကို ယုယ သလို ရှိလှသည်။

"ဒိုစုံ - နမ၊ လာ - မိုးပေါက်လွတ်ရာ သွားစို့"

ပခုံးလေးကိုဖက်ကာ လှရွှယ်သည် ညင်သာစွာ ဆွဲခေါ်သည်။ ဒိုစုံမှာ ဆင် ခြင်ဉာဏ်မဲ့သည့် စက်ရုပ်ပမာ သူခေါ်ရာ သို့ တရွေ့ရွေ့ လိုက်ပါလာရ၏။ အရွက် သိပ်သည်းသော ဧယားပင်ကြီး၏ အောက်ခြေတွင် မျက်နှာချင်းဆိုင် ဆိုင် မိကြသည်၊

ဒိုစုံသည် မျက်နှာကို တဖက်လှည့် ၍ ခပ်ပြင်းပြင်းကျနေသော မိုးပေါက်များ နှင့် မြေကြီးတို့ ထိစပ်ရာတွင် မြေမှုန်များ ဖွားခနဲဖွားခနဲထနေသည်ကိုအကြောင်း မဲ့ ငေးကြည့်နေသည်။

လှရွှယ်ကမူ ဒူးအထိသာ ဖုံးလွှမ်းမှု ရှိနေသော ဒိုစုံ၏ ဖြူဖွေးဝင်းဝါသော သလုံးသားကလေးကို စိုက်ကြည့်နေမိ ၏၊ တစ်ချက်တစ်ချက် သစ်ပင်ရင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် မိုးစက် မိုးပေါက်များကြောင့် ဖုန်များသည် စဉ်၍ ရွှံ့စက်အသွင်ပြောင်းကာ ဒိုစုံ၏သလုံး သားလေးကို ညစ်ပေစေသည်။

"ဒို ..."

ဒိုစုံသည် ခြေကိုရုပ်လိုက်ပြီး ပုဆိုး စကို အတင်းဆွဲချသည်၊ လှရွှယ်က သလုံးသားကိုပွတ်၍ စင်ကြယ်အောင် ပြုလုပ်ပေးမိသောလက်ကိုပြန်ရုပ်လိုက် ၏၊

"ဆိုးငရဲကို ကြောက်ပါတယ်"

"နမက နိုင်းတာမှမဟုတ်၊ မောင် ကြီးက စေတနာနဲ့ လုပ်ပေးတာပါ။ ဘာ ဖြစ်သလဲ - နမ၊ မြင်းစီးလာနိုက်မှာတော့ ခပါစေ၊ မောင်ကြီးရှေ့ကျမှ သလုံးသားကို ဖုံးကွယ်ထားချင်သလား"

ဒိုစုံသည် ဦးခေါင်းကို ငုံ့လိုက်၏၊

"ရှက်ခြင်း ကြောက်ခြင်းဆိုတာ နတ်တွေပင် စောင့်ထိန်းထားရှိကြတဲ့ ဒေဝဓံတရားပါ - မောင်ကြီး။ အပြစ် မတင်ထိုက်ပါဘူး"

"မြေလတ်သူတွေ စကားတတ် ကြောင်း ဆိုစကားမကြားဖူးဘူး - နမ၊ ခုတော့ ပြောစမှတ်ပြုရတော့မှာပဲ"

ဒိုစုံသည် ဘာမျှပြန်မပြောတော့ ချေ။ ထို့ကြောင့်ပင် လှရွှယ်ကပင် စကား ကို အသက်ဆက်ရ၏။

"နမတို့အဖြစ်ကို မောင်ကြီး ချုံ ကွယ်က အကုန်မြင်ရပါတယ်၊ ဖြစ်ပျက် ပုံ အလုံးစုံကို သိပါရစေလား - ဒိုစုံ"

"သိရပါတယ်၊ ဒါထက် မောင်ကြီးရဲ့ အမည်နာမကို ..."

"ကျော်ရန်လို့ ခေါ်ပါတယ်၊ နမကို လည်း မိစုံလို့လည်း ခေါ်ချင်တယ်"

"ခေါ်ပါ - မောင်ကြီး၊ မောင်ကြီးကို တော့ မိစုံက ကိုကျော်ရန်လို့ မခေါ်ချင် ဘူး၊ မောင်ကြီးလို့ပဲ ခေါ်ပါ့မယ်"

ထို့နောက်တွင် ဒိုစုံသည် အကျိုး အကြောင်း အဖြစ်အပျက်တွေကို စရေ စေ့တွင်းကျ ပြောပြတော့သည်၊ သူ့ဖခင် သည် ကညင်ကောက်ကျေးရွာသူကြီး နန္ဒသိခံဘွဲ့ရဦးဖိုးရောက်ဖြစ်သည်၊ မိခင် မှာ ငယ်စဉ်ကပင် ဆုံးသွားခဲ့၏။ ငရမန် ကန်းက ထောင်ထားပြီး ပြည်တော်သာ ကျွန်းတွင် တပ်စွဲနေစိုက် ပုဂံမှ မင်းညီ နောင် လာရောက်တိုက်ခိုက်ကာ ငယ မ ပျက်သွားရသည်တွင် ဦးဖိုးရောက်မှာ ပုဂံ၏ သစ္စာတော်ကိုပင် ခံ၍နေသည်၊

www.burmeseclassic.com

"အဖေက – မင်းကျွန်စစ် ရှိနေသရွေ့ စစ်ပြုလာမှာပဲ၊ ဒီတော့ – ငါတို့က မင်းကျွန်စစ်နဲ့အတူ မင်းရမန်ကန်းကို တိုက်ခိုက်ကြရမယ်ဆိုပြီး ပတ်ဝန်းကျင် ကျေးရွာတွေနဲ့ တိုင်ပင်ညီညွတ်ကြတယ်၊ ဒါကို ကိုရင်ဆန်နဲ့ ကိုရင်တောက်တိုတို့က မင်းရမန်ကန်းရဲ့ စစ်သည်တွေကို စကားစီရင်ခံပြီး ခေါ်လာကြတယ်၊ အိမ်ကို ဝိုင်းလို့ ထွက်ပြေးခဲ့ကြရတာပါ မောင်ကြီး"

"ငဆန်တို့က ရမန်ကန်းရဲ့ သစ္စာတော်ခံတွေလား"

"လူယုတ်မာမှာ ခံစရာ သစ္စာတရားရှိလို့လား – မောင်ကြီး၊ အမှန်ကိုဖွင့်ပြောရရင် ကိုရင်ဆန်ဟာ မိစုံကို တစ်ဖက်သတ်မြတ်နိုးပြီး သိမ်းပိုက်ချင်နေသူပါ၊ ဒါကြောင့်ပဲ အဖေကို ရန်ပြုကြတာပါပဲ၊ အဖေကလည်း သူ့ကို မိစုံနှင့် မြန်းဖို့ သဘောမကြိုက်ညီခဲ့ဘူးလေ"

ကျော်ရန်သည် မိစုံကို စိုက်ကြည့်လိုက်၏။

"အနို့ – မိစုံမှာကော ရည်ငံပြီးသူ ရှိနှင့်နေလို့လား"

အိုစုံသည် ဖျတ်ခနဲ ခေါင်းကို ငုံ့လိုက်၏၊ ပြီးမှ ဦးခေါင်းကို ခါယမ်းပြသည်၊ ရင်ထဲတွင်လည်း ကျဉ်းကျပ်သွားပုံရ၏။

"ရည်းရမယ့်လူတွေကလည်း မိစုံရဲ့ ဓားကို ကြောက်တယ်ထင်ပါ့ရှာ"

ကျော်ရန်က အရွှန်းဖောက်လိုက်မှ အိုစုံသည် ရင်ထဲတွင် အကျဉ်းအကျပ်ဝေဒနာမှာ ပြေပျောက်သွားပြီး ကျော်ရန်ကို မျက်စောင်းထိုးလိုက်၏။

"မေတ္တာအစစ်အမှန်ရဲ့လမ်းခရီးကို ဓားကလည်း မဆီးနိုင်ပါဘူး၊ မောင်ကြီးရယ် – မောင်ကြီးတို့လို ပုဂံမြို့ကြီးသားတွေက မိစုံတို့ ကျေးတောသူတွေထက် ပိုသိမှာပါ"

"မောင်ကြီးက ပုဂံဇာတိ မဟုတ်ပါဘူး၊ ဒါပေမဲ့ – အခုလာခဲ့တာကတော့ ပုဂံကပါပဲ"

ထိုအခါ မိစုံသည် အားကိုးတကြီး ကြည့်လိုက်သည်။

"မောင်ကြီး – ပုဂံကပန်းတော့သည်ကြီး ဦးဖိုးပြောက်ကို သိသလား"

"ပန်းတော်စုကို မောင်ကြီးက အရောက်အပေါက်နည်းပါတယ်"

"ခက်တာပဲ – မိစုံတို့က ဦးကြီးရှိရာကို ပြေးကြရမှာ၊ အဖေကလည်း ခရီးမှာ အသက်ကုန်သွားပြီမို့ မိစုံတော့ ဒုက္ခရောက်ပါပြီ"

အိုစုံ မျက်နှာညှိုးသွားသည်ကို ကျော်ရန် မလိုလားချေ။

"သောကမရှိနဲ့ – မိစုံ၊ ဒီကနေပြီး ပုဂံအထိ လမ်းတစ်လျှောက်မှာ မောင်ကြီးရဲ့ အဆွေသင်္ဂဟတွေ အများကြီး ရှိတယ်၊ မိစုံကို ဦးကြီးရှိရာ ရောက်အောင် ကူညီဆောင်ရွက်ပေးကြလိမ့်မယ်"

ကျော်ရန်သည် ပေရွက်ကလေးများထုတ်ကာ သုံးလေးရွက်တွင် စာသုံးလေးကြောင်းစီ ရေးပေး၏၊ ကျောဘက်တွင် မိတ်ဆွေအမည်များနှင့် လိပ်စာသမျှကို ရေးပေးသည်။

"ကိုင်း – မိစုံ၊ မိုးလည်း စဲသွားပြီ၊ အမြန်သွားပေတော့၊ တော်တော်ကြာ ရန်သူတွေ ပြန်လာနေကြဦးမယ်၊ မောင်ကြီးကတော့ ကညင်ကောက်ဖက်ကိုပဲ ခရီးဆက်ရမှာမို့ လိုက်မပို့နိုင်တာပါ၊ ဒီက မိစုံရဲ့ အဖအလောင်းကိုတော့ မောင်ကြီးကပဲ မြေမြှုပ်သင်္ဂြိုဟ်ဖို့တာဝန်ယူပါတယ်"

အိုစုံသည် ဖခင်ကြီး အလောင်းနားတွင် ငိုကြွေးပြန်သည်၊ ကျော်ရန်က အမျိုးမျိုးဖျောင်းဖျမှ နောက်ဆုံး ဖခင်ကြီးကို ကန်တော့ကာ မြင်းပေါ်သို့ တက်လိုက်လေ၏။

"ဒါထက် – မောင်ကြီး လုပ်ငန်းက ဘာလဲ၊ မိစုံ မမေးမိသေးဘူး"

ကျော်ရန်သည် ပြုံးလိုက်၏။

"သွားမယ့်အရပ်ကို ပြောလိုက်ရင်း လုပ်ငန်း သိကရောပေါ့၊ မောင်ကြီးက အခု ကညင်ကောက်ရွာနားက ငန်းတော်ရှင်မသိုက်ဆိုတာကို သွားမလို့၊ ဥစ္စာတော်တော်ကြွယ်ဝတယ်လို့ သိုက်စာရှိတယ် – မိစုံ"

အိုစုံက မျက်မှောင်ကို ကုတ်လိုက်၏။

"ဘုမိရတ် လိုက်စားတာမှာ၊ မြေကိုအိမ်ဓားနဲ့ တူးတယ်လို့ မိစုံ မမှတ်သားဘူးပါဘူး"

"အို – ဒီဓားက သိုက်တူးတာ မဟုတ်ပါ – မိစုံရယ်၊ ခရီးသွားမှာ ဓားပါတာ ဆန်းကြယ်လှပါသလား၊ ကိုင်း သွားချေတော့ – မိစုံ၊ မောင်ကြီး ပုဂံကို ပြန်ရောက်ရင် စုံစမ်းပြီး ရောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့မယ်၊ ကဲ - သွားပေတော့၊ မောင်ကြီးကို မမေ့ပါနဲ့နော် - မိစုံ"

အိုစုံသည် "အော် - အော်" ဟုဆို၍ ခေါင်းကိုသွက်သွက်ညိတ်ပြတာမြင်းကို ဒုန်းစိုင်းသွားလေတော့သည်။

ကျော်ရန်သည် အလောင်းမှ ဓားမြှောင်ကို ဆွဲနုတ်၍ လက်ကိုင်ကို သေချာစွာကြည့်သည်၊ လက်ကိုင်တွင် အတက်အကောက်၊ အစင်းအပြောက်တွေနှင့် အကွရာတွေ ပါရှိ၏။ ကျော်ရန်သည် ဖတ်တတ်သလိုနှင့် နှုတ်ခမ်းများလှုပ်သွားအောင် ဖတ်ရှုလိုက်ပြီးသော် ဓားမြှောင်ကို အထုပ်တစ်ခုထဲတွင် ကောင်းစွာသိမ်းထားလိုက်ပြီးမှ နန္ဒသိခ်ဘွဲ့ရ ကညင်ကောက် ကျေးရွာသူကြီး ဦးဖိုးရောက်၏ အလောင်းကို ပခုံးပေါ်တွင်တင်၍တောစပ်အတွင်းဘက်ဆီသို့ သယ်ပိုး၍ သွားလေတော့သည်။

မြစ်ရေသည်ရေ၏သဘာဝအတိုင်း လှုပ်လှုပ်ရွရွနှင့် စီးဆင်းနေသည်၊

မြစ်ကမ်းပါးပေါ်မှ သစ်ပင်အုပ်များတွင်လည်း တိုက်ခတ်နေသော လေပြေလေညင်းကြောင့် တလှုပ်လှုပ် တရွရွနှင့် ရှိနေကြသည်။

သို့သော် - ရွက်သိပ်ရွက်ထပ်များဖြင့် အုံ့မှိုင်းနေသော သစ်ပင်ကြီးတစ်ပင်၏မြစ်ဘက်သို့ကိုင်းနေသော သစ်ကိုင်းကြီးထက်တွင် အလျားမှောက်လျက်မြစ်ညာဆီသို့ မမှိတ်မသုန်သောမျက်စိဖြင့် ကြည့်နေသူကား အထူးပင်ငြိမ်သက်လှပေသည်၊ သူ၏ ရင်အောက်တွင် မြားတံအသင့်တင်ထားသော ဒူးလေးကြီးသည် ရှိနေ၏။ ထိုလူမှာ ငြိမ်လွန်းမက ငြိမ်လှသဖြင့် သစ်ပင်ခြေရင်းမှ မော့ကြည့်လျှင်ပင် လူရှိသည်ဟုမထင်ရချေ။ အကျႌမပါ၊ ခါးတောင်းကို ရျပ်ရျပ်ကျိုက်ထားသော သူ၏ ကိုယ်ခန္ဓာအသားရောင်မှာ သစ်ကိုင်းနှင့် တစ်ထပ်တည်း ဖြစ်နေပေ၏။

သူသည်ကား ကျန်စစ်မင်းလက်ထက်တွင် နာမည်ကြီးလှသော ထီးလှိုင်ရွာသူကြီး မုဆိုးကျော် ဦးစဋ္ဌပင် ဖြစ်သတည်း။

မကြာမီပင် မြစ်ညာမှ ဖောင်တစ်စီးသည် စုန်၍ဆင်းလာ၏။ ဖောင်ကို ခံ၍လိုက်ပါလာကြကုန်သော လောင်းလှေနှင့် ရဲလှေများပေါ်တွင်ကား ဒိုင်းများ ထားများ၊ ဓားလှံများ စသည့် လက်နက်ကိုင်စွဲထားသော သူရဲအပြည့်နှင့်ဖြစ်သည်ကို ထောက်၍လည်းကောင်း၊ ဖောင်ထက်တွင် လှပဆန်းကြယ်သောဘုံနန်းပြာသာဒ်ကိုထောက်၍လည်းကောင်း ယင်းဖောင်ထက်တွင် ပုဂံတိုက်ပွဲ၌ အရေးနိမ့်ခဲ့သော ငရမန်ကန်း လိုက်ပါလာသည်ဟု သိနိုင်ပေသည်။

ငရမန်ကန်းသည် စောလူးမင်းကို လုပ်ကြံပြီးနောက် ပုဂံသို့တက်၍ တိုက်ခိုက်ရာ ပုဂံမှ ကျန်စစ်မင်း၏ တပ်များက ခုခံလိုက်ရာတွင် အရေးနိမ့်လာခဲ့ခြင်း ဖြစ်ပေ၏။

ဖောင်ပေါ်ရှိ ပြာသာဒ်မှာ ပြတင်းပေါက်၊ လေသာပေါက်များရှိသော်လည်း အားလုံးကို ပိတ်ထား၏။ ငရမန်ကန်းသည် ပုဂံစစ်သည်များကို အကြောက်ကြီး ကြောက်လာခဲ့ပုံရ၏။ တစ်ကြိမ်က ပြည်တော်သာကျွန်း ညတိုက်ပွဲတွင် မိမိက ဆင်ရုပ်၊ မြင်းရုပ်များဖြင့် ထောင်၍ ပရိယာယ်သုံးကာ စစ်ဆင်လိုက်ရာတွင် ကျန်စစ်သားသည် လက်လွတ်ထွက်ပြေးခဲ့ရ၍ စောလူးမင်းကိုကား လက်ရဖမ်းဆီးမိခဲ့သည်၊ ဤသည်ကို လက်စားချေသောအားဖြင့် ကျန်စစ်သားသည် မိမိကို ပရိယာယ်တစ်စုံတစ်ရာဖြင့် လုပ်ကြံမည်ကို ကြောက်လှသောကြောင့် ပြတင်းတံခါးများကို ထာဝစဉ် ပိတ်ဆို့ထားသည်၊ ရန်သူ့နယ်မြေမှ မထွက်မြောက်မချင်း (ဝါ) ဥဿာပဲခူးသို့ ပြန်၍ မရောက်မချင်း ပြတင်းတွေကို ပိတ်ဆို့ထားတော့မည်ဟု သန္နိဋ္ဌာန်ချထားပုံ ရချေသည်။

ထိုဖောင်တွင် မုဆိုးကျော်ကြီး ဦးစဋ္ဌ ထံမှ သာယာစူးရှသော ငှက်မြည်သံသည် ထွက်ပေါ်လာလေသည်၊ ကညင်ကောက်ရွာသူကြီး၏သမီး အိုစုံထံမှ သတင်းကြားရချက်အရ ငရမန်ကန်းသည် ပြည်တော်သာကျွန်းတွင် တပ်စွဲထားနိုက်ကပင် ငှက်များစွာကို ဖမ်းယူ၍ သိုလှောင်မွေးထားသည်ဟု ဆို၏။ သူသည်ငှက်များကိုလေ့လာဆည်းပူးရာ၌ ဝါသနာရှိသူ ဖြစ်ရပေမည်။

ဖောင်သည် တရွေ့ရွေ့နီးကပ်လာ၏။

ငှက်မြည်သံသည် ထပ်၍ ပေါ်ထွက်လာပြန်သည်၊ ဖော်ကွာငှက်ငယ်



www.burmeseclassic.com

www.burmeseclassic.com

ယောင်လယ်လယ်နှင့်၊ မယ့်ကိုခေါ်တမ်းနေသယောင်ပါတကား။

ဇောင်ပေါ်ရှိပြာသာဒ်မှပြတင်းတံခါးတစ်ချပ်သည် ရုတ်တရက် ပွင့်လာခဲ့သည်။ ထိုပြတင်းမှပင် ငရမန်ကန်းသည် မျက်နှာကိုပြ၍ ငုံ့ကိုရှာ၏။ သူကား မျက်လုံးတစ်ဖက် မမြင်သူ ဖြစ်ပေသည်၊

အခွင့်အလမ်းကောင်းဟူသည်မှာ တစ်ခဏသာ ရတတ်သည်၊ ထိုတစ်ခဏလေးမျှသော အခွင့်အလမ်းကို လက်လွှတ်ရသည်ရှိသော် တစ်သက်တွင် တစ်ကြိမ် ပြန်၍ လှည့်မလာတတ်ချေ။

ဦးစဥ့်သည် ရတောင့်ရခဲရလာသော အခွင့်ကောင်းကို အရအမိ ဆုပ်ကိုင်လိုက်၏။ အဆင်သင့်ပြင်ထားသောလေးမှ မြားကို ငရမန်ကန်း၏ ကောင်းသော မျက်စိတစ်ဖက်သို့ ချိန်၍ လွှတ်လိုက်၏၊ မြားတံကား ပစ်လွှတ်ရာသို့ ဖြောင့်ဖြောင့်တန်းတန်း ဝင်လေတော့သည်၊

ဇောင်ပေါ်တွင် ဆူဆူညံညံတွေဖြစ်ကုန်၏၊ ကုလားဘာသာစကားဖြင့်အော်ဟစ်ပြောဆိုသံများ ရုတ်ရုတ်သဲသဲ ထွက်လာပြီးသည့်နောက်တွင် ရဲလှေအချို့သည်မြစ်ကမ်းပါးသို့ ထိုးကပ်လာကြ၏။ ထို့နောက် လှေပေါ်မှ စစ်သည်အချို့သည် တောစပ်သစ်ပင်ကြီးများဆီသို့ ပြေးဝင်လာကြသည်၊ အထူးသဖြင့် ဦးစဥ့်ရှိနေသော သစ်ပင်ကြီးအောက်သို့ စစ်သည် သုံးလေးဦးခန့်သည် မြားဦးကော့များကို ဝှေ့ယမ်း၍ ရောက်ရှိလာကြသည်၊

ထိုခဏတွင် သစ်ပင်၏ခြေရင်း ချုံကွယ်များမှ ပုဂံစစ်သည်ခြောက်ဦးခန့်တို့သည် ဘွားခနဲ ပေါ်ထွက်လာကြလေ၏၊ ထိုအစုကို ဦးဆောင်သူကား ထီးလှိုင်ရှာသား စစ်မှူးသတိုးသူပင်ဖြစ်သတည်း။

သတိုးသူသည် လက်တစ်ဖက်က ဒိုင်းဝန်း၊ လက်တစ်ဖက်က ဓားလွတ်ကို ကိုင်လျက် ချုံငယ်ကို ခုန်လွှား၍ ထွက်လာခဲ့ပြီး ရှေ့ဆုံးမှ ငရမန်ကန်း၏ စစ်သည်ကို ဆီး၍တိုက်ခိုက်တော့သည်၊ အခြားသော ပုဂံစစ်သည်တို့သည်လည်း နီးစပ်ရာ ရန်သူများကို ရှုပ်ရှုပ်ရွှံရွှံ တိုက်ခိုက်ကြတော့သည်၊ ဓားချင်းခတ်သံတချွမ်ချွမ် ပေါ်ထွက်လာပြီးနောက် ငရမန်ကန်း၏စစ်သည်နှစ်ယောက်သည် ပုံကျသွားတော့သည်၊ တစ်ယောက်သောသူ၏ ဦးခေါင်းမှာ ကိုယ်နှင့်ခွဲခွာ၍ မြစ်စပ်အနိမ့်ပိုင်းသို့ လိမ့်၍ ဆင်းသွားသည်၊

ထိုအခိုက်တွင် ဇောင်ဆီမှ ခရာ ဘုတ်သံ ထွက်ပေါ်လာတော့သည်။ ခရာသံကိုကြားသည်နှင့်တစ်ပြိုင်နက် ငရမန်ကန်း၏ စစ်သည်တို့သည် အလောသုံးဆယ်နှင့် ဖရိုဖရဲပင်ဆုတ်ကာ လှေများဆီသို့ ပြန်ပြေးကြတော့သည်၊

သူတို့၏သခင် ငရမန်ကန်းမှာ ဇီဝိန်ကြွေရှာပြီဖြစ်သောကြောင့် စစ်ဖက်မဝံ့တော့ဘဲ တရစပ် ဆုတ်ပြေးကြခြင်း ဖြစ်ပေ၏။

စစ်မှူးသတိုးသူ၏တပ်စုကလေး၏ လက်တွင် ငရမန်ကန်း၏စစ်သည် မရှိုမဒိုင်းသားသုံးယောက်ကို ရမိထားလိုက်တော့သည်။

စစ်မှူးသတိုးသူသည် ကုလားစစ်သားတစ်ယောက်ကို စူးစိုက်၍ကြည့်နေ၏၊ ထို့နောက် ရှေ့သို့ကပ်၍ မေးလိုက်သည်၊

"ဟဲ့ - မောင်မင်းရဲ့ အမည်ဟာ ဆူဗျာ မဟုတ်ဘူးလား"

အမေးခံရသူ စစ်သားမှာ ဖျတ်ခနဲ ဖြစ်သွားသည်၊

"မှန်လှပါ - ဗိုလ်မင်းက ဘယ်သို့ သိဦးပါသလဲ ဘုရား"

သတိုးသူသည် တစ်ချက်ပြုံးလိုက်သည်၊ သို့သော် သူ့အမေးကိုကား ပြန်၍ မဖြေပေ၊ နောက်ပါပုဂံစစ်သည် တစ်ဦးဘက်သို့သာ လှည့်၍ -

"ဟဲ့ - ငဖြေသဲ့၊ နေပြည်တော် ရောက်ရင် သင်းကို အမှတ်တရ သီးခြားနောင်ဖွဲ့ထားဖို့ အကျဥ်းဝန်ကို လျှောက်ထားစမ်းလော့" ဟုပြောကာ ချုံများအကွယ်တွင် ဖုက်၍ချည်နှောင်ထားသော မြင်းများရှိရာသို့ ထွက်သွားလေ၏။

သစ်ပင်ပေါ်မှ ဆင်းလာခဲ့၍ ပုဆိုးကို ဖြေချလိုက်ပြီးသော ဦးစဥ့်သည် မြစ်အောက်ဆီသို့ တစ်ချက်မျှော်ကြည့်၏။

မြစ်ကွေ့တွင် ရန်သူများကား ပျောက်ကွယ်သွားကြလေပြီ။





www.burmeseclassic.com

www.burmeseclassic.com

မြင်းကပါရပ်၊ ပန်းတော်စုအကွက် ထဲသို့ မြင်းများနှင့် လူသုံးဦး ဝင်ရောက် လာကြ၏။ သူတို့အနက် တစ်ဦးမှာ ခေါင်းဆောင်ဟု ထင်မှတ်ဖွယ် ရှိသည်။ နှုတ်ခမ်းမွေးကြီးအပြင် ခါးတွင် လွယ် ထားသော ကျောက်စီဓားကြီးကပါလူကို ခန့်ညားစေသည်၊ သို့သော်-မျက်နှာပြင် ပေါ်တွင်ကား အမာရွတ်ကြီးနှစ်ခုသည် ကန့်လန့်ဖြတ်နီးပါး ရှိနေ၏။ လက်ဝဲနဖူး စပ်မှသည် မျက်ခုံးကိုဖြတ်၍ ပါးပြင်စပ် နှာခေါင်းနားအနီးတွင် မှိန်သွား၏။ လကျ်ာဘက် နဖူးစပ်မှ ဖြတ်၍ ဆင်း သော အမာရွတ်ကား ပို၍ရှည်လျား သည်။ မျက်ခုံး၊ နှာခေါင်းတို့ကိုပင် ဖြတ် ၍ လက်ဝဲဘက် ပါးပေါ်အထိ ရောက်နေ သည်၊ လူပုံက ခန့်ညားသော်လည်း ဤ အမာရွတ်ကြီးက မြင်ရသူကို ကြောက် မက်စေ၏။ ထို့ကြောင့်ပင် ပြေးလွှား ကစားနေကြသော ကလေးများပင် တော်ရာသို့ ရှောင်ရှားကုန်ကြ၏။ သူတို့ ၏ ဆင်ယင်ပုံကား မင်းယောကျ်ားများ အသွင်ကို ဆောင်လျက်ရှိသည်။

မြင်းကပါနားတွင် ကျန်စစ်မင်းကြီး သည် နဂါးရုံဘုရားကို တည်တော်မူနေ သည်ဖြစ်သောကြောင့် ပန်းပု၊ ပန်းရံ၊ ပန်းတမော့စသော အနုပညာသည်များ စုဝေးနေထိုင်ရာ ပန်းတော်စုသို့ မင်းယောကျ်ားများ ဝင်ထွက်သွားလာ နေကြသည်မှာ မဆန်းချေ။ သို့ကြောင့် လည်း အိမ်များတွင်းမှ လူကြီးတို့ကမူ တစ်ချက်မျှသာ ငုံ့စောင်းကြည့်ကြပြီး ကိုယ့်ဧည့်သည် မဟုတ်မှန်းသိသော် မိမိတို့ လုပ်မြဲတမ်းအလုပ်ကို ပြန်၍လုပ် ကိုင်နေကြ၏။

ဧည့်သည်များကားပန်းတော့သည် ကြီး ဦးဖိုးပြောက်၏ အိမ်ကို ရှာဖွေမေး မြန်း၍လာကြသည်၊ ခြံဝကပင် အိမ်ဝိုင်း ထဲ၌ မောင်းထောင်းနေသော မိန်းမပျိုကို တွေ့ကြရသည်နှင့် ဆက်၍ စုံစမ်းရန် မလိုတော့ဘဲ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ဝင်ရောက်ကြလေတော့၏။

"မိစုံ - နေကောင်းတယ်နော် - ဟဲ ဟဲ"

အိုစုံသည် အနားကပ်လာသော ဧည့်သည်ကို မော့ကြည့်မိသည်နှင့် တစ် ပြိုင်နက် မျက်နှာများ ကွက်ခနဲ ပျက်သွား မိတော့သည်။ ပြီးတော့ ဧည့်သည်၏ခါး ကျောက်စီဓားကြီးကို ကြောက်ရွံ့သော မျက်လုံးများနှင့် စိုက်ကြည့်နေမိတော့ သည်။

"ဘာလဲ - မယ်မင်း၊ ကျုပ်ကို မမှတ် မိတော့ဘူးလား။ ဒီမျက်နှာပေါ်က မယ် မင်းရဲ့ လက်ဆောင် အမာရွတ်ကြီးကို ကြည့်ပါဦးလေ၊ မှတ်မိရောပေါ့"

အိုစုံကား ဓားဆီမှ ကျော်၍ မျက် လွှာကို မပင့်တော့ပါ၊ သူ့ရင်ထဲတွင် ပြန် ပြောစရာ စကားတွေလည်း မရှိတော့ပါ၊ ဒီဧည့်သည်ကို ကောင်းကောင်းမှတ်မိ သည် ပေါ့။ ကညင်ကောက်ရွာ အထွက်တွင် မိမိကိုယ်တိုင် ဓားခြင့်ခုတ် နာကို ခုတ်ခဲ့သော ဆေန်ဖြစ်သည်၊ ခေါ ကြီးကို သတ်ရန် အကြံပြုစေခိုင်းခဲ့သော လူသတ်သမားဆေန်ကား ယခုမူ အရာ နေသော မင်းမှုထမ်းတစ်ဦးဖြစ်နေပါပြီ ကော။ အိုစုံအတွက် ကြမ္မာဂြိုဟ်ဆိုး သည် ရုတ်တရက် ဝင်ရောက်လာပြီ ထင့်။



ကျုပ်-ဘာများလဲလို့ ဝင်ကြည့်တာ-ကိုရင်ဆန်ရဲ့ပေါက်စသတ်တော့ ကိုရင်ဆန်က တစ်ပင်လဲလို့ တစ်ပင်ထူချင်တာကိုး။ ဟေ့-သူငယ်မ-မင်းအမေက သစ္စာဖောက်ပြီး ကွယ်လွန်ခဲ့ပေမယ့် မင်းကို ဒီက ကိုရင်ဆန်က အပြစ်မယူဘဲ အချစ်မူတာကို ဘောက်မှဲ့ကြောင့် ကြောင့်ကြနေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ကညင်ကောက်ကအထွက် တောလမ်းစခန်းတွင် တွေ့ခဲ့ရသောကိုကျော်ရန်၊ ယနေ့အထိ ပြန်၍မတွေ့ရပါသောကိုကျော်ရန်၊ ဤအခါမျိုးတွင် အနား၌ရှိလျှင် ဘယ်လောက်များကောင်းပါလေလိမ့်နည်း။

"ဟဲ့ - မိစုံ၊ မယ်မင်းက ငါ့ကို အဖက်မတန်ဘူး ထင်သလား။ ဒီအခေါက်မှာပဲ ရွှေနန်းတော်ကြီးက ငါ့ကို ကညင်ကောက်ရွာသူကြီး အရိုက်အရာ ပေးလိုက်ပြီလဟဲ့၊ ဒါထက် မယ်မင်း အိမ်ထောင်ပြုပြီးပြီလား"

အိုစုံကမူ ယခုအချိန်တွင် စားကိုပင် မကြည့်တော့ဘဲ ခေါင်းကို လုံး၀ ငုံ့ထားလိုက်တော့သည်၊ အံကလေးကိုလည်း ကြိတ်မိ၏။

"မယ်မင်းပါးစပ်က ဘာဖြစ်သွားတာလတုံး"

ပြောပြောဆိုဆိုနှင့် ဦးဆန်သည် အိုစုံ၏ မျက်နှာကို မော့စေရန် မေးစေ့ဆီသို့ လက်ကို လှမ်းလိုက်၏၊ အိုစုံက နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်။

ထိုအခိုက်တွင် အိမ်တွင်းမှ ဦးဖိုးပြောက်သည် ခပ်သုတ်သုတ်ထွက်လာ၏၊ အိမ်နီးချင်းအချို့လည်း ရောက်ရှိလာကြရာ အိမ်ဝိုင်းထဲတွင် လူစုကလေးဖြစ်နေသည်။

"မင်းကြီးတို့ဘာကိစ္စများရှိပါသလဲဘုရား"

ဦးဆန်သည် ရှာခနဲ လှည့်ကြည့်လိုက်၏။

"နောင်ကြီးက မိစုံနဲ့ ဘာတော်သလဲ"

"တူ၀ရီးပါ၊ မိစုံရဲ့ ဖခမည်းဖြစ်တဲ့ ငဖိုးရောက်ဟာ ဒီက ညီငယ်တော်ပါတယ်လေ"

"အိမ်း - ဟုတ်ပြီ။ ကျုပ်ကတော့ အခု ရွှေနန်းတော်ကြီးက အရိုက်အရာ ပေးအပ်လိုက်တဲ့ ကညင်ကောက်ရွာသူကြီး ဦးဆန်ပဲ၊ ဒါထက် မိစုံဟာ အိမ်ထောင်ရက်သားကျနေပြီလားဆိုတာကို သိချင်တယ်"

ဦးဖိုးပြောက်က တစ်စုံတစ်ရာ ပြန်ဖြေမည်ပြုစဉ်လူရွယ်တစ်ယောက်သည် လူအုပ်ကြားမှ တိုး၀င်လာခဲ့၏၊ သူ့ကိုမြင်သည်နှင့်တစ်ပြိုင်နက် အိုစုံသည် ရင်တွေခုန်အောင် ၀မ်းမြောက်မိတော့သည်၊ ကိုကျော်ရန် ဘယ်က ပေါက်ချလာပါလိမ့်။

"ကိစ္စကလေးတစ်ဆိတ်အမိန့်ရှိပါခင်ဗျာ"

ကျော်ရန်သည် ဦးဆန်ကို စေ့စေ့ကြည့်ရင်းက မေးလိုက်၏။

"မောင်မင်းက ဘယ်သူမို့ ပါ၀င်စွက်ဖက်လာပြန်တာလဲ"

ကျော်ရန်သည် အိုစုံသို့ တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ ခပ်ပြုံးပြုံးနှင့်ပင် -

"ကျွန်တော်က ဟောသည်က မိစုံရဲ့ ဆွေသည် ယောက်ျားပါ"

အိုစုံ၏ မျက်နှာမှာ ရဲရဲနီမြန်းသွား၍ မှုရှိန်းသွားတော့သည်၊ ပါးစပ်မှ စကားအချို့သည်လည်း လွှတ်ခနဲ ထွက်ကုန်ကြ၏။

"အို - မဟုတ်ဘူး၊ သူ ညာတာ ညာတာ၊ မိစုံဟာ အပျိုစင်ပါ"

ပြောပြီးမှ အိုစုံသည် ကျော်ရန်ကို ကြည့်မိသည်၊ ကျော်ရန်မှာ စိတ်စုသွားသလိုဖြစ်ရာက ဦးဆန်ဘက်သို့ ရှာခနဲ လှည့်လိုက်သည်၊ ထိုအခိုက် ဝိုင်းထဲတွင် ခပ်ဆူဆူနှင့် လူတွေရှုံးစုရုံးစု လုပ်နေသည်ကိုတွေ့သဖြင့် တစ်ဖက်အိမ်ထဲမှ ထွက်လာသော ဒိုင်း၀န်ကြီးဦးဖျော်လည်း ၀င်ရောက်လာသည်။

ဦးဆန်ကား ကျော်ရန်ကို မီးထွက်လုမတတ် မျက်စိများနှင့် တစ်ချက်ကြည့်ပြီးမှ ဦးဖိုးပြောက်ဘက်သို့ လှည့်လိုက်သည်။

"ကိုင်း - ကျုပ်ကတော့ တိုတိုနဲ့ လိုရင်းပဲပြောမယ်။ မိစုံဟာ ကျုပ်တို့ကညင်ကောက်ရွာသူပါ။ ကျုပ်ဟာ မှဆိုးဖိုဘ၀နဲ့ နေခဲ့ရာက ခုတော့ ရွာသူကြီး ဖြစ်နေပြီ၊ ဒါကြောင့် မိစုံကို ကျုပ် ကောက်တယ်၊ ဦးကြီးတော်သူအနေနဲ့ ဘာပြောချင်သေးသလဲ"

ဦးဖိုးပြောက်သည် မျက်နှာပျက် ပျက်နှင့်ပင် ဦးဆန်၏ခါးမှ ကျောက်စီ ဓားကြီးကိုကြည့်ရင်း ပျော့ညံ့သောလေ သံဖြင့် ပြန်ပြော၏။

"မိစုံရဲ့သဘောထားအတိုင်းပါပဲ သူကြီးမင်း"

အားလုံးက အိုစုံဘက်သို့ လှည့်ကြည့်ကြ၏။

"မိစုံ မနှစ်မြို့ပါ။ မိစုံရဲ့အဖ - အဖ"

ပြောပြောဆိုဆိုနှင့် အိုစုံသည် မျက်နှာကို လက်ဝါးအုပ်ကာ ရှိုက်၍ငိုတော့သည်၊ ထိုအခိုက်တွင် ဒိုင်း၀န်ကြီးက ၀င်၍ပြော၏။

www.burmeseclassic.com

"ကျုပ် - ဘာများလဲလို့ ဝင်ကြည့်တာ - ကိုရင်ဆန်ရဲ့၊ လက်စသတ်တော့ ကိုရင်ဆန်က တစ်ပင်လဲလို့ တစ်ပင်ထူချင်တာကိုး၊ ဟော့ - သူငယ်မ - မင်းအဖက သစ္စာဖောက်ပြီး ကွယ်လွန်ခဲ့ပေမယ့် မင်းကို ဒီက ကိုရင်ဆန်က အပြစ်မယူဘဲ အချစ်မှုတာကို ဘောက်မဲ့ကြောင့် ကြောင့်ကြနေရတာလဲ"

အိုစုံသည် မီးထွက်လုမတတ် မျက်စိများနှင့် ဦးဖျော်ကို မော်ကြည့်သည်၊

"ဘဘ - ဘယ်လိုမိန့်လိုက်ပါသလဲ၊ အဖက ဘယ်လိုသစ္စာဖောက်လို့ပါလဲ"

"ကိုင်း - ကိုရင်ဆန် - မင်းကြီးရှေ့တော်မှောက်မှာ လျှောက်ခဲ့တာတွေ ပြန်ပြောပြရရှာတော့၊ ကျုပ်တော့ ခရေစေ့တွင်းကျ မပြောတတ်တော့ပေါင်"

ဒိုင်းဝန်ကြီးက တိုက်တွန်းသော်လည်း ဦးဆန်ကမူ ခပ်အဉ်အဉ်ပင် ဖြစ်သည်၊

"ဒါတွေပြန်ပြောနေလို့ အကျိုးမထူးပါဘိ၊ ဒီမယ်မိစုံ - မင်းမှာ ကာမပိုင်မရှိရင်ဒါ ကောက်မှာပဲ၊ စကားရှည်ရှည်လံလံတွေ ပြောမနေနဲ့"

အိုစုံသည် ကျော်ရန်ကို အားကိုးကြီးစွာနှင့် မော့ကြည့်သည်၊

"မောင်ကြီး - မိစုံကို လူယုတ်မာတွေလက်ထဲ အပါခံတော့မှာလားဟင်"

အိုစုံက ရင်းရင်းနှီးနှီး ပြောလိုက်သဖြင့် အားလုံးသည် ကျော်ရန်ကိုလှည့်ကြည့်ကြသည်၊ ကျော်ရန်သည် ရှေ့သို့ လှမ်းထွက်လိုက်၏၊ ဤသို့ ထွက်လိုက်မှ သူ့ခါးတွင်လည်း ဓားရှည်ချိတ်ထားကြောင်း သိရသည်၊ သူကား ဓားရှည်ကို လွယ်မထားဘဲ ကြိုးကို ခါးတွင် စည်းနှောင်ထားခြင်းသာ ဖြစ်သည်၊

"ဒီမှာ ကိုရင်ဆန် - ကိုရင့်ကို ကျုပ်က သူကြီးအရာက ပယ်နုတ်ရုံမကဘူး၊ ရာဇဝင်ပြစ်ဒဏ်ကြောင့် ရာဇဝတ်သားကို ဖြစ်စေမယ်"

"ဘာပြောတယ် - မောင်မင်းက ဘာမို့လဲ၊ ကျုပ်ကို မင်းကြီးကိုယ်တော်တိုင်က အရိုက်အရာပေးထားတာလေဟဲ့"

"ဒါဖြင့် - အခု လာလိုက်ခဲ့၊ မင်းကြီးရှေ့မှောက်ကို အခစားဝင်မယ်"

ဦးဆန်သည် ဒိုင်းဝန်ကြီးကို တစ်ချက်ငဲ့ကြည့်သည်၊ ဒိုင်းဝန်ကြီးက မျက်မှောင်ကုတ်၍ ကျော်ရန်ကိုကြည့်ကာ ပြောသည်၊

"ဒါ - ညီလာခံအချိန်မှ မဟုတ်ပါဘဲကလား၊ နေစမ်းပါဦး - မောင်မင်းက စွာကျယ်လှချေကလား၊ ဘယ်သူမို့တုံး"

ကျော်ရန်သည် ပြုံး၍ အကျီအတွင်း ဘက်လည်ပင်းတွင် ဖွဲ့ခွေထားသော ဘွဲ့ရွေပြားကို ဦးခေါင်းမှ လျှို၍ ချွတ်လိုက်ကာ ဦးဖျော်သို့ ကမ်းပေးလိုက်၏၊

"မှန်းစမ်း - ဘွဲ့တွေ၊ ဘာတွေနဲ့ပါကလား၊ ဘယ်သူများပါလိမ့်၊ မှန်းထီးလှိုင်စု၊ စစ်မှူး သတိုးသူ - ဟယ်"

ပရိသတ်သည် ရှုံခနဲ ဖြစ်သွားသည်၊ ကျန်စစ်မင်းကြီး၏ အရေးတော်မှန်သမျှတွင် လက်ရုံးတစ်ဆူအဖြစ် အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချွံချွံ အမှုတော်ထမ်းရွက်သော စစ်မှူး သတိုးသူ၊ ထာဝစဉ်လိုလိုပင် အမှုတော်ကို ထမ်းနေရသဖြင့် နေပြည်တော်တွင် အနေနည်းပြီး မြင်ဖူးသူ နည်းပါးသလောက် နာမည်အရှိန်အဝါကား လျှမ်းလျှမ်းတောက်ဖြစ်နေပါလေသော သတိုးသူ၊ ထီးလှိုင်ရွာသူကြီး မှဆိုးကျော် ဦးစဉ့်၏ တူဖြစ်ပေသော သတိုးသူ၊ ယင်းသတိုးသူသည်ကား ရွှေနန်းတော်သို့ တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သူ ဖြစ်ကြောင်းကို လူတွေ သိကြ၏၊ ဤမျှအာဏာတော် အရှိန်အဝါရှိသူကို ယခုမှ မြင်ဖူးကြ၍ ရှုံခနဲဖြစ်သွားကြခြင်းဖြစ်ပေ၏၊

ဒိုင်းဝန်ကြီးလည်း မတတ်နိုင်တော့ချေ၊ သူ့ရောင်းရင်းကြီး ဦးဆန်း အားမရှိပါစေတော့ဟူသည့်သဘောဖြင့် နန်းတော်သို့ လိုက်ပါခဲ့ရသည်၊ ကျော်ရန်သည် အိုစုံကိုပါ ခေါ်ခဲ့၏၊ နန်းရင်ပြင်တံခါးမှူးကို တင်လျှောက်ခိုင်းလိုက်ရာ တံခါးမှူး ပြန်ရောက်လာသောအခါ ဘုရင့်ရှေ့တော်မှောက်သို့ဝင်ရန် အမိန့်ပြန်ပါလာခဲ့၏၊

ကျန်စစ်မင်းကြီးကား နဂါးရုံဘုရားတွင် ဌာပနာပြု၊ လှူဒါန်းရန် ဘုရားရုပ်တုအုတ်ခွက်များကို ကိုယ်တိုင်ပြုလုပ်တော်မူနေရာမှ လက်များဆေး၍ ထွက်တော်မူလာသည်၊ စစ်ရေးကို ဝါသနာထုံသူ ဘုရင်တစ်ပါးဖြစ်၍ သန်လျက်ဓားကိုကား ခါးမှ မချချေ၊

"ငကျော်ရန် - အရေးသူ့ပုံကို လျှောက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com

"မှန်လှပါ - အရှင်ဘုရား သူကောင်းပြုတော်မူထားတဲ့ငဆန်ဟာ အရှင့်သစ္စာတော်ကို ဖောက်သူသာ ဖြစ်ပါကြောင်း။ အရှင် စောလူမင်းဘုရားဟာ ရေမန်ရဲ့လက်ထဲမှာ ကျရောက်နေနိုက်မှာပဲ ယင်းငဆန်ဟာ ရေမန်စစ်သည်တွေနဲ့ ပူးပေါင်းခဲ့သူပါ။ ရေမန့်စစ်သည်ရဲ့အကူအညီယူပြီး အရှင့်သစ္စာတော်ကို စောင့်ထိန်းနေသူ သူကြီးဟောင်း နန္ဒသိခ်ဘွဲ့ခံ ဦးဖိုးရောက်ကို လုပ်ကြံခဲ့သူဖြစ်ကြောင်း လျှောက်တင်ဝံ့ပါတယ် ဘုရား"

ဘုရင်မင်းမြတ်သည် ဦးဆန်သို့ ကြည့်လိုက်၏။

"ငဆန် - မောင်မင်းရဲ့စကားကို ကြားလိုတယ်"

"မှန်လှပါ - စစ်မှူး တင်လျှောက်သမျှမှာ မှုသားသွင်သွင် ဖြစ်ပါကြောင်းပါ၊ စစ်မှူးဟာ ရာဂတိမ်သလာဖုံး၍ အလုံးကို အပြားတင်လျှောက်ခြင်းသာ ဖြစ်ပါတယ် ဘုရား။ သူကြီးဟောင်း ဦးဖိုးရောက်ဟာ အရှင်ဘုရားတို့ ပြည်တော်သာကျွန်းကိုတိုက်လှဆဲဆဲကပင် ရေမန်တို့နှင့်ပေါင်း၍ အရှင့်သစ္စာတော်ခံမယ့် ကျွန်တော်မျိုးတို့ကိုပင် သုတ်သင်ရန် ကြံခဲ့ပါကြောင်း၊ ကျွန်တော်မျိုးတို့၏ မျက်နှာပြင်မှဒဏ်ရာကို သက်သေပြု၍ တင်လျှောက်ဝံ့ပါတယ် ဘုရား"

ထိုအခိုက်တွင် အိုစုံထံမှ လှောင်ခန့် အသံထွက်ပေါ်လာလေ၏။

"သူ သက်သက်လိမ်ညာတာပါ ဘုရား - အရှင်မင်းကြီး၊ သစ္စာတရားကို ဂရုပြု၍ ဖော်ထုတ်တော်မူပါ ဘုရား"

မင်းကြီးသည် အိုစုံကို အံ့ဩစွာ ကြည့်လိုက်မိတော့သည်။

"ရော - မယ်မင်းက ဘယ်သူတုံး။ ဘောက်မဲ့ကြောင့် ဝင်လျှောက်ရတာတုန်း။ ငါသိလိုတယ် - အမြန်တင်စမ်း"

အိုစုံသည် လက်အုပ်ကလေးချီ၍ ဘာကစပြီး တင်လျှောက်ရမည်ကို စကားလုံးရှာနေနိုက် ဦးဆန်က ဝင်၍ လျှောက်၏။

"နာခံတော် မမူပါနဲ့ ဘုရား၊ ငနိုးရောက်ရဲ့သမီးမို့ အကျင့်သိက္ခာမဲ့နေသော လုံမငယ်သာ ဖြစ်ပါကြောင်း"

"တိတ်စမ်း - ငဆန်၊ ငါ့အမိန့်မရှိဘဲ မောင်မင်း ဘာမှမပြောနဲ့။ ငါမေးမြန်းရင် မေးမြန်းခံရသူသာ လျှောက်တာရမယ်ပ"

မင်းကြီးသည် လက်ဝဲလက်ကို သန်လျက်မား၏ လက်ကိုင်ပေါ်သို့တင်၍ အမိန့်ရှိလိုက်ရာ ဦးဆန်မှာ ကုပ်၍ သွားရတော့သည်။

"မှန်လှပါ ဘုရား။ ကျွန်တော်မျိုးမရဲ့ ဖခင်ဟာ အရှင်တို့ရဲ့ သစ္စာတော်ခံသာလျှင် ဖြစ်ပါကြောင်း။ ကိုရင်ဆန်တို့ကသာ ရေမန်ကန်းစစ်သည်များနှင့် မိတ်ဖွဲ့၍ အစ်မကို လုပ်ကြံခဲ့သူများ ဖြစ်ပါကြောင်း ကျိန်တွယ်၍ပင် လျှောက်ထားဝံ့ပါသည် ဘုရား"

"မယ်မင်းမှာ သက်သေတည်နိုင်ပါသလား"

"မှန်ပါ - ဟောဒီက မောင်ကြီးအဲ - စစ်မှူးမင်း အသိပါ ဘုရား"

"ကိုင်း - ငကျော်ရန် - သိသမျှ တင်လျှောက်စမ်း"

"မှန်ပါ ဘုရား။ အိုစုံရဲ့တင်လျှောက်ချက်တွေဟာ အမှန်တရားဖြစ်ကြောင်းပါ။ အရှင်မင်းကြီးက မင်းစောလူးကို ရေမန့်လက်က ကယ်ချင်သည်ဆို၍ ကျွန်တော်မျိုးကြီးဟာ အဝင်လမ်း၊ အထွက်လမ်းတွေကို ထောက်လှမ်းဖို့အသွားမှာ အနုသူကြီးအရိုက်အရာ ရထားသူ ဦးဆန်နဲ့ အဖော်သဟဲတစ်စုဟာ နန္ဒသိခ်ဘွဲ့ခံ သူကြီးဟောင်းဦးဖိုးရောက်ကို လုပ်ကြံခဲ့တာ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါကြောင်း၊ သို့ကာတဲ အရှင်မင်းကြီး ပို့၍နှစ်သက်ရှင်ပျ ဘဝင်ကျစေခြင်းငှာ သက်သေအရာ ထားပါမည်၊ အနောင်အခွဲ့ကြေးတိုက်တော်တွင် ချုပ်နှောင်ထားသော ရေမန့်စစ်သည် ငမုတ်ဆာကို ရှေ့တော်သွင်းစေတော်မူပါ ဘုရား"

ကျော်ရန်၏ တင်လျှောက်ချက်အတိုင်း မင်းကြီးသည် အကျဉ်းချထားသော မဖျိုမတိုင်းသား ငမုတ်ဆာကို ရှေ့တော်သို့ သွင်းစေ၏။ ငမုတ်ဆာ ရောက်လာသည်နှင့်တစ်ပြိုင်နက် ကျော်ရန်သည် ခါးပိုက်ထဲမှ ဓားမြှောင်ကို ထုတ်ပြ၏။

"သေသေချာချာကြည့်စမ်း၊ ဒါဟာ မောင်မင်းရဲ့ဓားမြှောင် မဟုတ်ဘူးလား"

ငမုတ်ဆာသည် ဓားမြှောင်ကို ကိုင်ကြည့်သော်လည်း ဘာမျှမပြော။ ထိုအခါ မင်းကြီးကိုယ်တိုင် ခင်း၍မိန့်ကြား၏။

www.burmeseclassic.com

"မှန်ရာကို ရဲရဲတင်လျှောက်စမ်း ငမုတ်ဆား၊ မှန်ရာလျှောက်ရင် မောင်မင်းကို အကျဉ်းက လွှတ်ပြီး အမှုတော်ထမ်းစေမယ်"

ကျော်ရန်ကလည်း ဝင်ပြောသည်။

"မှန်ရာသာ လျှောက်ပါ - ငမုတ်ဆား၊ ကျုပ်ဟာ ငယ်စဉ်က ညောဝတီတစ်လျှောက် အတော်ကြာကြာ သွားလာနေထိုင်ခဲ့ဖူးလို့ ဓားမြောင်ရိုးက အကွရာတွေကို ဖတ်တတ်ပါတယ်၊ မုတ်ဆားလို့ ရေးထိုးထားတယ် မဟုတ်လား"

ကျော်ရန် ကလည်း စကားကို ကြောင်းပေး၊ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ကလည်း ဝန်ခံကတိပေးသည်နှင့် ငမုတ်ဆားသည် အကြောင်းစုံကိုဖွင့်အန်တင်လျှောက်လေတော့သည်၊ သူ တင်လျှောက်ခဲ့သမျှမှာ အိုစုံ၏တင်လျှောက်ချက်များနှင့် ကိုက်ညီသည်ဖြစ်သောကြောင့် ဘုရင်မင်းမြတ်သည် ဦးဆန်အပေါ် အမျက်ပွားမိတော့၏။

"ငါသို့သော ဘုရင်ကိုပင်လိမ်လည်ဝံ့သူသည် မိမိစီရင်ရသော ရွာအပေါ်မှာ ဆိုဖွယ်ရာ မရှိတော့ပြီ၊ မောင်မင်းသည် ရွာသူကြီးအရိုက်အရာနှင့် ထိုက်တန်သူမဟုတ်၊ သင့်အား ငါ ယခုအရာမှနုတ်ပြီး - ငကျော်ရန် - ရာဇဝတ်သား ငဆန်ကို မောင်မင်း၏လက်ဝယ် ငါ အပ်နှင်းတယ်၊ ကြိုက်သလို စီမံချေ"

မင်းကြီးက ဤသို့ မိန့်လိုက်သောအခါတွင် ကျော်ရန်သည် ဦးဆန်ဘက်သို့ ရှာခနဲလှည့်လိုက်၏။

"ဒီမှာကိုရန်ဆန် - ကျုပ်ကမတရားမမှုတတ်ပါဘူး၊ လက်နက်မဲ့ကို လက်နက်အရှိနဲ့ မစီရင်လိုဘူး၊ သည်တော့ကြိုက်ရာလက်နက်ကို ယခုရွေးလော့"

အဖြောင့်ကိုဆိုရလျှင် နှစ်ယောက်ချင်း တိုက်ခိုက်ရန် စိန်ခေါ်လိုက်ခြင်းဖြစ်ပေ၏၊ ရာဇဝတ်သားအဖြစ် သေဒဏ်ကျခံရလျှင် ဘာမျှမထူး၊ ယခုမူ တတ်အားသရွေ့ ကျော်ရန်ကို ရန်ပြုနိုင်သေးသည်ဖြစ်သောကြောင့် ငဆန်သည် ဓားချင်းယှဉ်ခုတ်ရန် ရွေးချယ်တော့သည်။

နန်းရင်ပြင်တွင်ပင် ယှဉ်ပြိုင်ကြရတော့မည်။

ကျန်စစ်မင်း (ခေါ်) မင်းကြီးကလန်သည်ကား အာဇာနည်ဘုရင်တစ်ပါးဖြစ်၍ သတိုးသူ့ဘွဲ့ခံ ကျော်ရန်၏စီရင်ချက်ကို များစွာနှစ်သိမ့်တော်မူ၏၊ ကိုယ်တော်တိုင်ပင် လက်ပိုက်ကာ မတ်တတ်ရပ်၍ရှုစားတော်မူသည်။

ကျော်ရန်နှင့် ငဆန်တို့ကား ဓားနှစ်ကမ်းစာအကွာအဝေးတွင် မျက်နှာချင်းဆိုင်မိကြတော့၏။

ကျော်ရန်သည် ခြေနှစ်ချောင်းကိုသာ ခပ်ကားကားရပ်ထားသည်မဟုတ်၊ လက်တစ်ဖက်စီမှ ဓားအိမ်နှင့် ဓားလွတ်တို့ကိုလည်း ဦးများကား၍ ကိုင်ကာအသင့်အနေအထားတွင် ရှိလျက်ကစကားဆိုသည်။

"လုံမငယ် - ဓားရေးကို တောင်မနိုင်ခဲ့ကြသူက ယှဉ်ချင်သေးသလား"

"အို - လုံမက လုံမတို့ဗီဇအတိုင်းအလစ်ကိုဖမ်းပြီး တိုက်ခဲ့သကိုး၊ ကဲ ယောကျ်ားဓားရေးကို ပြရတော့မှာပ"

ရာဇဝတ်သားဖြစ်နေပြီမို့ မထူးတော့သည်ဖြစ်သော ငဆန်သည် လက်ျာလက်မှ ဓားကိုဝင့်၍ မိုးခုတ်ရင်းဝင်လာသည်၊ ကျော်ရန်သည် လက်ဝဲလက်မှ ဓားအိမ်ကို မြှောက်၍ ဆေး[illegible] လက်ကောက်ဝတ်ကို ရိုက်တာ ခံလို[illegible] သည်၊ လက်ျာလက်မှ ဓားကို ဝေ[illegible] နောက်ပြန်ရေးဘီး၏သို့၊ ရစ်ပိုက်၍ လ[illegible] မြန်စွာ ခုတ်ချလိုက်ရာ ငဆန်၏လက်[illegible] လက်မှလက်နစ်လုံးခန့်အကွာ၌ ဓားအ[illegible] မှာ တိခနဲ ပြတ်ကျသွားသည်၊ တစ်[illegible] တည်းမှာပင် ကျော်ရန်၏ လက်ျာ[illegible] သည် ငဆန်၏ရှေ့ တက်ထားသေ[illegible] လက်ျာခြေကိုကျော်၍ဝင်သွားရာ [illegible] ရန်သည် ငဆန်၏ရင်ခွင်ကို ကျော[illegible] လျက်သားဖြစ်၍ကပ်နေသည်၊ လ[illegible] လက်မှ ဓားအိမ်ကို မြှောက်လျက်[illegible] စိုက်ချလိုက်ရာ ငဆန်၏ဓားမှာ သူ့ခေ[illegible] ပေါ်မှ ကျော်သွား၍ လက်ကြီးလိမ်[illegible] ဘေးသို့ ကျသွားသည်။

တိုက်ပွဲ ပေါင်းများစွာကို လ[illegible] ကောင်း၊ နှစ်ဦးချင်း တိုက်ပွဲပေါင်းမျာ[illegible] ကိုလည်းကောင်း ဝင်ခဲ့ပြီးသူဖြစ်သေ[illegible] သတိုးသူ့ဘွဲ့ခံ ကျော်ရန်မှာ လွန်စွာ[illegible] မြန်ဖျတ်လတ်လှ၏၊ အထက်တွင် [illegible] ပြခဲ့သည့်အတိုင်း လက်ျာခြေက [illegible]

www.burmeseclassic.com

…လိုက်ပြီးသောအခါ လက်ဝဲခြေကို …နောက်သို့ဆွဲပြီး ဆေန်၏လက်ျာခြေဖမိုး …ကိုနင်းကာ နောက်တွင် ကျန်ခဲ့သော …အများ၏ အနောင့်ကို မိမိကျောဘက်၌ …ရှိနေလျက်က ကျန်ခဲ့သောလက်ကို …လက်ပြန်ပင် ဆွဲထုတ်လိုက်သည်၊ ထို …အခါ သူ၏ဓားသွားသည် ဆေန်၏ဝမ်း …ဗိုက်ကို တစ်လျှောက်လုံး လှီးသွားတော့ …၏။

"အား..."

ဆေန်ထံမှ အော်မြည်သံထွက်လာ …ချိန်တွင် ကျော်ရန်သည် ခုန်ထွက်၍တစ် …ပတ်လှည့်လိုက်ရာ ပြန်ကျသောအခါ …တွင် အသင့်အနေအထားသို့ ပြန်လည် …ရောက်ရှိနေပေပြီ၊ နောက်တစ်ချီ ဝင် …လာဦးမည့်ရန်ကို ငံ့လိုက်၏။ သို့သော် …မလာနိုင်တော့ပြီ၊ ဆေန်ကား သွေးအိုင် …ထဲတွင် ပုံလျက်သားကလေး ကျနေလေ …ပြီတည်း။

"အိမ်း-ဆေန်က ကုလားဓားရေး …ဘဲဝင်တတ်သကိုး။ ကျော်ရန်ကတော့ …သွန်း ရှမ်း တရုတ် နဲ့စပ်ပေတယ်၊ အင်း ကောင်းတော့ တစ်ကွက်၊ ဆေးကောင်း တော့တစ်စက်ဆိုသလို ဓားရေးကောင်း တော့လည်း တစ်ချက်ပါပဲကလားကွယ် တို့..."

မင်းကြီးသည် ပြုံး၍ မိန့်တော်မူပြီး သော် အုတ်ခွက်ပြုလုပ်ရန်အတွက် အတွင်းဘက်သို့ကြွဝင်တော်မူသွားလေ တော့၏။

နံနက်ခင်း နေခြည်သည် ရွှေရည် ဆမ်းပေးနေသည်၊ လေပြေကလေးအဖွ တွင် အိုစုံ၏နဖူးမှ ဆံလွတ်သည် တရွရွ လှုပ်ကစားနေသည်၊

နဂါးရုံဘုရား၏တစ်ဖက်တွင်ဖြစ်၍ လူသူကင်းရှင်းသည်၊ ပြည်သူပြည်သား လူအများသည် လုပ်လက်စဖြစ်သော တစ်ဖက်တွင်သာ ရှိနေကြ၏။ ဤမှာ ဘက် ပစ္စယာထောင့်ချိုးတွင်ကား အိုစုံ နှင့် ကျော်ရန်တို့သာ ရှိသည်၊ ကျော်ရန် က ဘုရားပစ္စယာကို လက်ထောက်ရင်း ပြော၏။



"ဒီကတော့-ကိုရင်ဆန်လက်က လွတ်ပါစေတော့လို့ အိမ်သူအသွင် လှည့်ဖြားတာကိုပဲ မခံမရပ်နိုင်ဖြစ်ခဲ့တာ ကိုး-မိစုံရဲ့ လူတွေရှေ့မှာ ပြောရပါမို့လား ဆိုပြီး နှုတ်သီးကောင်းလိုက်တာ"

အိုစုံသည် မျက်ဝန်းလဲ့လဲ့ကို မျက် စောင်းကို ပြောင်း၍ရှိုက်ရင်း ခေါင်းငုံ့ သွားသည်၊

"ဒါကတော့-အပျိုမာန်ကို-မောင် ကြီးရဲ့ အပျိုစင်မို့ အပျိုမာန်ရှိတာ အပြစ် ယူထိုက်ပါသလား-စစ်မှူးမင်းရယ်"

"အပျိုမာန်မို့ ပြောရတာပါဆိုတော့ ဝမ်းတွင်းသဘောက မောင်ကြီးကို မေတ္တာမျှပြီးသားလို့ ယူဆရမှာလား မိစုံ"

"အယူအဆဆိုတာ ဝါဒပဲ-မောင် ကြီး။ ဝါဒီကိုလိုက်လို့ ဝါဒဟာ တည်ရမှာ ပေါ့"

"အမယ်-စကားကြွယ်ပြန်ပြီ ကော။ ကောင်းပြီ-မောင်ကြီးရဲ့ အယူ အဆကတော့ မိစုံဟာ မောင်ကြီးချစ် သလို မောင်ကြီးကိုလည်း ပြန်ပြီးစုံမက် တယ်"

အိုစုံသည် ခေါင်းကို တွင်တွင်… ထား၏။

"ဓားပိုင်ရှင်မို့ ဓားကို ကြောက်… တော့ သိမ်းပိုက်ရင်လည်း ခံရမယ့်သူပါ…

"အို-ဒီလိုမပြောနဲ့-မိစုံ မေတ္တာ… ဓားနဲ့ မချူနိုင်ဘူး၊ သစ္စာတဲ့ချူနဲ့သာ ချ… ရတယ်ဆိုတာ မောင်ကြီးသိနေပါတယ် ဒါကြောင့်မို့-သစ္စာနဲ့ ပြည့်ဝကဲ့လုံ… မောင်ကြီးရဲ့ အသည်းနှလုံးကို မိစုံ… ဆက်သပါတယ်၊ မောင်ကြီးကို သနား… ရင် ဆက်လက်ပြီး ညည်းဆဲမနေပါနဲ့-န… ရယ်၊ ချစ်ပါတယ်လို့ နှုတ်မှ ဖွင့်ဆို… တော့ကွယ်"

အကယ်ပင် အနူးအညွတ်တော… ပန်နေပြန်တော့ မိစုံ၏ရင်ထဲတွင် နင့်… ဖြစ်သွားမိ၏။ အကျီစားလွန်သွားမိသည… ကိုလည်း စိတ်မကောင်း ဖြစ်မိ၏။

"မောင်ကြီး-မောင်ကြီးဟာ မိစုံ… မြတ်နိုးရတဲ့ ချစ်-ချစ်သူပါ"

အိုစုံက ရှက်ရှက်နှင့် မပွင့်တပွ… ကလေး ပြောသည်၊

"ကျေနပ်ပါတယ်-မိစုံ၊ ကိုရင်ဆ… ကတော့ ညစ်သူမို့ မိစုံက ဓားကို ပေး…

www.burmeseclassic.com

www.burmeseclassic.com

တာ မောင်ကြီး မြင်ခဲ့ရပါပြီ။ ညစ်သူအတွက် ဓားပေးတယ်ဆိုတော့ ချစ်သူအတွက်ကော ဘာပေးမလဲ ဟင်"

ညစ်သူအတွက် ဓားပေးရရင် ချစ်သူအတွက်တော့ ပါးကို ပေးရမည်ပေါ့။ အိုစုံသည် ဖျန်းခနဲ ရှက်သွေးကြွကာ ပါးမို့မို့ကလေးနှစ်ခုစလုံး နီမြန်းသွားသည်။ ထိုသို့ နီးမြန်းနေသောပါးပြင်ကို ပင် စစ်မှူးငယ်က ဒုက္ခပေးချင်ပါသေးသည် - တဲ့။

"အဟမ်း"

ချောင်းဟန့်သံနှင့်အတူ ပဇွယာထောင့်တွေမှ ဦးစဥ္စ ထွက်ပေါ်လာ၏။ ကျော်ရန်တို့ကို မြင်သည်နှင့်တစ်ပြိုင်နက် တောတန်းဘက်သို့ မျက်စိကို အတင်းလွှဲလိုက်သည်။

"အောင်မယ် - တောတန်းတောင်မှ နေမင်းကြီးထဲက လွတ်ထွက်လာပါပကော။ ဆွမ်းတွေတောင် ပဋ္ဌင်းခံရိုန်တော်မှကိုး"

တလွဲတချော်တွေပြောပြီး မုဆိုးကျော်ကြီး ဦးစဥ္စသည် ဆက်လျှောက်၍ ဘုရားကုန်းပေးမှ ဆင်းသွားလေရာ ချစ်သူနှစ်ဦးမှာ တစ်ဦးကိုတစ်ဦးကြည့်၍ ရယ်မောမိကြလေတော့၏။

>> နန္ဒသူ

## ရာသီပြောင်းကာလ ကလေးများ သက်စောင့်ဆေးများ

| | | |
|---|---|---|
| ဗိုက်နာ | - | ကလေးများ ဝမ်းဗိုက်နာ၍ အိပ်မပျော်နိုင်လျှင် ကြက်သွန်နီအရည်အနည်းငယ် တိုက်ပါ။ |
| မကျွရှုနာ | - | ခရေခေါက်၊ ဆီးဖြူခေါက်၊ ရှားခေါက်တို့ကို ပြုတ်၍ နွေးအခါ လေးငါးခါငုံ၍ ထွေးပစ်ပါ။ |
| ရေငတ်ဝမ်းကျ | - | ဆီးသီးအဆံကို အမှုန့်ပြုကာ နွယ်ချိုနှင့် ရော၍ ခွံ့ပါ။ |
| လေဆန်နာ ချွဲသလိပ်ထ | - | မိခင်က ခရာရွက်အနုကို ဟင်းခါးချက် သောက်ပေးပါ။ |

မြင့်စေတနာ ဆေးတိုက်
(အရေပြားရောဂါမှန်သမျှ ဓိဋ္ဌေပျောက်ကင်းစေရမည်။)

ခရုသင်း(သမင်ဖြူ)
LEUCODERMA

ခရုထင်း(ထမင်ဖြူ)၊ ဖြူ၊ နီ၊ နတ်တွတ်များ၊ အနာကြီးရောဂါ၊ ထားနာ၊ ဝွေး၊ ဝဲ၊ နှင်းခူနှင့် အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ
အမှတ်(၂)၊ ၆၂-လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့
ဖုန်း - ၀၂ ၂၂၅၁၅

www.burmeseclassic.com